
www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# မြပုလဲသွယ်

## အချစ်ကဖန်ဆင်းသည်



BURMESE CLASSIC .com

ပန်းချီ သိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၂၄၁/ ၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက် ၁၁၃၈/ ၂၀၀၃ (၉)

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**တန်ဖိုး** ၁၀၀ ကျပ်

**ကွန်ပျူတာ**
Dream City

# အချစ်ကဖန်ဆင်းသည်

## မြပုလဲသွယ်

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်ရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိန်းမင်းစာပေ



**စာရေးသူ၏ စိတ်ကူးမှုသာဖြစ်သည်**

**အမှားအယွင်းနှင့် တိုက်ဆိုင်မှုရှိက ခွင့်လွှတ်ပါ**

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟိတ်"

"ကြည့်ထား. . . ကြည့်ထား၊ အဖြူလေးမိုက်တယ် ကွာ"

ကျောင်းသားတစ်ယောက်၏ စကားသံကြောင့် အားလုံး၏ အကြည့်တွေက ခပ်လှမ်းလှမ်းမှ မိန်းကလေးအုပ်စု ရှိရာကို ပြိုင်တူရောက်သွားကြသည်။

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် စိုင်းခမ်းမဏ် မျက်ခုံးထူကြီးတွေ တွန့်ကုတ်သွားသည်။

မြတ်လေးညိုပါလား. . .!



www.burmeseclassic.com

www.burmeseclassic.com



အဖြူလေးဆိုသည်မှာ အခြားသူမဟုတ်။ သူတို့ ရပ်ကွက်ထဲက ရွှေမင်းသမီး မာနခဲ မြတ်လေးညို ကိုယ်တိုင် ဖြစ်နေသည့်အတွက် သူ ထူးပြီးမအံ့သြတော့ပါ။ အားလုံးထဲ မှာ လမင်းကြီးတစ်စင်းလို ထင်းထင်းရှင်းရှင်းနှင့် ဝင်းဝင်းစက် စက် လှရက်နိုင်လွန်းသူကိုသာ စူးစိုက်ကြည့် ငေးနေမိသည်။

လှသလောက်၊ ချောသလောက်၊ မာနကြီးလွန်းသူမို့ သူမကို စိုင်းခမ်းမဏ် သိပါသည်။ သိရုံမက ခြံချင်းကပ်နေကြသူများမို့ မြတ်လေးညို၏ လှုပ်ရှား သွားလာမှုများကိုပါ နေ့စဉ်မြင်တွေ့ နေရသူ ဖြစ်ပါသည်။ မြတ်လေးညိုတို့ ရပ်ကွက်ထဲကို စိုင်းခမ်းမဏ် ပြောင်းလာသည်မှာ သိပ်မကြာ သေးပါ။ ရောက်စကတည်းက မြတ်လေးညို၏ အလှသတင်းကို ကြားပြီးသားဖြစ်ပါသည်။

ရုပ်ချောသလောက် မာနကြီးတာ၊ ဘယ်ယောကျ်ားမှလေးကိုမှ အရေးမစိုက်တာ အားလုံးဖြစ်သည်။ မြတ်လေးညိုက တစ်ဦးတည်းသော သမီးဖြစ်သဖြင့် မိဘတွေက တုန်နေအောင် ချစ်ကြသည်။ မိသားစုအားလုံး ဖြူဖြူမြင့်မြင့် ချောချောလှလှတွေ ဖြစ်သဖြင့် မြလေးညိုကလည်း မှုန်နေအောင် ချောပါ သည်။

သူငယ်ချင်းတွေနှင့် ရယ်မော စကားဆိုနေရာမှ လူတစ်ယောက်က မြတ်လေးညိုကို စူးစူးစိုက်စိုက် ကြည့်နေ သလိုစိတ်ထဲမှာ ခံစားလာရသဖြင့် သူမ စိတ်ယင်ရာသို့ ဖျတ်ခနဲ





လှမ်းကြည့်လိုက်သည်။

"အို"

မယင်မှတ်ဘဲ သူမကို စူးစူးစိုက်စိုက်ကြီး ကြည့်ငေးနေသည့် လူတစ်ယောက်နှင့် မျက်လုံးချင်း အမှတ်မထင် ဆုံစည်းလိုက်ရသည့်အတွက် မြတ်လေးညို မျက်ခုံးလေး တွန့်ကျုံ့သွားသည်။

သူပါလား...။

စိုင်းခမ်းမဏ် ဆိုသည့်လူ...။

မကြာသေးခင်ကမှ မြတ်လေးညိုတို့ အိမ်ဘေးကို သူတို့မိသားစု ပြောင်းလာကြသည်။ အိမ်တက်ပွဲကို ဖေဖေနှင့် မာမီသွားသော်လည်း မြတ်လေးညို လိုက်မသွားပါ။ သူတို့မိသားစုနှင့် မရင်းနှီးသော်လည်း အိမ်မှာတော့ မာမီတို့ပြောပြ၍ သူ့အမည်ကို သိနေသည်။

စိုင်းခမ်းမဏ် ဆိုသည့်လူ...။

သူက မြတ်လေးညို၏ မျက်နှာလှလှလေးကို မရယ် မပြုံး ခပ်တည်တည် ငူးစိုက် ကြည့်နေခြင်း ဖြစ်ရာ မျက်လုံးချင်း ဆုံသော်လည်း အကြည့်လွှဲ မသွားခြင်းကြောင့် မြတ်လေးညို ကပဲ မျက်နှာနီနီလေးဖြင့် အကြည့်လွှဲလိုက်ရသည်။ သို့သော် ရှိုးရှိုးတော့ဖြင့် မဟုတ်ပါ။

ပြုံးရယ်နေသော မျက်နှာလှလှလေး တည်တင်း သွားအား



www.burmeseclassic.com

www.burmeseclassic.com



စက် သွားသလို မျက်ဝန်းအကြည့်တွေကအစ မာန်မာန တွေနှင့် စူးလက် တောက်သွားလျက် စိုင်းခမ်းမဏ်ကို မတူမတန် သလို အချိုးလေးဖြင့် သူတို့ရှေ့မှ ကြွကြွရွရွလေး လျှောက် သွားလိုက် ပြီဖြစ်သည်။

"တောက်. . . သွာ"

စိုင်းခမ်းမဏ် ရင်ထဲမှာ မြတ်လေးညိုဆိုသည့် မာန မင်းသမီးလေး လုပ်ချသွားပုံကြောင့် ရင်ထဲမှာ မခံချိမခံသာ ဖြစ်သွား သည်။ ဒါကလည်း အခုမှမဟုတ်။ သူမနှင့်တွေ့တိုင်း ဖြစ်ရသော ရင်ထဲက ခံစားချက်ဖြစ်သည်။ စိုင်းခမ်းမဏ်ကို တွေ့တိုင်း သူမက ထိုကဲ့သို့ အချိုးမျိုးလေးတွေ ချိုးခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပါ။

သူကလွဲရင် ကျန်သည့်သူများအပေါ်မှာ ပြုံးပြုံးရွှင်ရွှင် သာရှိနေသလောက် စိုင်းခမ်းမဏ်၏ မျက်နှာချောချောကို တွေ့ လိုက်သည်နှင့် မြတ်လေးညို၏ မျက်နှာလှလှလေးပေါ်ရှိ အမူ အရာများက ယူပစ်သလို ပြောင်းလွဲ သွားတတ်သည် ကို စိုင်းခမ်းမဏ် ကိုယ်တိုင် မကြာခဏ ကြုံတွေ့နေရသည့် အတွက် စိတ်ထဲမှာ ခိုးလို့ခုလုနှင့် တစ်မျိုးကြီး ဖြစ်ကျန်ရစ်ခဲ့ရသည်။

သူမနှင့် စိုင်းခမ်းမဏ်ကြားမှာ ဘာတွေ အမှားအယွင်း ရှိနေသလဲဆိုတာ သူကိုယ်တိုင်လည်း မစဉ်းစားတတ်တော့ပါ။ အစတုန်းက သူ စိတ်အထင်မှားနေလို့များလားဟု ထင်ခဲ့ သေး





သည်။ နောက်တော့ သူထင်သလိုမဟုတ်။ သူမအသွင် လှလှ လေးက သူကိုတွေ့တိုင်း ပြောင်းလဲ သွားတတ်ခြင်းကြောင့် ဘာကြောင့်မှန်းမသိ စိုင်းခမ်းမဏ်မှာ နေရင်းထိုင်ရင်း မြတ် လေးညို၏ ပုံစံလေးကြောင့် ရင်ထဲမှာ အခံရခက်ခက်ကြီး ဖြစ် ကျန်ရစ်ခဲ့ရသည်။

စိုင်းခမ်းမဏ် ဆိုတာကလည်း မာနမင်းသားပေါ့။

ဘယ်သူနှင့်မရော၊ သီးသီးသန့်သန့် နေတတ်ရုံမက ငွေကြေးချမ်းသာ ကြွယ်ဝလွန်းသော မိဘနှစ်ပါးမှ ပေါက်ဖွား လာသော တစ်ဦးတည်းသောသားပီပီ သမီးရှင်များ၏ အရေး ပေးခြင်း ခံရသလို အပျိုစင်လေးများ အားလုံးအတွက် စိတ်ကူး ယဉ်စရာ အိပ်မက်မင်းသားတစ်ပါး ဖြစ်ခဲ့သော်လည်း မြတ်လေး ညိုနှင့် စတွေ့ကတည်းက သူမှာ သူမအပြုအမူလေးများကို အသည်းယားစွာ ခံနေရသည်မှာ အခုချိန်ထိဖြစ်သည်။

မြတ်လေးညို သိပ်လှတာကို ဝန်ခံပါသည်။

သူမအနားမှာ ခုနစ်ပြည်ထောင်မင်းသားတွေ အပါး တော်မှာ ပုံစံအမျိုးမျိုးနှင့် ဝိုင်းဝိုင်းလည်နေသော ရွှေမင်းသမီး လေးဖြစ်သလို စိုင်းခမ်းမဏ် ဆိုတာကလည်း အမျိုမလှလှလေး များ၏ စိတ်ကူးယဉ်ထဲက မင်းသားတစ်ပါးမို့ တစ်ယောက်ကို တစ်ယောက် မာနကိုယ်စီနှင့် ဂရုမစိုက် အလေးမထားသလို ခပ်တည်တည် ခပ်တင်းတင်း အေးစက်စွာ တင်းမာခဲ့ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညိုဆိုသည့် သိပ်လှသည့် ရွှေမင်းသမီး လေးက စိုင်းခမ်းမဏ်ကို လုံး၀စိတ် မ၀င်စား အရေးမစိုက်ခဲ့ သလို စိုင်းခမ်းမဏ် ကိုယ်တိုင်ကလည်း သိပ်လှသည့် မြတ်လေး ညိုကို မသိသလို နေခဲ့သူဖြစ်သည်။ ဘာရယ်မဟုတ်ဘဲ ရွှေမင်းသမီး လေးနှင့် ရွှေမင်းသားလေးတို့၏ မာနလွန်ဆွဲပွဲလေး တစ်ခု ဖြစ်သွားမှန်းမသိ ဖြစ်ခဲ့သည်။

အခုလည်း စိုင်းခမ်းမဏ်ကို မြတ်လေးညို လုပ်သွားပုံကြောင့် ရင်ထဲမှာ မခံချိမခံသာကြီး ကျန်ရစ်ခဲ့ရပမယ့် ထို အပြုအမူလေးကို ဂရုမစိုက် အလေးမထားသလို နေလိုက်ပါ သည်။

"ကိုယ် ပြန်တော့မယ်ကွာ"

သူငယ်ချင်းများကို သူ နှုတ်ဆက်လိုက်သည်။

"နေပါဦးကွ... အလှအပလေးတွေကို မခံစားတော့ ဘူးလား"

"အဟွန်း... မင်းတို့ခံစားပါကွာ၊ အိမ်မှာ အလုပ် ကိစ္စရှိသေးလို့ပါ"

"ကဲ... အားလုံးပဲ သွားပြီ"

စိုင်းခမ်းမဏ် သူငယ်ချင်းတွေ အုပ်စုထဲက ခွဲထွက်ပြီး ကားရပ်ထားရာသို့ လျှောက်ခဲ့သည်။ မားမတ်ခန့်ထည်သည့် စတိုင်လ်၊ ခြောက်ပေနီးပါး အရပ်အမောင်း၊ အဆီပိုမရှိ ကျစ်





လျစ်သွားကျိုင်းသည့် ခန္ဓာကိုယ်၊ အသားဖြူဖြူ၊ မျက်ခုံးထူထူ ဒူးရှတောက်ပသည့် မျက်ဝန်းအစုံ၊ နှာတံပေါ်ပေါ်၊ တင်းတင်း စေ့နေသည့် နှုတ်ခမ်းအစုံက ခိုင်မာသော မေးရိုးကျနှင့် လိုက် ဖက်ခန့်ညားလျက်၊ ယောကျ်ားပီသစွာ ခန့်ညားချောမောနေ သည်။ ပါးနှင့် မေးရိုးတစ်လျှောက် စိမ်းမြမြအရောင်သမ်းလျက် တစ်မျိုးကြည့်ကောင်းနေပါသည်။ ခြုံ၍ဆိုရသော် ယောကျ်ား အများစုထဲမှာ ဘယ်သူနဲ့မှမတူအောင် ထူးထူးခြားခြား ခန့်ညား ပေါ်လွင်နေသူတစ်ယောက်ဖြစ်သည်။

စိုင်းခမ်းမဏ် သူ့ကားလေးကို နေရာမှ ညင်သာစွာ မောင်းထွက်လိုက်သည်။ ထိုအခိုက်မှာပင် နောက်ဆုံးပေါ် အကျွရာန်ပါတ်နှင့် ကားလှလှလေး တစ်စီးက စိုင်းခမ်းမဏ် ကားကို ဖြတ်ကျော်သွားသဖြင့် ဘာရယ်မဟုတ် တစ်ချက်လှမ်း ကြည့်လိုက်သည်။

ကားမောင်းသွားသူက ရွှေမင်းသမီး မြတ်လေးညို ဖြစ်နေသည့်အတွက် စိုင်းခမ်းမဏ် မျက်ခုံးထူကြီး တွန့်သွားသည်။ မြတ်လေးညိုမှာ မည်သည့်အဖော်မှမပါ။ သူမတစ် ယောက်တည်း ပတ်ဝန်းကျင်ကို လုံး၀စိတ်မ၀င်စား၊ သူမကား လေးကိုသာ အာရုံ စိုက်မောင်းနှင်သွားသည်။

စိုင်းခမ်းမဏ် သူ့ကားကို မြတ်လေးညိုကားနောက်က လိုက်ခဲ့သည်။ မလိုက်လို့ကလည်းမဖြစ်၊ သူမနှင့် စိုင်းခမ်းမဏ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်လမ်းတည်းနေကြသူများဖြစ်နေရုံမက အိမ်ချင်းကပ်နေကြသူတွေ။ ဒီတော့ အိမ်အပြန်ခရီးကလည်း အတူတူဖြစ်နေသည်။

"တီ. . . တီ"

နောက်ပါးမှ ကားဟွန်းသံကြောင့် မြတ်လေးညို ကိုယ့်အာရုံနှင့်ကိုယ် ကားကိုမောင်းနေရာမှနောက်ကြည့်မှန်မှတစ်ဆင့် လမ်းတောင်းနေသည့်ကားကို လှမ်းကြည့်လိုက်သည်။

"ဟင်"

မြတ်လေးညို မျက်လုံးလေး ပင့်ခနဲဖြစ်သွားသည်။

ဟိုလူ. . . စိုင်းခမ်းမဏ် ဆိုသည့် ပုဂ္ဂိုလ်ပါလား။ မြတ်လေးညို နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။ တခြားသူကားဆိုရင် နေရာဖယ်ပေးပြီး ကျော်တက်ခွင့် ပြုလိုက်မှာ ဖြစ်သော်လည်း စိုင်းခမ်းမဏ်ကိုယ်တိုင် မောင်းလာသည့်ကားမို့ တမင်လမ်းဖယ် မပေးဘဲ ကားကိုပို၍ အရှိန်မြှင့်ပြီး မောင်းပစ်လိုက်သည်။

မြတ်လေးညို ဘဝမှာ ဘယ်ယောကျ်ားလေးကိုမှအလျှော့ပေး၊ အရှုံးပေးသော ထုံးစံမရှိပါ။ စိုင်းခမ်းမဏ် ဆိုသည့် ပုဂ္ဂိုလ်ကိုတော့ မြတ်လေးညို ပို၍အရှုံးမပေးနိုင်။ သူ့ရှေ့မှာ မြတ်လေးညိုဆိုတာ ပထမနေရာမှာ အမြဲတမ်းရှိနေရမည်။

"တီ. . . တီ"





နောက်က ကားဟွန်းသံကို အဆက်မပြတ်တီးနေ သည်။ မြတ်လေးညို မကြားသလို သူမကားကိုသာ ဂရုစိုက် မောင်းနေလိုက်သည်။ စိုင်းခမ်းမဏ် မျက်ခုံးထူကြီး တွန့်ကွေး သွားသည်။ ရွှေမင်းသမီး၏ ကားက သူ့ကားကို ကျော်တက်ခွင့် လုံးဝမပေးဘဲ သူ့ကားရှေ့မှ တစ်ရိပ်ရိပ် ပြေးနေတာကို ကြည့်ပြီး သူမလုပ်နေပုံကို အသည်းယားနေမိသည်။

တစ်ပြိုင်နက်ထဲမှာပင် သူ့ဦးနှောက်ထဲသို့ လျှပ်တစ်ပြက်ဝင်ရောက်လာသည့် အတွေးကြောင့် ထာဝရတည်တင်းနေတတ်သော စိုင်းခမ်းမဏ်၏ မျက်နှာချောချောမှာ ပြုံးလွှန့်လွှန့်ဖြစ်သွားသည်။

"အဟွန်း"

မြတ်လေးညို ကလေးဆန်ဆန် အပြုမူလေးများကို သူနားလည်လိုက်ပါသည်။ တခြားမဟုတ်ပါ။ စိုင်းခမ်းမဏ် ကားမှန်းသိ၍ သူမက တမင်လမ်းဖယ်မပေးဘဲ သူ့ကားကို ကျော်တက်မသွားနိုင်အောင် ရှေ့က ပိတ်မောင်း နေခြင်း ဆိုတာတို့ပါ။ စိုင်းခမ်းမဏ် ကားက သူမကို ကျော်သွားရင်ပဲ သူမမှာ အရှုံးတစ်ခုနှင့် ရင်ဆိုင်ရတော့မလိုလို မှတ်ထင်နေပုံ ရပါသည်။

ခက်လည်းခက်သည့် မရွှေချောလေးပင်။

အခု သူမလုပ်နေပုံလေးတွေက ကလေးဆန်ဆန် ဗိုလ်ကျနိုင်လိုချင်နေသည့် ပုံစံလေး ဖြစ်နေပြီး စိုင်းခမ်းမဏ်ကို တမင်



www.burmeseclassic.com

www.burmeseclassic.com



ရန်စနေသလို ဖြစ်နေတာကို သူမကိုယ်သူမ စဉ်းစား ကြည့်မိ ရဲ့လား မသိပါ။

စိုင်းခမ်းမဏ် ဆိုသည့်သူက တခြားမိန်းကလေးပေါင်း များစွာအတွက် စိတ်ကူးယဉ်ချင်စရာ အိပ်မက်မင်းသား ဖြစ် ကောင်း ဖြစ်နိုင်သော်လည်း မြတ်လေးညိုဆိုသည့် မိန်းမချော၊ မိန်းမလှလေး အတွက်တော့ စိုင်းခမ်းမဏ်ဆိုတာ ရန်သူပမာ ဖြစ်နေရခြင်းကို သူ အံ့ဩရခြင်းနှင့်အတူ အများစု မိန်းကလေး တွေနှင့် လုံးဝမတူသော သူမ၏ အပြုအမူလေးများက သူ့ အတွက် တစ်မျိုးလေး ထူးခြားနေရုံမက ရင်ထဲမှာ ခံစားချက် တစ်မျိုးဖြင့် သစ်ဆန်းနေမြန်သည်။

စိုင်းခမ်းမဏ် ဘဝမှာ ဘယ်မိန်းကလေးကိုမှ ရင်ထဲ အသည်းထဲက လှိုက်လှဲသော ချစ်ခြင်းမေတ္တာဖြင့် မချစ်မိသေး ပါ။ သို့သော် သူ့အနားမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မိန်းမလှ လေးတွေ ရှိနေတတ်သည်။ ချစ်သူမဟုတ်သော်လည်း သူငယ် ချင်းမကဲ၊ ချစ်သူမကျ အပျော်သက်သက် တွဲသွားတွဲလာရင်း သူ့ကားပေါ်မှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရှိနေတတ်သည့်အတွက် အများက အားကျခြင်းခံရသလို တချို့က နှာခေါင်းရှုံ့ကြပါသည်။

ဒါကို စိုင်းခမ်းမဏ်တစ်ယောက် မသိပါ။

မြတ်လေးညိုတို့လို တည်ငြိမ်အေးဆေးသော မိန်း





ကလေးများ အတွက် စိုင်းခမ်းမဏ်ကို လူရှုပ်လူပွေဟု မြင်ကြ သည်မှာ သိပ်တော့မဆန်းပါ။ ထိုသို့သော လူမျိုးနှင့် ခြံချင်း ကပ်နေရသည့် အဖြစ်ကိုပင် မုန်းမိပါသေးသည်။

သူက မြတ်လေးညိုကိုကြည့်၍ မျက်ဝန်းချင်းဆုံမိတိုင်း လူရှုပ်လူပွေဟု မြင်နေသော စိုင်းခမ်းမဏ်ကို မြတ်လေးညိုက တင်းမာခက်ထန်စွာ တုံ့ပြန်တတ်သည့် သဘောကိုလည်း သူ နားမလည်နိုင်သည့်အတိုင်း သူမ အပြုအမူလေးများအတွက် ရင်ထဲမှာ မခံချိမခံသာ တစ်မျိုးကြီး ဖြစ်ခဲ့ရသည်။

သူမနှင့် စိုင်းခမ်းမဏ်ကြားမှာ ဘာပြဿနာမှ မရှိခဲ့ ဖူးသော်လည်း အခုပုံစံက ပြဿနာရှိခဲ့ဖူးတာထက်ပင် ပို၍ ဆိုးရွားနေသယောင်ဖြစ်ကာ သူ့ကိုတွေ့တိုင်း အချိုးလေး တစ်မျိုး ပြောင်းလွဲတတ်သော မာနခဲ ရွှေမင်းသမီးကြောင့် သူမှာ အခံရ ခက်ခက်နှင့်ပင် မျက်လုံးကြီးကို တွန့်ကုတ်ထား လိုက်သည်။

မြတ်လေးညိုကားလေးက သူမခြံကျယ်ကြီးထဲကို ညင် သာစွာ ချိုးကွေ့ဝင်သွားမှ စိုင်းခမ်းမဏ်လည်း သူမတို့ခြံကို မြတ်ကျော်ကာ တစ်ဖက်က သူတို့ခြံဝင်းကျယ်ကြီးထဲကို ချိုး ဝင်လိုက်ပါသည်။ ကားပေါ်မှဆင်းသည်နှင့် သူ့အခန်းရှိရာသို့ ဘောက်လျှောက် တက်ခဲ့ပြီး အိပ်ရာပေါ်သို့ ကိုယ်ကိုပစ်လှဲ လိုက်သည်။

မျက်နှာကြက်ဖြူဖြူမှာ မြတ်လေးညို၏ ပုံရိပ်လှလှလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။ နာမည်ကသာ မြတ်လေးညို လူကတော့ နည်းနည်းမှမညိုဘဲ ရွှေအဆင်းလို ဝင်းဝါနေရုံမက စိမ်းမြ သော အကြောလေး တွေကိုပင် မြင်တွေ့ရသည့် အလှပိုင်ရှင် မို့ မြတ်လေးညိုလို့ မှည့်ခေါ်မည့်အစား မြတ်လေးဝါလို့ ခေါ် သင့်သူဖြစ်သည်။

အရပ် ငါးပေလေးလက်မခန့်ရှိပြီး ဘဲဥပုံမျက်နှာကျ လှလှလေးမှာ ဆံပင်နက်နက်လေးတွေ ကျောလယ်ခန့် မရောက် တရောက်မှာ ကပိုကရို ဝဲကျနေပြီး ဇင်ရော်တောင် မျက်လုံး၊ ရွှန်းလဲ့သော မျက်ဝန်းပြာပြာကြီးတစ်စုံ၊ နှာတံ စင်းစင်းလေး အောက်မှာ နှုတ်ခမ်းထူထူအမ်းအမ်းလေးက နီရဲစိုအိ လျက် မြင်ရသူ ကိုလူပျိုတို့၏ အသည်းနှလုံးကို ရင်ခုန်သံ မြန်ဆန်အောင် ဆွဲဆောင် ညို့ငင်နိုင်ဆုံး ဖြစ်သည်။

မြတ်လေးညို... မြတ်လေးညို

မင်းလေးအလှည့် အနိုင်ယူလို့ရတုန်းတော့ လုပ်ထား ဦးပေါ့ဗျာ...၊ ကိုယ့်အလှည့်ကျရင်သာ အပြုံးမပျက် ခံနိုင်ရည် ရှိပါစေလို့ ကိုယ့်ပြောလိုက်ချင်ပါရဲ့ဗျာ...၊ သူမအပြုအမူ လေးများကို အသည်းယားစွာ မှတ်သားထားရင်း စိုင်းခမ်းမဏ် စိတ်ထဲက ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် ရေချိုး ခန်းထဲသို့ ဝင်ပြီး ရေချိုးလိုက်သည်။ သူ့အတွေးအာရုံထဲမှာ မြတ်လေးညို အကြောင်းတွေသာ ရှိနေခြင်းကို စိုင်းခမ်းမဏ် ကိုယ့်ဘာသာကိုယ်





သတိမထားမိ။ ရေချိုးအဝတ်လဲပြီး မှန်ရှေ့မှာရပ်ပြီး ခေါင်းဖြီး နေတုန်း ဖုန်းသံမြည်လာသဖြင့် နားထောင်လိုက်သည်။

"ဟဲလို"

"စိုင်းလား... ပီတိပါ"

"ပြော... တို့ဘာကူညီရမလဲ"

"ကြည့်စမ်း... စိုင်းဗိုက်ထဲမှာ ပုဏ္ဏားလေးရှိနေတယ် ထင်တယ်၊ ပီတိ အသစ်ဖွင့်ထားတဲ့ စူပါမားကက်ကို သွားချင် လို့၊ အဲဒါ စိုင်းနဲ့အတူ သွားချင်လို့ကွာ...၊ ပီတိသူငယ်ချင်း ဇင်ဇင်လေ စိုင်းသိတယ်မဟုတ်လား...၊ သူတို့အသစ်ဖွင့်တဲ့ ဆိုင်လေ စိုင်းသိလား"

"အင်း... ကိုယ် သိပ်မသိဘူး"

စိုင်းခမ်းမဏ် တကယ်မသိပါ။

တစ်နေ့တစ်နေ့ လာလိုက်သည့်ဖုန်းတွေ မနည်းသလို အခုလို ကိုယ့်ကို သူတို့က သိနေကြပြီး ကိုယ်ကမသိသော ကိစ္စလေးတွေ အဖြစ်လေးတွေလည်း ရှိပါသေးသည်။

"ဟုတ်မှာပါ... စိုင်းက စင်ပေါ်ကလူဆိုတော့ လူ တိုင်းကို ဘယ်လိုလုပ် သိနေနိုင်မှာလဲ...၊ စိုင်း ပီတိကို လိုက်ပို့မှာလားဟင်...၊ ပီတိစောင့်နေမယ်နော်"

"ဘယ်အချိန်လဲ"

"အင်း... ညနေငါးနာရီလောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားစရာ မရှိရင် လာခဲ့မယ်"

"ဟင်"

"စိုင်းမလာရင် ပီတိက ဘယ်လိုလုပ်ရမှာလဲ"

ဖုန်းထဲက လှမ်းမမြင်ရပေမယ့် ပီတိနှုတ်ခမ်းလေး စူနေမှာကို သိနေပါသည်။

"ပီတိမှာ ကားရှိနေသားပဲ...၊ ကိုယ့်ဘာသာမောင်းသွားလိုက်ပေါ့"

"မလိုချင်ဘူးကွာ... မလိုချင်ဘူး"

"စိုင်းမှာ တခြားကိစ္စတွေရှိနေရင် ဖျက်ပစ်လိုက်...၊ ပီတိကတော့ စိုင်းနဲ့မှ ဇင်ဇင်တို့ဆီကို သွားချင်တာ သိလား"

"ဒါဖြင့် ခဏနေဦး... ကိုယ့်မှာ ထူးထူးခြားခြား ဘာကိစ္စတွေ ရှိသလဲဆိုတာ ကြည့်လိုက်ဦးမယ်"

"ဒါဆို... မြန်မြန်ကြည့်၊ ပီတိကတော့ စိုင်းမပါရင် လုံးဝမသွားဘူး"

အလိုမကျဖြစ်နေသော ပီတိအသံလေးကို နားထောင်ရင်း စိုင်းခမ်းမဏ် ဆံပင်တွေကို လက်ဖြင့် ထိုးဖွလိုက်သည်။

"ကဲ... ဒါဆို ပီတိ အလှဆုံး ပြင်ထားလို့ရပြီ"

"ဟေး"

"ဒါမှ စိုင်းကွ... ဒါပဲနော် စိုင်းစောစောလာခဲ့ရမယ်"

"ဒါဖြင့်... အခုလာခဲ့ရမှာလား"





စိုင်းခမ်းမဏ် စကားကြောင့် ပီတိကျေနပ်လိုက်လို့စွာ ရယ်ချလိုက်ခြင်းကြောင့် သူ့နှုတ်ခမ်းတွေ အလိုလိုပြုံးသွားမိ သည်။ ပီတိဆိုတာ တစ်ခါတစ်ရံမှာ ကလေးတစ်ယောက်လို ပွင့်လင်း လွတ်လပ်စွာ စိတ်ထဲမှာရှိသည့်အတိုင်း ချပြောတတ် တာလေးတွေ ဟာ ဘာဟန်ဆောင်မှုမှ မပါသဖြင့် စိုင်းခမ်းမဏ် သဘောကျမိ ပါသည်။

"စိုင်း လာမယ်ဆိုရင် ပီတိမငြင်းပါဘူးနော်၊ ထမင်း အတူတူ စားခွင့်ရလို့ ပိုတောင်ပျော်ရဦးမှာပါ"

"ဒါပဲနော်... ငါးနာရီထက် နောက်မကျစေနဲ့နော်... သိလား"

"အိုကေ"

"ဘိုင့်ဘိုင်"

"ဘိုင့်"

ပီတိ ဖုန်းချသွားသည်။

စိုင်းခမ်းမဏ် နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အချိန်တွေ အများကြီးပိုနေသေးသဖြင့် ဘာလုပ်ရရင်ကောင်း မလဲဟု တွေးရင်း အမှတ်မထင်ဘဲ သူ့အကြည့်တွေက တစ်ဖက် ခြံကို ရောက်သွားသည်။

"မြတ်လေးညိုပါလား"

စိုင်းခမ်းမဏ် သူ့ကိုယ်သူ သတိမထားမိခင်မှာပင် မြတ်



www.burmeseclassic.com

www.burmeseclassic.com



လေးညိုကို အနီးကပ်ဆုံး မြင်တွေ့နိုင်သည့် ပြူတင်းပေါက် နားကို ရောက်မှန်းမသိ ရောက်သွားပြီဖြစ်သည်။ တစ်ဖက်ခြံက ဝင်းကျယ်ကြီးထဲမှာ နို့နှစ်ရောင် ဂါဝန်ရှည် လေးဖြင့် မြတ်လေးညို တစ်ယောက် ချစ်စရာ အမွှေးစုတ်ဖွား ခွေးလေးကို ဘောလုံး ပစ်ပေါက်ပြီး ဆော့ကစားနေသည်မှာ တကယ့်ကလေး ပေါက်စလေး တစ်ယောက်လို လွတ်လပ်ပေ့ါပါးစွာ လှုပလှွန်း နေသည်။

"ဟေး. . . ကစ်ကစ်"

"ဘောလုံးကို ယူခဲ့လေ"

"ဟော. . . လိမ္မာတယ်. . . လိမ္မာတယ်"

"ရော့. . . ကစ်ကစ်အတွက်ဆု"

မြတ်လေးညိုကတော့ စိုင်းခမ်းမဏ်တစ်ယောက် သူမကို အပေါ်ထပ်ရှိ သူ့အခန်းက ငေးကြည့်နေတာကိုမသိ။ ခွေးကလေး ကစ်ကစ် ပါးစပ်ထဲကို မုန့်တစ်ခု ထည့်ကျွေးနေပါသည်။

"တွိ. . . တွိ. . . တွိ"

ထိုမြင်ကွင်းလှလှလေးကို စိုင်းခမ်းမဏ် ငေးကြည့်နေတုန်း ဖုန်းသံမြည်လာသဖြင့် သူနားထောင်လိုက်ပေမယ့် မျက်ဝန်းအကြည့်တွေကတော့ မြတ်လေးညိုထံမှ မခွာနိုင်ဘဲ ထိုမြင်ကွင်း လှလှကိုသာ အမှတ်မဲ့ ငေးကြည့်ရင်း ဖုန်းထူးလိုက်သည်။

"ဟဲလို"

"မဏ်လား. . . ကေခိုင်ပါ၊ ကေခိုင့်မွေးနေ့ဘတ်သ်





ဒေးပါတီ ဖိတ်စာဖတ်ပြီးပြီလား"

တစ်ဖက်မှ ကေခိုင့်အမေးကြောင့် စိုင်းခမ်းမဏ် မျက်ခုံးထူများ ဆတ်ခနဲပင့်သွားသည်။ မွေးနေ့ဖိတ်စာဆိုပါ လား၊ သူမသိသလို ဖတ်လည်းမဖတ်ဖြစ်သေးပါ။ စားပွဲပေါ်ကို အကြည့်ရောက်သွားမှ အဖြူရောင်ဖိတ်စာ ကတ်လှလှလေး တစ်ခုထံ အကြည့်ရောက်သွားသည်။

"မဏ်"

"ဟင်"

"ကေခိုင့်မွေးနေ့ကို လာမှာလား"

"လာမှာပေါ့ဗျာ. . .၊ ကေခိုင့်အတွက်မွေးနေ့လက်ဆောင် ဘာပေးရရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"အမှတ်တရဖြစ်ရင် ပြီးတာပါပဲ. . .၊ အရေးကြီး တာက ကေခိုင့်မွေးနေ့ပွဲကို မဏ်လာဖြစ်အောင် လာခဲ့ဖို့ပါနော်"

"ကိုယ်. . . ကြိုးစားမယ်လေ၊ မလာဖြစ်ရင်တောင် မွေးနေ့လက်ဆောင် ပို့ပေးပါ့မယ်"

မွေးနေ့ဖိတ်စာကတ်ကလေးကို တစ်ချက်ကြည့်ရင်း ဖြေလိုက်စဉ်မှာပင်၊ မြလေးညို၏ ဘောလုံးလေးက သူ၏ ခြံစည်းရိုးလွယ်ပေါက် တံခါးနားကို ရောက်လာသည်။

"မွေးနေ့လက်ဆောင် မလိုဘူးကွာ. . . မဏ်လာရင် တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းခမ်းမဏ် မျက်ခုံးထူကြီး ဆတ်ခနဲ ပင့်သွားသည်။

"ဘာလဲမဏ်"

"ကိုယ်လာခဲ့မယ်ကွာ... အခု ကိစ္စလေးရှိလို့ ဖုန်းချလိုက်မယ်နော်၊ ခဏနေမှ ကိုယ်ပြန်ဆက်မယ် ဟုတ်လား"

မလွယ်ပေါက်တံခါးနားမှာ စိုင်းခမ်းမဏ်၏ အချစ်တော်ခွေးကြီး ရန်လုံ့ရှိနေသည်။ ခွေးကလေး ခြံစည်းရိုးနား ရောက်သွားသည်နှင့်...။

"ဝေါင်း"

"ဝေါင်း"

"ကွိ... ကွိ... ကွိ"

ကျယ်လောင်သော ခွေးဟောင်သံတွေ ဆူညံသွားသဖြင့် မြတ်လေးညို၏ ခွေးကလေးကစ်ကစ်မှာ ကြောက်လန့် တကြားအော်ဟစ်နေ၍ မြတ်လေးညို သူမခွေးလေးရှိရာသို့ အပြေးရောက်သွားပြီး သူမခွေးလေးကို ကောက်ယူပွေ့ချီလိုက် တာကို မြင်လိုက်ရသည်။

စိုင်းခမ်းမဏ် ကေခိုင်ကို ဖုန်းပြောနေရာမှ မထင်မှတ်သော မြင်ကွင်းကြောင့် ကေခိုင်ကို သူမမွေးနေ့ကို လာမည့်အကြောင်း ပြောဆိုနှုတ်ဆက်ကာ ဖုန်းကို ကမန်းကတန်း ချပြီး ဆူညံစွာ ဟောင်နေသော ရန်လုံ့ရှိရာကို ပြေးဆင်းခဲ့သည်။

မြတ်လေးညိုမှာ ကစ်ကစ်ကို ရင်ခွင်မှာ ပွေ့ဖက်ထား





ရင်း တစ်ဖက်ခြံက အကောင်ကြီးသလောက် အရုပ်ဆိုးလှသော ခွေးဘီလူးကြီးကို ကြည့်မရစွာ အနားက ခဲပေါက်စလေးတွေကို ရှာတော ဆူညံစွာ သူမကို ရန်လိုနေသော ခွေးကြီးကို ပစ်ပေါက်လိုက်သည်။

"ကဲဟယ်"

"ဝေါင်း... ဝေါင်း"

"ဟေး... အဲဒါဘာလုပ်တာလဲ"

အသံနှင့်အတူ တစ်ဖက်ခြံမှ စိုင်းခမ်းမဏ်ဆိုသည့် လူကို တွေ့လိုက်ရသဖြင့် လှပသော မြတ်လေးညို၏ မျက်နှာ လေးမှာ ပို၍ တင်းမာသွားသည်။ စိုင်းခမ်းမဏ်ကိုယ်တိုင် မြတ် လေးညိုနှင့် သူ့ခွေးကြီး ရန်လုံ့တို့ ဖြစ်ပျက်ပုံအလုံးစုံကို သိထား ပြီးဖြစ်သော်လည်း သူ့အချစ်တော်ခွေးကြီးကို ခဲဖြင့် ပစ်ပေါက် နေသော မရွှေချောကို အချိန်မီ လှမ်းတားမြစ်လိုက်သည်။

"ရှင်... မမြင်ဘူးလား"

မြတ်ဋလေးညို၏ ချိုလွင်သာယာသော အသံလေးကို စိုင်းခမ်းမဏ် ပထမဦးဆုံး ကြားဖူးခြင်းဖြစ်သလို အနီးကပ်ဆုံး အနေအထားဖြင့် မြင်တွေ့နေရသော သူမမျက်နှာလှလှလေးကို သူစူးစိုက် ကြည့်လိုက်သည်။ သူမကလည်း သူ့ခွေးကြီးကို ခဲနှင့် ပစ်သေးသည်။ ပြီးတော့ သူမ၊၊ပဲ စိုင်းခမ်းမဏ်ကို ရန်စွာနေ သဖြင့် သူ့မျက်ခုံးကြီးတွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင်သားပဲ. . . မင်း ကိုယ့်ခွေးကို ခဲနဲ့ပစ်တာ ဘာသဘောလဲ"

"ဘာသဘောရမလဲ. . . ရှင့်ခွေးက ကျွန်မခွေးလေး ကို ရန်လိုနေတာ မမြင်ဘူးလား"

"ကိုယ့်ခွေးက သူ့ဘာသာသူနေတာ. . . မင်းခွေးက အရင်ရန်လာစတာ"

"ဘာရှင့်"

"ဘာပြောတယ်. . . အရုပ်ဆိုးဆိုးခွေးကြီး မွေးထား ပြီး စကားပြောတာ ဆင်ခြင်ပြောပါ၊ ရှင့်ခွေးလို ခွေးဘီလူးကိုကျွန်မရဲ့ ချစ်စရာခွေးလေးက ဘာကိစ္စ ရန်စရမှာလဲ"

ဒေါသဖြင့် ရန်စွာနေသော မြတ်လေးညိုကို စိုင်းခမ်းမဏ် ငေးခနဲ ကြည့်မိသွားသည်။ ရွှန်းလဲ့သော မျက်ဝန်းပြာ ကြီးများ၊ နှာတံစင်းစင်းလေး အောက်မှာ နီမြန်းထူအမ်းသည့် နှုတ်ခမ်းရဲရဲ လေးက မည်သည့်ဆေးမှမကူဘဲ သဘာဝအတိုင်း သွေးရောင်လွှမ်းနေ၏။ ဝင်းဝါစိမ်းဖန့်သော နုညက်အိစက် နေသည့် အသားအရည်က မည်သည့်အစက်အပြောက်မှ မရှိဘဲ လှပစွာ ဝင်းမွတ်လျက် မြင်ရသူကို အသက်ရှူမှားစေသည်။

အနီးကပ်ကြည့်လေ သိပ်လှလေ။

ဘာဖြစ်လို့များ စိုင်းခမ်းမဏ်ကို သူမနှင့် မတူမတန် သလို ပြူမူပြောဆိုဆက်ဆံနေရတာလဲ။ စိုင်းခမ်းမဏ် အဖြေ





ရှာ၍ မရသော်လည်း ဝင်းဝင်းစက်စက်လှရက်နိုင်လွန်းသည့် မြတ်လေးညို မျက်နှာလှလှလေးကို အနီးကပ်မြင်တွေ့ခွင့်ရ ချိန်မှာတော့ ရင်ထဲမှာ အမျိုးအမည် ခွဲခြားရခက်သော ဝေဒနာ တစ်ခု လျှင်မြန်ညင်သာစွာ ဖြတ်သန်းစီးဆင်းသွားတာကို ခံစား လိုက်ရသည်။

"ပြောနိုင်ပါ့မလားကွ. . . မင်းခွေးက ရန်စနေလို့ ကိုယ့် ခွေးက ဟောင်နေတာပေါ့"

စိုင်းခမ်းမဏ် သိသိကြီးနှင့် သူမကို တမင်ရန်စချင်၍ ပြောလိုက်သည်နှင့် မြတ်လေးညိုခမျာ စွေ့စွေ့ခုန်သွားသည်။

"အို. . . ကျွန်မခွေးက ရန်မစဘူး. . . ရှင့်ခွေးကိုက အလကားနေရင်း ရန်လိုနေတာရှင့် သိရဲ့လား"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ နောက်တစ်ခါ ကျုပ်ခွေးကို ခဲနဲ့ ပစ်တာမျိုး လုံးဝ မလုပ်ပါနဲ့ ကိုယ်မကြိုက်ဘူး"

"မကြိုက်ရင် ရှင့်ခွေး ရှင့်ထိန်းပေါ့ရှင်၊ ကျွန်မကတော့ ကျွန်မခွေးကို ထိရင်ခဲနဲ့ ပစ်မှာပဲ"

မြတ်လေးညိုကလည်း ဆတ်ဆတ်ထိ မခံဘဲ ပြန်ပြော လိုက်သည်။ နဂိုကတည်းက စိုင်းခမ်းမဏ်ဆိုသည့် လူကို ကြည့်လို့ မရသည့်အထဲ သူ့ခွေးကြီး ခဲသေးသေးနှင့် ခြောက် လှန့်သည့် သဘောမျိုး လှမ်းပစ်မိတာကို ယောက်ကျ်ားကြီး တန်မဲ့ ပြန်ရန်စွာ နေသောကြောင့် ပို၍ကြည့်မရအောင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး မင်းခွေးကို ကိုယ့်ခွေးက ထိလို့လား၊ ခွေးပဲ သူ့ဘာသာ ဟောင်ချင်ဟောင်မှာပေါ့"

"ကျွန်မကလည်း ရှင့်ခွေးဟောင်ရင် ပစ်မှာပဲ"

"ဝေါင်း. . . ဝေါင်း"

"ကွိ. . . ကွိ"

နှစ်ယောက်သား ရန်ဖြစ် စကားများ နေတုန်း စိုင်းခမ်းမဏ် ခွေးကြီးက ဟောင်လိုက်သဖြင့် မြတ်လေးညို ကိုယ်လေး ဆတ်ခနဲ တုန်သည်အထိ လန့်ဖျပ်သွားသလို သူမ ရင်ခွင်အတွင်းမှ ခွေးကလေး ကစ်ကစ်ခမျာလည်း ကြောက်လွန်း သဖြင့် ကိုယ်လေး ဆတ်ဆတ်တုန်ကာ တခွီးခွီး အော်ဟစ် နေသောကြောင့် ခွေးလေးကို ပွေ့ဖိုက်ထားရင်း အနီးအနားက ပန်းအိုးကွဲစ သုံးလေးခုကို ကောက်ယူလိုက်ပြီး သူ့သခင် နားမှာ ရပ်နေသည့် ခွေးကြီးကို လှမ်းပစ်လိုက်သည်။

"တဲဟယ်"

"ဝေါင်း. . . ဝေါင်း"

"ဟာ. . . ဟိတ်"

"မလုပ်နဲ့လေ"

"လုပ်မယ်. . . လုပ်မယ်"

"ကဲ. . . ကဲ"

ပန်းအိုးကွဲစ တွေနှင့် လှမ်းပစ်သောကြောင့် ခွေးက





ဟောင်သလို ပန်းအိုးကွဲစတချို့က စိုင်းခမ်းမဏ်ကို လာမှန် သဖြင့် စိုင်းခမ်းမဏ် အော်ဟစ်တားမြစ်သံကို ကြားရက်နှင့် သူမဂရု မစိုက်။ မုန်းမုန်းနှင့် စကားကို ခွကျကျ ပြောခံရခြင်း ကို မကျေ နပ်သဖြင့် တဝေါင်းဝေါင်း ဆူညံနေသည့် ခွေးကိုရော ခွေးသခင် ကိုပါ ခဲနှင့် ပစ်ပေါက်လိုက်သည်။

ခွေးနှစ်ကောင်၏ အော်သံ ဆူဆူညံညံနှင့် မြတ်လေးညို တစ်ယောက် တစ်ဖက်ခြံမှ သူငယ်လေးနှင့် ဖြစ်ပျက်နေသည့် ရန်ပွဲကို တွေ့မြင်လိုက်ရသော မြတ်လေးညို ၏ မိခင် ဒေါ်သဇင် မှာ သမီးဖြစ်သူအနားသို့ အပြေးလေး ရောက်ရှိလာရပါသည်။

"မင်း လွန်မယ်နော်၊ နောက်မှ ကိုယ့်အဆိုးမဆိုနဲ့"

"အံမယ်၊ ရှင်က ဘာလုပ်ချင်သေးလို့လဲ"

"ကဲဟယ်"

"ဟဲ့ . . . အို သမီးမလုပ်နဲ့"

"ဒေါက်"

"အား"

ဒေါ်သဇင် စကားလေး မဆုံးလိုက်ရပါ။

မြတ်လေးညို လက်ချက်ဖြင့် စိုင်းခမ်းမဏ်၏ နဖူးကို ပန်းအိုးစ အချွန်တစ်ခုနှင့် ထိမှန်ကာ သွေးများ ဖြာခနဲ စီးကျ လာသဖြင့် သားအမိနှစ်ယောက်စလုံး လန့်ဖျပ်ကာ မျက်လုံးပြူး တုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ. . . သွေး . . . သွေးတွေ"

"အို. . . သားရေ၊ သိပ်များသွားလားကွယ်၊ ဒုက္ခပါပဲ၊ အန်တီ အခုပဲ လာခဲ့မယ်နော်"

"သမီး မြတ်လေး"

"လာ. . . လာ သမီးပါလိုက်ခဲ့"

"ဟင့်အင်း. . . ဟင့်အင်း မြတ်လေး မလိုက်ဘူး မာမီ၊ မာမီပဲ သွားပါ"

"အို. . . အို ဒါက ဘယ်ကိုတုန်း၊ ဒီကလေးနဲ့တော့ ခက်နေပါပြီ"

မာမီ့အသံကို ကြားသော်လည်း မြတ်လေးညို နောက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ခွေးကလေး ကစ်ကစ်ကို ရင်ခွင်မှာ တင်းကျပ်စွာ ပွေ့ဖက်ပြီး အိမ်ဘက်သို့ တအား ပြေးထွက်ခဲ့သည်။ မျက်လုံးထဲမှာတော့ ဖြာခနဲ ကျလာသည့် နီရဲသော သွေးစက်တို့ကို မြင်ယောင်ကာ ကြောက်ရွံ့ထိတ်လန့် နေမိသည်။ တစ်ဖက်ခြံမှ ဆူဆူညံညံအသံများကို ကြားလိုက် ရသဖြင့် အခု လောက်ဆို သူတို့သား နဖူးကွဲသွားတာ သူမ လက်ချက်ဆိုတာ သိလောက်ပြီ ထင်ပါသည်။ အခန်းစီး လိုက်ကာ နောက်ကွယ်မှ တစ်ဖက်ခြံကို မြတ်လေးညို အသာ ငုံ့ကြည့်လိုက်သည်။

"အို"

မျက်နှာကို လက်ဖြင့် ဖိအုပ်ထားသော စိုင်းခမ်းမဏ်ကို





မြတ်လေးညို မာမီနှင့် သူ့အမေနှစ်ယောက် ကြားမှာ လိုက်ပါသွားတာကို တွေ့လိုက် ရသည်။ စိုင်းခမ်းမဏ်၏ အပြာနုနု ရှပ်အင်္ကျီ လက်တိုလေးမှာ သွေးစက်တို့ စွန်းပေနေတာကို မြင်ရတော့ မြတ်လေးညို ရင်ထဲ မကောင်းဘဲ ဖြစ်သွားသည်။

မတတ်နိုင်။

ထိုသို့ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့သလို ရည်လည်း မရည်ရွယ်ခဲ့ပါ။ မြတ်လေးညို သူ့ကို ပစ်ပေါက်တာ ပန်းအိုးကွဲ သေးသေးလေး ဖြစ်သော်လည်း အခန့်မသင့်ဖြစ်ပြီး အစွန်းနှင့် ခိုက်မိပြီး အခုလို သွေးထွက်သံယိုဖြစ်ရခြင်းမို့ သွေးမြင်ရင် ကြောက်တတ်သည့်အတိုင်း နေရာမှ ပြေးထွက်ခဲ့ခြင်း ဖြစ်သည်။

မာမီကတော့ မြတ်လေးညိုကိုယ်စား သူတို့မိသားစု ကို ဘာတွေ တောင်းပန်နေမည်မသိပါ။ ပြောင်းလာတာ သိပ်မကြာ သေးသဖြင့် သူတို့မိသားစုနှင့် မြတ်လေးညိုတို့ မိသားစု သိပ်ပြီး ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြသေးပါ။ အိမ်တက်ပွဲနေ့ တုန်းက လောက်သာ ဒယ်ဒီနှင့် မာမီသွားခဲ့ကြပြီး ကျန်သည့် အချိန်များ မှာတော့ တွေ့သည့်အချိန်မှာ နှုတ်ဆက်စကား ပြောကြရုံ၊ အိမ်နီး နားချင်း ဖြစ်ကြသည်ဆိုတာက လွဲ၍ သူကလည်း သူ့အလုပ်နှင့် သူရှုပ်နေသလို ကိုယ်ကလည်း ကိုယ့်အလုပ်နှင့် ကိုယ်မအားလပ် နိုင်ကြသူ ဖြစ်သည်။

"ကျွန်မ တောင်းပန်ပါတယ် ခင်ခင်ရယ်၊ သမီးငယ် ဘားပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သားကျေနပ်တဲ့အထိ လာပြီးတောင်းပန် ခိုင်းမှာပါ၊ သွေးထွက်တာကို သမီးက မကြည့်ရဲလို့ လိုက်မလာတာပါ၊ သမီးလေး တစ်ယောက်တည်း ဆိုပြီး မိသားစုအားလုံးက အလိုလိုက်လွန်းတော့ မိသားစုကို ဆိုးချင်သလို အပြင်ကိုလည်း ဆိုးချင်တယ်"

"အခုပဲကြည့်၊ သားကို သူလုပ်လိုက်တာ နဖူးကွဲရပြီကွယ်၊ အပြန်ကျရင် သဇင် သမီးကိုလည်း ဆုံးမပါဦးမယ်"

"ရပါတယ် သဇင်ရယ်၊ သမီးလေးကိုချည်း အပြစ်တင်နေလို့မဖြစ်ပါဘူးကွယ်၊ သားကလည်း တစ်ဦးတည်းသော သားဆိုတော့ သူဆိုးတာလေးတွေလည်း ရှိမှာပါ။ ဒါကြောင့် သမီးက မခံချင်ဖြစ်ပြီး အခုလို ဖြစ်ရတာ နေမှာပါ ခင်ရယ်"

"ဆိုးတာလည်း ဆိုးတာပေါ့ ခင်ရယ်၊ သမီးလေးက ကိုယ်ထိလက်ရောက် ဖြစ်ရတာဆိုတော့ သမီးလွန်တာပေါ့ ကွယ်"

ဒေါ်သဇင် သမီးဖြစ်သူအတွက် စိုင်းခမ်းမဏ် သားအမိကို တောင်းပန်စကား တွင်တွင်ဆိုရင်း ဆရာဝန်လုံးဝ အခေါ်မခံဘဲ သူကိုယ်တိုင် နဖူးက ဒဏ်ရာကို ဆေးသေတ္တာ လေးနှင့် သန့်ရှင်း ဆေးထည့်နေခြင်းကို အားနာမဆုံး ဖြစ်နေ သည်။ ထို့အတူ ဒေါ်ခင်ခင်ကလည်း ဒေါ်သဇင်ကို အပြိုင် အားနာစကား ဆိုနေကြသည်။

စိုင်းခမ်းမဏ်ကတော့ မြတ်လေးညို၏ မျက်နှာလှလှကို မြင်ယောင်လျက် နှုတ်ခမ်းကို တင်းတင်းစေ့ ပိတ်ထား





လိုက်ပါသည်။ နဖူးမှ ရရှိသွားသော ဒဏ်ရာထက် နှလုံး သားမှ ရရှိသော ဒဏ်ရာက ပိုပြီး ပြင်းထန်နက်ရှိုင်းတာကို အမေ နှစ်ယောက် မသိသော်လည်း စိုင်းခမ်းမဏ်၏ နှလုံးသားက ခံစား သိရှိလိုက်ရပါပြီ။

"အို... သားကိုယ်တိုင် ဒဏ်ရာမှာ ဆေးထည့်ပြီး သွားပြီကိုး"

"ဆရာဝန်ခေါ်ဆိုတာလည်း မရဘူး သဇင်ရေ၊ ခင်ခင့် သားကလည်း သူဖြစ်ချင်တာကို ဖြစ်ရမှ၊ သူကလည်း တဇွတ်ထိုး သမား သဇင်ရေ"

"သိတဲ့အတိုင်းပဲ တစ်ဦးတည်းသော သားသမီးတွေ ဆိုတော့ မိဘတွေက အလိုလိုက်ထားတော့ သူတို့ ကလည်း ဒါဆိုဒါမှ ပြောရဆိုရသိပ်ခက်တဲ့ ကလေးတွေပါ"

"ပေး... ပေး၊ သားအနာကို မာမီ ပတ်တီး စည်း ပေးမယ်"

ဒေါ်သဇင်ကို လှည့်ပြောရင်း ဒေါ်ခင်ခင် ခေါင်းမာ သူသော သားချော၏သဘောကို သိထားသူပီပီ ခေါင်းပတ် တီးကို သူမကိုယ်တိုင် စည်းနှောင် ပေးလိုက်သည်။

"မဖြစ်ပါဘူး ခင်ခင်ရယ်၊ သမီးကို ခေါ်လာပြီး သားကို တောင်းပန်ခိုင်းမှာပါ။ တော်ကြာ ဒီ့ထက်ပိုဆိုးလာရင် ခက်မယ်"

"ခင့်သဘောကတော့ သမီးလေးကို ခွင့်လွှတ်ပြီးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



သဇင်ရေ့ သားသဘောကတော့ ခင်လည်း မသိဘူး"

မာမို့စကားကြောင့် စိုင်းခမ်းမဏ် ဦးခေါင်းထဲမှာ အကြံတစ်ခု လက်ခနဲဖြစ်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် ထိုအကြံအတွက် ရင်ထဲမှာ ကျိတ်ပြီး ကျေနပ်သွားသည်။

"အန်တီ ကူညီနိုင်မယ်ဆိုရင် ကျွန်တော့်ကို တစ်ခု ကူညီပါဗျာ"

"ပြော. . . သား၊ အန်တီ ဘာကူညီရမလဲ"

"မြတ်လေးညိုကို ကျွန်တော့်ဆီ လာပြီးတောင်းပန်ခိုင်းမယ့်အစား ကျွန်တော့်ဇာက်ရာ မပျောက်မချင်း သူကိုယ်တိုင် အနားကို ဆေးထည့်ပေးဖို့ သဘောတူပေးဖို့ပါ"

"သူ့ကြောင့်ရတဲ့ ဒဏ်ရာပဲကွယ်၊ သားပြောသလို ဖြစ်ရမှာပေါ့။ အန်တီသဘောတူပါတယ်၊ ဒါမှလည်း နောက်ကို စိတ်နောက်ကိုယ်ပါ ဘာတစ်ခုမှ မလုပ်ရဲတော့မှာ"

"ခင်ရေ. . . သဇင်ပြန်တော့မယ်၊ မနက်ဖြန်မှ သဇင်ကိုယ်တိုင် သမီးကို ခေါ်လာခဲ့မယ်"

"ကောင်းပြီ သဇင်ရေ"

"သား. . . အန်တီသွားမယ်နော်"

"ဟုတ်ကဲ့ ခင်ဗျာ"

ဒေါ်ခင်ခင်က ဒေါ်သဇင့်ကို မလွယ်ပေါက် တံခါးအနားထိ အတူ လိုက်ပို့ရင်း သားအကြောင်း၊ သမီးအကြောင်း





ပြောဆို လာကြသည်။ စိုင်းခမ်းမဏ် အပေါ်ထပ်မှ တစ်ဖက်တိုက်ကြီးကို လှမ်းကြည့်လိုက်သည်။

မြတ်လေးညိုဆိုသည့် ရွှေမင်းသမီးကို အရိပ်အယောင်မှပင် မမြင်ရ။ သူ့ကို စိတ်လိုက်မာန်ပါ လုပ်ပြီး ဘယ်နေရာမှာ သွားပုန်းနေသလဲ မသိပါ။ မြတ်လေးညို မင်းလေး မနက်ဖြန်ကစပြီး ကိုယ့်မျက်စိရှေ့ကို ရောက်လာစေရမယ်။ နှုတ်ခမ်းကို တွန့်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။ နောက်အိပ်ရာပေါ် ပစ်လှဲကာ မျက်စိကို မှိတ်လိုက်သည်။

နဖူးက ဒဏ်ရာလေးက တဆစ်ဆစ်နာနေသလို ရင်ထဲကလည်း ဝေဒနာတစ်ခု သိမ့်ခနဲ လှုပ်ခပ်သွားသည်။

မြတ်လေးညို မင်းလေးကို ကိုယ်ချစ်မိတယ်ကွယ်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ရှင်"

"မာမီ ဘာပြောလိုက်တယ်၊ သမီးက သူ့ဒဏ်ရာ[illegible] မပျောက်မချင်း ဆေးထည့်ပေးရမယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟာ"

မြတ်လေးညို ရင်ထဲမှာ မခံချင်စိတ်ဖြင့် မျက်နှာ လု[illegible] လေး တင်းမာမှုန်ကုတ်သွားသည်။ ဒါ မြတ်လေးညိုကို တမ[illegible] သက်သက် လုပ်ပါးဝတာပဲဆိုတာ မာမီမသိပေမယ့် မြတ်လေးည[illegible] ကတော့ ကောင်းစွာ သိနေပါသည်။





"သမီး မလုပ်နိုင်ဘူး မာမီ၊ သမီးက ဆရာဝန်လည်း မဟုတ်ဘူး၊ သူ့အနာကို ဆေးထည့်ပေးဖို့ ဆရာဝန်ကို သမီး ဖုန်းဆက်ပေးလိုက်မယ်"

"ဩော်ကွယ် အဲဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူတို့မှာလည်း မိသားစုဆရာဝန် ရှိတာပေါ့၊ အခုတောင် ခင်ခင်က သူ့သား ဒဏ်ရာအတွက် ဆရာဝန် ခေါ်ခိုင်းနေတာ မောင်စိုင်းက လုံးဝမခေါ်ဘဲ သူကိုယ်တိုင် ဒဏ်ရာကို ဆေးထည့်နေလို့ ပြောမရတာနဲ့ ခင်ခင်ကိုယ်တိုင် သူ့သားကို ဝင်ပြီး ပတ်တီးစည်း ပေးရတဲ့ အထိပဲ"

"အဲဒါနဲ့ သမီးနဲ့ ဘာဆိုင်လို့လဲ မာမီရဲ့"

"ဘယ့်နှယ့်မဆိုင်ရမှာလဲ၊ သမီးကြောင့် မောင်စိုင်း ခမျာ ဒဏ်ရာရခဲ့ရတာ သူကျေနပ်အောင် တောင်းဆိုတာကို မာမီတို့ ဘက်က လိုက်လျောရမှာပေါ့"

"ဟင် သူက တောင်းဆိုတာဟုတ်လား မာမီ"

မြတ်လေးညို အံ့ဩမယုံနိုင်စွာ ပြန်မေးလိုက်ရင်း ရင်ထဲမှာ ဒေါသလေးတွေ ဖြစ်လာသည်။

"မြတ်လေး မလုပ်နိုင်ဘူး မာမီ"

"မာမီ့ သမီးလေးက လိမ္မာပါတယ်ကွယ်၊ ကိုယ်ကလွန်တာ ဆိုတော့လည်း တစ်ဖက်သား ကျေနပ်အောင် လုပ်ပေး လိုက်ပါ။ ဒါတောင် သူတို့မိဘလိုနေ ၃ ၊ မောင်စိုင်းနေရာမှာ သမီး ဖြစ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဒီလောက်နဲ့ တစ်ဖက်ကို အလွယ်နဲ့ ကျေအေး ခွင့်လွှတ် ပေးနိုင်မှာလား"

ခွင့်လွှတ်မပေးနိုင်ပါ။

မြတ်လေးညို၏ အသားကို မပြောနှင့် စကားနှင့်ပင် နာကျင် စေသူရှိလာပါက သူမ ခံစားရတာထက် အဆပေါင်းများစွာ နာကျင်အောင် လက်တုံ့ပြန်ရမှ ကျေနပ်သူ ဖြစ်ပါ သည်။

သမီးဖြစ်သူ၏ စိတ်ကို ဒေါ်သဇင် သိထား သလို မောင်စိုင်း ကိုယ်တိုင် ဆရာဝန် လုံးဝမခေါ်ဘဲ သမီးကို ဆေးထည့်ဖို့ တောင်းဆိုလာတဲ့ဟာ တမင်သက်သက်သမီး ဖြစ်သူကို ပညာပေးချင်လို့ဆိုတာ ဒေါ်သဇင် သဘောပေါက် ခဲ့ပါသည်။

ထို့အတွက် စိုင်းခမ်းမဏ်ကိုလည်း ဒေါ်သဇင် အပြစ် မတင်ပါ။ သမီးဖြစ်သူ မြတ်လေးညိုတ သိပ်လှသလောက် အနေအထိုင် တည်ကြည်သူ၊ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စား၊ အခုချိန်ထိ ချစ်သူရည်းစားမရှိ၊ သီးသီးသန့်သန့်လေး နေထိုင် တတ်ပုံကြောင့် အများအမြင်မှာ မာန်မာန ကြီးသူလေးဟု အထင် ခံရသော်လည်း တကယ် စိတ်ရင်းလေး ကတော့ ကလေး တစ်ယောက်လို ဖြူစင်ရိုးသားသူလေး ဖြစ်သည်။

သို့ပါသော်လည်း သူမ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် တဇွတ်ထိုး လုပ်တတ်သော ခေါင်းမာသည့် အကျင့်ဆိုးလေး ကြောင့် မိဘများမှာ သမီးအချောအလှလေးအတွက် ရင်မော





ပင့်သက်ဖြာရသည်။ အခုတော့ သမီးဖြစ်သူနှင့် အပြိုင် မာန်မာန ကြီးသလို တဇွတ်ထိုး ဆန်တာချင်း၊ ခေါင်းမာတာချင်း တူညီရုံ မျှမက ရုပ်ရည်ချောမော လှပတာချင်း တူညီသလို စည်းစိမ် ချမ်းသာ ကြွယ်ဝတာချင်း အားလုံး တူညီသူ တစ်ယောက် ပေါ်ပေါက်လာခဲ့လေပြီ။

ဘယ်သူကမှ ဘယ်သူ့ကို အရှုံးမပေးချင်ကြသူတွေချင်း တွေ့နေကြသည်။

"ဒါပေမယ့် သူက မြတ်လေးကို တမင် ချိုးနေတာ မာမီ ရဲ့ မြတ်လေး မသွားဘူး"

နှုတ်ခမ်းလေးတစူစူ မျက်နှာလှလှလေးညိုညိုနှင့် မကျေ မချမ်းဖြင့် မြတ်လေးညို ဆိုလိုက်ပါသည်။

"မသွားလို့မဖြစ်ဘူးနော်၊ မာမီက ခင်ခင့်ရှေ့မှာ ကတိ ပေးခဲ့ပြီးပြီ၊ မာမ်မျက်နှာပျက်အောင် မလုပ်ပါနဲ့၊ မာမီကိုယ်တိုင် သမီးကို မနက်ဖြန်ကျရင် စိုင်းခမ်းမဏ်အိမ်ကို လိုက်ပို့ပေးမယ်"

ပြောပြီး မာမီက မြတ်လေးညို အနားက ထွက်သွား လိုက်ပြီ ဖြစ်သည့်အတွက် နှုတ်ခမ်းလေးကို တင်းတင်းစေ့၍ စိုင်းခမ်းမဏ် ဆိုသည့် လူကို စိတ်ဆိုးဒေါသတွေနှင့် ထူပူ ကျန်ရစ် ခဲ့သည်။

သူ့ကို မြတ်လေးညို လုံးဝကြည့်လို့ မရတာကို သိရက်နှင့် သူ့ရှေ့မှောက်ကို ရောက်ရဦးမည်။ အစတည်းက ကြည့်မရ



www.burmeseclassic.com

www.burmeseclassic.com



ရသည့်အထဲ အခုတော့ ပို၍ပင် မှုန်းတီးမိသည်။

နေနှင့်ဦးပေါ့ စိုင်းခမ်းမဏ်ရယ်၊ မြတ်လေးညို အကြောင်း သိအောင် လုပ်ပြရဦးမှာပေါ့။

မနက်ဖြန် သူ့ကို ဘယ်လိုဒုက္ခပေးရမလဲဟု စဉ်းစား ရင်း တစ်ညလုံး အကြံတွေ ယုတ်နေမိသည်။

"ဟော သဇင်တို့ လာကြပြီလား"

"ဟုတ်တယ်ခင်ရေ၊ သားဒဏ်ရာကို ဆေးထည့်ပေးဖို့ ဟောဒီမှာ သဇင့်သမီးကို ခေါ်လာခဲ့ပြီ"

"အို ကြည့်စမ်းပါဦးကွယ်၊ သဇင့်သမီးလေးက ချော လိုက်လှလိုက်တာ အဝေးက တစ်ခါနှစ်ခါလား မြင်ဖူးလိုက် တယ်၊ တစ်ခါမှ အခုလို နီးနီးကပ်ကပ် မတွေ့ဖူးဘူး"

"သိပ်ချစ်စရာကောင်းတာပဲကွယ်၊ သဇင်က သမီးချော လေးရထားတာ သိပ်ကံကောင်းတာပဲကွယ်၊ ခင်ဆိုရင်လေ သား တစ်ယောက် သမီးတစ်ယောက်လိုချင်တာ ဘုရားက မပေးတော့ မရလိုက်ဘူးကွယ်"

အိမ်ထဲကို လှမ်းဝင်ဝင်ချင်း စိုင်းခမ်းမဏ် မာမီက မြတ်လေးညို တို့သားအမိကို လိုက်လှဲ ဖော်ရွေစွာ တရင်းတနှီး လေးနှုတ်ဆက် စကားဆိုရင်း မြတ်လေးညို၏ လက်ကလေးကို မလွှတ်တမ်း ဆွဲကာ အံ့ဩ ချီးမွမ်းစကား ဆိုနေပုံကြောင့် မြတ်လေးညို မှာ အနေရခက်ခက်နှင့်ပင် သမီးချင်း ထပ်နေ





အောင် ပါးစပ်ဖျားကမချ။ သူမ မျက်လုံးလှလှလေးကို ချစ်ခင် မြတ်နိုးသော မျက်လုံးများဖြင့် တစိမ့်စိမ့် ကြည့်နေသော စိုင်းခမ်းမဏ် မာမီကြောင့် မျက်နှာလှလှလေး နီမြန်းလျှတ် နှုတ်အမ်းအမ်းလေး ဖြစ်နေမိသည်။

"လာ သမီးလေး သမီးကိုကို သူ့အခန်းထဲမှာ ရှိတယ်၊ အန်တီလိုက်ပို့ပေးမယ်၊ သဇင်ရော လာလေ"

"မမမကြီး"

"ဪ အစမ်း၊ ဘာလဲ"

"ဘဘကြီး ဖုန်းလာလို့ လာခေါ်တာပါ"

သားအမိနှစ်ယောက် စိုင်းခမ်းမဏ်မာမီ့နောက် လိုက် ညှိဟန် ပြင်လိုက်စဉ်မှာ မြတ်လေးညိုတို့အိမ်မှ အိမ်ဖော်လေး အစမ်းလိုက်လာခြင်း ဖြစ်သည်။

"အေး. . . အေး လာပြီ ခင်ရေ့ သဇင် ခဏပြန်လိုက်ဦး မယ်၊ သမီးကိုပဲ ခေါ်သွားလိုက်တော့နော်"

"ခင်က သမီးကို အပိုင် ခေါ်ထားလိုက်မှာနော် သဇင်"

"အို"

"အဲဒါကတော့ သမီးသဘောပဲ ခင်ရေ၊ ကဲ သွားပြီ နော်"

မာမီက စိုင်းခမ်းမဏ် မာမီ၏ စကားကို အပြုံးလှလှ နှင့် တုံ့ပြန်စကားဆိုရင်း အိမ်ဖော်ကောင်မလေး နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



အပြေးလိုက်ပါ သွားပြီ ဖြစ်သည့်အတွက် မြတ်လေးညိုမှာသာ စိုင်းခမ်းမဏ်၏ မာမီ၏ စကားကြောင့် ပါးတွေ ထူပူလျက် ရှက်ရွံ့ အနေရခက်စွာ ကျန်ရစ်ခဲ့သည်။

"လာ သမီးလေး"

ဒေါ်ခင်ခင်က မြတ်လေးညို၏ လက်ကလေးကို ယုယစွာ တွဲပြီး အပေါ်ထပ်က သူ့သားအခန်းကို ခေါ်သွား သောကြောင့် မြတ်လေးညိုမှာ မဝံ့မရဲ ရှက်လန့်စိတ်ဖြင့် အတူ လိုက်ပါခဲ့ရ သော်လည်း စိတ်ထဲကတော့ စိုင်းခမ်းမဏ်ဆိုသူကို ရိုက်ကုတ် ဖဲ့ပစ်ချင်နေပါသည်။

ဒေါ်ခင်ခင်ကတော့ သိပ်လှသည့် မြတ်လေးညိုကို မြင်ကတည်းက သားဖြစ်သူကို နားလည်လိုက်ပြီးသား ဖြစ်ပါသည်။ ဆရာဝန် ခေါ်ပါဆိုတာ လုံးဝအခေါ်မခံဘဲ မြတ်လေးညို ကိုယ်တိုင် ပြုစုယုယတာကို အလိုရှိနေခြင်း၏ အကြောင်းအရင်း မှန်ကို လှမ်းမြင်တွေ့လိုက်ပါသည်။

သား၏ နှလုံးသားထဲမှာ သိပ်လှသည့် သမီးလေး မြတ်လေးညို ရှိနေခဲ့ပြီဆိုတာ မပြောဘဲနှင့် သိနေခဲ့သည်။ သား၏စိတ်ကို ဒေါ်ခင်ခင် အသိဆုံး။ သားက လူတစ်မျိုးလေး။ သူ့အခန်းကို လူစိမ်း သူစိမ်း ဝင်တာလုံးဝမကြိုက်သလို၊ အခု အသက်အရွယ်အထိ သူ့အခန်းထဲကို မည်သည့်သူစိမ်း မိန်းက လေးကိုမှ မဝင်စေခဲ့ပါ။





သူ့အိပ်ခန်းထဲကို အိမ်ဖော်တွေ လုံးဝမဝင်ရ။ လျှော်ရ မည့်အဝတ်တွေကို အပြင်ကို ထုတ်ထားပေးပြီး အိပ်ခန်းကို သူကိုယ်တိုင် ရှင်းလင်းသည်။ ပြီးတော့ သူ့စိတ်ကူးထဲကအတိုင်း သူ့အခန်းကို သူ့ဘာသာ စိတ်ကြိုက် ပြင်ဆင်ထားသည်။ သူ့ပစ္စည်းတွေကို တခြားတစ်ယောက်ကိုင်တာကို လုံးဝ မကြိုက်သူ။

အခုတော့ ထူးထူးခြားခြား မြတ်လေးညိုလာရင် သူ့ အခန်းထဲကို လွှတ်ပေးဖို့ အစေခံလုပ်သူကို ကြိုတင်မှာထား ခဲ့သည့် အတွက် ဒေါ်ခင်ခင်မှာ သားဖြစ်သူကို အံ့ဩခဲ့ရသည်။ တစ်ဖက် ခြမ်းမှာ သိပ်လှသည့် သမီးလေးတစ်ယောက်ရှိနေတာ သိပေမယ့် ကိုယ့်အာရုံနှင့်ကိုယ် ဂရုမစိုက်မိခဲ့ပါ။

အခုမှ မြတ်လေးညို၏အလှကို အံ့ဩချီးမွမ်းရခြင်းနှင့် အတူ နှစ်သက်သဘောကျခဲ့ရသည်။ သားဖြစ်သူနှင့် မြတ်လေးညို ကို ချက်ချင်း သဘောတူကြည်ဖြူနှစ်လိုမိသည် အထိ မြတ်လေးညို ၏ ပုံစံလေးက မိန်းမချင်းကိုပင် ချစ်ခင် လာအောင် ဆွဲဆောင်မှု အပြည့်ရှိနေသူလေး ဖြစ်ပါသည်။ သား ဖြစ်သူ၏ ရင်ထဲတွင်မူ ဆိုဖွယ်ရာရှိမည် မထင်ပါ။

"လာ သမီးလေး၊ အခန်းထဲမှာ သားရှိတယ်"

စိုင်းခမ်းမဏ် အခန်းတံခါးကို ဖွင့်ထားခြင်းကြောင့် ဒေါ်ခင်ခင် တစ်ယောက် မြတ်လေးညို၏ လက်ကလေးကိုဆွဲကာ သားဖြစ်သူ၏ အခန်းထဲကို လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ"

"ဒီမှာ သမီးလေးလာတယ်၊ သမီးကို စိတ်ညစ်အောင် မဆိုးရဘူးနော်"

မာမီ့အသံကြောင့် စိုင်းခမ်းမဏ် မြတ်လေးညို၏ မျက်နှာလှလှလေးကို မရယ်မပြုံး ခပ်တည်တည်လေး စိုက်ကြည့်လိုက်မိသလို မြတ်လေးညိုကလည်း တည်တင်း ခက်ထန်သော မျက်နှာလှလှလေးဖြင့် စိုင်းခမ်းမဏ်၏ မျက်နှာ ချောချောကို ဒေါသတို့ဖြင့် စူးရှလင်းလက်နေသော မျက်လုံး အစုံဖြင့် လှမ်းအကြည့် . . . လမ်းခုလတ်မှာ အကြည့်နှစ်ခု အားပြင်းစွာ ဆုံစည်းမိကြသည်။

မြတ်လေးညိုရင်ထဲ ဘယ်လိုဘယ်ပုံ ခံစားသွားရမည် မသိသော်လည်း စိုင်းခမ်းမဏ် နှလုံးသားထဲမှာတော့ နွေးခုန်ဖိုလှုပ်သွားကာ တစ်ခါမှမခံစားဖူးသော ခံစားချက်တစ်မျိုးဖြင့် နှလုံးသားတွေရှိန်းခနဲ ပူနွေးလိုက်ဖြာသွားခဲ့သည်။

"သမီးလေး . . . ဒီမှာခဏထိုင်နော်၊ အန်တီကိုယ်တိုင် သမီးအတွက် စားစရာတစ်ခုခု စီစဉ်လိုက်ဦးမယ်"

"အို . . . နေပါစေ အန်တီ၊ မြတ်လေး ဘာမှမစားတော့ပါဘူး"

"မဟုတ်တာကွယ် ခဏလေးပါ"

"အန်တီ"

မြတ်လေးညို လှမ်းခေါ်ပေမယ့် စိုင်းခမ်းမဏ်မာမီက





အခန်းထဲမှ ပြန်ထွက်သွားပြီမို့ အခန်းထဲမှာ မြတ်လေးညိုနှင့် သူ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ထိုင်ပါ"

"မထိုင်ဘူး"

စိုင်းခမ်းမဏ် စကားကို မြတ်လေးညို ခပ်ပြတ်ပြတ်လေး တုံ့ပြန်လိုက်ပုံကြောင့် သူ့နှုတ်ခမ်းအစုံမှာ တင်းတင်းစေ့သွားရသလို သူမ မျက်နှာလှလှလေးကို စိုက်ကြည့်လိုက် သည်။

"ဒါဖြင့် မင်းက ဒီကို ဘာလုပ်ဖို့ လာတာလဲ"

"ရှင် မနေ့က မာမီ့ကို ဘာပြောလိုက်လဲ"

"ကျွန်ုပ် ဒဏ်ရာမပျောက်မချင်း မင်းကို ဆေးထည့် ပေးဖို့ ပြောလိုက်တယ်၊ အဲဒီအတွက် မင်းလာတာမဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်"

"ရှင် ဘာအချိုး ချိုးတာလဲ"

မြတ်လေးညို မခံမရပ်နိုင်စွာ ရန်တွေ့လိုက်သည့် စကားကို သူ့ရင်ထဲမှာ ဘာမှ မခံစားရသလို သူ့ရှေ့မှာ ဒွေ့ဒွေ့ခုန်ဒေါပွနေသော မြတ်လေးညို၏ အနီးကပ်အလှအပ တွေ ကြားမှာ စိုင်းခမ်းမဏ်၏ နှလုံးသားတွေ ထူးဆန်းစွာ ညွတ်နူး ပျော်ဝင်သွက် ရှိသည်။

ပြီးတော့ ဘာဖြစ်လို့မှန်းမသိပါ။

သိပ်လှသည့် သူမကို ဒေါသမဖြစ်ဖြစ်အောင် စချင်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

မြတ်လေးညို သူ့ကို စိတ်ဆိုးဒေါသဖြစ်နေပုံလေးကို သူ့ရင်ထဲမှာ နှစ်သက်မြတ်နိုး နေမိသည့်အဖြစ်ကို သူမ ကတော့ သိမည်မထင်ပါ။

"ကျုပ် ဘာအချိုး ချိုးတယ်ထင်လဲ"

"ရှင့်ကိုယ်ရှင် သိမှာပေါ့"

"ဟုတ်တယ်၊ ကျုပ်ကိုယ်ကျုပ် သိတယ်"

"ဟင် ရှင်"

စိုင်းခမ်းမဏ်က ကိုယ့်အမိပ္ပါယ်နှင့် ကိုယ်ပြောလိုက်သော်လည်း မြတ်လေးညိုမှာ သူမကို အရွဲ့တိုက်ပြော သည်အထင်နဲ့ ဒေါသလေးများ ထွက်ပြီးရင်း ထွက်နေမိသည်။

"ဒီမှာ ကျွန်မက ဆရာဝန်မဟုတ်ဘူး၊ ရှင့်ဒဏ်ရာကိုလည်း ဆေးထည့်မပေးနိုင်ဘူး"

"ဆေးထည့်မပေးနိုင်ဘဲ ဘာလို့ မင်းက ကျုပ်ရှေ့ရောက်နေရတာလဲ"

"ရှင့်ဆီကို လာချင်လို့များ မှတ်မနေနဲ့၊ မာမီ ခိုင်းခေါ်လို့ လိုက်ခဲ့ရတာ ရှင်သိရဲ့လား"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ၊ ရှင့်ဘာသာ ရှင်လဲသေလိုက်နေပါ"

မာနမင်းသမီး သူ့ကြောင့်ဘယ်လောက် အခံရခက်





နေသလဲဆိုတာ ဒေါသဖြင့် တင်းမာခက်ထန်နေသော မျက်နှာလှလှလေးကို မြင်ရုံနှင့် သိနေပါသည်။ ဒါပေမယ့် စိုင်းခမ်းမဏ်ဆိုတာလည်း တခြားသူတွေလိုမဟုတ်။ ကိုယ်ဖြစ်ချင်တာကို ဖြစ်ကိုဖြစ်ရမှ ကျေနပ်နိုင်သည့်သူဆိုတော့လည်း ခက်သည်။

"ဒီမှာ . . . ရှင် ကျွန်မနဲ့ အခုလိုက်ခဲ့ပါ"

"ဘယ်ကိုလဲ"

"ဆေးခန်းကိုရှင့်၊ ဆေးခန်းကို"

"ဆေးခန်းကို"

"ဟုတ်တယ်"

"ဆေးခန်းကို၊ ကျုပ်က ဘာသွားလုပ်ရမှာလဲ"

သိရဲ့သားနှင့် တမင်ပြန်မေးနေပုံကြောင့် မြတ်လေးညိုမှာ ဒေါသဖြစ်ပြီးရင်း ဖြစ်နေရသည်။

"ဘာလုပ်ရမှာလဲ၊ ရှင့်အနာကို ဆေးထည့်ရမှာပေါ့"

"မလိုဘူး"

"ဘာရှင့်"

"ဆရာဝန် မလိုဘူးလို့ပြောတာ၊ ကျုပ်ကို ဒဏ်ရာရအောင် လုပ်တာမင်းပဲ၊ ဒီတော့ ကျုပ်ဒဏ်ရာမပျောက်မချင်း ဆေးကုရမှာ မင်းတာဝန်ပဲ၊ မင်းကိုယ်တိုင်ကုပေါ့"

"မကုနိုင်ဘူးရှင့်၊ ကျွန်မ ဆရာဝန်မဟုတ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်ခါမှ မပြောနဲ့၊ ကျုပ်အနာကို ဘယ်လို သန့်ရှင်းရမယ်၊ ဆေးထည့်ရမယ်၊ ပတ်တီး စည်းတာကအစ အားလုံး ကျုပ်ပြောပြသလိုလုပ်"

"အိုး. . . ဘာလို့လုပ်ရမှာလဲ၊ ဒါ ရှင့် ကျွန်မကို တမင် သက်သက် လူပါးဝတာ၊ ကျွန်မ မလုပ်နိုင်ဘူး"

"ကောင်းပြီလေ၊ မင်းမလုပ်နိုင်ဘူးဆိုရင် မင်းမာမီကို ပြန်ပြောလိုက်ရုံပဲ"

"ဟင် ရှင်"

မြတ်လေးညို မျက်လုံးလေးပြူးပြီး ဒေါသနှင့် မခံချင်စိတ်ကြောင့် မျက်နှာလှလှလေးမှာ ဖြူလိုက်နီလိုက်နှင့် နှုတ်ခမ်းလေး တဆတ်ဆတ် တုန်လာသည်အထိ စိတ်ဆိုးသွားသည့် အဖြစ်ကို ကြည့်ပြီး စိုင်းခမ်းမောက် ရင်ထဲမှာ ကျိတ်ပြီး ကျေနပ်ပျော်ရွှင်သွားသည်။

သူမ အလိုဆန္ဒက စိုင်းခမ်းမောက်ဆိုသည့် သူ့မျက်နှာကိုပင် မမြင်မတွေ့လိုသူ။ သူကတော့ သူမနှင့် ဆန့်ကျင်ဘက်၊ မြတ်လေးညိုဆိုသည့် သူမ မျက်နှာလှလှလေးကို တွေ့ချင် မြင်ချင်နေသလို သူ့ကို ဒေါသဖြင့် ရန်စွာနေပုံလေးကို မြတ်နိုး နှစ်သက်စွာ ကြားလိုသူ။

စိုင်းခမ်းမောက်လည်း ကိုယ့်ကိုယ်ကို အံ့ဩခြင်းနှင့်အတူ သူမကို ချစ်မိပြီဆိုသည့်အသိမှ ရင်တသိမ့်သိမ့်ခံစားနေရသည်၊





အထူးသဖြင့် မြတ်လေးညို သူ့ကို စိတ်ဆိုးဒေါသဖြစ်နေပုံ လေးကိုက သူ့နှလုံးသားမှ အချစ်စိတ်တို့ကို လေးနက်ပြင်းပြ စွာ ဖြစ်ပေါ် ခံစားစေနိုင်စွမ်းသည့် အဖြစ်ကို သူသာ အသိဆုံး ဖြစ်သည်။

ပြီးတော့ သူမစိတ်ကလေးကို သူနားလည် ပါသည်။ မာနမင်းသမီးကို ချစ်မြတ်နိုး မိပြီဖြစ်သော်လည်း အခြားသူ တွေ ချဉ်းကပ်သလို သူမကို အလျှော့ပေးအလိုလိုက်ပြီး သူမ အကြိုက်ကို လိုက်လျော ပေးရုံနှင့် သူမထံမှ အချစ်ကို မရနိုင် မှန်း တခြားသူတွေ သဘောမပေါက်ပေမယ့် သူကတော့ ကောင်းစွာ သဘောပေါက်ထားပါသည်။

ထို့ကြောင့် သူမ သူ့ကို ဒေါသဖြစ်စိတ်ဆိုးနေမှန်း သိရက်နှင့် အလျှော့ပေးဖို့ စိတ်ကူးမရှိပါ။

"ဟဲ ဟဲ ဘယ်လိုလဲ၊ ကျုပ်ကို ဆေးထည့်မပေးဘူးဆို ပြန်နိုင်ပြီ၊ ဒါပေမယ့် မိဘစကားကို နားမထောင်တဲ့သားသမီး အဖြစ် မင်းကို ကျုပ်သတ်မှတ်လိုက်ပြီ"

"အို"

သူပြောတာ မှန်နေသဖြင့် မြတ်လေးညိုမှာ ခံပြင်း ဒေါသနှင့်အတူ ဘာဆက်လုပ်ရမှန်း မသိဖြစ်သွားသည်။ အခုချိန်မှာ သူပြောသလို မလုပ်ပြန်ရင်လည်း မြတ်လေးညိုက မိဘစကားကို နားမထောင်သူဖြစ်သွားမှာ သေချာသလို၊ သူ ပြောသလို လုပ်ရပြန်ရင်လည်း မြတ်လေးညို သူ လူပါးဝသမျှ အနိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးရတော့မလို ဖြစ်နေသည်။

"ကြာတယ်ကွာ၊ မင်းဘာလုပ်မှာလဲ၊ မြန်မြန်ပြော"

"ကဲ. . . ပေး. . . ပေး"

မထူးတော့ပြီမို့ မြတ်လေးညိုမှာ ဆောင့်အောင့်ဖြီး ဆိုလိုက်ရပါသည်။ စိုင်းခမ်းမက်မှာ ချစ်ရသူ၏ အပြုံအမူလေးကို မြတ်နိုး အသည်းယားသွားမိသော်လည်း အပြင်မှာတော့ တစ်ချက်ပင် မပြုံးမရယ်ဘဲ ခပ်တည်တည်မျက်နှာနှင့်

"ဘာကို ကျုပ်က ပေးရမှာလဲ"

"အိုး. . . ထည့်ရမယ့်ဆေးနဲ့ ပတ်တီးကို ပြောတာပေါ့ ရှင့်"

"မင်းဘေးက စားပွဲအံဆွဲထဲမှာ ဆေးသေတ္တာ အဖြူလေး ရှိတယ်၊ အဲဒီအထဲမှာ ပစ္စည်းတွေအားလုံးပဲ"

မကျေမနပ်နှင့် အနားမှာရှိနေသည့် စားပွဲအံဆွဲလေးထဲက ဆေးသေတ္တာအဖြူလေးကို ထုတ်ယူလိုက်ရသည်။ သေတ္တာလေးထဲမှာ သူပြောသည့်အတိုင်း ဆေးပစ္စည်းအပြည့် အစုံရှိနေတာကို တွေ့လိုက်ရသည့်အတွက် ခေါင်းမှာ ပတ်တီး အဖွေးသားနှင့် ဆိုဖာပေါ်မှာ အခန့်သားထိုင်နေသည့် စိုင်းခမ်းမက်မျက်နှာ ချောချောကို မျက်လုံးလေးစွေပြီး မကျေမနပ်တစ်ချက် လှမ်းကြည့်လိုက်သည်။

သူက မြတ်လေးညို လှုပ်ရှားသမျှကို ရွှန်းလဲ့စူးရှသော





မျက်ဝန်းများဖြင့် လိုက်ကြည့်နေခြင်းကြောင့် မျက်လုံးချင်း ဆုံမိကြသည့် အခိုက် မြတ်လေးညိုရင်ထဲမှာ တစ်မျိုးကြီး ဖြစ်ကာ ပိုရှ မုန်းတီးသွားမိသည်။

"ဆေးထည့်မယ်"

"ထည့်ပေါ့"

ဆေးသေတ္တာလေးကို ဆွဲပြီး၊ မြတ်လေးညို သူ့အနားကို လျှောက်ခဲ့သည်။

"ပြော ဘယ်ဆေးထည့်ပေးရမှာလဲ"

"နေဦး ကျုပ်ခေါင်းက ပတ်တီးကို အရင်ဖြေဦး"

"အိုး. . . အဲဒါတော့ ကိုယ့်ဘာသာလုပ်ပေါ့ရှင့်မှာ လက်ပါ တာပဲ၊ ကျွန်မ လုပ်မပေးနိုင်ဘူး"

"ဒါဖြင့် ဒီအတိုင်း နေဦးပေါ့"

"ဘာရှင့်"

"ကြားတဲ့အတိုင်းပဲ၊ လက်ပါပေမယ့် ကိုယ့်ဘာသာကိုယ် လုပ်နိုင်ဘူး၊ မင်းကိုယ်တိုင် လုပ်ပေးရင်ပေး မပေးရင် ဒီအတိုင်း နေရုံပဲ"

ပြောပြီး ဆိုဖာနောက်မှီပေါ် ခေါင်းကို လှန်ချပြီး ကိုယ်ကို ခပ်လျော့လျော့ မှီထိုင်လိုက်ပုံကြောင့် မြတ်လေးညို ရင်ထဲမှ ဒေါသများကို မနည်းချုပ်တည်း မျိုသိပ်နေရသည်။

ဟွန်း. . . ဒင်း လုပ်နိုင်တုန်း လုပ်ထားဦးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညို အကြောင်း ကောင်းကောင်းသိစေရမယ်။ အံလေး ကြိတ်ပြီး သူ့ခေါင်းက ပတ်တီးတွေကို မြတ်လေးညို စတင် ခွာယူလိုက်သည်။

"ဟော သမီးလေးက သားကို ဆေးထည့်ပေးနေ မြို့လား"

"ဟုတ်ကဲ့"

"ဒီမှာ သမီးလေးအတွက် အန်တီကိုယ်တိုင် ဖုတ်ထား တဲ့ ပူတင်းနဲ့ ကော်ဖီသောက်ဦး၊ သားအတွက်ရော အများကြီး ပို့ဖျော်ခဲ့တယ်"

"ဒုက္ခရှာလို့ အန်တီရယ်"

"ရပါတယ် သမီးရယ်၊ သားကို သမီးလေးကိုယ်တိုင် ဆေးလာထည့်ပေးလို့ အန်တီက ပြန်အားနာနေရတာပါကွယ် သားက ဆိုးတယ်ကွယ့်"

"ရပါတယ်အန်တီ၊ မြတ်လေးအပြစ်လည်း ပါပါတယ်"

စူပုပ်တင်းမာနေသော မျက်နှာလုလုလေးမှာ တခဏ အတွင်း ယူပစ်လိုက်သလို ပြောင်းလွဲပြီး ပြုံးချိုနူးညံ့သွားလျက် မာမီ့ကို အလိုက်သင့် စကားဆိုနေသူလေး၏ အပြောင်းအလဲ များကို ကြည့်ပြီး စိုင်းခမ်းမဏ် ကျိတ်ပြီး အသည်းယား နေ သည်။

မာမီကတော့ စိုင်းခမ်းမဏ်တို့ အဖြစ်အပျက်များကို လုံးဝ မသိသူပီပီ သိပ်လှသည့် မြတ်လေးညိုနှင့် ချောမော ခန့်ညားသည်





သားဖြစ်သူတို့ကို အပြုံးဖြင့် ကြည့်ကာ ကျေနပ် နေရှာပါသည်။

"သားကိုကလည်း ဆိုးပါတယ်ကွယ်၊ သူက သိပ်စ ချင်တာ၊ သူများ မခံချင်အောင်ပြောတော့ အခုလိုဖြစ်ကုန်တာ ပေါ့ကွယ်၊ အဟင်း. . . ဟင်း. . . ဟင်း"

"အန်တီကြီး အောက်မှာ ဧည့်သည်ရောက်နေပါတယ်"

"သြော်. . အေး၊ အခုပဲ ဆင်းလာမယ်လို့ ပြောလိုက်"

အိမ်ဖော်မလေး ရောက်လာပြီး ပြောလိုက်သဖြင့် မြတ်လေးညိုတို့ စကားဝိုင်းလေး ရပ်တန့်သွားသည်။

"သမီးလေး အေးအေးဆေးဆေးပေါ့နော်၊ အန်တီ ဧည့်သည်လာလို့ အောက်ခဏဆင်းလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"သားရေ"

"ဗျာ မာမီ"

"မာမီ့ကိုယ်စား သမီးလေးကို ဧည့်ခံထားလိုက်ပါဦး ကွယ်"

"ဟုတ်ကဲ့"

ဒေါ်ခင်ခင် အောက်ထပ် ပြန်ဆင်းသွားသည်နှင့် မြတ်လေးညို၏ မျက်နှာလေး ချက်ချင်း တင်းမာအေးစက် သွားတာ အနားက အရက်ပုံပုလင်းကို ကောက်ယူပြီး သူ့အနာ ကို ခပ်ကြမ်းကြမ်း ပွတ်လိမ်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

"နာတယ်ကွ၊ မင်းဘယ်လိုလုပ်လိုက်တာလဲ"

"အိုး. . . ဘာလို့ လက်ကို လာကိုင်ရတာလဲ"

"လွှတ်ပါ"

အနာကို တမင်မနာ နာအောင် ဆောင့်အောင့် ပစ်လိုက်တာမို့ နာကျင်မှုဖြင့် စပ်ဖျဉ်းဖျဉ်း ဝေဒနာကြောင့် သူ့ကို မြတ်လေးညို တမင် ပညာပြနေပြီမှန်း သိလိုက်ခြင်း ကြောင့် ဆေးထည့်နေသည့် သူမလက်ကလေးကို သူ့လက်/များနှင့် ဖမ်းယူ ဆုပ်ကိုင်လိုက်သည်။

"မင်း ကျုပ်ကို တမင်လုပ်တာ မဟုတ်လား"

"ကျွန်မ ဒီလိုပဲ လုပ်တတ်တယ်"

"ဒါ အနာကွ၊ ဖြည်းဖြည်းသက်သာလုပ်မှပေါ့"

"မကျေနပ် ဆေးခန်းလိုက်ပို့ရုံပဲ"

"မင်းကွာ"

"ကဲ.... ပြော၊ ဘယ်ဆေးထည့်ရမှာလဲ"

"အဖြူဘူး"

ဒဏ်ရာက သိပ်ပြီး မကြီးသော်လည်း ပန်းအိုးကွဲနှင့် ထိုးခွဲလိုက်သလို ဖြစ်သွားသည့် ဒဏ်ရာက လုံးဝပျောက်သွားခဲ့မည်ဆိုလျှင်တောင်မှ အနာနေရာမှာ အမာရွတ် ထင်ကျန်နိုင်သည့် အနေအထားမျိုး ဖြစ်နေသည့်အတွက် ရွှေမင်းသား





...အတွက် ဒေါသဖြစ်ချင်စရာဟု ဆိုနိုင်ပါသည်။

သို့သော်လည်း မြတ်လေးညို လက်ချက်ဖြင့် သူဒဏ်ရာ ...သွားတာကို လုံးဝ ဝမ်းမနည်းဘဲ ကျိတ်ပြီး ဝမ်းသာနေမိ ...သည်။ ဒါမှ မြတ်လေးညိုဆိုတာ ဘယ်လို မိန်းကလေးမျိုးလဲ ...ဘာ သိသွားတာပေါ့ဟု တွေးပြီး ကျေနပ်နေသည်။

ဆေးထည့်ပေးပြီး ပတ်တီးစည်းပေးရန် ကြိုးစားသည်။ ...ည်းလို့မရ။ ကျွမ်းကျင်သော အလုပ်မဟုတ်သဖြင့် သူ့ခေါင်း ... ဘယ်လိုချည်နှောင် ရမှန်းမသိ။

"ဒီမှာ"

"ကျုပ်နာမည် စိုင်းခမ်းမဏ်"

"အဲဒါ ဘာဖြစ်လဲ"

"စကားပြောရင် ဒီမှာ. . . ဒီမှာနဲ့ မပြောနဲ့၊ နာမည် ...ယ်၊ နာမည်ခေါ်"

သူ့စကားကြောင့် သူမ နှုတ်ခမ်းကလေးကို သူ မမြင် ...အောင် မဲ့လိုက်သည်။

"ရှင့်နာမည်ကို မခေါ်ချင်လို့ မခေါ်တာသိလား၊ ခေါင်း ... ပတ်တီးစည်းပေးမယ်၊ အစပိုင်းကို ရှင့်လက်နဲ့ ဖိကိုင် ပေးထား

"မိန်းကလေးဖြစ်ပြီး ဒီလောက်ကလေးမှ မလုပ်တတ် ...လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်တတ်ရတော့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး"

"ဟွန်း"

သူမ ပြောသလို ငှက်တီးစလေးကို သူ့လက်နှင့် ဖထား ပေးလိုက်ပါသည်။ သင်းပျံ့မွှေးကြိုင်သော ကိုယ်သင်း ရနံ့ ဖျော့ဖျော့လေးနှင့်အတူ ဖြူဖွေးနူးညံ့သော ဖယောင်းသွယ် လက်ကလေးများ၏ လှုပ်ရှား ထိတွေ့မှုက စိုင်းခမ်းမဏ်၏ ဦးခေါင်းပေါ်မှ ညင်သာရွရွ ဖြစ်ထွန်းနေသည်။

"မြတ်လေးညို"

"အိုး. . . ဘာကိစ္စ ကျွန်မနာမည်ကို ခဏခဏ ခေါ်နေရတာလဲ"

"မင်းကရော ကြားရဲ့နဲ့ ဘာလို့ မထူးတာလဲ"

"မထူးချင်လို့ပေါ့"

"ကျုပ်ကလည်း မထူးမချင်း ခေါ်ရမှာပဲ"

မြတ်လေးညိုမှာ ဒေါသဖြင့် နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်လိုက်မိသည်။ စိတ်ထဲကတော့ သူမကို ဒေါသမဖြစ် ဖြစ်အောင် ခွစကားတွေ ပြောနေသူကို အမုန်းကျိတ်ပစ် ချင်နေသည်။

"မြတ်လေးညို"

"ဘာလဲ. . . ဘာလဲ"

မကျေမနပ်နှင့် ဆောင့်အောင့်ထူးလိုက်သည်။





"ကျုပ်နဖူးပေါ်က ဒဏ်ရာကို တွေ့တယ် မဟုတ်လား"

"တွေ့သားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"သိပ်ဖြစ်တာပေါ့ကွ၊ ကျုပ် ဒီအသက်အရွယ်ရောက်လာတဲ့အထိ ကျုပ်အသားကို ဘယ်သူမှ ဒဏ်ရာ အနာတရဖြစ်အောင် မလုပ်ရဲဘူး၊ မင်းကတော့ လုပ်ခဲ့ပြီ၊ အဲဒီအတွက် ကျုပ် ဆုံးဖြတ်လိုက်ပြီ"

"ရှင့်ဘာသာ ဘာဆုံးဖြတ် ဆုံးဖြတ်၊ ကျွန်မ ဂရုမစိုက်ဘူး"

မြတ်လေးညို သူ့ကို အပြတ်ပြောပစ်လိုက်သည်။

မြတ်လေးညိုကို ဒီလိုခြိမ်းခြောက်စကားတွေ လာပြောလို့မရ။ ယောကျ်ားနှင့် မိန်းမဆိုပြီး ပြောတိုင်း ကြောက်နေမယ့် မိန်းကလေးမျိုး မဟုတ်။

"မင်း ဂရုမစိုက်လည်း ကျုပ်ကတော့ မင်းကို ပြောရမှာပဲ၊ နောက်တစ်ခါ ကျုပ်ကို ကိုယ်ထိလက်ရောက် လုပ်တဲ့ အလုပ်မျိုးကို ရှောင်ပါ"

"အံမာ ပြောတတ်လိုက်တာ၊ ရှင်ကိုယ်တိုင် ကျွန်မကို ဒေါသမဖြစ်ဖြစ်အောင် ပြောဆိုပြုမူနေတာတွေ ကျတော့ ထည့်မပြောတော့ဘူးလား"

"ကျုပ်က ပါးစပ်နဲ့ပြောတာ၊ မင်းလို လက်က ပါတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ"

"သိချင်ရင် စမ်းကြည့်လေ"

တစ်ယောက်မျက်နှာကို တစ်ယောက် စူးစူးစိုက်စိုက် ကြည့်မိကြသည်။ ဒေါသဖြင့် စူးရှခက်ထန် နေသည့်မြတ်လေးညို၏ ရွှန်းလဲ့ဝေရီသော အကြည့်တစ်မျိုးကြောင့် ကြာရှည် ရင်မဆိုင်လိုစွာ ချက်ချင်း အကြည့်လွှဲလိုက်သည်။

ထို့နောက် ပစ္စည်းတွေကို သေတ္တာလေးထဲ ပြန်ထည့်ပြီး အံဆွဲလေးထဲ သိမ်းထားလိုက်သည်။

"ပြန်မယ်"

"နေဦး"

"ဘာလဲ"

"ဒီမှာ မင်းအတွက် မာမီကိုယ်တိုင် ဖျော်ပေးတဲ့ ကော်ဖီနဲ့ မုန့်စားသွားဦး"

"ကျွန်မ မစားဘူး၊ ရှင်ပဲစားလိုက်"

ပြောပြောဆိုဆို စိုင်းခမ်းမဏ်အခန်းထဲက သူမ ထွက်သွားသဖြင့် သူမနောက်ကို သူလိုက်ခဲ့သည်။

"ကျုပ် လိုက်ပို့မယ်"

"မပို့နဲ့"

"ပို့မယ်"

"ဟင်း. . . ရှင်ဘယ်လိုလဲ၊ ကျွန်မက မလိုက်နဲ့ဆိုရင်





မလိုက်နဲ့ပေါ့ရှင့်"

"မင်းက မလိုက်နဲ့ဆိုလို့ ကျုပ်ကလိုက်ရမှာ၊ ကျုပ်က သူများ အမိန့်ပေးတာကို နားမထောင်တတ်ဘူး"

မြတ်လေးညို ဘာဆက်ပြောရမှန်း မသိတော့။

ခြောက်ပေကျော်သော သူ့အရပ်ကြီးကို မော့ကြည့်ပြီး ပြောနေရသော သူမအဖြစ်ကို မနှစ်သက်သလို သူက သူမ မျက်နှာလှလှလေးကို ကလေးတစ်ယောက်လို ငုံ့တကြည့်ကြည့် နှင့် စကားပြောနေရသည့် အခြေအနေကြောင့် စိတ်ထဲမှာ နိုးလိုးခုလုကြီး ဖြစ်ကာ အံလေးကို စေ့ကျိတ်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

သူမနောက်မှ စိုင်းခမ်းမဏ်ဆိုသည့်လူက သူ့အရပ် ကြီး ဘလန်ကလားနှင့် မြတ်လေးညိုအပါးမှ မားမတ် ခန့်ထည်စွာ အတူလိုက်ပါလာသည့်အတွက် အခံရခက်ခက်နှင့် ဒေါသလေးများ ဖြစ်နေရသည်။

"ဟော. . . သမီးလေး ပြန်တော့မလား"

"ဟုတ်ကဲ့. . . အန်တီ"

"သား သူ့ကို လိုက်ပို့မလို့ မာမီ"

"အော်. . . အေး"

"သမီးလေး နောက်လည်း အန်တီတို့အိမ်ကို လာလည်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ခွင့်ပြုပါဦး အန်တီ"

"ကောင်းပါပြီကွယ်"

ဧည့်သည်နှင့် စကားပြောရင်း ဒေါ်ခင်ခင်မှာ သားဖြစ်သူနှင့် မြတ်လေးညိုတို့၏ လိုက်ဖက်တင့်တယ်လွန်းသည့် နုနယ်လှပသော ချစ်စရာစုံတွဲလှလှလေးကို မျက်ဝန်းထဲမှာ စွဲထင်နေပါသည်။ မြတ်လေးညိုနောက်ကို ကောက်ကောက် ပါအောင်လိုက်ပါသွားသည့် သားချော၏ အဖြစ်ကို ကြည့်ကာ ဒေါ်ခင်ခင် စိတ်ထဲက ကျိတ်ပြီး ပြုံးလိုက်မိပါသည်။

"ရှင် နေခဲ့"

မလွယ်ပေါက်နား ရောက်တော့မည်မို့ မြတ်လေးညို ပြောလိုက်ခြင်းဖြစ်သည်။ သို့ပါသော်လည်း စိုင်းခမ်းမဏ်က သူမပြောနေသည့် စကားကို မကြားသလို အတူ ဆက်လိုက်လာခြင်းကြောင့် ဒေါသကို မျိုသိပ်ပြီး မလွယ်ပေါက်တံခါးမှ သူမခြံထဲကို ပြေးဝင်ခဲ့သည်။

ကြာရင် ဒီလူလုပ်ပုံနှင့် လူသတ်မှုတောင် ဖြစ်နိုင်သည်။ သူ့ကိုယ်သူ ဘာဖြစ်နေလည်း မသိပါ။ နောက်ကို တစ်ချက် လှည့်ကြည့်လိုက်တော့ ခြံစပ်မှ ပန်းပင်တွေကို စိတ်ဝင်စား သလို ငုံ့ကြည့်နေပုံကြောင့် သူမ မမြင်နိုင်မှန်းသိရက်နှင့် မျက်စောင်းကြီး တစ်ချက်ကို ဆောင့်အောင့် ထိုးပစ်လိုက်မိ ပါတော့သည်။

◆ ◆ ◆ ◆ ◆





## အခန်း (၃)

"ဟော သမီးပြန်လာပြီလား"

"ဟုတ်ကဲ့ မာမီ"

"မာမီလည်း အခုပဲလိုက်လာတော့မလို့၊ သမီး အန်တီနွယ်ဆီက ဖုန်းလာလို့ ပြောနေရတာနဲ့ ကြာသွားတာ"

"ဟယ် အန်တီနွယ်ဆီက ဖုန်းလာတယ်၊ ဟုတ်လား မာမီ၊ ဘာတဲ့လဲမာမင်"

သားအမိနှစ်ယောက် ဧည့်ခန်းမှာ ဆုံမိကြခြင်း ဖြစ်သည်။ အန်တီနွယ်ဆိုတာနှင့် မြတ်လေးညို ဝမ်းသာ ပျော်ရွှင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီနွယ်ဆိုတာက မာမီ့ဝမ်းကွဲညီမ ဖြစ်ပြီး အမေရိကားမှာ နေထိုင်သူဖြစ်သည်။ အိမ်ထောင်မရှိ တစ်ကိုယ်တည်း အပျိုကြီး ဖြစ်သည်။ မြတ်လေးညိုကို သိပ်ချစ်သူ။

"မြန်းမြန်း လုပ်ပါကွယ်၊ မာမီ့သမီးက အခုချိန်ထိ တကယ့် ကလေး ပေါက်စလေး ကျနေတာပဲ"

"ဒါနဲ့နေပါဦး၊ မောင်စိုင်းခမ်းမဏ် ဒဏ်ရာ အခြေ အနေလည်း မာမီ့ကို ပြောပါဦး၊ မနေ့က သွေးသံရဲရဲနဲ့ ဆိုတော့ မာမီလည်း မကြည့်ရဲလို့ မကြည့်ရဘူး"

"သိပ်မများပါဘူး မာမီရယ်၊ တစ်ပတ်လောက်ဆို ပျောက်သွား မှာပါ"

မြတ်လေးညို မာမီမေးတာကို မဖြေချင်ဘဲ ဖြေလိုက် ရသည်၊ ဖြစ်နိုင်ရင် စိုင်းခမ်းမဏ်အကြောင်းကို မပြောချင်ပါ။

"အမာရွတ် ထင်ကျန်ရစ်ဦးမှာလားကွယ်"

"မကျန်လောက်ပါဘူး မာမီ၊ ခုခေတ်က ဆေးကောင်း တွေ ရှိနေတာပဲ၊ ပျောက်သွားမှာပါ၊ ဒဏ်ရာ သိပ်မများလို့ သူကိုယ်တိုင် ဆရာဝန်မခေါ်တာပေါ့ မာမီရဲ့"

"မြတ်လေးကို တမင်သက်သက် လူပါးဝချင်လို့ခေါ်ပြီး နှိပ်စက်နေတာ ကြည့်ပါလား"

မြတ်လေး ရင်ထဲ ခံပြင်းမကျေနပ်စိတ်နှင့် ပြောလိုက် သည့် စကားက သူမအပြစ်တစ်ခုမှ မပါသလိုလို။ တစ်ဖက်





သားကို မခံချင်ဖြစ်ပြီး ဒေါပွနေသော သမီးချော ကလေးကို ကြည့်ပြီး ရင်မောသွားသည်။

တစ်ဦးတည်းသော သမီးလေးမို့ အားလုံးက အလို လိုက်ခဲ့ကြသဖြင့် မြတ်လေးညိုဆိုတာလေးကလည်း ခပ်ဆိုးဆိုး လေးရယ်ပါ။

"အဲဒီလို မဟုတ်ပါဘူးကွယ်၊ ခင်ခင့်သားလေးက သဘော မဆိုးပါဘူး"

"ဟွန်း. . . မာမီကဖြင့် သူစိတ်ပုပ်တာကိုလည်း မသိ ဘဲနဲ့ မြတ်လေးတော့ အဲဒီလူကို သတ်ပစ်ချင်လောက် အောင် မုန်းတယ် သိလား မာမီ"

"အိုကွယ်. . . သမီးလေးကလဲ"

"မနက်ဖြန်လည်း သူ့ဆီကို ဆေးသွားမထည့်တော့ဘူး၊ သိပ်လူပါးဝတဲ့လူ"

"အဲဒီလိုမလုပ်နဲ့လေ၊ မာမီတို့ လူကြီးတွေ မျက်နှာလည်း ကြည့်ဦးမှပေါ့၊ နှစ်ရက်သုံးရက် ဒီလိုပဲ သည်းခံလိုက်ပါကွယ်၊ ကိုယ်က လွန်ခဲ့တာကိုးကွယ့်"

"ဒါနဲ့ပဲ မြတ်လေးကတော့ သူ လူပါးဝတာကို ခံနေရ တော့မှာလားလို့"

ငိုမလို မျက်နှာထားနှင့် မကျေမနပ်လေး ဆိုလိုက် သော သမီးချော၏ စကားကြောင့် ဒေါ်သဇင် သမီးကို အပြုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်စကား ဆိုလိုက်ပါသည်။

"သမီးလေးက လိမ္မာပါတယ်ကွယ်၊ မာမီ့စကားကို နားထောင်ပါ၊ နောက် သမီးအခုလို မခံချင်ရင် တစ်ဖက်သားကို ကိုယ်ထိလက်ရောက် စိတ်မြန်လက်မြန် ဘာတစ်ခုမှ မလုပ် မိစေနဲ့ ဟုတ်လား"

"ဩော်. . . ဒါနဲ့ သမီး အန်တီနွယ်က သမီးလေး အတွက် ပစ္စည်းတွေ လှမ်းပို့လိုက်ပြီတဲ့"

"ဟယ်. . . ဝမ်းသာလိုက်တာ မာမီရယ်၊ အန်တီ နွယ်က အရမ်းလိမ္မာတာပဲ သိလား"

"အေး နွယ်လေး လိမ္မာသလို သမီးလေးကလည်း လိမ္မာအောင် ကြိုးစား ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မာမီရဲ့"

မာမီပါးကို ရွှတ်ခနဲနမ်းပြီး မြတ်လေးညို အပေါ်ထပ်က သူမအခန်း ရှိရာကို အပြေး တတ်ခဲ့သည်။ ခုနတုန်းက စိုင်းခမ်းမဏ်ဆိုသည့် လူကြောင့် ထွက်ခဲ့ရသည့် ဒေါသတွေ ပျောက်ကွယ်သွားရတာ မျက်နှာလှလှလေးက ပြုံးနေသည်။

ရေချိုးခန်း ထဲသို့ အပြေးဝင်ပြီး ရေချိုးကာ အလှဆုံး မြင်ဆင်လိုက်သည်။ ကော်ဖီရောင် ဝတ်စုံလှလှလေးကြောင့် ဝင်းစက်နေသော အသားအရေက ရွှေရောင်တောက်ပလျက် စိမ်းမြသော အကြောစိမ်းလေးများပင် မြင်နေရသလို အချိုးကျ





လှပသော ခန္ဓာကိုယ်လေးကို ပေါ်လွင်ထင်ရှားနေစေပါသည်။ ကျောင်းလွယ်အိတ်နှင့် တားသော့ မှန်ရှေ့မှာ နောက်ဆုံး တစ်ချက် ကြည့်လိုက်ပြီး အပေါ်ထပ်က အပြေးလေး ဆင်းခဲ့ သည်။

"မာမီ"

"မြတ်လေး ကျောင်းသွားပြီနော်"

"ကားကို ဖြည်းဖြည်း မောင်းနော် သမီးလေး"

"ဟုတ်ကဲ့ပါ"

မာမီ့ကို နှုတ်ဆက်ပြီး ကားလေးကို နေရာမှ ကျင်လည် စွာ မောင်းထွက်ခဲ့သည်။ မြတ်လေးညို့ ကားလေးခြံဝအရောက် မှာ အစိမ်းပုပ်ရောင် ကားကြီးနှင့် စိုင်းခမ်းမဏ်က သူမ ကား လေးကို တစ်ချက်လှမ်းကြည့်ပြီး ကျော်တက်သွားသည့် အတွက် မြတ်လေးညို မျက်ခုံးလေးတွန့်သွားသည်။

ဟိုလူပါလား။

စိုင်းခမ်းမဏ်ဆိုသည့်လူ၊ သူ ဘယ်ကို သွားတာလဲ။ မြတ်လေးညိုလိုပဲ ကျောင်းကို သွားတာလား။ ဒါဆို ခေါင်းမှာ ပတ်တီးကြီးနဲ့ သူ့ကို လူတွေဝိုင်းပြီး ကြည့်ကြမှာ မရှက်ဘူး လား မသိပါ။ သူ့နေရာမှာ သူမသာဆိုရင် ကျောင်းကို ပတ်တီးကြီးနဲ့ မသွားရဲပါ။ လူတွေက အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်ကြမှာမျိုးကို နည်းနည်းမှမလိုချင်။



www.burmeseclassic.com

www.burmeseclassic.com



အင်းပေါ့လေ၊ ဒါက မြတ်လေးညိုဆိုတဲ့ မိန်းမသား တစ်ယောက်ရဲ့အတွေးကိုး။ သူတို့လို ယောကျ်ားတွေနဲ့တော့ ခံစားချက်ချင်း ဘယ်တူနိုင်ကြပါ့မလဲ။ မိန်းမနဲ့ ယောကျ်ား စိတ်ချင်းလည်း မတူ၊ ခံယူချက်ချင်း၊ ရှုပုံသုံးသပ်ပုံချင်း ဘာတစ်ခု မှ မတူညီကြသည်မှာ သိပ်တော့မထူးဆန်းပါ။ မတူညီ ကြသော လူသား နှစ်ယောက် အတွက် အရာရာတိုင်းမှာ ဆန့်ကျင်ဘက် ဖြစ်မှာ သေချာပါသည်။

"တီ တီ"

မြတ်လေးညို ကားလေးရှေ့မှာ တမင်ပိတ်ပြီး မောင်း နေသော စိုင်းခမ်းမဏ်ကားကြောင့် သူမ စိတ်မရှည်စွာ ကား ဟွန်းတီးပြီး ကျော်တက်ဖို့ လမ်းတောင်း လိုက်သော်လည်း အကြောင်းမထူးပါ။ သူ့ကားကြီးက လမ်းဘေးကို နေရာ တစ်စက်ကလေးမှ ချမပေးဘဲ သူမကားရှေ့က ပိတ်ပြီး မောင်းနေ သည့် အတွက် မြတ်လေးညို ရင်ထဲမှာ ခံပြင်းခြင်း နှင့်အတူ ဒေါသတွေ ကျိတ်ထွက်လာရသည်။

ဒါ ဘာအချိုးလဲ။

ဟိုတစ်နေ့တုန်းက မြတ်လေးညို သူ့ကားကို လမ်းဖယ် မပေးဘဲ တမင်ပိတ်မောင်းခဲ့တာကို ပြန်မှတ်ပြီး ပြန်ကလဲ့စား ချေတဲ့ သဘောလား။ သူမကားလေး သူ့နောက်မှာ ပါလာတာ ကို သိရက်နှင့် မြတ်လေးညိုကို ဒေါသမဖြစ်ဖြစ်အောင် လုပ်





နေသည်။

"တီ တီ"

"တီ . . ."

ဒေါသဖြစ်တိုင်း ကားဟွန်းကို အသံရှည်ကြီး ဆွဲပြီး တီးပစ်လိုက်သည်။ ဆူညံသွားသော မြတ်လေးညို ကားဟွန်း သံကို နားထောင်ပြီး စိုင်းခမ်းမဏ် မျက်နှာချောချောမှာ ကျေနပ်စွာ ပြုံးသွားသည်။

သူ့အလှည့်တုန်း ကတော့ သူမ လုပ်ချင်တိုင်း လုပ်ခဲ့ သည်ပေါ့။ အခု သူမအလှည့်ကျတော့ မခံမရပ်နိုင်အောင် ဒေါသဖြစ်နေမည့် မျက်နှာလှလှလေးကို စိတ်ကူးဖြင့် မြင်ယောင် လျက် အသံထွက်ပြီး ရယ်မောလိုက်မိသည်။

"အဟွန်း. . . ဟွန်း. . . ဟွန်း"

မြတ်လေးညို မြတ်လေးညို။

သူမရဲ့ အပြုအမူအားလုံးကို တိတိကျကျနားမလည် နိုင်ပေမယ့် သူ့ရင်မှာ သူမနဲ့ ပတ်သက်ပြီး နှလုံးသားတွေ သူပ်ရှားနွေးထွေးခဲ့ရသည့်အဖြစ်ကို သူသာအသိဆုံး ဖြစ်သည်။

အချစ်ဆိုသည့် အရာကို သူရှာဖွေခဲ့စဉ်တုန်းက လုံးဝ မတွေ့ခဲ့ရသော်လည်း သူ လုံးဝမရှာဖွေတော့သည့် အချိန် ကျတော့ အချစ်ဆိုသည့် အရာက သူ့နှလုံးသားထဲမှာ လှိုက်လှဲ၍ သိပ်သည်းစွာ စူးရှနက်ရှိုင်းစွာ ရောက်ရှိနေခဲ့ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း မာနကြီးလွန်းသော သူမရှေ့မှာ သူ့အချစ်ကို ဝန်မခံလိုပါ။ လှောင်ပြောင် ပြက်ရယ်ပြုမှာကို သူမလိုလားသလို သူမထံမှ ရရှိမည့် အမုန်းဆိုသည့် အဖြေကိုလည်း သူအလိုမရှိပါ။

ထို့ကြောင့် သူ့ရင်ထဲ အချစ်တွေကို သူမသိအောင် ဖော်ထုတ်ဖို့ မကြိုးစားဘဲ ရင်ထဲမှာ ဆက်လက်မျိုသိပ်ထားရန် ဆုံးဖြတ်ထားပါသည်။ သူမအနားတွင် ပုံစံမျိုးစုံ ချဉ်းကပ်နေကြသူများစွာထဲက တစ်ယောက် အပါအဝင်အဖြစ် မခံနိုင်ပါ။

မြတ်လေးညို ဆိုသည့် သူမ နှလုံးသားထဲကို စိုင်းခမ်းမဏ်ဆိုသည့် သူကိုယ်တိုင် သမရိုးကျဖြစ်စဉ်အတိုင်း သာမန်အနေအထားမျိုးနှင့် မဝင်ရောက်လိုပါ။ ထို့ကြောင့် စိုင်းခမ်းမဏ်ဆိုသည့်သူကို သူမ နှလုံးသားထဲ စူးရှရှ နတ်ရှိုင်းဖွာ နေရာယူပြီး ရောက်မှန်းမသိ ရောက်ရှိ သွားရမည့် အဖြစ်မျိုးကိုသာ ပို၍လိုလားပါသည်။

အခုချိန်လောက်ဆိုရင် စိုင်းခမ်းမဏ်နှင့် ပတ်သက်ပြီး သူမဦးနှောက် သူမ့နှလုံးသားထဲမှာ သူ့အကြောင်းအရာတွေ ရောက်မှန်းမသိ ရောက်နေလောက်ပေပြီ။ ဒါကြောင့်လည်း သူမစိတ်ထဲမှာ သူတစ်နည်းနည်းနှင့် ရှိနေအောင် အခုလို သူမစိတ်ကို မခံချင်အောင် တမင်ရန်စခြင်းဖြင့် ဝင်ရောက် စေအောင် ဖန်တီးခြင်းဖြစ်ပါသည်။





လူ အနည်းငယ်ရှင်းသည့် နေရာရောက်မှ သူမကားလေးကို ကျော်တက်ခွင့်ပြုလိုက်သည်နှင့် သူ့ကားဘေးမှ သူမကားလေး ဝေါခနဲ ဖြတ်ကျော်သွားပုံက အသည်းအေးစရာ ဖြစ်သည်။ တောင်းတို့ ရှေ့ဆင့် နောက်ဆင့်ဆိုသလို ရောက်ကြပြီး ကားနှစ်စီး ဘေးချင်းယှဉ်ပြီး ရပ်မိလျက်သား ဖြစ်သွားသည်။

ခေါင်းက ပတ်တီးနှင့် သူ့ကို မြတ်လေးညိုက တစ်ချက်မှ အရေးမစိုက်သလို လုံးဝ လှည့်ကြည့်ဖော် မရဘဲ မျက်နှာလှလှလေးကို တည်တည်တင်းတင်းလေး လုပ်ထား သူမ ကားပေါ်မှ ဆင်းသွားပြီဖြစ်သလို စိုင်းခမ်းမဏ်ကလည်း ထိုမျက်နှာလှလှလေးကိုပင် ရွှန်းလက်တောက်ပသော မျက်ဝန်း စိုစိုများဖြင့် စူးစိုက်ကြည့်လိုက်ပြီး သူငယ်ချင်းများရှိရာသို့ လျှောက်ခဲ့သည်။

ဖြစ်ချင်တော့ မြတ်လေးညိုတို့ သူငယ်ချင်းအုပ်စုနှင့် စိုင်းခမ်းမဏ် သူငယ်ချင်းအုပ်စုက မလှမ်းမကမ်းမှာ အတူရှိနေကြသည့်အတွက် တစ်ယောက်ကို တစ်ယောက် လှမ်းမြင်ရ သလို တစ်ယောက် စကားပြောတာကိုလည်း တခြား တစ်ဖက်က ကြားနေရသော အနေအထားဖြစ်သည်။

"ဟာ စိုင်းခေါင်းမှာလည်း ပတ်တီးကြီးနဲ့ ဘယ်လိုဖြစ်ရတာလဲကွ"

"အေးကွ မနေ့က အကောင်းကြီးပါ၊ ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းခမ်းမဏ် သူငယ်ချင်းများ ထံမှ တစ်ယောက် တစ်ပေါက် စိုင်းမေးသံများကြောင့် မြတ်လေးညို ကိုယ်လေး တောင့်ခနဲဖြစ်သွားကာ သူဘာပြန်ဖြေလိုက်မလဲဆိုတာကို မသိမသာ နားစွင့်နေမိသည်။ ဒါကို စိုင်းခမ်းမဏ်ကလည်း ကောင်းစွာ သိနေသဖြင့် သူမ ကြားအောင် လေသံကို မြှင့်ပြီး . . .

"အချစ်က ပေးတဲ့ဒဏ်ရာလေးပါကွာ၊ ဘာမှ မဖြစ်ပါဘူး"

"ဘယ်နှယ့် ဘာမှမဖြစ်ရမှာလဲ၊ ခေါင်းကို ပတ်တီးစည်းထားရအောင် ဘယ်အချစ်က မင်းကို ဒဏ်ရာရအောင် လုပ်လိုက်တာလဲ"

"ဟုတ်တယ်ကွ၊ မင်းကို အချစ်ဒဏ်ရာပေးလိုက်တာ ကေရီလား၊ ပီတီလား၊ ဒါမှမဟုတ် မျက်ချယ် . . ."

"အားလုံးမှားတယ်"

စိုင်းခမ်းမဏ် အသံကြောင့် မြတ်လေးညို နှုတ်ခမ်းကလေးကို သွားဖြင့် ဖိကိုက်လိုက်သည်။

"ဒါဖြင့် ဘယ်သူလဲကွ"

စိုင်းခမ်းမဏ် မျက်လုံးများက မြတ်လေးညိုရှိရာကို ဖျတ်ခနဲ ရောက်လာသည်။ အမှတ်မထင် မျက်လုံးချင်း အဆုံမှာ တင်းမာ ခက်ထန်သွားသော မျက်နှာလှလှနှင့် ချက်ချင်း အကြည့်လွှဲသွားပုံကြောင့် သူ့အသည်းထဲမှာ ကျလိကျလိဖြစ် သွားသည်။





"မင်းတို့ ပြောတဲ့သူတွေ အားလုံး ငါချစ်သူ တစ်ယောက်မှ မဟုတ်ဘူး၊ ငါ တကယ်ချစ်တဲ့ လက်ထပ်မယ့်သူ တစ်ယောက်ပဲ"

"ဘယ်သူလဲ"

"သူ့နာမည်က ပန်းနာမည်"

"ပန်းနာမည် ဟုတ်လား"

"ဟုတ်တယ်"

အို . . .

မြတ်လေးညိုရင်ထဲ စပ်ဖျဉ်းဖျဉ်းနှင့် အခံရခက်သွားသည်။ ကြည့်စမ်း၊ သိပ်ပြီး လူပါးဝတဲ့ စကားပါလား။ ဒါ မြတ်လေးညိုကို သူ တမင်စောင်းပြောနေတာ မသိရင် ခက်မည်။ တစ်ယောက်တစ်ပေါက် ဆူညံသွားသည့်အသံ တွေကို နားဆောင်ရင်း ရင်ထဲက ဒေါသတွေကို ကျိတ်ပြီး မျိုသိပ်လိုက်ရသည်။

ဒီအချိန်မှာ ဒေါသနှင့် သွားရန်တွေ့လို့ ကတော့ ယောကျ်ား အုပ်စုထဲမှာ မိန်းမသားဖြစ်သည့် မြတ်လေးညိုပဲ အရှက်ရသွားမှာ သေချာပါသည်။ သူ့ကို အကောင်းဆုံး ပြန်ပြီး လက်စားချေနိုင်အောင် ကျိတ်ပြီး အကြံဉာဏ်တွေ ထုတ်ရ ဦးမည်။ အခုတော့ သူတို့နှင့် ဝေးရာကို အမြန်ဆုံးသွားမှ ဖြစ်မည်။

"ငြိမ်းရေ၊ ကင်တင်းနဲ့သွားကြရအောင်လား၊ မြတ်နှလေး ဗိုက်ဆာလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်လေ၊ ကဲ... အားလုံးယွန်းလိုက်ကြစို့ ဟော့"

မြတ်လေးညိုတို့ အုပ်စု နေရာမှ ထလိုက်သည်နှင့် တစ်ဖက်က စိုင်းခမ်းမဏ်တို့ သူငယ်ချင်းအဖွဲ့က မြတ်လေးညိုကို သတိထားမိသွားကာ။

"ဟာ... ဟိတ်ကောင်တွေ၊ ပန်းနာမည်ဆိုတာ ဟိုမှာ မြတ်လေးညိုကို ပြောတာနေမှာကွ"

"စိုင်းကြီး ငါပြောတာ ဟုတ်တယ်မဟုတ်လား"

စိုင်းခမ်းမဏ်က မဖြေပါ။

တည်ခန့်ချောမောသော မျက်နှာ၊ ရွှန်းလဲ့တောက်ပသော မျက်ဝန်းစိုစိုများဖြင့် သိပ်လှသည့် မြတ်လေးညိုကို စူးစိုက်ကြည့်ငေးနေခြင်းကြောင့် အားလုံး၏ စိတ်ထဲမှာ ပို၍ သေချာသွားကာ သိပ်လှသည့် မြတ်လေးညိုနှင့် စိုင်းခမ်းမဏ် တို့ကို စိတ်ဝင်စားစွာ အဖြစ်အပျက်များကို ဝိုင်းပြီး မေးမြန်း ကြသဖြင့် နောက်ဆုံးမတတ်သာတော့ဘဲ သူနှင့်မြတ်လေးညို၏ ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြလိုက်ရသည်။

"ဒါဖြင့် မင်းတို့က အိမ်ချင်းကပ်ရက်ပေါ့ ဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ဟား ... ဒါမှတကယ့်ဖူးစာရှင် အစစ်ကွ၊ ရေစက်ဆုံချင်တော့ ကြုံဖန်ပြီး ကြုံရတာသာ ကြည့်တော့"





"မင်း မြတ်လေးညိုကို ချစ်နေပြီပေါ့ ဟုတ်လား"

"မင်းတို့က ဘယ်လိုထင်လဲ"

"ဟ... ထင်တာမဟုတ်ဘူးကွ၊ မြင်တာ မြင်တာ၊ မင်း မြတ်လေးညိုကို ချစ်နေပြီ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"ဘာလဲ၊ မင်းက ဝန်မခံဘူးလား"

သူငယ်ချင်းများ အမေးကို သူ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာလဲ"

"သူ့အတွက် ငါက အများထဲက တစ်ယောက်အဖြစ် ခံနိုင်ဘူး၊ အဲဒါကြောင့်ပါ"

"ဪ"

စိုင်းခမ်းမဏ်၏ မျက်နှာချောချောကို အားလုံး သဘောပေါက်နားလည်စွာ ကြည့်လိုက်ကြသည်။ စိုင်းခမ်းမဏ် ဆိုတာ မာနမင်းသား၊ ထို့အတူ မြတ်လေးညိုဆိုတာကလည်း အခြေအတင်ကြီးသည့် မာနမင်းသမီး။ ထိုသို့သော လူနှစ်ယောက် ထိပ်တိုက်ဆုံကြသည့်ပွဲမှာ ဤမျှလောက်တော့ ရှိရမည်ပေါ့။

"ဟုတ်တယ်ကွ၊ သူ့အချစ်ကို ရဖို့က မလွယ်ဘူးကွ၊ မြတ်လေးညို ပုံစံလေးက တစ်မျိုးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းက သူ့အချစ်ကို ရဖို့ မကြိုးစားတော့ဘူးပေါ့၊ အဲဒီလိုလား"

"နိုး. . . နိုး"

"ငါကလည်း လူတစ်မျိုးပဲလေ၊ ငါချစ်တဲ့သူကို ရအောင်ယူမှာပေါ့။ ငါကလွဲပြီး မြတ်လေးညို ဘယ်သူ့ကိုမှ မယူရဘူး"

"သေချာလှချည့်လား"

"သေချာရမယ်လေ၊ စိုင်းခမ်းမဏ်ဆိုတာ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တဲ့သူပဲ၊ မင်းတို့ မယုံရင် စောင့်ကြည့်ပေါ့"

"ယုံပါတယ်ကွ၊ မင်းပါးစပ်က အချစ်ဆိုတဲ့ စကားကိုကြားရတာ ဒါပထမဆုံးအကြိမ် ကြားဖူးတာပဲ၊ မြတ်လေးညိုနဲ့မင်းနဲ့ဆိုတာ အင်မတန်လိုက်ဖက်တဲ့ စုံတွဲလေးပါ"

"သိုင်းခ်ကျူး"

ရင်ထဲက ခိုင်မာသော ဆုံးဖြတ်ချက် ရှိနေပြီမို့ စိုင်းခမ်းမဏ် အသွင်က တည်ငြိမ် အေးဆေးလှသည်။ မြတ်လေးညိုကိုသူ မရရအောင် ယူဖို့ ဆုံးဖြတ်ပြီးချိန်မှာ မြတ်လေးညိုကတော့စိုင်းခမ်းမဏ်နှင့် ဆန့်ကျင်ဘက်။ သူ့လို လူကို ဘယ်လိုဒုက္ခပြန်ပေးရရင် ကောင်းမလဲဟု စာသင်ချိန် တစ်ချိန်လုံး စဉ်းစားအကြံထုတ်နေမိသည်။

ငါယောက်ျားဆိုပြီး သူ့သူငယ်ချင်းတွေ ရှေ့မှာ သူမနှင့်





ပတ်သက်ပြီး တမင်အသားယူအကျောကြီးနှင့် အပြောခံရသည့်စကားများကို ရင်ထဲမှာ ဘယ်လိုမှ မကျေနပ်နိုင်။ အတန်းဆင်းတာနှင့် မြတ်လေးညို သူမကားရှိရာကို လျှောက်လာခဲ့ သည်။

"မရဘူးကွာ. . . မရဘူး၊ ကတိပေးထားပြီးမှ ပျက်တာပီတိရင်ထဲ ဘယ်လောက်ခံစားရမလဲဆိုတာ စိုင်း ဝင်ကြည့်ဦး"

"တို့ပြောပြီးပြီလေ၊ ဒီမှာ ခေါင်းက ဒဏ်ရာကိုလည်းအရင်ကြည့်ဦးကွ"

"ကြည့်နေတာပဲ၊ ဒဏ်ရာရထားတာ တွေ့နေလို့ပေါ့၊မဟုတ်ရင် ပီတိက စိုင်းကို အလျော်ပြန်တောင်းမှာ"

အန္တွ့အခရာ တီတီတာတာနှင့် စကားဆိုနေသော ခေတ်ဆန်လှပသော အပြင်အဆင်များနှင့် ကောင်မလေး တစ်ယောက်က စိုင်းခမ်းမဏ်၏ လက်မောင်းတစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲယူဆုပ်ကိုင်ထားသလို လူချင်း ကလည်း တစ်ယောက်အသားတစ်ယောက် ထိနေသည်အထိ ပူးပူးကပ် ကပ်ရှိနေပါသည်။

တစ်ဖက်မိန်းကလေးက နှုတ်ခမ်းတစူစူ ခြေဆောင့်နေပြီး စိုင်းခမ်းမဏ်ကို စိတ်ကောက်လျက် ရှိနေသည့် အနေအထားကို ချော့မော့နှစ်သိမ့်နေသော သူတို့စုံတွဲကို မြင်လျက်နှင့် တမင်မမြင်ချင်ဟန်ဆောင်ကာ သူမကားပေါ်ကို တက်လိုက်သည်။

ရုပ်ချောသည်၊ ပိုက်ဆံချမ်းသာသည် ဆိုပြီး ပွေချင် တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပွေရှုပ်နေသော ထိုယောကျ်ားကို သူမ လုံးဝအထင် မကြီးသလို မိန်းကလေးတွေကို အရုပ်ကလေးတွေလို သဘော ထားပြီး ဆော့ကစားနေသူမို့ ပို၍ပင် မုန်းတီးမိပါသေးသည်။ သူလို လူတစ်ယောက်၏ ပါးစပ်က သူမကို ထိကပါး ရိကပါး ပြောလာတာမျိုးက ပို၍အခံရဆိုးပါသည်။ နေရာမှ ကားလေး ကို ဝေါခနဲ မောင်းထွက်ခဲ့သည်။

"ဆော့ရီးကွာ၊ နောက်မှဆုံကြမယ်နော် ပီတီ၊ ကိုယ့်ဒဏ်ရာကို ဆေးခန်းပြရဦးမှာမို့ပါ"

"သွားပြီနော်"

ပီတီက နှုတ်ခမ်းစူလျက် မကျေမနပ်ကလေး ကျန်ရစ်ခဲ့ပေမယ့် ဘာတစ်ခုမှ ပို၍ ပြောခွင့်မသာ။ ပီတီ ဆိုတာ စိုင်းခမ်းမဏ် ဆိုသည့် ကိုလူချော၏ ချစ်သူရည်းစား လည်း မဟုတ်။ သူငယ်ချင်းမိတ်ဆွေ အဆင့်ထက် မပိုသူ။ မချင့်မရဲစိတ်နှင့် နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်ထားလိုက်သည်။

ရှေ့က တရိပ်ရိပ် ပြေးနေသည့် မြတ်လေးညို၏ ကားလေးကို ကြည့်ပြီး စိုင်းခမ်းမဏ် နှုတ်ခမ်းတွန့်သည် ဆိုရုံ လေးတစ်ချက် ပြုံးလိုက်သည်။ ဒီလမ်း ခရီးတွေ အားလုံးကို စိုင်းခမ်းမဏ် ကျွမ်းကျင်ပြီးသားမို့ သူမကားလေးကို လျှပ်တစ်ပြက်အတွင်း ဖြတ်ကျော်တက်လိုက်ပြီး သူမ ကားရှေ့မှ ပိတ်မောင်းခဲ့သည်။





"တောက်"

ဒါ တမင်သက်သက် လုပါးဝတာ။

မြတ်လေးညို တစ်ကိုယ်လုံး ဒေါသဖြင့် တုန်ရီနေသည်။ ကားဟွန်းကို ဘယ်လောက်တီးတီး လမ်းဖယ်မပေးသလို၊ အိမ်အပြန် လမ်းတစ်လျှောက်လုံး မြတ်လေးညိုကို စိတ် အနှောင့်အယှက်ကြီးစွာ ခံစားနေရသည်။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ အိမ်သတ်လမ်းကို ရောက်သည်နှင့် သူ့ကားကို မရ အရချိုးကွေ့ကျော်တက်ပြီး သူ့ ကားရှေ့က သူမ ကားလေးကို မိုက်မိုက်ကန်းကန်း ပိတ်ရပ်ပစ်လိုက်သည်။

"ဝူး"

"ကျွီ. . ."

ဆူညံသော ကားဘရိတ်ဖမ်းသံနှင့်အတူ ကားနှစ်စီး လုံးရှေ့ဆင့်နောက်ဆင့် ဆိုသလို ရပ်တန့်သွားသည်။

"ဟိတ်. . . မင်း အဲဒါဘာလုပ်တာလဲကွ ဟင်"

မိုက်မဲလွန်းသော သူမလုပ်ရပ်ကြောင့် စိုင်းခမ်းမဏ် သူ့ကားပေါ်မှ ဆင်းလာပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဩော်. . . ဒီစကားက ကျွန်မက ရှင့်ကို မေးရမှာရှင့်၊ သိရဲ့လား၊ ရှင် ဘာသဘောနဲ့ ကျွန်မကို လိုက်ပြီး ရန်စနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကျုပ်က ဘယ်မှာရန်စလို့လဲ"

"ကြည့်စမ်း ရှင်ယောကျ်ားကြီးဖြစ်ပြီး ကိုယ့်အပြစ်ကို ဝန်မခံရဲဘူးပေါ့ ဟုတ်လား"

"မင်း ကျုပ်ကို ဘာစကားပြောတာလဲ"

ပြောင်လိမ် နေသော စိုင်းခမ်းမဏ် ကို ကြည့်ပြီး မြတ်လေးညို ခပ်လှောင်လှောင်လေး ပြုံးလိုက်သည်။

"ဗမာစကားပြောနေတာရှင့်၊ ရှင် နားမလေးရင် ကြားမှာပေါ့၊ မနက်က တစ်ခါ၊ အခုတစ်ခါ ကျွန်မကားရှေ့က တမင်ပိတ်ပြီး မောင်းနေတာ ရှင်က ကျွန်မကို ရန်စနေတာ မဟုတ်လို့ ဘာလဲ"

ဒေါသဖြင့် မြတ်လေးညို ခပ်စွာစွာ ရန်တွေ့စကား ဆိုလိုက်သည်။

"မင်း ကားပါမှန်း ကျုပ်မသိဘူး၊ တိုက်ဆိုင်တာနေမှာပေါ့ကွ"

"ဘာရှင့်"

"တိုက်ဆိုင်တာ ဟုတ်လား၊ ကားကိစ္စ တိုက်ဆိုင်တာဆိုရင် ကျောင်းမှာတုန်းက ရှင်ပြောခဲ့တဲ့ စကားတွေကရော တိုက်ဆိုင်တာလား၊ တမင် လူပါးဝပြီး အစီးအကျောကြီးနဲ့ ပြောတာလား၊ ပြောစမ်းပါဦး"

ကားပေါ်မှ ဖိုးဖိုးဇော်ဇော်လေး ဆင်းလာပြီး ခါးသေး

သိန်းမင်းစာပေ



သေးလေး လက်ထောက်ရင်း သူမကို ပြောင်လိမ်ညာနေသည့် စိုင်းခမ်းမဏ်ကို မခံမရပ်နိုင်လေး ရန်တွေ့စကား ဆိုလိုက် သည်။ ယောကျ်ားကြီး ဖြစ်ပြီး ပြောင်လိမ်ပြောင်ညာနေတာမို့ မုန်းပြီးရင်း မုန်းနေမိရုံမက ရင်ထဲမှ ဒေါသလေးတွေ ဆူဝေ နေမိသည်။

စိုင်းခမ်းမဏ်ကတော့ သိပ်လှသည့် မြတ်လေးညို၏ ချစ်မြတ်နိုးစရာ အသွင်အပြင်လေးများကို စူးစိုက်ကြည့်ရင်း သိပ်ရန်စွာနေသော နှုတ်ခမ်းရဲရဲလေးကို ရင်ခုန်နေမိသည်။

"ပြောစမ်းပါဦး၊ လူလိမ်လူညာကြီးရဲ့ အခုတော့ ရှင် မဖြေနိုင်တော့ဘူး မဟုတ်လား"

"ဖြေနိုင်ပါတယ်၊ ကျောင်းတုန်းက ပြောတဲ့စကားက ကျုပ်ရင်ထဲက အမှန်စကားတွေပဲ"

"ဘာပြောတယ်"

"ကိုယ် မြတ်လေးညိုဆိုတဲ့ မင်းကို သိပ်ချစ်မိနေပြီ"

"ဟင်"

"ရှင်. . . ရှင် လူကို ဘာစော်ကားတာလဲ"

"ကဲဟယ်"

"ဟိတ်"

ခပြင်းခြင်း ရှက်ဒေါသနှင့် စိုင်းခမ်းမဏ်ပါးကို လွှဲချ လိုက်သော မြတ်လေးညို၏ လက်ကလေးမှာ စိုင်းခမ်းမဏ်၏ ပါးပေါ်မရောက်ဘဲ လေထဲမှာပင် သူမလက်ကလေးကို သူ့ လက်

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖဝါးကြီးထဲမှာ ကျစ်လျစ်ပါအောင် ရောက်ရှိသွားရသဖြင့် တစ်ကိုယ်လုံး ထူပူပြာဝေသွားသည်။

"ရှင် ကျွန်မလက်ကို လွှတ်"

"လွှတ်ပေးလိုက်ရင် ကျုပ်ကို ရိုက်ဦးမှာ မဟုတ်လား"

မြတ်လေးညို မဖြေဘဲ သူမ လက်ကလေးကို စိုင်းခမ်း မဏ် လက်ထဲက တအား ဆောင့်ရုန်းလိုက်သည့် အတွက် သူ လက်ကလေးကို အသာ ဖြေလွှတ်ပေးလိုက်သည်။

"မြတ်လေးညိုကို ချစ်လို့ ချစ်တယ်လို့ပြောတာ၊ ဒီလော စိတ်ဆိုး ဒေါသထွက်ရသလား"

"ဒီမှာ"

"ရှင့်လို လူရှုပ်လူပွေတစ်ယောက်ရဲ့ စကားကို ဖြုံးဖြ လေး နားထောင်ပြီး ကျေနပ်နေမယ့် မိန်းကလေးတွေ ထဲ မြတ်လေးညိုဆိုတဲ့ ကျွန်မ မပါဘူး ရှင်သိရဲ့လား"

"မင်း ဘာပြောလိုက်တယ်"

ထင်မှတ်မထားသည့် စကားကြောင့် စိုင်းခမ်းမ မျက်ခုံးကြီး တွန့်ကာ ၊ သူမ မျက်နှာလှလှလေးကို စိုက်ကြ ပစ်လိုက်သည်။ သူမကို ချစ်သည့်အကြောင်း မပြောဘဲ ရင် မျိုသိပ်ထားမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း တကယ့်လက်တွေ မှာတော့ စိတ်ကူးနှင့် တခြားစီ။ သူမကို ချစ်သည့်အကြော အလိုအလျောက် ဖွင့်ပြောဖြစ်သွားသည့်အဖြစ်ကို မြတ်လေး





တုံ့ပြန် ပြောဆိုပုံများက သူ့အတွက် တစ်ခါမှ မကြုံဖူး မကြားဖူး သော အဖြစ်ထူးများ ဖြစ်နေသည်။ စိုင်းခမ်းမဏ်က သူမ မျက်နှာ လှလှလေးကို စူးစိုက်ကြည့်နေသလို သူမကလည်း စိုင်းခမ်းမဏ် မျက်နှာချောချောကို ဒေါသဖြင့် ခက်ထန်စွာ တုံ့ပြန်ကြည့်နေ ပါသည်။

"လူရှုပ်လူပွေလို့ ပြောတာရှင့် သိရဲ့လား၊ ရှင့်လို လူ တစ်ယောက်ရဲ့ အသားနဲ့ထိရတာတောင် ကိုယ့်ကိုကိုယ် ရွံတယ် သိလား"

"ဟာ"

"မင်းစကားတွေ သိပ်လွန်လာပြီနော်၊ ကျုပ် ဘယ်တုန်း ကမှ မရှုပ်မပွေဘူး၊ ဘယ်မိန်းမကိုမှလည်း ချစ်ပါရစေ ကြိုက် ပါရစေလို့လည်း တစ်ခါမှ မပြောဖူးဘူး၊ ကျုပ် ဘဝမှာ မင်းကို ပထမဆုံး ပြောဖူးတာ သိလား"

"ဟုတ်လား ကြားရတာ ယုံချင်စရာကြီးပဲ"

မခိုးမခန့် လှောင်ပြောင် သရော်လိုက်သော မြတ်လေး ညို ၏ စကားကြောင့် စိုင်းခမ်းမဏ်ရင်ထဲမှာ စပ်ဖျဉ်း ဖျဉ်းနှင့် အခံရခက်သွားသည်။ သူမလို မာနခေါင်ခိုက်နေသည့် မိန်းမကို သူ့ရင်ထဲက ချစ်စကားသွားပြောမိခြင်းကို ကိုယ့် ဘာသာကိုယ် သဘောမတွေ့နိုင်ဘဲ ဖြစ်သွားသည်။

သို့သော်လည်း သူမကို စိုင်းခမ်းမဏ်ရင်ထဲ အသည်း



www.burmeseclassic.com

www.burmeseclassic.com



ထဲက လိုက်လှဲမြတ်နိုးစွာ ချစ်မိပါပြီ။ မြတ်လေးညိုဆိုသည့် သူမကို ဒီလိုနည်းနှင့်သာ ချဉ်းကပ်မှ ဖြစ်တော့မည်။ သူမ အချစ်ကို အရယူဖို့ စိုင်းခမ်းမဏ် ကိုယ်တိုင်က နူးညံ့ပျော့ပျောင်း စွာ ဆက်ဆံဖို့ မရည်ရွယ်ပါ။ သူ့ဘက်က တစ်ချက်လျှော့ လိုက်သည်နှင့် သူ့ကို သူမက လှောင်ပြောင်ပျက်ရယ်ပြုမှာ သေချာပါသည်။

"ဒီမှာ ရှင့်ကို နောက်ဆုံး သတိပေးလိုက်မယ်၊ မိန်းကလေး လှလှမြင်တိုင်း ရည်းစားစကားပြောချင်တဲ့ ရှင့်လို လူကို လုံးဝအထင်မကြီးဘူး၊ အထင်သေးတဲ့အပြင် ပိုပြီးတော့ တောင်မှ မုန်းသေးတယ်သိလား"

"ဟော့ မင်းစကားတွေ သိပ်လွန်နေပြီနော်"

"လွန်တော့ ဘာဖြစ်လဲ၊ မှန်တာပြောတာပဲ မကျေနပ်ရင် သေလိုက်ပါလား"

"အေး ဒီအတိုင်း မသေဘူး၊ မြတ်လေးညိုဆိုတဲ့ မင်းကို ယူပြီးမှ သေမယ်"

"ဟင်... ရှင်"

"ကျွန်မကို စော်ကားဦး စော်ကားဦး"

"ကဲ... ကဲ"

"ဘုတ်"

"ဘုတ်"

မြတ်လေးညို တစ်ကိုယ်လုံး ဒေါသစိတ်ကလေးမျာ





န်ထွဖြာဝေသွားကာ သူမ ရှေ့တည့်တည့်မှာ မားမားကြီး ရှိနေသည့် စိုင်းခမ်းမဏ်ကိုယ်ကြီးကို လက်လှမ်းမီသ၍ နေရာ အနှံ့ ဗုန်းဗုန်း ထုရိုက်ကုတ်ဖဲ့ပစ်လိုက်မိတော့သည်။

"ဟိတ်... လွန်မယ်နော်၊ ဒီတစ်ခါ နောက်ထပ် ဒဏ်ရာ စ်ခု ထပ်ရလို့ကတော့ မင်းကျုပ်ကို တစ်ခါတည်း လက်ထပ် သိမ့်မယ် သိလား"

"ကြည့်စမ်း၊ စကားပြောတာကိုက စီးစီးပိုးပိုး သိပ်လူပါး တယ်"

"ကဲဟယ်... ကဲဟယ်"

"ဟိတ်... မင်း ပြောမရဘူးလား"

"မရဘူး... မရဘူး"

"ကဲ... ကဲ"

လွန်ကဲ နေသော ဒေါသလေးများ ပေါက်ကွဲလျက် ဆက်မပြတ် ထုရိုက်နေသော လက်သီးဆုပ်ကလေးများ လက်နှစ်ဖက်ဖြင့် ရှောင်ရှားကာကွယ်ရင်း ...

"ဒုတ်"

"အား"

စိုင်းခမ်းမဏ်နှုတ်ခမ်းကို သူမ လက်သီးဆုပ်ဖြင့် အရှိန် စွာ ထုရိုက်မိရာမှ သူ့နှုတ်ခမ်းမှ နီရဲသော သွေးတို့ ဖြာခနဲ င်းကျလာရာ သူစိတ်မထိန်းနိုင်တော့ဘဲ သူမ ကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ကျယ်ကြီးထဲ ဖျတ်ခနဲ ပွေ့ယူချီမပြီး သူ့ကားထဲ
သွင်းပြီး ကားတံခါးကို ရုပ်ခနဲ ဆွဲပိတ်ပစ် လိုက်သည်။

"ဟင်. . . ရှင်"

"အို. . . ဒါဘာလုပ်တာလဲ"

"သွား. . . သွား"

အခုမှ အသိတရားတို့ သူမခန္ဓာကိုယ်ထဲ ရောက်
လာသလို မြတ်လေးညို သူ့ကိုယ်ကြီးကို ငွတ်အတင်း တွန်း ထုတ်
အသည်းအသန် ကြိုးစားပေမယ့် အချိန်မမီတော့။ သူမတ
ကိုယ်လုံး သူ့ရင်ခွင်ကျယ်ကြီးထဲမှာ စုန်းစုန်းမြုပ်နေရဲ့ သာမ
လှပသော မျက်နှာလှလှလေးထက် မုန်တိုင်းတစ်ခုလို ပြိုကျလ
သည့် ပူနွေးပြင်းပြသည့် အနမ်းများကြောင့် ရင်ခုန်သံ
ဝုန်းဒိုင်းကြဲကာ တစ်ကိုယ်လုံး ရှက်ခြင်း၊ ကြောက်ခြင်း ဖြ
ထူပူတုန်ယင်သွားရ ရှာပါသည်။

"အို"

"ရှင် လွှတ်"

"မလွှတ်ဘူး၊ မင်းကို ကျုပ်ချစ်တယ်"

"အို. . . အို"

မြတ်လေးညို စကားသံလေးတွေ ပျောက်ဆုံးသွားက
တိတ်ဆိတ် ငြိမ်သက်သွားသည်။ ရုန်းကန်တွန်းထိုးသံလေ
များနှင့်အတူ အေးစက်နေသော နှုတ်ခမ်းလေးထက် ရှည်လျ





သိပ်သည်းသော လှိုက်လှဲနွေးထွေးမှုတစ်ခု ဖြစ်ထွန်းသွားသည်။

"ချစ်တယ် မြတ်လေးရယ်"

"မင်းကို မောင်သိပ်ချစ်တယ်"

နူးအိထွေးနွေးသော အတွေ့ထူးမှာ ယစ်မူးမျောပါ သွား
လျက် ရင်မှလှိုက်လှဲစွာ ခံစားပေါက်ဖွားလာသော အချစ် စကား
များကို သူဆိုလိုက်မိပါသည်။ တစ်သက်နှင့်တစ်ကိုယ် မည်သည့်
သူစိမ်းယောကျ်ားတစ်ဦးတစ်ယောက်မှ နီးနီးကပ်ကပ်ပင်
မနေဖူးသော မြတ်လေးညိုမှာ စိုင်းခမ်းမဏ်ဆိုသည့် လူရှုပ် လူပွေ
၏ ရင်ခွင်ထဲမှာ သူစိတ်ထင်တိုင်း အကြိမ်ကြိမ်ခပ်နှိပ် နေသည့်
ချစ်အမှတ်တံဆိပ်များကြားမှာ ရှက်သွေးမွှန်ထူလျက် မျက်ဝန်းအစုံ
မှာဝေလျက် ရှိရာမှ သူ့လက်ထဲမှ အားအင် ရှိသမျှ ဆောင့်ရုန်း
ထွက်လိုက်ပြီး . . .

"ကဲဟယ်"

"ဖြန်း"

"ဖြန်း"

သူ့ပါးနှစ်ဖက်ကို အင်အားရှိသမျှ အားကုန်လွှဲရိုက် ပစ်
လိုက်ပါတော့သည်။ ထို့နောက် ကိုယ်လေး တသိမ့်သိမ့် တုန်သည်
အထိ ရှက်ရွံ့ခံပြင်းခြင်း၊ နာကြည်းဝမ်းနည်းမှု ခံစားမှု အစုံဖြင့်
ငိုလိုက်ပါသည်။

"အဟင့်. . . ဟင့်. . . ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေး"

မြတ်လေးညိုက သူ့ကို တစ်ချက်လှည့်မကြည့်။ သူမကားလေးရှိရာသို့ တအားပြေးသွားကာ မျက်ရည်စက်လက်ဖြင့် သူမကားလေးကို နေရာမှ တအား မောင်းထွက်သွားပြီ ဖြစ်သည်။

ဟူး . . .

မောင့်ရဲ့ မြတ်လေးညိုရယ် . . .

သူမကားလေးကို ငေးကြည့်ရင်း စိုင်းခမ်းမဏ်ရင်ထဲ ခံစား ချက်ပေါင်းစုံနှင့် နေရာမှာ တွေတွေဝေဝေကြီး ကျန်ရစ်ခဲ့သည်။ ထိုသို့ဖြစ်စေဖို့ သူ လုံးဝမရည်ရွယ်ခဲ့ပါ။ အခုတော့ အားလုံး လွန်ခဲ့ရပေပြီ သူမကား နောက်မှ သူ့ကားလေးကို ခပ်ဖြည်းဖြည်း မောင်းပြီး လိုက်ခဲ့သည်။ သူမကားလေး အိမ်ဝင်းထဲကို ချိုးကွေ့ ဝင်သွားမှ သူ့ကားလေးကို ခြံထဲ မောင်းဝင်ခဲ့သည်။

ရင်ထဲမှာတော့ တစ်ခါမှ ဖြစ်ပေါ်ခံစားခဲ့ဖူးခြင်း မရှိသော ဝေဒနာတစ်မျိုးဖြင့် မြတ်လေးညို၏ မျက်နှာလှလှ လေးကိုသာ ဖျောက်ဖျက်မရအောင် စွဲထင်နေပါတော့သည်။

◆◆◆◆◆





အခန်း (၄)

"ဟင့်အင်း . . . ဟင့်အင်း၊ အဲဒီလူဆီ မြတ်လေး မသွားဘူး မာမိ၊ သူ့ဆီမသွားလို့ မာမိစိတ်ဆိုးပြီး မြတ်လေးကို ရိုက်ချင်လည်းရိုက်၊ ဆူချင်လည်း ဆူ မြတ်လေးခံမယ်"

"ဟင်း . . . မာမိုသမီးနဲ့တော့ ခက်ပါတယ်ကွယ် . . . အဲ . . . က၊ မသွားချင်ပါဘူးဆိုမှတော့ ဇွတ်တိုက်တွန်း နေလည်း အပိုပဲ"

"ခင်ခင့်အိမ်ကို ဖုန်းလှမ်းဆက်ပြီး သမီးနေမကောင်းလို့ မလာနိုင်တဲ့အကြောင်း အသိပေးဦးမှပဲ"

"အဲဒါတော့ မာမီသဘောပဲ . . . မြတ်လေးကတော့



www.burmeseclassic.com

အဲဒီအိမ်ကိုလည်း မသွားချင်ဘူး၊ အဲဒီလူ မျက်နှာကိုလည်း နောက်ထပ် မမြင်ချင်ဘူး"

သမီးချော၏ ခါးခါးသီးသီး ငြင်းဆိုနေသည့် စကားကြောင့် ဒေါ်သဇင် ဘာမှ ပြန်ပြောမနေတော့ဘဲ လက် လျှော့လိုက်ပါသည်။ ထို့ကြောင့် သမီးအခန်းထဲကထွက်ကာ အောက်ထပ်ကို ဆင်းခဲ့သည်။

တစ်ဦးတည်းသော သမီးလေးမို့ မျက်နှာတစ်ချက်ညိုမှာ စိုးရိမ်သူပါ။ ငယ်စဉ်ကတည်းက လိုတရ. . . အလိုလိုက် အကြိုက်ဆောင်ခဲ့သည့်အတွက် မြတ်လေးညိုမှာ တဇွတ်ထိုး ဉာဉ်ကလေး ရှိပါသည်။ သူမ မလုပ်ချင်သည့် အလုပ်ကို ဇွတ် အတင်း လုပ်ခိုင်း၍ မရပါ။ ထို့အတူ သူမ ဖြစ်ချင်တာကိုလည်း မရရအောင် ဖန်တီးလုပ်ယူတတ်သူတို့၏ ထုံးစံအတိုင်းဘူးဆိုလျှင် ဖရုံမသီးတော့။ အခုလည်း အပြစ်လုပ်တုန်းကလုပ်ခဲ့ပြီးမှ တစ်ဖက်က ကျေနပ်အောင် ဆေးသွားထည့်ဖို့ပြောတာကို လုံးဝ လက်မခံ။ တစ်ဖက်ခြံကို လုံးဝမသွားသလို ဆေးထည့်ပေးဖို့ ကိစ္စကိုလည်း ဘယ်လိုမှ ပြောဆို၍ မရသည့်အဆုံး တစ်ဖက်ခြံရှိ စိုင်းခမ်းမာ ၏မိခင်ကို ဖုန်းဆက်ပြီး ပြေလည်အောင် စကား ဆိုရပါသည်။

"ဩော်. . . သဇင်ရယ်၊ ခင်လဲ သားကို ဆူပြီးပါပြီ၊ သားကိုက တမင်သက်သက် ဆိုးတာပါကွယ်. . . သမီးလေး





မကောင်းရင် နေပါစေကွယ်. . . နော်"

"သားရော နေကောင်းရဲ့လား ခင်ရေ"

"နေကောင်းတယ်သဇင်ရေ. . . အဲ ဒါပေမယ့် မနေ့ တည်းက အခန်းအောင်းနေတာ အခုထိပဲ"

"ဟုတ်လား. . . ဘာဖြစ်လို့များလဲကွယ်"

"အဟင်း. . . ဟင်း၊ ခင့်အထင်ကို ပြောရရင် သဇင် စိတ်မဆိုးနဲ့နော်"

"ပြောပါကွယ်. . . သဇင်က ဘာကို စိတ်ဆိုးရမှာလဲ"

"သိပ်မကြာခင် ခင်တော့ သမီးတောင်း လာရတော့မယ် င်တယ်. . . အဟင်း. . . ဟင်း. . . ဟင်း"

အမေနှစ်ယောက်က သားသမီးများအကြောင်း ရယ်ရယ် မောမော စကား ဆိုနေချိန်မှာ. . . မြတ်လေးညို ကတော့ စိုင်းခမ်းမာ ဆိုသည့်လူကို အမုန်းကြီးတိပစ်ချင်လောက် အောင် ဒေါသတွေနှင့် ရှက်မွှန်နာကြည်းလျက် ရှိပါသည်။

မြတ်လေးညိုကို ချစ်တယ်တဲ့. . .

ဟွန်း. . . ဘယ်တုန်းကမှ မကြားဖူးသည့်စကား၊ သူ့ အနားမှာ ချစ်သူရည်းစားတွေ မှိုလိုပေါက်အောင်ထားသူက ဒီစကားကို ဘယ်သူ့ကိုမှ မပြောဖူးပါဘူးဟု လူကို အရှက်မရှိ သာပြီး ပြောင်လိမ်ညာရုံနှင့် မပြီး. . . မြတ်လေးညိုကို ဗလ အားကိုးနှင့် နိုင့်ထက်စီးနင်း ပြုမူခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်. . . မုန်းတယ်

ဒင်းကို သတ်ပစ်ချင်လောက်အောင်ကို မုန်းတယ်

အတွေးနှင့် ဒေါသဖြစ်ကာ ရှုန်းလှဲ့တောက်ပသော မျက်ဝန်းပြာကြီးအစုံမှာ မျက်ရည်တွေ ခဏချင်း ပြည့်တက်လာသည်။ မြတ်လေးညိုတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ဖွတ်အတင်းရောက်စေပြီး အနမ်းပွင့်တွေကို မညှာမတာ ခြွေရက်သူ။

သူမ၏ ပါးပြင်နှင့် နှုတ်ခမ်းလေးတွေကို ယောင်ယမ်းစမ်းကြည့်ရင်း ကိုယ့်အဖြစ်ကို နားကြည်းနေမိသည်။ သူနှင့်တွေ့တိုင်း သူမဘက်က အရေးမစိုက်သလို မတူမတန်သလိုလေး ဆက်ဆံပုံကြောင့် သူ့ဘက်က မခံမရပ်နိုင်ပြီး သူမကို တမင်မာနချိုးချင်၍ အခုလိုလုပ်တာလား မသိပါ။

ခံပြင်းခြင်း ရှက်ဒေါသနှင့် မြတ်လေးညိုတစ်ယောက်တည်း အိပ်ရာထက်မှာ လူးလှိမ့်နေမိသည်။ ကျောင်းကိုလည်း မသွားဖြစ်တော့ပါ။ သူငယ်ချင်းတွေကိုလည်း ဒီနေ့ သူမ ကျောင်းတက်နိုင်တော့မည် မဟုတ်ကြောင်း ဖုန်းဆက်ထားပြီးပြီ ဖြစ်သည်။

မဆုံချင်သည့် မျက်နှာနှင့် ပြန်ဆုံနေရလျှင် သူမဘက်က တစ်ခုမဟုတ်တစ်ခု ပေါက်ကွဲစွာ လက်တုံ့ပြန်မိခဲ့လျှင်. . . သူငယ်ချင်းများ ရှေ့မှာ သူမပဲ ထပ်အရှက်ကွဲရဦးမည်။ မာမီကတော့ သူမ ကျောင်းမသွားဘူးဆိုသည်နှင့် ဘာတစ်ခုမှ မမေးဘဲ သူမသဘောအတိုင်း လွှတ်ထားသည်။





တစ်ရက်. . . နှစ်ရက်. . . သုံးရက်

စိုင်းခမ်းမဏ်မနေနိုင်တော့. . . သူတွေ့ချင်မြင်ချင်သည့် အရိပ်ကလေး ထူးဆန်းစွာ ပျောက်ဆုံးနေသည့်အတွက် စိတ်ထဲမှာ အလိုမကျ ဘာကိုမှန်းမသိ ကျိတ်ပြီး ဒေါသတွေ ထွက်နေမိသည်။ ထိုဒေါသနှင့် အလိုမကျခြင်းတွေက သူ့ကိုယ် သူ ထွက်တာလား. . . သူ့ကို တမင်ရှောင်ပုန်းနေသည့် သူမကိုလား ဆိုတာလည်း ကိုယ့်ဘာသာမစဉ်းစားတတ်တော့ပါ။

အချိန်တိုင်း စက္ကန့်မိနစ်တိုင်း သိပ်လှသည့် သူမမျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်နေသလို. . . သိပ်စွာသော သူမအသံလေးကို ကြားချင်နေမိသည်။ ကျောင်းမှာလည်း သူမ မရှိ။ အိမ်မှာလည်း သူမကို မတွေ့ရ။ မြင်ချင်တွေ့ချင်သည့် သူမကို မမြင်ရမတွေ့ရတော့ စိုင်းခမ်းမဏ်ရင်ထဲ ပူလောင် နေသလို လူကလည်း ထိုင်ရမလို ထရမလိုနှင့် အချိန်ရှိသရွေ့ သူမအိမ်ရှိရာကိုသာ လှမ်းမျှော်ကြည့်ရင်း သူမ အရိပ် ကလေးကို တွေ့နိုးနိုးနှင့် ရှာဖွေကြည့်မိသည်။

“ဟော. . .”

ပန်းနုရောင် အရိပ်ကလေးတစ်ခုကြောင့် စိုင်းခမ်းမဏ် မျက်ခုံးထူကြီး တွန့်ကုတ်သွားသည်။ မြတ်လေးညိုပါလား. . . သူမကတော့ စိုင်းခမ်းမဏ် သူမကို တစ်နေရာမှ စောင့်ကြည့်နေတာကို သိပုံမရပါ။ ခြံဝင်း၏တစ်နေရာမှ. . . သူမရွေး



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်အတူ ငြိမ်သက် တိတ်ဆိတ်စွာ ရှိနေပါသည်။

ပန်းနုရောင်ပုံရိမ်လှလှလေးကို စိုက်ကြည့်ရင်း. . . စိုင်းခမ်းမဏ်ီ နှလုံးသားတွေ ပူနွေးလာသည်။ နူးညံ့အိထွေး သော အတွေ့အထိများကို သူ မမေ့ပါ။ တမ်းတမ်းတတ သတိရနေသည့်အဖြစ်ကို သူသာ အသိဆုံး ဖြစ်ပါသည်။

သူမကတော့ သူ့ကို နာကြည်းစိတ်ဖြင့် မုန်းနေမည် ထင်ပါသည်။ နဂိုကတည်းကမှ သူမက စိုင်းခမ်းမဏ်ီကို မကြည်ဖြူရန်လိုနေရသည့်အထဲ အခုတော့ ပို၍ဆိုးနေမှာ သေချာပါသည်။ စိုင်းခမ်းမဏ်ီကိုယ်တိုင်လဲ မရည်ရွယ်ဘဲ ဖြစ်သွားရသည့် ကိစ္စပေါ်မှာ သူ့ဘက်ကလွန်ကဲသွားမှန်း သိပါ သော်လည်း နောင်တတော့ မရမိပါ။

သူမ၏ အပြုအမူလေးများကို မြတ်နိုးအသည်းယားစိတ်ဖြင့် ပို၍ပင် ချစ်လာရပါသည်။ အခုလည်း သူမက သူ့ကို တမင် ရှောင်နေသည်ဟု ထင်ပါသည်။ ထို့အတွက် သူမပုံစံလေးက. . .. ဘာကိုမှ မခံစားရသလိုလေး ရှိသော်လည်း စိုင်းခမ်းမဏ်ီမှာတော့. . . သူမကို မတွေ့မမြင်ရသည့် ရက် ကလေး အနည်းငယ်အတွင်းမှာပင် အိမ်မြှောင်အမြီးပြတ်သလို ဖြစ်ခဲ့ရသည်။

အခုလည်း. . . သူမပုံရိပ်အိအိထွေးထွေးလေးကို ငေးကြည့်ရင်း. . . သူမမျက်နှာ လှလှလေးကို အနီးကပ်တွေ့





မြင်လိုစိတ်များ ပြင်းပြစွာ ပေါ်လာသည့်အတွက် အကြံထုတ်နေမိသည်။ သူမ နားက နွေးကလေးကို မြင်တော့ သူ့ခွေးကြီးကို သတိရမိခြင်းနှင့်အတူ နဖူးက ဒဏ်ရာကိုပါ သူ့လက်နှင့် ညင်သာစွာ စမ်းသပ်လိုက်မိလျက်သား ဖြစ်သွားသည်။ အနာက ကျက်သွားပြီဖြစ်သော်လည်း ရှင်းရှင်းလင်းလင်းတော့ မပျောက်သေးပါ။ အနာပျောက်သွားလျှင် သူ့နဖူးမှာအမာရွတ် ထင်ကျန်ရစ်မှာ သေချာပါသည်။ သို့သော် ထိုဒဏ်ရာလေးက အချစ်ကပေးသည့် ဒဏ်ရာမို့ သူကျေနပ်ပါသည်။

သူ့ကို မကျေနပ်နိုင်သူလေးက မြတ်လေးညိုဆိုသည့် သူမကိုယ်တိုင်သာ ဖြစ်ပါသည်။ စိုင်းခမ်းမဏ်ီကို လူရှုပ်လူပွေဟု ပြောဆို စွပ်စွဲသွားသည့် စကားကို သူ အံ့ဩမယုံကြည်နိုင်သော်လည်း သူမ ကတော့ သူ့အပေါ်မှာ ထိုသို့ ထင်မြင်ယူဆထားမှန်း သိခွင့်ရလိုက်သည်။

တကယ်တော့. . . သူမအမြင်မှာ ထိုသို့ဖြစ်သည်မှာ သိပ်မဆန်းကြယ်ကြောင်း နောက်မှ သူကိုယ်တိုင် စဉ်းစားလာသည်။ စိုင်းခမ်းမဏ်ီမှာ ချစ်သူရည်းစားဟူ၍ တစ်ဦး တစ်ယောက်မျှ သတ်သတ်မှတ်မှတ်မရှိသော်လည်း သူ့နားမှာ ပုံအထွာန် အမျိုးမျိုးနှင့် မိန်းမချော မိန်းမလှပေါင်းများစွာ ရှိနေခဲ့တာကို ဝန်ခံပါသည်။

သို့သော် သူမ ပြောသလို သူကိုယ်တိုင် လူရှုပ် လူပွေ



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် မဟုတ်ခဲ့ပါ။ ဒါကို. . . သူသာအသိဆုံး ဖြစ်သော်လည်း သူမကတော့. . . စိုင်းခမ်းမဏ်ကို အထင်သေး မုန်းတီးနေပါသည်။ ဖြေရှင်းပြလို့လည်းမရ သူတို့နှစ်ယောက် ကြားမှာ ဖြစ်ပျက်ခဲ့သည့်အခြေအနေတွေကလည်း သူမ အတွက် နာကြည်းစရာမို့ စိုင်းခမ်းမဏ်တစ်ယောက် ရင်မောသွားရသည်။

ခက်နေသည်က သူမက သူ့ကို သိပ်မုန်းလေ သူက သူမ မျက်နှာလှလှလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်အောင် ဖြစ်နေသည်။ အတွေးများနှင့်အတူ သူမ ရှိရာကို သူ ရောက်မှန်းမသိ ရောက်ခဲ့ရသည်။ သူ့လက်ထဲမှာ ဘောလုံးတစ်လုံး ပါလာသည်။

ဘယ်သူမှမမြင်ခင် သူ့လက်ထဲက ဘောလုံးလေးကို သူမတို့ခြံထဲကို ရောက်အောင် အရင်ပစ်သွင်းလိုက်ပြီး. . . မလွယ်ပေါက်ကတစ်ဆင့် သူမတို့ခြံထဲကို လှမ်းကြည့် လိုက်သည်။

"ဟင်"

စောစောက သူလှမ်းပြီး မြင်တွေ့နေရသည့် နေရာလေးမှာ သူ မျှော်လင့်နေသော ပန်းနုရောင်အရိပ် ကလေးကို မတွေ့ရတော့သဖြင့် စိုင်းခမ်းမဏ်ရင်ထဲမှာ လိုက်ဟာ သွားသည်။

သူမ ဘယ်ကိုရောက်သွားပြီလဲ. . .

အပေါ်ထပ်ကိုများ ပြန်တက်သွားပြီလား. . .

အတွေးမဆုံးသေး ခြံထောင့်တစ်နေရာမှ ရယ်မောသံ





သဲ့သဲ့လေးကြောင့် သူရင်တွေ လှိုက်ခနဲ ပျော်ရွှင်သွားသည်။

"အိ. . . အိ"

အနားမှာ အတူရှိနေသည့် သူ့အချစ်တော်ခွေးကြီးကိုပင် ဂရုမစိုက်နိုင်။ မလွယ်ပေါက်တံခါးကိုဖွင့်ပြီး တစ်ဖက်ခြံထဲကို ရဲတင်းစွာ ဝင်လိုက်သည်။ ပြဿနာတစ်ခုခုဖြစ်ခဲ့လျှင် ဘောလုံးကို အကြောင်းပြရန် အသင့်ရှိပြီးသားမို့ ရယ်မောသံ ကြားရာသို့ အသာလှမ်းကြည့်လိုက်သည်။

"ဟာ. . ."

ကြည်စင်ပြာလဲ့နေသော ရေကန်ထဲမှာ ရွှေငါးလေး တစ်ကောင်လို ပျော်ရွှင်စွာ ဆော့ကစားနေသည့် ရေသူမ လှလှလေးကြောင့် စိုင်းခမ်းမဏ်မျက်ဝန်းတွေ အရွေ့အလျားမရှိ ငေးခနဲ ကြည့်မိလျက်သား ဖြစ်သွားသည်။

နက်ပြာရောင် ရေကူးဝတ်စုံလေးအောက်မှာ ဖွေးနုဝင်းဝါနေသည့် အသားစိုင်လေးများနှင့်အတူ အချိုးအစားကျနလှသည့် ကိုယ်လုံးလေးက. . . ပန်းချီဆရာကိုယ်တိုင် စိတ်ကြိုက်ခြယ်မှုန်းထားသကဲ့သို့ မြင်ရသူ အသက်ရှူမှား မတတ် ရှိနေပါသည်။ မြတ်လေးညိုက ရေကူးနေဆဲ. . .။

"ဝေါင်း. . . ဝေါင်း"

"အမေ့. . ."

"ကွီ. . . ကွီ"



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လှသော ခွေးကြီး၏ဟောင်သံကို အနီး ကပ် ကြားလိုက်ရသဖြင့်. . . မြတ်လေးညိုကိုယ်လေး တုန်ယင် သွားရသည်။ သူမအချစ်တော် ခွေးလေးမှာလည်း လှစ်လှစ် ပါအောင် ပြေးသွားတာကို မြင်လိုက်ရသည်။ ထိုအသံ ဘယ် နေရာက လာသလဲဆိုသည့်အတွေးဖြင့် တစ်ဖက်ခြံကို လှမ်း အကြည့်. . .

"ဟင်"

"ရှင်. . . ရှင်"

ရေကူးကန်နှင့် မလှမ်းမကမ်းနေရာမှာ ရောက် နေသည့် ခွေးကြီးနှင့် သူမ ကြည့်မရအောင် မုန်းလှပါသည် ဆိုသည့် ပုဂ္ဂိုလ်ကိုပါ မမျှော်လင့်ဘဲ မိမိခြံအတွင်းမှာ တွေ့ လိုက်ရသဖြင့် မြတ်လေးညို ဒေါသများ အထွတ်အထိပ်သို့ ရောက်သွားရသည်။

"ရှင်. . . သူများခြံထဲကို ဝင်လာပြီး ဘာလုပ်တာလဲ ကျွန်မရေကူးနေတာကို ချောင်းကြည့်နေတာ မဟုတ်လား"

"ချောင်းမကြည့်ပါဘူး. . . ဖြောင်ကြည့်တာပါ"

"ဘာပြောတယ်"

"ဟိုမှာ. . . ကျုပ်ဘောလုံး မြင်လား. . ."

"အဲဒါ ဘာဖြစ်လဲ"

"ကျုပ်ဘောလုံး မင်းတို့ခြံထဲကို ကျသွားလို့ ဝင်ကောက် ရင်း မင်း ရေကူးနေတာကို မကြည့်ဘဲမြင်နေရလို့ ဖြောင်ကြည့် တယ်လို့ ပြောတာ"





"တောက်"

"သိပ် လူပါးဝတဲ့သူ. . . ရှင့်ဘောလုံးယူပြီး ကျွန်မ ခြံထဲက အခုထွက်သွားပါ"

"သွားမှာပါ. . . မင်းက ခဏလေး နေပါဦးဆို ရင် တောင် ကျုပ်က မနေနိုင်ပါဘူး"

မြတ်ဓလေးညိုမှာ ဒေါသဖြင့် အံလေးကြိတ်ပြီး ကျန်ရစ် ခဲ့သည်။ စိုင်းခမ်းမဏ်က သူ့ဘောလုံး ဖြူဖြူလေးကို ကောက်ပြီး နေရာမှ ချာခနဲ လှည့်အထွက်. . .

"နေဦး. . ."

မြတ်လေးညို၏ တားမြစ်သံလေးကြောင့် သူ နောက်ကို လှည့်ကြည့်လိုက်သည်။

"ဒီမှာ. . . ရှင့်ခွေးကြီးကို ခေါ်သွားဦးလေ"

"ဂျက်ကီ. . , လာ. . . လာ"

ခွေးရောလူပါ တစ်ဖက်ခြံထဲကို ပြန်ရောက်သွားမှ မြတ်လေးညို ရေကူးကန်ထဲက တက်ခဲ့သည်။ လူ့ဂွစာနှင့် စကား ပြောနေသည့်တစ်လျှောက်လုံး ရေထဲမှာ နေခဲ့ရသည့် အတွက် အပေါ်ရောက်သည်နှင့် နှာချေပါသည်။

မွေးပွတဘက်ကြီးကို တစ်ကိုယ်လုံး ဆွဲပတ်ပြီး အပေါ် ဆင်ကို တက်ခဲ့သည့်တိုင် ရင်ထဲကတော့ စိုင်းခမ်းမဏ် ဆိုသည့် သူကို နည်းနည်းမှ မကျေနပ်။ ဘယ်အချိန်ထဲက သူမ ခြံထဲကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေမှန်း မသိသလို. . . သူမ ရေကူးနေတာကို အသံမပေး ဘာမပေးနှင့် ခိုးပြီးကြည့်နေတာ သေချာလျက်နှင့် ခပ်တည်တည် မျက်နှာပေးနှင့် ဖြောင်လိမ်ညာခဲ့သည်။

ခွေးကြီးထဟောင်လိုက်၍သာ တော်တော့သည်။ မဟုတ်လျှင် ဘယ်အထိများ ကြည့်နေမည် မသိပါ။

"အစမ်းရေ. . . အစမ်း"

"လာပါပြီ. . . မမမြတ်"

"တို့ဘက်က မလွယ်တံခါးပေါက်ကို သော့ခတ်ပြီး အသေပိတ်ထားလိုက်စမ်းပါ"

"ဟုတ်ကဲ့"

"အခုသွားပိတ်နော်. . ."

"စိတ်ချပါ. . ."

"ဪ. . . နေဦး ကစ်ကစ်ကိုရှာပြီး ခေါ်ခဲ့"

"ဟုတ်ကဲ့"

သူမ ရှေ့က အစမ်းပြေးထွက်သွားမှ အဝတ်လဲပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်သည်နှင့် မျက်ဝန်းထဲမှာ စိုင်းခမ်းမဏ်၏ တည်ခန့်ချောမောသော မျက်နှာက သူ့အလိုလို ပေါ်လာသည်။

ဘယ်လိုရေစက်လဲ မသိပါ. . .

သူ့ကို မြင်မြင်ချင်း ကြည့်မရအောင် မုန်းတီးရသည့်





အထဲ လူကို လူပါးဝစကားပြောရုံမက ဇွတ်အတင်းပင်၊ အတွေးနှင့် သူတစ်ကိုယ်လုံး ဒေါသဖြင့် ရှက်ရွံ့လာရကာ ခြံထဲကို အသံမပေး ဘာမပေးနှင့် တိတ်တဆိတ်ရောက်နေသည့် အပြုအမူအတွက် ကျေမနပ်နိုင်အောင် ဖြစ်နေသည်။

"မမမြတ်. . . ဒီမှာ ကစ်ကစ်ရောက်ပါပြီ"

"အေး. . . အေး၊ ထားခဲ့"

"အိ. . . အိ"

ခွေးကလေးကစ်ကစ်က သခင်မရှိရာကို အပြေးရောက်လာသဖြင့်. . . ကစ်ကစ်ကို သူမ ရင်ခွင်ထဲကို ညင်သာစွာ ဆွဲယူချီလိုက်သည်။

"ကစ်ကစ်လေး. . . သိပ်ကြောက်သွားလားဟင်"

"အိ. . . အိ"

"အေး. . . ဟုတ်တယ် အဲဒီခွေးဘီလူးကိုရော သူ့သခင်ကိုရော ကောင်းကောင်း ဆုံးမရမယ်ကွ. . . သိလား၊ ...းတို့က သိပ်လူပါးဝတယ်"

"စိုင်းခမ်းမဏ်ဆိုတဲ့လူကိုတော့ သတ်ပစ်ချင်လောက်အောင်ကို သိပ်မုန်းတယ် သိလား"

ကစ်ကစ်ကတော့ သူ့သခင်မပြောနေသည့် စကားများကို နားလည်ဟန်မရှိသော်လည်း သူမရင်ခွင်ထဲမှာ ငြိမ်...နေပါသည်။ ကစ်ကစ်ကို မှန့်ချကျွေးထားလိုက်ပြီး မြတ်လေးညို



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာ ဝင်ထိုင်လိုက်သည်နှင့် ပွင့် နေသည့် လိုက်ကာများကြားမှ တစ်ဖက်ခြံကို လှမ်းမြင်လိုက် ရသည်။

"ဟင်. . ."

စိုင်းခမ်းမဏ် ဆိုသည့်လူနှင့် မိန်းမချောလေး တစ်ယောက် ခြံထဲမှာ ရယ်ရယ်မောမော စကားတွေ ဆိုနေ ကြသည်။ စကားဆိုနေရင်း မိန်းမချောလေးက စိုင်းခမ်းမဏ်၏ ရင်ဘတ်၊ လက်မောင်းနေရာများကို လက်သီးဆုပ်ကလေးများ နှင့် ထုတာကို လှမ်းမြင်နေရသည်။

သေချာတာကတော့. . . ထိုမိန်းကလေးမှာ ဟိုတစ်နေ့က ကျောင်းထဲမှာ စိုင်းခမ်းမဏ်နှင့်အတူ တွဲ၍တွေ့ရသည့် သူလေး မဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်သည်။ အပြုံးဖြင့် ထိုမိန်းကလေးကို ပြန်ကြည့်နေသည့် စိုင်းခမ်းမဏ်မျက်နှာချောချောကိုကြည့်ပြီး ရင်ထဲက ဒေါသလေးတွေ ဆူဝေလာရသည့် အခိုက်မှာပင်. . . စိုင်းခမ်းမဏ်က သူ့ကားပေါ်ကို မိန်းကလေးကို တင်ကာ မောင်းထွက်သွားပြီ ဖြစ်သည်။

"ဟွန်း. . ."

အလကား. . . လူလိမ်လူညာ။ လူရှုပ်လူပွေ။ ပြောတော့ သူမှာ ချစ်သူရည်းစား လုံးဝမရှိပါဘူး. . . ဘာညာနဲ့။ လူကိုများ ပြောင်လာလိမ်နေသေးတယ်။ တစ်နေ့တစ်ယောက် တွဲနေသည့် ရည်းစားတွေ ကပင် သူ့အနားမှာ မည်မျှရှိနေသည် ဆိုတာ





မြတ်လေးညို ကိုယ်တိုင်သာမက. . . ပတ်ဝန်းကျင် တစ်ခုလုံး သိနေကြပါလျက်နှင့် သူမို့ သူမလို မိန်းကလေး တစ်ယောက်ကို အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး လာလိမ် ညာနေသေးသည်။

သူ့လိုလူ ဒီတစ်သက်မပြောနှင့်. . . နောင် ဆယ်သက်သည်း ပြန်မချစ်နိုင်ပါ။ ပို၍ပင် မုန်းပြီးရင်းမုန်းနေ ရပါသည်။

စိုင်းခမ်းမဏ်ကတော့ မြတ်လေးညိုရင်ထဲက အဖြစ်တွေကို ဘာတစ်ခုမှ မရိပ်မိ။ ကောခိုင်က သူမမွေးနေ့ပွဲကို ရောက်မလာသည့်အတွက် စိတ်ဆိုးအပြစ်တင်သမျှ အပြုံးနှင့် ထောင်းပန်ရင်း. . . သူမ အလိုကျ အအေးဆိုင်တစ်ခုကို လိုက်ပို့ပေးခြင်း ဖြစ်သည်။

သူ့ရင်ထဲမှာတော့ ချစ်မြတ်နိုးရသော မြတ်လေးညိုမှလွဲ၍ တခြားဘာမှမရှိ။ သူမကိုသာ အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားတော့မည်ဆိုသည့် ခိုင်မာသော ဆုံးဖြတ်ချက်တွေသာ ရှိနေပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မြတ်လေးညို"

"ဩော်. . . ကိုဇင်"

"ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

သူငယ်ချင်းများနှင့် နှုတ်ဆက်ပြီး ကားရှိရာသို့ အပြန် မမျှော်လင့်ဘဲ ကိုဇင်နှင့်အတူ ဆုံမိကြခြင်း ဖြစ်သည့်အတွက် စကား တပြောပြောနှင့် လျှောက်ခဲ့ကြသည်။ ကိုဇင်ဆိုတာက တခြားသူမဟုတ်။ မြတ်လေးညိုမာမီ ဒေါ်သဇင့်သူငယ်ချင်း အန်တီဝေ၏သားဖြစ်ပြီး. . . မြတ်လေးညို၏ အချစ်မေတ္တာကို





တောင့်ခံနေသူတစ်ယောက် ဖြစ်သည်။

ကိုဇင့်ကိုတော့ မြတ်လေးညို ခင်ပါသည်။ သူငယ်ချင်း မိတ်ဆွေတစ်ယောက်လိုလည်း ချစ်ပါသည်။ ချစ်သူတစ်ယောက် လိုတော့ အခုအချိန်ထိ ချစ်၍မရသေးပါ။ ငယ်စဉ်ကတည်းက ဒီလိုပဲ တစ်ယောက်အိမ် တစ်ယောက် ဝင်ထွက်သွားလာနေကျ ဖြစ်သဖြင့် ကိုဇင်ကို မချစ်နိုင်ဘူးဟု ငြင်းပယ်ထားသော်လည်း မိသားနှစ်စုက အရင်လိုပဲ ချစ်ကြည်ရင်းနှီးစွာ ဝင်ထွက်သွားလာ နေကြသည့်အတိုင်း မြတ်လေးညိုတို့နှစ်ယောက်မှာလည်း အခေါ် အပြော မပျက်ခဲ့ကြပါ။

အန်တီဝေကတော့ မြတ်လေးညိုကို သူ့သားကိုဇင်နှင့် အရမ်းသဘောတူသလို သူမကို သမီး. . . သမီးနှင့် ပါးစပ် အားကမချ ချစ်ခင်သူ ဖြစ်ပါသည်။ မာမီကတော့ အိမ်ထောင် ရေးကိစ္စမှာ မြတ်လေးညိုကို ဖွတ်အားပေးတိုက်တွန်းခြင်း မရှိ။ သူမ သဘောအတိုင်း ဆုံးဖြတ်ခွင့် ပေးထားသဖြင့် မာမီ့ကို ချစ်ပြီး ကျေးဇူးတင်ပါသည်။ ထို့ကြောင့် မာမီစိတ်ချ ယုံကြည် ရသည့်အတိုင်း သူမကလည်း ဘာတစ်ခုမှ အလွဲသုံးစားမလုပ်၊ အချစ်ရေးကိစ္စကို သူမကိုယ်တိုင် လုံးဝ စိတ်မဝင်စားသလို. . . ဘယ်သူ့အပေါ်မှာမှ အခုချိန်ထိ ရင်ခုန်ခြင်းလည်း မဖြစ်မိ သေးပါ။

"ကိုယ်တို့လည်း မြတ်လေးတို့အိမ်ဘက် မရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီနော်... အန်တီနဲ့ အန်ကယ်ရော နေကောင်းကြ ရဲ့လား"

"ကောင်းပါတယ် ကိုဇင်... ဒက်ဒီကတော့ ဒီလိုပါပဲ သူ့အလုပ်ကိစ္စနဲ့သူ အားတယ်ကို မရှိပါဘူး... နိုင်ငံခြားက လည်း ခဏခဏ သွားနေရတာပဲ၊ ကြာတော့ သားအဖ နှစ်ယောက်တောင် တစ်ယောက်ကိုတစ်ယောက် သိပ်မမှတ်မိ ချင်တော့ဘူး သိလား"

"အဟင်း... ဟင်း... ဟင်း"

"ဒီလိုပဲပေါ့ဗျာ... မြတ်လေးတို့အတွက် အန်ကယ် လည်း အရွယ်ကောင်းတုန်း ရှာဖွေထားရတာပေါ့ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မြတ်လေး သဘောအရ ဆိုရင်တော့... မိသားစုအားလုံး အတူတူအမြဲ နေချင် တာပဲ သိတယ်..."

"အခုတော့ သားအဖသုံးယောက်တည်း ရှိတာ ... ဒက်ဒီနဲ့ အိမ်မှာ တစ်နေ့လုံး အတူရှိနေဖို့တောင် ခပ်ခက်ခက်ပဲ အဟင်း..."

"ဒါနဲ့ အန်တီဝေတို့ ထွေးလေးတို့ရော ဒီမှာပဲလား"

"မဟုတ်ဘူးကွ... မာမီတို့က တောင်ကြီးမှာ၊ ကိုဇင်နဲ့ မိလို့ပဲ ဒီမှာကျန်ခဲ့တာ"

"ကိုဇင်တို့က ဟိုကိုလိုက်မသွားဘူးလား..."

"ကျောင်းပိတ်ရက်တော့ သွားမယ် စိတ်ကူးထားတယ်





မြတ်လေးနဲ့ အန်တီသဇင်တို့လည်း ကိုယ်တို့နဲ့အတူ လိုက်လည် ပါလား"

ကိုဇင့်စကားကြောင့် မြတ်လေး ပြုံးလိုက်သည်။

"မဖြစ်ပါဘူး ကိုဇင်ရာ... အိမ်မှာက မာမီမရှိလို့ကို ခရေတာ"

"အင်းလေ... အဲဒါလည်း ဟုတ်တာပဲ"

မြတ်လေးတို့ စကားပြောရင်း ကားထားရာကို ရောက်လာသည်။

"ကဲ... ကိုဇင် မြတ်လေးသွားတော့မယ်နော်... အားရင်လဲ အိမ်ကို လာလည်ဦး"

"ကောင်းပါပြီဗျာ... ကိုယ်သွားမယ်"

"ဟုတ်ကဲ့..."

ကိုဇင်က မြတ်လေးကို နှုတ်ဆက်ပြီး ဆက်လျှောက် သွားသည်။ ကိုဇင့်နောက်ကျောပြင်ကို ငေးကြည့်နေပြီးမှ ကားရှိ ရာဘက်ကို မျက်နှာမူလိုက်သည်နှင့်...

"ဟင်"

ကြည်စင်ဝင်းပသော မျက်နှာလှလှလေးမှာ ရုတ်ချည်း ဆင်းမာအေးစက်သွားပြီး... ဆတ်ခနဲ အကြည့်လွှဲပစ် လိုက်သည်။

စိုင်းခမ်းမဏ်ဆိုသည့်လူ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်တည်းက ကိုဇင်နှင့် မြတ်လေးကို စောင့်ကြည့်နေသည် မသိပါ။ သူ့ကားကို ကျော်မှီပြီး လက်ပိုက်အနေအထားနှင့် သူမ မျက်နှာလှလှလေးကို ရွှန်းလဲ့သော မျက်ဝန်းစိုစိုတောက်တောက်များဖြင့် မရယ်မပြုံး ခပ်တည်တည် စူးစိုက်ကြည့်နေပုံက မုန်းစရာ. . .

မျက်နှာလှလှလေးကို ခပ်မော့မော့လေးပြုကာ ကားပေါ်တက်ပြီး နေရာမှ မောင်းထွက်ခဲ့သည်။ သူမ ကားလေးထွက်သွားသည်နှင့် စိုင်းခမ်းမဏ်၏ကားလေးက သူမကားနောက်မှ ထက်ကြပ်အတူ လိုက်ပါလာသည့်အတွက် မြတ်လေးညိုမျက်ခုံးလေး ပင့်တက်သွားသည်။

ဒါ. . . ဘာအချိုးလဲ. . .။

သူမ ကားနောက်မှ သူ့ကားက ကျော်တက်မသွားမလှမ်းမကမ်းမှ အတူလိုက်ပါလာခြင်း ဖြစ်သည်။ ပထမ သူမစိတ်ထဲမှာ စိုင်းခမ်းမဏ်၏အပြုအမူကြောင့် စိတ်ထဲ ကသိကအောင့် ဖြစ်သွားရသော်လည်း နောက်တော့ ကိုယ့်ကို ဘာမှမနှောင်ယှက်ရင် ပြီးတာပဲဟု သဘောထား လိုက်တော့မှ နေသာထိုင်သာ ရှိသွားသည်။

စိုင်းခမ်းမဏ်မှာလည်း သူမ ကားနောက်မှ လိုက်ပါလာရင်း အတွေးပေါင်းစုံဖြင့် ရင်တစ်ခုလုံး ပူလောင်နေပါသည်။ အရင်တုန်းကတော့ သူမကို လိုက်ကြ ကြိုကြသူများစွာ ရှိတော့





သူ ကြားမြင်တွေ့သိဖူးသော်လည်း အခုလိုမျိုး မခံစားခဲ့ရဖူးပါ။ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ခဲ့ပေမယ့် ထိုတစ်မျိုးကို ဘာဟု သေချာရေရာစွာ မသိခဲ့သော်လည်း အခုတော့ ထိုတစ်မျိုးကြီး ခံစားခဲ့ရသည့်ဝေဒနာကို သေသေချာချာ ခွဲခြားသိရှိခဲ့ပါပြီ။

ထိုအရာကတော့ တခြားမဟုတ်ပါ။

သူမနှင့် ခပ်ဖြောင့်ဖြောင့် ခပ်ချောချောလူတို့ အတူစကားပြော ရယ်မောပြောဆိုနေတာကိုကြည့်ပြီး သူ့အသည်းမီးမြိုက်သလို ခံစားရသည့် ဝေဒနာမှာ အချစ်ကြောင့် ဖြစ်နေသည်။

သူနှင့် အမြဲတွေ့လိုက်တိုင်း ချိုမြနေသည့် မျက်နှာလှလှလေး တည်တင်းအေးစက်သွားတတ်သလောက် ခုနတုန်းက သူနှင့်ကျတော့ သူမ မဟုတ်သလို. . . တစ်ဖက်သားကို ကြည့်ပုံပြောပုံလေးတွေကအစ နူးညံ့ညင်သာလျက် ချစ်ခင်မြတ်နိုးစရာအတိ ဖြစ်နေပါသည်။

ဒါက သူမဟန်ဆောင်ခြင်း မဟုတ်ပါ။

ပင်ကို နူးညံ့သိမ်မွေ့ခြင်း မျှသာ ဖြစ်သော်လည်း စိုင်းခမ်းမဏ်ဆိုသည့်သူနှင့် တွေ့ဆုံသည့်အခါတိုင်း ယူပစ်သလို ပြောင်းလွဲသွားတတ်သည့် အမူအရာလေးများကတော့ သူ့ရင်ထဲအသည်းထဲကို စူးစူးရှရှနာကျင်စေခဲ့ပါသည်။

ခုနတုန်းက သူမနှင့်စကားပြောတဲ့လူက ဘယ်သူလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံလေးက ခင်မင် ရင်းနှီးမှုများနှင့် ပကတိ ရိုးသားဖြူစင်ပါသော်လည်း တစ်ဖက်က သူမမျက်နှာလှလှလေးကို ကြည့်ရှုပြောဆိုပုံများက ချစ်ခြင်း၊ မြတ်နိုးခြင်းများဖြင့် ရွှန်းလက်တောက်ပလျက် တစ်စက်ကလေးမှမရိုးသားတာကို မြင်တွေ့နေရသည်။

ရည်းစားလူလု အနူကျွဲခတ်ဆိုသည့် စကားကို ကြားဖူးသော်လည်း ကိုယ်တိုင်တော့ မကြုံခဲ့ဖူးပါ။ အခုမှ ကိုယ်ကိုတိုင်လက်တွေ့ရင်ဆိုင် ခံစားနေရသည့်အဖြစ်။ ဖြစ်နိုင်ရင် သူမရှေ့မှာ ဝိတ်ရပ်ပြီး ခုနကောင် ဘယ်သူလဲဟု ပိုင်ပိုင် နိုင်နိုင်မေးမြန်းပစ်လိုက်ချင် ပါသော်လည်း... ကိုယ်နှင့်သူမက...တရားဝင် သက်ဆိုင်ပတ်သက်ကြသူတွေလည်း မဟုတ်။

ချစ်သူရည်းစားဖြစ်ဖို့ ဝေးလို့... အမြဲ ရန်လိုခံနေရသူ၊ ဒီပုံစံအတိုင်းဆို စိုင်းခမ်းမဏ်ကိုယ်တိုင် ကျန်ရစ်ခဲ့ရမလို ဖြစ်နေသည်။ ထိုကဲ့သို့ အဖြစ်မခံနိုင်သလို သိပ်လှသည့်သူမကို အဆုံးအရှုံး မခံနိုင်...။ မြတ်လေးညိုကားလေးက သူမ ခြံထဲကိုညင်သာစွာ ချိုးကွေ့ဝင်ရောက်သွားပြီ ဖြစ်သဖြင့် သူ့ ကားလေးကို တစ်ဖက်ခြံအတွင်းသို့ မောင်းဝင်ခဲ့လိုက်သည်။

ထို့နောက် အိပ်ရာထက်မှာ မှောက်ခုံကြီး အိပ်ကာ မာနမင်းသမီး မြတ်လေးညိုအကြောင်းတွေကို တွေးနေမိသည်။

"တူ... တူ... တူ"

ဖုန်းသံမြည်လာသဖြင့် စိတ်မပါစွာ ကောက်ယူ နား





ထောင်လိုက်သည်။

"ဟဲလို"

"စိုင်းလား... မျက်ချယ်ပါ"

"အင်း... ပြောလေ"

"မျက်ချယ်တို့ သူငယ်ချင်းတွေစုပြီး ချောင်းသာကိုသွားကြမလို့ အဲဒါ စိုင်းကို ခေါ်တာလေ၊ လိုက်ခဲ့ပါလားဟင်၊ စိုင်းပါရင် အရမ်းပျော်စရာကောင်းမှာပဲ"

"ကိုယ်မအားဘူးကွ... အလုပ်ကိစ္စတွေ ရှိတယ်"

"တကယ်ရော ဟုတ်ရဲ့လား... မျက်ချယ်နဲ့အတူမသွားချင်လို့ တမင် အကြောင်းပြတာ မဟုတ်လား"

"မဟုတ်ရပါဘူးကွာ... တကယ်ကို မအားတာပါ၊ နောက်ကြုံဦးမှာပေါ့..."

"စိုင်း မလိုက်တော့ဘူးဆိုရင် ဖုန်းချလိုက်တော့မယ်"

"အိုကေ"

တစ်ဖက်က စိတ်ကောက်သွားတာကို သိပေမယ့် သူဘာတစ်ခုမှ ဆက်မပြောချင်တော့ပါ။ စိတ်ဆိုးပြီး နောက်ထပ်အဆက်အသွယ်မလုပ်တော့လည်း ဇာတ်လမ်းတစ်ခု ပြီးသွားတာပဲဟု သဘောထားလိုက်သည်။

လူရှုပ်လူပွေ တဲ့...

သူ့မျက်နှာချောချောကို စူးစိုက်ကြည့်ပြီး တင်းမာ ခက်



www.burmeseclassic.com

www.burmeseclassic.com



ထန်စွာ ခါးသက်မုန်းတီးစွာ ပြောလာသည့် စကားများက သူ့နားထဲမှာ ပဲ့တင်ထပ် ပျံလွင့်လာသည်။

မဟုတ်ဘူးကွာ. . .

လုံးဝ မဟုတ်ဘူး. . . မင်းလေး ပြောတာတွေ အားလုံးမှားနေပြီ။ ချစ်ရသူထံမှ အထင်အမြင်လွဲမှားမှုကို မခံစားနိုင်တော့သလို သူ့စိတ်ထဲက ပြန်ပြောနေမိသည်။ အခုမှတော့ သူမကို သူကိုယ်တိုင်ကိုယ်ကျ ရှင်းပြ၍လည်း မဖြစ်ပါ။ ကိုယ့်ဘက်က အနေအထိုင် ဆင်ချင်ရန်သာ ရှိသဖြင့် ရင်ထဲက ခိုင်မာသော ဆုံးဖြတ်ချက်နှင့် အတူ အခုချိန်ကစပြီး. . . သူ့အနားမှာ အကြောင်းအမျိုးမျိုးဖြင့် ရှိနေကြသော မိန်းကလေး များကို ဖြတ်သားစွာ တုံ့ပြန်ဆက်ဆံပါတော့မည်။ မိန်းကလေး များစွာနှင့် တွဲသွားတွဲလာ လုပ်နေသည့် သူ့အပေါ်မှာ မုန်းတီး အထင်သေးသည့် အကြည့်များဖြင့် ကြည့်သွားတတ်သည့် မြတ်လေးညို၏ သဘောကို နားလည်ခံစားမိသလို. . . သူနှင့် ပတ်သက်ပြီး သူမ ရင်ထဲမှာ ဘာတစ်ခုမှ မခံစားရတော့ဘူး လားဟု သိချင်လာပြန်သည်။

စိုင်းခမ်းမဏ် ကိုယ်တိုင်ကတော့. . . သိပ်လှသည့် မြတ်လေးညိုဆိုသည့် သူမ အပေါ်မှာ သူ မဟုတ်သည့် တခြား သူစိမ်းယောကျ်ားတစ်ယောက်နှင့်အတူ တွဲသွားတွဲလာ လုပ်နေ တာကို မြင်လိုက်ရရုံ နှင့်ပင် အသည်းနှလုံးကို နာကျင်အခံ





ခက်စွာ မနာလိုဝန်တိုမှုတစ်ရပ်ကို ပြင်းစွာ ခံစားလိုက်ရပါသည်။

ယောကျ်ားပီသစွာ ခန့်ညားချောမောသော ထိုလူနှင့် မြတ်လေးညိုဆိုသည့် သူမတို့ မည်သို့မည်ပုံ သက်ဆိုင်ပတ်သက် နေပါသလဲ. . . ရင်းနှီးနွေးထွေးလွန်းသည့် သူတို့ပုံစံတွေက အတိုင်းအတာ တစ်ခုအထိ ပတ်သက်မှုရှိနေကြောင်း ဖော်ပြနေသည်။

မောင်ကလွဲပြီး မင်းကိုယ်တိုင် တစ်ခြားသူစိမ်းယောကျ်ား တစ်ယောက်နဲ့ ပတ်သက်ဖို့ ကြိုးစားရင် သိပ်မှား သွားမှာပေါ့. . . မြတ်လေးညို. . .။

မင်းကို မောင် သိပ်ချစ်တယ်။ မြတ်နိုးတယ်။ မင်းကို ပိုင်ဆိုင်ရမည့်သူဟာ စိုင်းခမ်းမဏ်ဆိုတဲ့ မောင်ကိုယ်တိုင်ကလွဲပြီး တခြားတစ်ယောက် မဖြစ်စေရဘူးလို့ မောင့်ရဲ့ လေးနက်ပြင်းပြတဲ့ အချစ်တွေကိုသက်သေထားပြီး ကျိန်ဆိုလိုက်ပါတယ်. . . မောင့်အချစ်ဆုံးရယ်. . . မှိတ်ထားသည့် မျက်ဝန်းထဲမှာ သိပ်လှသည့် မြတ်လေးညို၏ မျက်နှာလှလှလေးသာ ကြီးစိုးနေ၏။

စိုင်းခမ်းမဏ် ဘယ်လိုမှ သူ့စိတ်ကို တည်ငြိမ်အောင် ထွမ်းဆောင် နိုင်တော့။ အိပ်ရာပေါ်မှ ဝုန်းခနဲခုန်ဆင်းပြီး သူ့အခန်း ပြတင်းပေါက်မှတစ်ဆင့် မြတ်လေးညိုအိပ်ခန်းရှိရာကို ရှာတောက်ပသော မျက်ဝန်းလဲ့လဲ့များဖြင့် စိုက်ငေး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် လှုပ်ရှားမှုမှမရှိသော မြတ်လေးညို၏ အပျိုမ လှလှလေး၏ အိပ်ခန်းလေးကတော့ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဒီအချိန် သူမ ဘာလုပ်နေမလဲ . . . ကျောင်းမှာ တွေ့ခဲ့ရသည့် ဟိုလူအကြောင်း ပြန်စဉ်းစားနေမှာလား . . . ထိုသို့ တွေးမိရုံနှင့် စိုင်းခမ်းမင်းတစ်ကိုယ်လုံး ပူလောင် သွားသည်။

မတွေးရဘူးကွာ . . .

မင်းဦးနှောက် . . . မင်း အသည်းနှလုံးထဲမှာ မောင့်အကြောင်းပဲ ရှိနေရမယ်။ မောင့်အကြောင်းပဲ တွေးနေရမယ်။ ရှိနေရမယ်။ အတွေးနှင့်အတူ သူ့ဦးနှောက်ထဲမှာ အကြံတစ်ခု လက်ခနဲပေါ်လာသဖြင့် သူ့ရင်ထဲမှာ အနည်းငယ် ငြိမ်းချမ်းသွားသလို နှုတ်ခမ်းတွေလည်း ပြုံးသွားသည်။ ထို့နောက် သူ့စိတ်ထဲမှာစွဲနေအောင် မှတ်မိနေသော ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"တူ . . . တူ . . . တူ"

အပျိုစင်အိပ်ခန်းလေးအတွင်း ရေချိုးအလှပြင်ပြီး လွတ်လပ်စွာ အနားယူနေရာမှ ဆူညံစွာထွက်ပေါ်လာသော ဖုန်းသံကြောင့် မြတ်လေးညို ဖုန်းခွက်နီနီလေးကို ကောက်ယူ နားထောင်လိုက်သည်။

"ဟဲလို"

"မြတ်လေးညိုလား"





"ဟုတ်တယ် . . . အခုပြောနေတာ ဘယ်သူပါလဲရှင်"

တစ်ခါမှ မကြားဘူးသော ယောက်ျားပျိုတစ်ယောက်၏ အသံကြောင့် မြတ်လေးညို မျက်ခုံးတွန့်ပြီး စဉ်းစားသလို လုပ်ကာ တစ်ဖက်ကို ပြန်မေးလိုက်ခြင်း ဖြစ်သည်။

"ကိုယ်ပါ"

"ဘယ်က ကိုယ်လဲ"

တစ်ဖက်က ရုတ်တရက် အသံ တိတ်သွား သဖြင့် မြတ်လေးညို မျက်ခုံးလေးပို၍တွန့်သွားပြီး . . . စိတ်ထဲမှာလည်း သံသယဖြစ်လာသည်။ ဒီလိုပဲ ဖုန်းသရဲတွေက အကြောင်းမရှိ အကြောင်းရှာကာ အချိန်ဖြုန်းကြသလို၊ မြတ်လေးညိုအချစ်ကို ခိုင်နေကြသော ကိုကို၊ မောင်မောင်တွေကလည်း စာနှင့် တစ်မျိုး၊ လူကိုယ်တိုင်တစ်နည်း . . . အခုလိုဖုန်းနှင့်တစ်သွယ် အမျိုးမျိုး ချစ်ရေးဆိုတတ်ကြခြင်းများ ရှိသဖြင့် တစ်ခါမှ မကြားသည့်အသံကို နားတောင်ပြီး ဘိုသူများစွာထဲက တစ်ယောက်ယောက်ဟု ထင်လိုက်သည်။

"ဒီမှာ . . . ရှင် ဘာမှမပြောရင် ဖုန်းချလိုက်မယ် . . ."

"နေပါဦး"

"ရှင် . . . ဘာပြောမလို့လဲ"

"ပြောစရာတွေကတော့အများကြီးပဲ . . . ရှင်နဲ့တောင် မသိတော့ဘူး၊ ဘယ်ကစပြောရမှန်းမသိလို့"



www.burmeseclassic.com

www.burmeseclassic.com



"မသိရင် မပြောနဲ့ပေါ့ရှင်. . . ဒါပဲ မဟုတ်လား"

"မဟုတ်ဘူး"

"မြတ်လေးညို. . . မင်းနဲ့ပတ်သက်ပြီး မောင့်ရင်ထဲမှာ ဘယ်လောက်ခံစား နေရတယ်ဆိုတာ မင်းလေးသိရဲ့လား ဟင်"

မြတ်လေးညို နှုတ်ခမ်းတွေတွန့်ပြီး မဲ့ပြုံးလေး ပြုံးလိုက်သည်။ သူမ ထင်ထားသည့်အတိုင်း သူတို့ရင်ထဲက ခံစားချက်တွေကို မပြီးနိုင်မစီးနိုင် ဖုန်းဆက်ပြောတတ်ကြသော သူမအချစ်ကို လိုချင်နေကြသည့် အချစ်ရူးများစွာထဲက တစ်ယောက် ဖြစ်နေသည်။

"မင်းကို မောင်သိပ်ချစ်တယ် မြတ်လေးညို၊ မင်းအနားမှာ မောင်ကလွဲပြီး တခြားတစ်ယောက် ရှိနေတာမျိုး မောင် လုံးဝ မခံစားနိုင်ဘူး. . ."

"ရှင်ပြောချင်တာ ဒါပဲလား. . ."

တင်းမာပြတ်သားစွာ တုံ့ပြန်လိုက်သံလေးကို စိတ်မရှည်သလိုလေး ဖြစ်ပြီး မျက်နှာလှလှလေးကလည်း အေး စက်စွာ ရှိနေပါသည်။

"မြတ်လေး. . . ဖုန်းမချလိုက်နဲ့ဦးနော်"

သူ့စကားကို မြတ်လေးညို ဂရုမစိုက်သလို ဖုန်းလေးကို ချပစ်လိုက်သည်နှင့် ဖုန်းခေါ်သံက ချက်ချင်းလို ပြန်မြည်လာခြင်းကြောင့် မြတ်လေးညိုမှာ ဒေါသလေးနှင့် ဖုန်းကိုကောက်





ားထောင်လိုက်ရပြန်ပါသည်။

"မြတ်လေး. . . ဘာလို့ ဖုန်းချပစ်လိုက်ရတာလဲဟင်"

"ဒီမှာ. . . ကျွန်မက ရှင့်တို့လို အချိန်တွေ ပိုနေတဲ့ းကလေး မဟုတ်ဘူးရှင့် သိရဲ့လား. . .၊ ကျေးဇူးပြုပြီး န်မကို နောက်ထပ် မနှောင့်ယှက်ပါနဲ့"

"မြတ်လေးကို မောင် နှောင့်ယှက်နေတာ မဟုတ်ပါ သိပ်ချစ်လွန်းလို့ ရင်ထဲက ခံစားနေရတဲ့အတိုင်း ပြောနေ ပါ"

"ဒီမှာ. . . ကိုဟိုဒင်း"

"အွန်း. . ."

မြတ်လေးညိုထံမှ သူ့အမည်ကို မသိသဖြင့် ခေါ်လိုက် လေးကြောင့် စိုင်းခမ်းမဏ်ရင်ထဲမှာ ချစ်မြတ်နိုးစိတ်ဖြင့် ခနဲ ဖြစ်သွားရကာ လှုက်လှဲစွာ ပြုံးလိုက်မိသည်။ သူ့ကိုယ်သူ ခမ်းမဏ်ပါဟု မပြောလိုက်သဖြင့် သူမ ဤမျှ ပြန်ပြော ခြင်းဟု သိနေပါသည်။ သူသာ စိုင်းခမ်းမဏ်ပါဟု ပြောကြည့် လောက်ပင် စကားဆိုနေမည်မဟုတ်။ ဖုန်း ပလပ်ကိုပင် ချင်း ဆွဲဖြုတ်ပစ်မှာ သေချာပါသည်။

"မောင့်နာမည် ကိုဟိုဒင်း မဟုတ်ဘူး"

"ရှင့်နာမည်က ဘာမို့လို့တုန်း"

"မောင့်နာမည်က. . . စိုင်းခမ်းမဏ် ဖြစ်နေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"ဟင်... ရှင်"

မြတ်လေးညို တစ်ကိုယ်လုံး ဒေါသဖြင့် ဆတ်ဆတ် တုန်သွားသည်။

"မြတ်လေးညို"

"ရှင်... ရှင်၊ လူကို စော်ကားလှချည်လား... ဟင် ရှင်လို့လူကို ဒီတစ်သက်မပြောနဲ့ နောင်ဆယ်သက်တိုင်အောင် မုန်းတယ်ရှင့် သိရဲ့လား"

"သိပ်မုန်းတယ်..."

"နောက်ကို... ရှင် ကျွန်မဆီကို လုံးဝ ဖုန်းဆက်စရာ မလိုဘူး"

"မောင်ကတော့ ဖုန်းဆက်ရမှာပဲ"

"ဘာပြောတယ်"

"နေ့လယ်တုန်းက မြတ်လေးနဲ့အတူတွဲသွားတဲ့ လူက ဘယ်သူလဲ"

"ကြည့်စမ်း... ရှင် ဘယ်လိုလူလဲ၊ ကျွန်မဘာသာ ဘယ်သူနဲ့တွဲတွဲ ရှင့်အပူလား"

ဆွေ့ဆွေ့ခုန် ဒေါသတွေနှင့် မြတ်လေးညို ရန်တော စကား ဆိုရင်း လိုက်ကာကွယ်မှုတစ်ဆင့် စိုင်းခမ်းမဏ်ဆိုသည် မုန်းစရာ အကောင်းဆုံးလူရှိရာကို အံကလေးကြိတ်ပြီး လှမ်းကြည့်





...တိတ်သည်။

"မောင်"

မြတ်လေးညို အိပ်ခန်းရှိရာကို စူးစိုက်ကြည့်ငေးလျက် ...န်းပြောနေသည့် သူ့အသွင် မြင့်မြင့်ချောချောကြီးကြောင့် ...င်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရကာ ရှက်လန့်ခြင်း ဒေါသများနှင့် ...တစ်ကိုယ်လုံး ထူထူပူပူလေး ဖြစ်သွားရသည်။

ကြည့်စမ်း... ကြည့်စမ်း...

သူမို့လို့ မြတ်လေးညိုကို ပိုင်စိုးပိုင်းနင်း ရဲတင်းစွံစားစွာ ...ပြောဆိုနေခြင်းကိုး...

"မြတ်လေးညိုကို... မောင် ချစ်တယ်"

"ရှင့်လို လူရှုပ်လူပွေကများ ဒီစကားမျိုး ပြောထွက် ...သေးလား ဟင်... ရှင့်လိုလူနဲ့ အချစ်ဆိုတဲ့စကား မထိုက် ...န်ဘူးရှင့် သိရဲ့လား..."

"မောင့်ကို မြတ်လေး အထင်လွဲနေပြီ"

"ချော်... ချော်"

"မောင့်ဘဝမှာ အချစ်ဆိုတဲ့စကားကို မြတ်လေးနဲ့မှ ...ခဲ့ရတာ"

"ဟုတ်လား... ယုံအောင်လည်း ညာပါရှင်... ဒီလို ...လုံး ညာလုံး အဖြီးအဖြန်း အပေါစား စကားတွေကို မိန်းက... ဘယ်နှစ်ယောက်ကို ပြောခဲ့ပြီးပြီလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိအောင် တစ်ခါတည်းပြောလိုက်မယ်. . . ကျွန်မ ချစ်သူ လက်ထပ်မယ့်သူက ကျွန်မနှလုံးသားထဲမှာ ရှိပြီး သားရှင့် သိရဲ့လား. . ."

"ဘာ"

"မင်း. . . ဘာပြောလိုက်တယ် မြတ်လေးညို"

တစ်ဖက်က ဖုန်းချသွားပြီဖြစ်သဖြင့် စိုင်းခမ်းမဏ် အံကြိတ်လိုက်သည်။ နောက်ဆုံး အကြိမ်ကြိမ်ခေါ်သည်။ မ တော့သည့်အဆုံး သူဖုန်းကို ပိတ်လိုက်သည်။ ပြီးတော့ ချစ်ရသူ ၏ အိပ်ခန်းရှိရာသို့ စူးစူးစိုက်စိုက်ကြီး ကြည့်နေမိသည်။

ကျွန်မချစ်သူ လက်ထပ်မယ့်သူက ကျွန်မ နှလုံးသား ထဲမှာ ရှိပြီးသား ရှင့်၊ သိရဲ့လား. . .

မြတ်လေးညို၏အသံလေးကို ပြန်ကြားမိပြန်တော့ သူ့ နှလုံးသား တစ်ခုလုံး ဖျစ်ညှစ်လိုက်သလို အခံရခက် နာကျင် သွားသည်။ သူမမှာ ချစ်ရမယ့်သူ လက်ထပ်ရမယ့်သူ ရှိနေပြီတဲ့ သူ ဘာဆက်လုပ်ရမလဲ. . . ဒီပုံအတိုင်းဆို မြတ်လေးညို အချစ် ကို သူ လက်လွှတ် ဆုံးရှုံးရတော့မှာလား. . . ထိုသို့ အဖြစ်မခံ နိုင်ပါ။

ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ မြတ်လေးညို ဆိုသည့် သိပ်လှသည့် ချစ်ရသူကို အမြန်ဆုံး ပိုင်ဆိုင်နိုင်ခွင့် ရယူရန် ပြတ်သားတိကျစွာ ဆုံးဖြတ်လိုက်သည်။

◆ ◆ ◆





## အခန်း(၆)

"ဟင်"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့်. . . မြတ်မျက်နှာ လှလှလေး မှာ စိတ်အလိုမကျခြင်း မကျေနပ်ခြင်း ဒေါသဖြစ်ခြင်း ချက်တွေ အစုံစုံဖြင့်. . . မျက်နှာလှလှလေး တင်းမာသွား သည်။

စိုင်းခမ်းမဏ် ဆိုသူလူကတော့ တင်းမာအေးစက်သည့် မြတ်လေးညို၏ အပြုအမူကလေးများကို ဂရုမစိုက်သလို မရယ် ပြုံးခပ်တည်တည်မျက်နှာထားဖြင့် သိပ်လှသည့်ချစ်ရသူ၏ မျက်နှာ လှလှလေးကို ရဲတင်းစွာစူးစိုက် ကြည့်နေပုံက



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာပေါ်မှာ သူနှင့်မြတ်လေးညို နှစ်ယောက်တည်း ရှိနေသည့်အတိုင်းမို့ ဘာကိုမှဂရုမစိုက်သလိုရှိပါသည်။

သူ့အသွေးအသားထဲ နှလုံးသားထဲမှာ မြတ်လေးညိုကိုချစ်သည့် အချစ်များသာကြီးစိုးနေရာယူထားသလို သူမကလွဲပြီး ဘာကိုမှဂရုမစိုက်အောင် သူမအချစ်များကို ဘယ်လိုဘယ်ပုံတောင်းခံ အရယူရပါ့မလဲ ဟု အချိန်နှင့် စက္ကန့်နှင့်အမျှ ကြံစည်စဉ်းစား စိတ်ကူးနေခဲ့သူလည်း ဖြစ်ပါသည်။

ထို့ကြောင့် မြတ်လေးညို၏ အချစ်ဆုံးသူငယ်ချင်း မိုမို့မွေးနေ့ပွဲကို မဖြစ်ဖြစ်သည့်နည်းနှင့် သူအရောက်လာခဲ့ခြင်းဖြစ်သည်။ တကယ်တော့ မိုမိုနှင့်သူ မခင်ပါ။ မျက်မှန်းတန်းရုံသာရှိသော်လည်း စိုင်းခမ်းမဏ်၏ သူငယ်ချင်း အထွန်းနှင့်ကျတော့ သူငယ်ချင်းတွေဖြစ်နေသည့်အတွက် အထွန်း အတူအညီဖြင့် အခုလိုမိုမိုမွေးနေ့ကို အတူ လိုက်ပါလာနိုင် ခြင်းဖြစ်သည်။ မွေးနေ့ပွဲတစ်ခုလုံး လမင်းကြီးတစ်စင်းလို ရွှန်းရွှန်းစက်စက် ဝင်းပစွာ လှသူက စိုင်းခမ်းမဏ်ကိုမြင်ရုံနှင့် တင်းမာအေးစက်သွားသော မြတ်လေးညို ဆိုသည့် ချစ်ရသူ. . .။

အဟွန်း. . .

မောင်ရဲ့မြတ်လေးညိုရယ်. . .

စိုင်းခမ်းမဏ်မှာ ချစ်ရသူ၏ ခါးခါးသီး ဖြစ်နေသည့်အပြုအမူကလေးများအပေါ် ရင်နာရခြင်းတစ်ဖက်ဖြင့် မခံ





ခံသာလေး တစ်ချက်ရယ်လိုက်မိသည်။ မျက်နှာကြီး အသိုင်းအဝိုင်း ပီသစွာ မွေးနေ့ပွဲက စည်ကားခမ်းနားသလို ကားရောင်စုံများက ခြံဝင်းအတွင်းရော အပြင်ပါ အပြည့် နေရာယူရှိနေကြသည်။

"ဟေး. . . မြတ်လေး"

"ဩော်. . . ဝေစီ"

ဝမ်းကွဲညီမဝေစီ သူမစားပွဲနားရောက်လာပြီး နှုတ်ဆက်နေသဖြင့် ဝေစီနှင့် စကားပြောရင်း စိုင်းခမ်းမဏ် ကိုမေ့သွားသည်။

"မြတ်လေး. . . တစ်ယောက်တည်းလား"

"ဟုတ်တယ်. . . ဝေစီကရော"

"ဒေစီနဲ့အတူလာတာလေ. . . သူကဟိုဘက်မှာကျန်ခဲ့တယ် ဦးဦးနဲ့အန်တီရော နေကောင်းလား"

"ကောင်းပါတယ်"

"ဒေစီကိုဒယ်ဒီလည်း ဒီနှစ်တော့ ရန်ကုန်ပြန်ပြောင်းမယ်ထင်တယ်"

"ဟုတ်လား"

ဝေစီကအပြုံးနှင့် စကားဆိုသော်လည်း မျက်လုံးအစုံကတော့ မြတ်လေးညိုတစ်ကိုယ်လုံးကို အထက်အောက်သေသေချာချာစူးစူးစိုက်စိုက် ကြည့်ရှုအကဲခတ်နေသည်ကို မြတ်လေးညို



www.burmeseclassic.com

www.burmeseclassic.com



ခမြင်ဟန်ဆောင်နေလိုက်သည်။ဝေစီဆိုတာ မာမိညီမကမွေးသည် ပြီးတော့မြတ်လေးညိုတို့ မိသားစုအပေါ် မနာလိုမရှုဆိတ် ဖြစ်နေကြသည့်မှာလည်း အဒေါ်အရင်းခေါက်ခေါက်မိသားစု များဖြစ်သည်။

ပါးစပ်က အပြောတစ်မျိုး စိတ်ထဲရှိနေသည်ကား တစ်လွဲမို့ မကောင်းတတ်၍ ခေါ်ပြောဆက်ဆံနေရသော်လည်း စိတ်ရင်း မကောင်းကြသူများ အဖြစ် သိရှိထားပါသည်။

"မြတ်လေးက သိပ်လှတာပဲနော် ဒီမွေးနေ့ပွဲမှာ အလှဆုံးလို့ ပြောရမလိုဖြစ်နေပြီ"

"အမလေး. . . မွေးနေ့ရှင်ကြားသွားလို့ ထရိုက် နေပါဦးမယ်ကွယ် အေးအေးဆေးဆေးနေပါရစေ"

"ဝေစီ တကယ်ပြောတာပါ"

"ကျေးဇူးတင်တယ်လို့ ပြောရတော့မှာပေါ့နော်"

"ကျေးဇူး၊ အတင်ခံချင်လို့ ပြောတာမဟုတ်ပါဘူးကွာ. . . အရှိကိုအရှိအတိုင်းပြောတာပါ. . ."

ဝေစီအသံကလေးက အားငယ် ဖျော့တော့သွားသည် အတွက် မြတ်လေးညို ဝေစီမျက်နှာကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။ လေးထောင့် ကျသောမျက်နှာက ယောကျ်ားဆန်သလိုမည်းနက် သန်စွမ်းသော မျက်ခုံးမွေး ထူများကလည်း မိန်းကလေးမဆန်ပါ။ နှာတံမပေါ်တပေါ်အောက်မှာ အထက်အောက်





တစ်ပြေးညီ နှုတ်ခမ်းထူထူဝိုင်းဝိုင်းကို နှုတ်ခမ်းနီဆိုး ထားပါသည်။

"ဝေစီးလည်း လှတာပါပဲ"

"အဟင်း. . . ဟင်း. . . ဟင်း. . ."

မြတ်လေးညို စကားကြောင့် ဝေစီကအသံထွက်ပြီး သဘော ကျစွာရယ်သည်။ ပြီးမှ. . .

"မြတ်လေးကလည်း နောက်တတ်နေပြီပဲ"

"အော်. . . မြတ်လေး တကယ်ပြောတာပါ ပန်းတိုင်း ဟာ သူ့အလှနဲ့သူရှိပြီးသားပါ"

မြတ်လေးညိုစကားအဆုံးမှာ ဝေစီတွေတွေလေး ဖြစ်သွားသည်။ မြတ်လေးညိုနှင့် ဝေစီတို့ ညီမ စိတ်ခ်ာတ်ချင်း မတူသလို အလှတရားချင်းလည်း မတူညီကြပါ။ ဝေစီမိခင် ကိုယ်တိုင်က အစ်မကြီးဖြစ်သူအပေါ်မှာ အမြဲတမ်း မနာလို မရှုဆိတ် ဖြစ်နေတတ်သူပီပီ သားသမီးများကို သွန်သင်ဆုံးမ စကားပြောရမှာလည်း မြတ်လေးညိုတို့ မိသားစုကို သူပြိုင်ဘက် သူ့ရန်သူများသဖွယ် ပြောဆိုခဲ့သူဖြစ်သည်။

မြတ်လေးညိုတို့ မိသားစု ပြည့်စုံ ချမ်းသာကြွယ်ဝသလောက် ဝေစီတို့မိသားစုက မြတ်လေးညိုတို့မိသားစုလို အချမ်းသာကြီး မချမ်းသာခဲ့ကြပါ။ ဖခင်ဖြစ်သူက လောင်းကစားသမား ဖြစ်နေသလို မိသားစုအရေးကို သူ့အတွက်လောက် စိတ်မဝင်စားသလို အရေးလည်း မစိုက်ခဲ့ပါ။ ဝေစီမိခင်ဖြစ်သူက စိန့်ပွဲစား



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပွဲစား လုပ်၍ လည်သလို လျှင်သလို ပါးနပ်စွာ လုပ်ကိုင်စွမ်းဆောင်နိုင်သဖြင့် တိုက်နှင့် ကားနှင့် ဟန်မပျက် နေနိုင်ခြင်းဖြစ်သည်။

ဝေစီ့မိခင် ဒေါ်သူဇာက မြတ်လေးညို၏ မိခင် ဖြစ်သော ဒေါ်သဇင်ရှေ့မှာ စကားတွေ ရွှန်းရွှန်းဝေနေတတ် သလို အစ်မကြီးကို သိပ်ချစ်မြတ်နိုးဟန်မျိုး လုပ်ပြတတ်ပြီး အစ်မကြီး၏ မျက်ကွယ် ရောက်သည်နှင့် အစ်မဖြစ်သူ အကြောင်းကို အားမနာတမ်း မဟုတ်တာရော ဟုတ်တာရော မဲ့ကာရွဲ့ကာ ပြောဆိုတတ်သူဖြစ်သည်။

အနေအထိုင် ရိုးသား တည်ကြည် အေးဆေးသော အစ်မနှင့် ကိုယ့်မိသားစု အစဉ်ပြေ ချမ်းသာကြွယ်ဝဖို့ဆိုလျှင် မိမိ၏သမီးလေးများကိုပင် သူတစ်ပါးလက်ထဲ ထည့်ပေးသော ညီမတို့မှာ အနေအထိုင်သဘောထားချင်း ကွဲပြားခြားနားသလို ချမ်းသာ စည်းစိမ် မှာလည်း ကွဲပြားခြားနားသည်။ ဒေါ်သူဇာက မွေးသောသားသမီးများမှာ ဒေါ်သူဇာ့စိတ်ဓာတ်အပြည့်အဝ ရှိနေသလို ဒေါ်သဇင်၏သမီးဖြစ်သော မြတ်လေးညိုမှာလည်း ရိုးဖြောင့် တည်ကြည်သောစိတ်နှလုံးပိုင်ဆိုင်သူဖြစ်ပါသည်။

"ဟော...ဟိုမှာ"

"ဘာလဲ...ဝေစီ"

"ဟိုဘက်ထောင့် စားပွဲမှာ လူတစ်ယောက် မြတ်လေးညို





ကို တစ်ချိန်လုံး လိုက်ကြည့်နေတယ် မြတ်လေးညို ရဲ့ အသိများလား မသိဘူး"

"ဟင်..."

မြတ်လေးညိုရဲ့ ဝေစီစကားကြောင့် မျက်လုံးလေးဝေ့ပြီးလှမ်းအကြည့်လိုက်မှာ သူမကိုတစ်ချိန်လုံးလိုက်ကြည့် နေပါသည်ဆိုသော စိုင်းခမ်းမဏ်ဆိုသည့် ကိုလူချောနှင့်မျက် လုံးချင်းဆုံမိကြသည့်အခိုက်မှာ သူက မြတ်လေးညိုကို ရင်းနှီး လိုက်လှဲစွာပြုံးပြ နှုတ်ဆက်လိုက်ပုံကြောင့် မြတ်လေးညို မျက်နှာ လှလှလေးဆင်းမှာသွားကာ သူ့ကိုလုံးဝပြန်ပြုံးမပြဘဲ ချက်ချင်း အကြည့်လွှဲပစ်လိုက်သည်။

"ချောလိုက်တာ မြတ်လေးရယ်...သူ့အသိမိတ်ဆွေဆိုရင် ဝေစီနဲ့မိတ်ဆက်ပေးပါဦး"

ဝေစီပုံစံက ခန့်ညားချောမောသည့် စိုင်းခမ်းမဏ် အသွင်ကို မျက်စိ မခွာနိုင်အောင် စိတ်ဝင်စားစွာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟင့်အင်း...သူ့ကိုမြတ်လေး မသိဘူး"

"ဟုတ်ရဲ့လားကွယ်... ခုနတုန်းက သူမင်းကို ရယ်ပြနေတာ ဝေစီမြင်တယ်"

"ဒါများ ထူးထူးဆန်းဆန်း ဖြစ်နေလို့ ဝေစီ... ယောကျ်ားတိုင်းဟာ မိန်းကလေးချောချောမြင်ရင် စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားတယ်၊ ရင်းနှီးပတ်သက်ချင်စြာတာပဲ မဟုတ်လား၊ မင်း. . . မယုံချင် လည်းနေ. . . မြတ်လေးကတော့ အဲဒီလူကို လုံးဝ မသိဘူး"

မြတ်လေးညို ခပ်တင်းတင်းလေးငြင်းပစ်လိုက် သဖြင့် ဝေစီမျက်နှာမည်းခနဲ ပျက်သွားသည်။ သူ့စိတ်ထဲမှာ မြတ်လေးညို ကို လုံးဝ အလိုမကျတော့သော်လည်း ဘာမှ မဖြစ်သလို တစ်ချက် ရယ်မောလိုက်သည်။

"ဆောရီး. . . ဝေစီစကားကြောင့် မြတ်လေးစိတ် ဆိုးသွားပြီထင်တယ်. . . ဟုတ်တယ်နော် သိပ်လှတဲ့မြတ်လေး ကို ယောက်ျားတိုင်း စိတ်ဝင်စားကြမှာပေါ့ အရုပ်ဆိုး အကျည်း တန်တဲ့ ဝေစီတို့ကိုသာ ဘယ်သူမှ စိတ်မဝင်စား ကြတာပါ"

"မြတ်လေးပြောတာ အဲဒီလိုဖြစ်သွားတယ်ဆိုရင် ဆောရီးပဲ"

"ရပါတယ်. . . ဒါအမှန်တရားတွေပဲ၊ ဝေစီ ရင်ဆိုင် နိုင်ရ မှာပေါ့"

မြတ်လေးညိုစိတ်ထဲမှာ ဝေစီအပြောအဆို အပြုအမူ များကို မနှစ်သက်ဖြစ်လာသည့်အတွက် လက်ကနာရီကိုတစ် ချက်ငုံ့ကြည့်လိုက်သည်။

"ပြန်တော့မလား. . . မြတ်လေးညို"

"ပြန်တော့မယ်. . . ဝေစီ၊ ဒီအချိန်ဆို အိမ်မှာမာမီ





မျှော်နေလောက်ပြီ"

သက်တူ ရွယ်တူချင်းမို့ တစ်ယောက်အမည် တစ်ယောက် ခေါ်ပြီးစကားပြောနေကြခြင်း ဖြစ်သည်။

"ဝေစီရော မပြန်သေးဘူးလား"

"ဝေစီတို့အတွက် ဒီအချိန် အိမ်ပြန်ရင်ပျင်းနေရမှာ ဆိုတော့ မပြန်သေးဘူး မြတ်လေးရေ့"

"ဒါဆိုလည်း မြတ်လေး သွားတော့မယ်"

"အိုကေ အိမ်ပြန်ရောက်ရင် မာမီ့ကို မြတ်လေးညိုနဲ့ တွေ့ရတဲ့အကြောင်း ပြောလိုက်မယ်"

ဝေစီစကားကို ကြားသော်လည်း မြတ်လေးညို ခေါင်း ညိတ်မိပါ။ အန်တီသူဇာတို့ကို ဝေစီဘာတွေပြန်ပြော လဲဆိုတာကို အလွန်မကြိုသိနေသောကြောင့်ဖြစ်သည်။ ဝေစီနှင့် အန်တီတင်တို့ ပြောကြမည့်စကားက. . . သူတို့ညီမ သူတို့ တူမလေးကို နစ်ခင်စွာ ပြောဆိုကြမည့်စကားများ၊ မဟုတ်ဘဲ မြတ်လေးညို ကိုယ်ပေါ်မှာ ဝတ်စားပြင်ဆင်ထားသော အဝတ်အစားများနှင့် နိန်ထည် ရွှေထည်များ အကြောင်းသာ ဖြစ်သည်။

"မြတ်လေး"

"ဟင်. . . ရှင်"

"ဟုတ်တယ်၊ ကိုယ်စိုင်းခမ်းမောက်ပါ၊ မြတ်လေးကို ပြောစရာ ရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အမှောင်ရိပ်က ထွက်လာပြီးသူမရှေ့တည့်တည့်မှာ ပိတ်ရပ်လာသည့် လူတစ်ယောက် ကြောင့် မြတ်လေးညိုရင်ထဲမှာ ထိတ်ခနဲလန့်ဖျပ်သွားရပြီးမှ စိုင်းခမ်းမဏ် ဆိုသည့် လူဖြစ်နေခြင်းကြောင့် မျက်နှာလှလှလေးတင်းမာ အေးစက်သွားရသည်။

"ရှုပ်ရှုပ်ရှက်ရှက် ရှင်နဲ့ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး၊ ရှင်သိရဲ့လား၊ ကျွန်မရှေ့ကရှင်ဖယ်ပါ. . ."

"မြတ်လေးမှာ ပြောစရာမရှိပေမယ့် ကိုယ်မှာရှိ နေတယ်"

"ရှင်နော်. . . လူကြားထဲမှာ ကျွန်မကို နှောင့်ယှက်နေတာလား"

"အခုလောလောဆယ် ကိုယ်တို့နားမှာ ဘယ်သူမှ မရှိပါဘူးဗျာ"

မြတ်လေးညိုက သူ့ကိုမော့ကြည့်ပြီး စကားပြော နေရသလို သူကလည်းမြတ်လေးညို မျက်နှာလှလှလေးကို ငုံ့ကြည့်ပြီး ပြောနေရခြင်းကို မြတ်လေးညိုစိတ်ထဲမှာ မနှစ် မြို့နိုင်အောင် ဖြစ်လာသဖြင့် သူ့ကိုမကြည့်မိအောင်ချက်ချင်း အကြည့်လွှဲပစ်လိုက်ရသည်။

"ရှင်စကားကို ကပ်မပြောနဲ့"

"ကပ်ပြောခွင့်ပြုပါ တီးဝိုင်းသံတွေနဲ့ မြတ်လေးညို မကြားရမှာစိုးလို့"





"အို. . . ကျွန်မဒါကိုပြောတာမဟုတ်ဘူး"

"ကဲ. . . ရှင်ဘာပြောမှာလဲ ပြောပြီးရင်သွားပါ"

သူမစိတ် မရှည်သလို ဆိုလိုက်သည်။ ခပ်ဖျော့ဖျော့ ကိုယ်သင်းရနံ့ကို နီးကပ်စွာ ရှူရှိုက်နေရခြင်း အပေါ်မှာလည်း စိတ်မကြည်လင်နိုင်သလို အရည်လဲ့ကာ အရောင်တစ်မျိုးတောက်ပနေသည့် သူ့မျက်လုံးများကို ရင်မဆိုင်ချင်။

"ကိုယ့်မှာ ကားပါမလာလို့ မြတ်လေးညိုကားနဲ့ လိုက်ပါရစေလို့ ခွင့်တောင်းမလို့"

"ဘာ"

မြတ်လေးညို ခေါင်းလေး မော့ပြီး စိုင်းခမ်းမဏ် ဆိုသူနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။ သူက မရယ်မပြုံး မျက်နှာထားဖြင့် သိပ်လှသည့် မြတ်လေးညိုမျက်နှာလေးကို ရီဝေနူးညံ့စွာ စူးစိုက်ကြည့်နေသဖြင့် သူ့အကြည့်များက မြတ်လေးညို ရင်ကို သိမ့်ခနဲဖြစ်သွားသည်။

"ဒီမှာ"

"ဗျာ"

"ရှင့်အကြံဒါအကုန်ပဲလား"

"မြတ်လေးညို ဘာကိုပြောတာလဲ"

စိုင်းခမ်းမဏ် မသိချင်ယောင် ဆောင်နေသဖြင့် မြတ်လေးညို ခပ်လှောင်လှောင်လေး ရယ်ပစ်လိုက်သည်။ လှရက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လွန်းသူမို့ မြတ်လေးညို ပုံစံလေးက ဘယ်လိုနေနေ စိုင်းခမ်းမဏ် ရင်မှာ မြတ်နိုးခြင်းများကိုသာ ဖြစ်ထွန်းစေပါသည်။ စိုင်းခမ်းမဏ် ရင်ထဲက အချစ်များကိုမသိနိုင်သော မြတ်လေးညိုက အရယ်လေးရပ်ပြီး စိုင်းခမ်းမဏ် ဆိုသည့် ကိုလူချော မျက်နှာကို စေ့စေ့ကြည့်ပစ်လိုက်သည်။

"ရှင့်လိုလူတစ်ယောက်က ကားမပါဘူး ဆိုတဲ့စကား လောက် ရယ်စရာကောင်းတာ ရှိနိုင်ဦးမလားရှင့်..."

"ကျွန်မကို... ဘာအတွက်နဲ့မှမနှောင့်ယှက်ပါနဲ့"

"ကိုယ်တကယ် ပြောနေတာ မြတ်လေးညို"

"အိုး.. တကယ်မကလို့ ဆယ်ကယ်ဖြစ်နေပစေ ရှင့်လို လူရမ်းကား လူရှုပ်လူပွေကို ကျွန်မကားပေါ် လုံးဝ မတင်နိုင်ဘူး"

"ကျွန်မရှေ့က ဖယ်ပါ"

မြတ်လေးညိုဆိုတဲ့... မောင့်ရဲ့ချစ်သူရယ်။

သူ့ကို ဖြတ်ကျော်သွားသော ချစ်သူ၏ ခန္ဓာကိုယ် ကောက်ကြောင်း လှလှလေးကို တစ်ချက်စူးစိုက်ကြည့်ပြီး စိုင်းခမ်းမဏ် သူမနောက်က အတူလိုက်ခဲ့သည်။

"မြတ်လေးညို"

"အို... ရှင်ဘယ်လို လုပ်လိုက်တာလဲ... ကျွန်မ ကားပေါ်က အခုဆင်းပါ"

မြတ်လေးညို စကားကိုသူက မကြားသလို သူမ ကား





ပေါ်ကို ပိုင်စိုး ပိုင်နင်း ရဲရဲ့စွာ တက်ထိုင် နေခြင်းကြောင့် မြတ်လေးညိုမှာ ခံပြင်းဒေါသ လေးများနှင့်အတူ နှုတ်ခမ်း လေးကို သွားဖြင့် ဖိကိုက်လိုက်သည်။

"ရှင်ကျွန်မပြောနေတာ မကြားဘူးလား"

"ကြားပါတယ်"

"ဟင်.... ဒါနဲ့များ...ရှင်အခု ကျွန်မကားပေါ်က ဆင်းပါ"

"မဆင်းနိုင်ဘူးဆိုရင်ကော"

"ဘာ"

"ရှင်.... ရှင်"

စိုင်းခမ်းမဏ် မျက်နှာချောချောတို ကြည့်ပြီး မြတ်လေးညို တစ်ကိုလုံး ဒေါသနှင့် တုန်ရီပြာဝေနေသည် အတွက် သူ့ကိုကြီးကို ကားပေါ်က တွန်းချရန် ဆုံးဖြတ်လိုက်သည်။

"ကဲဟယ်..."

"ကဲ...ကဲ..."

"ဟာ..."

"ဟိတ်... မလုပ်နဲ့လေ"

ရုတ်တရက် မြတ်လေးညိုက...သူ့ကိုယ်ကြီးကို သူမ အင်အား ရှိသလောက် တွန်းထုတ်ရန် ကြိုးစားနေသဖြင့် စိုင်းခမ်းမဏ်မှာ တိုးတိုး ကျိတ်ကျိတ်လေး သတိပေးတားမြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ မြတ်လေးညိုက စိုင်းခမ်းမဏ် စကားကို လုံးဝဂရုမစိုက်။ ဒေါသတွေနှင့် သူ့ကိုကားပေါ်က တွန်းချရန် ကြိုးစား နေပါသည်။

သို့သော်လည်းယောကျ်ားအားနှင့် မိန်းမအား ခွန်အားချင်းမတူသလို... စိုင်ခမ်းမဏ်ကိုယ်ကြီးက သူမထင်ထားသလို ကားထဲကထွက်မသွားဘဲ သူမသာစိုင်းခမ်းမဏ် အနားကို ရောက်မှန်းမသိ ရောက်သွားရသည်အဖြစ်ကို သတိမပြုနိုင်ဘဲ ရှိလေသည်။

"ရှင်... အခု ကျွန်မ ကားပေါ်ကဆင်း၊ ဆင်းလေ"

"မြတ်လေး နေပါဦး"

"ဟိုမှာ... ဟိုမှာ"

"ဘာဟိုမှာလဲ... ရှင်အခု ကျွန်မကားပေါ်က ဆင်း"

"ဟိုမှာ...မို့မို့တို့ ဒီဘက်ကို လာနေတယ်"

"ဟင်...."

"အို"

စိုင်းခမ်းမဏ်၏ စကားကြောင့် မြတ်လေးညို လှမ်းကြည့်လိုက်သည့်အချိန်မှာ မွေးနေ့ရှင်ဖြစ်သော မို့မို့နှင့်အတူ တခြားဧည့်သည်တချို့ ကားများရှိရာဘက်သို့ လျှောက်လာနေတာကို တွေ့လိုက်ရသဖြင့် မြတ်လေးညိုမျက်လုံးကလေး ပြူးသွားရပြီး မိမိကားထဲမှ စိုင်းခမ်းမဏ် မျက်နှာချောချောကို





အလန့်တကြား မော့ကြည့်မိရက်သား ဖြစ်သွားသည်။

"ဟိုမှာ မို့မို့တို့ ဒီဘက်ကိုလာနေပြီး ရှင် ကျွန်မကားပေါ်က ဆင်းလေ"

"အခုမှဆင်းလည်း မထူးတော့ဘူး မြတ်လေးညို၊ မင်းကားကိုသာ ဒီနေရာက အမြန်ဆုံးမောင်းထွက်လိုက်ပေါ့"

"မြန်မြန်မောင်းလေ"

"ရှင်အမိန့်ပေးတိုင်း ကျွန်မမောင်းရမှာလား"

မို့မို့ သူတို့ကားနား ရောက်မလာခင် အချိန်မီ မောင်းထွက်သွားလျှင် မြတ်လေးညိုနှင့် စိုင်းခမ်းမဏ်ကို မည်သူမှ မတွေ့မြင်နိုင်မှန်း သိသော်လည်း သူ့ကားပေါ်သို့ပိုင်စိုး ပိုင်နင်းတက်နေရုံမက သူကတစ်ပြန် မြတ်လေးညိုကို အမိန့်ပေးစကားဆိုနေခြင်း အပေါ်မှာလည်း ခံပြင်းဒေါသထွက်နေခြင်းကြောင့် အခုလို ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"မမောင်းချင်လည်း မင်းလေးသဘောပဲ"

"ဘာပြောတယ်"

"ဟော... ဟိုမှာလာနေပြီ"

မြတ်လေးညို မနေသာတော့။

သူမ ကားလေးကို နေရာမှ မောင်းထွက်ခဲ့ရတော့သည်။ ဒါက... ယောကျ်ားသားမို့ အရှက်အကြောက်မရှိ ဘာလိုလို အဆင်ခံနိုင်သော်လည်း မြတ်လေးညိုကတော့ ကြွေ့သိက္ခာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရှက်အကြောက်ကြီးသော မိန်းကလေးပီပီ သူ့လိုလူရှုပ်လူပွေ တစ်ယောက်နှင့် ဘာလိုလို အထင်မခံနိုင်ပါ။ ထို့ကြောင့် မွေးနေ့ရှင် မို့မို့ သူမတို့နားမရောက်ခင် အခုလို မောင်းထွက်ခဲ့ရခြင်းဖြစ်သည်။

ကားက လမ်းအတိုင်း တရိပ်ရိပ် ပြေးနေသလို မြတ်လေးညိုရင်ထဲက ဒေါသတွေကလည်း တလိပ်လိပ် တက်လျက်ရှိသည်။

"မြတ်လေး"

"မြတ်လေးညို"

စိုင်းခမ်းမဏ်ခေါ်သံကိုကြားသော်လည်း မြတ်လေးညို မထူးပါ။ ကားကိုသာ ဂရုစိုက်မောင်းနေသဖြင့် ဘေးတိုက်မြင်နေရသော ချစ်သူ၏မျက်နှာလှလှလေးကိုသာ မျက်တောင်မခတ်စတမ်း စိုက်ကြည့် နေနေမိသည်။

ချစ်လိုက်ရတာ မြတ်လေးညိုရယ်. . .

သိပ်ချစ်တယ်ကွာ. . . ။

"မြတ်လေး"

"ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ စိုင်းခမ်းမဏ်"

"ကိုယ့်ကို သိပ်စိတ်ဆိုးနေလားဟင်"

"ရှင့်ကို သတ်ပစ်ချင်နေတာ"

"မြတ်လေးရယ်"





သူ့အသံက ချစ်ခြင်းဖြင့် နူးညံ့ညင်သာနေသလောက် မြတ်လေးညိုအသံကတော့ ခံပြင်းမုန်းတီးခြင်းဖြင့် ခါးသက်စွာ တင်းမာအေးစက်နေပါသည်။

"မြတ်လေးကို မောင်သိပ်ချစ်မိတာ အပြစ်လားဟင်"

"မြတ်လေးကို မောင်သိပ်ချစ်တယ်"

"မပြောနဲ့"

"ရှင့်အသံကို ကျွန်မ မကြားချင်ဘူး"

"မကြားချင်လည်း ပြောရမှာပဲ. . . မြတ်လေးကို ချစ်တယ်. . . လက်ထပ်မယ်၊ မြတ်လေးညို လက်ထပ်မယ့် သူကလည်း စိုင်းခမ်းမဏ်ဆိုတဲ့ မောင်ကလွဲပြီး တခြားသူမဖြစ် စေရဘူးလို့ မောင်သစ္စာဆိုလိုက်ပြီ"

"ဟင်. . . ရှင်. . . ရှင်"

"ကျွိ"

မြတ်လေးညို ဒေါသလေးတွေကို မထိန်းချုပ်နိုင်တော့သဖြင့် လမ်းဘေးတစ်နေရာမှာ ကားကို ရုတ်တရက် ထိုးရပ်ပစ်လိုက်သည်။ ထို့နောက် စိုင်းခမ်းမဏ် မျက်နှာကို စေ့စေ့ကြည့်ကာ ခါးသီးမွန်ထူစွာပြောလိုက်သည်။

"ရှင် အခု ကျွန်မကားပေါ်ကဆင်းပါ စိုင်းခမ်းမဏ်"

"မဆင်းဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်"

"ကဲဟယ်"

"ကဲ. . . ကဲ"

လက်ပွေ့အိတ်ဖြူဖြူလေးကို ကောက်ယူပြီး သူမကို ဒေါသ မဖြစ်ဖြစ်အောင် လူပါးဝစကားတွေ တွင်တွင်ဆို နေသည့် စိုင်းခမ်းမဏာ်၏ မျက်နှာကြီးကို တအားလွဲရိုက်ပစ် လိုက်သည်။

"ဟော့. . . မလုပ်နဲ့နော်၊ မင်းကို မောင် ဘာပြော ထားလဲ"

"ဘာပြောပြော ကျွန်မဂရုမစိုက်ဘူး၊ ရှင် ကျွန်မကား ပေါ်က မဆင်းမချင်း ကျွန်မကတော့ ရိုက်ချမှာပဲ"

"ကဲ. . . ကဲ"

"ဘုတ်"

"ဗုန်း. . . ဗုန်း"

စိုင်းခမ်းမဏာ်ကိုယ်ကြီးကို ဒေါသလေးများဖြင့် အဆက် မပြတ် ထုရိုက်နေသူလေးကို လက်ကာရှောင်ရင်း. . .

"အေးဗျာနော်. . . ဒီတစ်ခါ မောင့်ကိုယ်မှာ သွေးထွက် သံယို တစ်ခုခုဖြစ်လို့ကတော့ မင်း မောင့်ကို လက်ထပ် ရမှာနော်. . ."

"ကြည့်စမ်း. . . ဘာလူပါးဝ စကားပြောတာလဲ"

"မောင် တကယ်ပြောနေတာ"





"အဲဒါ တကယ်ပြောဦး. . . ပြောဦး"

"ဗုန်း. . . ဗုန်း"

ဒေါသဖြင့် မြတ်လေးညို ပိုတိုးထုရိုက်ပစ်လိုက်သည်။

"မြတ်လေး"

"မခေါ်နဲ့. . . မခေါ်နဲ့"

"ကဲ. . ."

"အား. . ."

"ကြည့်စမ်း. . . နှုတ်ခမ်းကွဲသွားပြီ ဒီမှာသွေးတွေ း မြင်တယ်မဟုတ်လား. . ."

"မြင်တယ်. . . မြင်တယ် ရှင့်လိုလူမျိုးမှာ ဒီထက်မက ာ်ရာ ရသင့်တယ်ဆိုတာ မသိဘူးလား"

သွေးများစီးကျလာတာကို မြင်လိုက်ရသည့်အတွက် ာ်လေးညိုကိုယ်တိုင် ရင်ထဲမှာ ထိတ်ခနဲနေအောင် ထိတ်လန့် ယ်င်သွားခဲ့သော်လည်း စိုင်းခမ်းမဏာ်ကို မုန်းမုန်းနှင့် ဒေါသ ွာ ပြောပစ်လိုက်သည်။

"ရက်စက်လှချည်လား မြတ်လေးရယ်"

"အော်. . . ရှင်မှအပြောကောင်း. . . ရက်စက်တာက ား. . . ကျွန်မလား. . . ရှင့်ကိုလုံးဝ စိတ်မဝင်စား ပါဘူး၊ န်းပါတယ်ဆိုတဲ့ မိန်းကလေးကို ရှင် အတ္တတစ်ခုတည်းနဲ့ ပြီး ဒုက္ခပေးနေတာမှ တကယ်ရက်စက်တာ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေး"

"အို. . . ရှင်လုပ်ပြန်ပြီလား"

သူမတစ်ကိုယ်လုံး စိုင်းခမ်းမဏ်၏ ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားရခြင်းကြောင့် ရှက်လန့်တကြားလေး အော်လိုက်ကာ သူ့ရင်ဘတ်ကြီးကို လက်ကလေးနှစ်ဖက်ဖြင့် အင်အားရှိသလောက် တွန်းထောက်ထားမိသည်။ သို့ပါသော်လည်း. . .

"သိပ်ချစ်တယ် မြတ်လေးရယ်. . ."

"အို. . . ရှင် မမိုက်ရိုင်းနဲ့နော်"

"ဖယ်. . . လွှတ်စမ်း"

"မောင့်ကိုပြန်ချစ်လိုက်စမ်းပါ မြတ်လေးရယ်"

"မချစ်ဘူး. . . မချစ်ဘူး၊ ရှင့်လိုလူရမ်းကား လူရှုပ်လူပွေကို အမုန်းဆုံးပဲ သိလား"

"မြတ်လေး"

"အို. . . အို"

"ရှင်နော်"

မြတ်လေးညို တစ်ကိုယ်လုံး စိုင်းခမ်းမဏ်ရင်ခွင်ထဲမှာ မွှန်းကျပ်လိုက်ဖို့စွာ နွေးထွေးသွားသည်။ သန်မာသောလက်များကြားမှာ သူမကိုယ်လေး လှုပ်မရတော့ဘဲ စိုင်းခမ်းမဏ် ပြုသမျှ နေရသည်။ ပြင်းပြလှိုက်လှဲသော ချစ်အနမ်းများက အင်အားပြင်းထန်သော အချစ်မုန်တိုင်းကို ဖြစ်ထွန်းလာစေသလို. . .





မြတ်လေးညို၏ ပါးပြင်ပေါ် မျက်ရည်စီးကြောင်းလေးကို ဖြစ်ပေါ်လာစေပါသည်။

"ချစ်တယ်ဗျာ"

"ဟင်. . . အင်း"

အချိန်တွေ ရှည်ကြာသွားသည်။

"ဖြန်း"

"ဖြန်း"

ဘယ်နှစ်ချက်ရယ်လို့ မြတ်လေးညို မမှတ်မိနိုင်အောင် စိုင်းခမ်းမဏ်၏ မျက်နှာချောချောကို သူမလက်ကလေးများ နာကျင်လာသည်အထိ အဆက်မပြတ် ရိုက်နှက်နေမိရာမှ နောက်ဆုံး သူမမျက်နှာလေးကို လက်နှစ်ဖက်ပေါ် မှောက်အပ်ကာ တသိမ့်သိမ့် ရှိုက်ငိုလိုက်သည်။

"မြတ်လေးရယ်"

ချစ်ခြင်း၊ မြတ်နိုးခြင်းများ ပျော်ဝင်နေသည့်အသံဖြင့် ချစ်ရသူ၏ မျက်နှာလေးကို စူးစိုက်ကြည့်ရင်း. . . စိုင်းခမ်းမဏ် နှလုံးသားမှာ တသိမ့်သိမ့်ခံစားကြည်နူးလျက် သူမ သူ့ကို စိတ်ရှိသလောက် ထုရိုက်ပေါက်ကွဲခြင်းအပေါ်မှာ လုံးဝရှောင်ရှားခြင်းမပြုဘဲ သူမ စိတ်ကျေနပ်စေရန် တမင်အရိုက်အနှက်ခံခြင်း ဖြစ်ပါသည်။ ထို့နောက် သူမ ကိုယ်လေးကို တစ်ဖက်သို့ တိုးရွှေ့စေလိုက်ပြီး ကားကို သူကိုယ်တိုင် နေရာက မောင်းထွက် ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညိုခမျာ တသိမ့်သိမ့်ငိုရှိုက်နေဆဲမို့ သူ သက်ပြင်းချရှိုက်လိုက်သည်။

"လူရမ်းကား"

"လူရှုပ် လူပွေ၊ ရှင့်ကိုသိပ်မုန်းတယ်. . . သိပ်မုန်းတယ် သိလား"

"မြတ်လေး"

"ကျွန်မနာမည်ကို ရှင် မခေါ်နဲ့"

ခါးခါးသီးသီး တုံ့ပြန်အော်ဟစ်လိုက်ပုံက ကျားနာမလေးနှင့် တူလှသည်။ အခုအချိန်မှာ သူမ ဘာပြောပြော သူ မနာကျင်နိုင်ပါ။ ချစ်ခြင်း မြတ်နိုးခြင်းသာ သူ့ရင်မှာ ရှိနေပါသည်။

"ဒါဖြင့် မောင်ကမြတ်လေးကို ဘယ်လိုခေါ်ရမှာလဲ၊ ပြောပါဦး"

"ရှင်နဲ့ ကျွန်မကြားမှာ ဘာမှပြောစရာမရှိဘူး"

"မောင်ကတော့ပြောရမှာပဲ. . . မြတ်လေးကို မောင် သိပ်ချစ်တယ်. . . လက်ထပ်ပါရစေ အချစ်ရယ်"

ရင်ထဲမှာ ခံပြင်းဒေါသတွေနှင့် ရှက်မွှန်ပြာဝေစွာရှိနေရပါသော်လည်း မြတ်လေးညို လူရမ်းကားကို ဘာတစ်ခုမှ ပြန်မလုပ် နိုင်အောင် လူတစ်ကိုယ်လုံး တုန်ရီလျက်ရှိသလို. . . သူ့ကို ဘယ်နှစ်ချက်မှန်းမသိ မရေမတွက်နိုင်အောင် ထုရိုက်





ခြင်းတို့ကြောင့် သူမ လက်ကလေးများလည်း နာကျင်နေသည်။

"မြတ်လေးရယ်. . . မင်းလေးကို မောင်သိပ်ချစ်တယ် မြတ်နိုးတယ်ဆိုတာ ယုံကြည်လိုက်စမ်းပါ အချစ်ရယ်"

တစ်လမ်းလုံး သူက မြတ်လေးညိုကို သူ့ရင်ထဲက ခံစားခြင်းမေတ္တာတရားများကို နူးညံ့ညင်သာစွာ ရင်ဖွင့်ပြောကြားသော်လည်း သူမနားထဲဝင်မလာနိုင်အောင် ခံစားနေရသည့်အတွက် သူမ အိမ်နားအရောက် ခပ်လှမ်းလှမ်းနေရာမှ သူက ကားကို ထိုးရပ်လိုက်သည်နှင့် အကျဉ်းအကျပ်တစ်ခုထဲမှ လွတ်မြောက်သွားသူလို စိတ်သက်သာရာ ရသွားသည်။

"မြတ်လေး"

"ရှင်. . . ကျွန်မကို ဘာတစ်ခုမှ ထပ်မပြောပါနဲ့ တော့။ ကျေးဇူးပြုပြီး ကျွန်မကားပေါ်က အမြန်ဆုံး ဆင်းပါ"

"မြတ်လေးရယ်"

"အခုအချိန်မှာ မြတ်လေးစကားအတိုင်း မောင် လက်ခံ ပေးပါ့မယ်၊ ဒါပေမယ့် မြတ်လေးဟာ မောင့်ရဲ့ တစ်ဦးတည်းသော ချစ်ရသူဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့"

"မြတ်လေးကို မောင် သိပ်ချစ်တယ်"

သူ ကားပေါ်မှ ဆင်းသွားသည်နှင့် မြတ်လေးညို သူမ



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို နေရာမှ ဝေါခနဲ မောင်းထွက်ခဲ့သည်။ စိုင်းခမ်းမင်းက သူမ၏ကားလေး ခြံဝင်းအတွင်းသို့ မောင်း ဝင်သွားသည့်အထိ မျက်စိတစ်ဆုံး ငေးမောကြည့်နေပြီးမှ သက်ပြင်းရှိုက်လိုက်မိသည်။

မောင့်ရဲ့ . . . ချစ်သက်ရယ် . . .။

သိပ်ချစ်လွန်းတော့လည်း အခုလို မောင့်ရဲ့အချစ်တွေ ပေါက်ကွဲမိတာ မောင့်ရဲ့အပြစ်ပဲလားကွယ် . . .။

ချစ်ကို . . . မောင် သိပ်ချစ်တယ် . . .

မောင် . . . ဘာလုပ်ရမလဲဗျာ . . .။

◆◆◆◆◆





## အခန်း (၇)

"ရှင်"

"မာမီ ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်သမီး . . . သမီးလေးကို မောင်စိုင်းခမ်းမင်းတို့ မိဘတွေက တကယ့်ကို လိုလိုလားလား တောင်းရမ်း ပြောဆိုကြတာ ပါကွယ်"

"အို . . . ဟင့်အင်း . . . ဟင့်အင်း . . . မြတ်လေး အဲဒီလူကို လုံးဝမယူနိုင်ဘူး၊ မယူဘူး မာမီ"

"အဟင့် . . . ဟင့် . . . ဟင့်"

မြတ်လေးညိုမှာ သူမ လုံးဝ မသိလိုက်ရဘဲ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သက်ဖြစ်လာရသော မင်္ဂလာကိစ္စအတွက် စိုင်းခမ်းမဏ် သူမ အပေါ် လှုလည်ကျပုံ၊ သူစိတ်ထင်တိုင်း ရမ်းကားပြုမူ နေပုံများ အပေါ် မခံချင့်စိတ်ကလေးများဖြင့် ခံပြင်းခြင်းမကာ ခံပြင်းဒေါသ လေးများ ဖြစ်ကာ အခုလို သူမ ကိုယ်လေး တသိမ့်သိမ့်တုန်နေ သည့်အထိ ရှိုက်ငိုခြင်းဖြစ်သည်။

"အိုကွယ်. . . သမီးလေးကလည်း ဘာဖြစ်လို့ ငိုရတာ လဲကွယ်. . , မောင်စိုင်းခမ်းမဏ်ဆိုတာ မာမီတို့အတွက် ငြင်းစရာ မရှိအောင် အစစအရာရာ အဘက်ဘက်က ပြည့်စုံတယ် မဟုတ်လား၊ ပြီးတော့ သူကိုယ်တိုင်က မာမီ့သမီးလေးကို သိပ်ပြီး ချစ်မြတ်နိုးပါတယ်လို့ ဖွင့်ဟဝန်ခံပြောရှာ ပါတယ်ကွယ်"

ဖွင့်ဟပြောရှာပါတယ် ဆိုကတည်းက. . . မာမီစကားက စိုင်းခမ်းမဏ် ဘက်ကို အလေးသာထားပြီး ဖြစ်ပါကြောင်း မြတ်လေးညိုသိလိုက်ပါသည်။ မြတ်လေးညိုမှာသာ သူမအပေါ် ရမ်းကားစွာ ပြုမူပြောဆို ဆက်ဆံခဲ့သော စိုင်းခမ်းမဏ် အ ကြောင်းကို ပြန်တွေးမိတိုင်း ရှက်လန့်ခြင်း ဒေါသများဖြင့် မုန်း တီးစွာ အမုန်းကြိတ်ပစ်ချင်နေပါကြောင်း မာမီသို့မည် မဟုတ်ပါ။

"သူ့စကားကို မာမီတို့က ယုံနေတာလား. . . အဲဒီ စိုင်းခမ်းမဏ်ဆိုတဲ့ လူရှုပ်လူပွေဆိုတာရော မာမီသိရဲ့လား ဟင် သူက မြတ်လေးမာနကို ချိုးချင်နေတာ၊ ပြီးတော့ မြတ်လေး ကိုလည်း စော်ကားတယ်၊ သိပ်လူပါးဝတာ သိလား"





"မြတ်လေး. . . သူ့ကို မုန်းတယ် မာမီ"

"သိပ်မုန်းတယ်"

"ဩော်ကွယ်. . . သမီးကလည်း မောင်စိုင်းခမ်းမဏ်က သမီးပြောသလောက်လည်း မဆိုးပါဘူးကွယ်၊ မာမီ့သမီးလေး က လိမ္မာပါတယ်"

"မြတ်လေး အဲဒီလူကို လုံးဝ မယူနိုင်ဘူး မာမီ၊ အိမ် ထောင်ရေးကိစ္စကို စိတ်မဝင်စားခဲ့လို့လည်း အခုအချိန်ထိ ချစ်သူ ညီးစား မထားတာ မာမီတို့သိရဲ့သားနဲ့"

"အဟင့်. . . ဟင့်. . . ဟင့်"

"အေးပါကွယ်. . . မာမီ့သမီးလေးကလည်း တကယ့် ကလေးပေါက်စလေး ကျနေတာပဲ၊ ဒီကိစ္စကို သမီးတို့ကိုယ်တိုင် အချိန်ယူပြီး စဉ်းစားပါဦး"

"သူနဲ့ ပတ်သက်ပြီး မြတ်လေးမှာ ဘာမှ စဉ်းစားစရာ မရှိဘူး မာမီ၊ သူ့ကို မြတ်လေး လုံးဝ မယူနိုင်ဘူး၊ မာမီတို့ တ်အတင်း စီစဉ်မယ်ဆိုရင် မြတ်လေး အိမ်မှာမနေတော့ဘူး၊ ခြဦးတည့်ရာ လျှောက်သွားပစ်မှာပဲ သိလား"

"အိုကွယ်"

"မပြောကောင်း မဆိုးကောင်းတွေ. . . ကဲ. . . ကဲ၊ ဒီလောက်ကြီး ငိုမနေပါနဲ့. . . မာမီတို့ဘက်က ဘာစကားမှ န်ရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... တကယ်လား မာမီ"

"တကယ်ပေါ့... သမီးသဘောကို မေးကြည့်ပါရစေ ဦးလို့၊ မာမီတို့သဘောကတော့ သမီးကို မောင်စိုင်းခမ်းမဏ်နဲ့ သဘောတူတာပေါ့ကွယ်၊ အခုလို သမီးက မကျေနပ်ဘူးဆိုပြန် တော့လဲ ဒီကိစ္စကို ဆိုင်းထားရဦးမှာပေါ့"

မျက်ရည်ပေါက်ပေါက် ကျနေသော မြတ်လေးည တစ်ယောက် မာမီ့စကားကြောင့် ချက်ချင်းအငိုရပ်သွားကာ ရင်ထဲမှာ ကျေနပ် ပေါ့ပါးသွားရပါသည်။ ဘာပဲဖြစ်ဖြစ် စိုင်းခမ် မဏ် ဆိုသည့်လူကို လက်ထပ်ရတော့မည့်အရေးမှ ကင်းဝေး သွားသဖြင့် မျက်ရည်များကို သုတ်လိုက်သည်။

"ဆိုင်းမထားနဲ့မာမီ... မြတ်လေး ဒီတစ်သက် လုံး အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ၊ အန်တီနွယ့်လို အပျိုကြီးလုပ်ပြီး အေးအေးပဲ နေပါရစေ"

"အေးပါကွယ်... အေးပါ၊ သမီးသဘော အတိုင်း ဖြစ်ရမှာပေါ့... မာမီတို့စိတ်ပူအောင်သာ ဘာမှလျှောက် မလုပ်နဲ့ ဟုတ်လား"

"စိုင်းခမ်းမဏ်ဆိုတဲ့လူနဲ့ ဇွတ်ယူဖို့ မတိုက်တွန်းသရွေ့ မြတ်လေးကလည်း မာမီတို့စိတ်ချမ်းသာအောင် နေမှာပါ၊ စိတ် ပူအောင် လုံးဝ မလုပ်ပါဘူး..."

"အေးပါ... အေးပါ"





"ကဲ... မျက်ရည်တွေ စင်အောင် သုတ်ဦး... အလကား အလှတွေပျက်ကုန်ပြီ"

သမီးဖြစ်သူကို ဒေါ်သဇင်ချော့လိုက်သည်။ ကလေး တစ်ယောက်လို ကျေနပ်ပြုံးပျော်သွားသည့် သမီးချောကိုကြည့်ပြီး တစ်ဖက်ခြံက ခင်ခင့်သား စိုင်းခမ်းမဏ်ဆိုသည့် ခန့်ညားချော မောသည့် မျက်နှာကို ပြေးမြင်ယောင်လိုက်မိသည်။ မိဘနှစ်ပါး သဘောတူကြည်ဖြူရုံမက သားဖြစ်သူကိုယ်တိုင်က သမီးဖြစ်သူကို မြတ်မြတ်နိုးနိုး ချစ်ခင်စွဲလမ်းနေလျက် မအိပ်နိုင် မစားနိုင် ဖြစ်ပြီး သမီးဖြစ်သူကို တောင်းရမ်းပေးဖို့ ဇွတ် အတင်းပူဆာ သဖြင့် လာခဲ့ရပါကြောင်း ပြောလာသည့်စကားများကို ပြန်လည် ကြား ယောင်ပြီး သမီးချောကို အကဲခတ်သလိုကြည့်လိုက်သည်။

ကြည်လင်လှသော မျက်နှာလေးက ခုနတုန်းကနှင့် ဆန့် ကျင်ဘက် ပြုံးချိုနေသည်။ တစ်ဦးတည်းသော သမီးလေးမို့ ငုံထားမတတ် ချစ်ခင်မြတ်နိုးရခြင်းနှင့်အတူ သမီး၏အိမ်ထောင် ရေးကို မိဘတွေသဘောဆန္ဒတစ်ခုတည်းဖြင့် ဇွတ်အတင်းစီစဉ် ရမှာမျိုးတော့ မလုပ်ရက်ပါ။

မိဘတွေစိတ်ချမ်းသာသလို သမီးလေးပျော်ရွှင် နေတာ ကိုပဲ မြင်တွေ့ချင်ပါသည်။ ခင်ပွန်းသည်၏ သဘော ကတော့ ဒေါ်သဇင်နှင့် တစ်သဘောတည်းမို့ တစ်ဖက်ကို လုံး၀ ငြင်းစရာ ရှိပါသော်လည်း ငိုကြီးချက်မ ဖြစ်နေသော သမီးချောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို စကားလှအောင် ပြန်ရန် စဉ်းစား နေမိသည်။ ဒေါ်သဇင်အခန်းထဲကို ပြန်ရောက်တော့ ခင်ပွန်း သည်က စာဖတ်နေရာမှ မျက်လုံးလှန်ကြည့်ပါသည်။

"သမီးက ဘာတဲ့လဲ မာမီကြီး"

"အိမ်ထောင်မပြုချင်သေးဘူးတဲ့ ဒက်ဒီကြီးရေ... ငို လိုက်တာမှ ကလေးလေးကျနေတာပဲ... သဇင်ဖြင့် မနည်း ချော့ခဲ့ရတယ်ရှင့် သိလား"

"ဒါဖြင့် တစ်ဖက်ကို ဘယ်လိုအကြောင်းပြန်ကြမလဲ၊ တကယ်တော့ သူတို့ဘက်က ငြင်းစရာအကြောင်းပြချက် မရှိ ဘူးဗျာ"

"ဒီလိုပဲ... အဆင်ပြေအောင် ကြည့်ပြောရတော့မှာ ပေါ့ရှင်... လူကြီးတွေ သဘောတူနေကြပေမယ့် သူတို့ လူငယ်တွေ ကြားမှာက ဘာပြဿနာတွေရှိနေမှန်းမှ မသိတာ၊ သမီးကြည့်ရတာ မောင်စိုင်းခမ်းမဏ်ကို စိတ်ဆိုးနေပုံပဲ၊ ခင်ခင် တို့ကို နားလည်အောင် ပြောပြရမှာ ကိုရယ်"

"ကိုယ့်သဘောကတော့ အိမ်ထောင်ရေးမှာ သမီးစိတ်ကြိုက် ဖြစ်စေချင်တာပဲ၊ သမီးလေးကို ဘာအတွက်နဲ့မှ စိတ်မဆင်း ရဲစေချင်ဘူး"

"သိပါတယ်ရှင်... သိပါတယ်၊ ဒါကြောင့်လည်း ခင်ခင် တို့ လာပြောကတည်းက သမီးသဘောကို မေးကြည့်ပါဦး မယ်လို့





အကြောင်း ပြန်ခဲ့တာပေါ့"

တစ်ဦးတည်းသော အချစ်ဆုံးသမီးလေးမို့ မျက်နှာ တစ်ချက်ညှိုတာကို မလိုချင် ပြုံးပျော်နေတာကိုသာ တွေ့မြင် ချင်ကြသူများ ဖြစ်သည့်အတိုင်း တစ်ဖက်က သမီးရှင်တစ် ယောက်အနေနဲ့ လုံးဝ ငြင်းစရာမရှိဘဲ လိုလားစွာလက်ခံ ရမည့် အခြေအနေမှန်သော်လည်း သမီးမကျေနပ်သည့်ကိစ္စမို့ ဆက်ပြီး ဆိုက်တွန်းရက်တော့ပါ။

မာမီ့ထံမှ အဖြေစကားကြောင့် စိုင်းခမ်းမဏ် မအံ့ဩ သမယ့် ရင်ထဲမှာတော့ တင်းကျပ်နေသည်။ မြတ်လေးညိုကို သူ့ အလွယ်နှင့် ပိုင်ဆိုင်ခွင့်မရနိုင်တာကို သူနားလည်သဘော ပေါက်ထားပါသည်။ အထူးသဖြင့် သူ့အပေါ်မှာ အမြင်တစ်မျိုး ယူးနှင့် ခါးခါးသီးသီး ဖြစ်နေသော မြတ်လေးညိုအနေဖြင့် သူ့နာမည်ကို ကြားတာနှင့်ပင် ဘယ်လောက်များ ဒေါသဖြစ်နေ လိုက်မလည်း မသိပါ။

"ဒါဆို... သူက သားကိုလုံးဝ လက်မခံတော့ဘူး ပေါ့လား မာမီ"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွယ်... သဇင်တို့က မာမီ့ သားကို သဘောကျလက်ခံပါတယ်၊ သားနဲ့သမီးလေးကို လည်း သဘောတူကြပါတယ်၊ ခက်နေတာက သမီးလေးက အိမ်ထောင် မပြုချင်သေးဘူးလို့ သားကိစ္စကို ငြင်းတယ် ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ကျောင်းပြီးမှပဲ ဒီကိစ္စကို ဆွေးနွေး
တာပေါ့၊ ဒီလောက်ဆို သားကျေနပ်ပြီလား"

မာမီ့စကားကို သူ ကျေကျေနပ်နပ် မကျေနပ်နပ် ခေါင်း ညိတ် လက်ခံလိုက်ရပါသည်။ လူကြီးချင်း စကားလှအောင် ပြောထားပေမယ့် သူ့ကို တမင်လက်မခံချင်လို့ အခုလို လုပ်မှန်း သူ့စိတ်ထဲက ကြိုတင် သိနေတော့လည်း ခက်လှပါသည် စိုင်းခမ်းမဏ်ဆိုတာကလည်း လိုချင်တာကိုရမှ ကျေနပ် သူ ဘယ်လောက်ခက်ခဲနေပါစေ... မြတ်လေးညိုကို ဆုရအောင် ယူရန် ဆုံးဖြတ်ထားပြီးပါပြီ။

နှစ်ဖက်လူကြီးတွေ အားလုံးသိအောင် သူ့သဘော သူ့ဆန္ဒကို အတိအကျ အသိပေးကြေငြာပြီးသား ဖြစ်သွားပြီ မြတ်လေးညို မိဘတွေက အလိမ္မာသုံးပြီး ယဉ်ယဉ်လေး ငြင်းပယ် လိုက်တာကို သိသိကြီးနှင့် သူ့ဘက်က ဘာမှမဖြစ် သလို ငြိမ်သက်နေမည် မဟုတ်ပါ။ မြတ်လေးညိုကို သူ သိပ်ချစ် နေမိပြီ ထိုချစ်မြတ်နိုး ရခြင်းနှင့်အတူ သူမကို အမြန်ဆုံး ရယူ ပိုင်ဆိုင် ချင်နေသည်။ ဘာအတွက်နှင့်မှ သူမကို အဆုံးရှုံး မခံနိုင်တာ သူပဲ သိသည်။

"မြတ်လေး"

"ဟင်... ရှင်"

ကျောင်းမှာ သူနှင့် မြတ်လေးညို မျက်နှာချင်းဆိုင်





ကြခြင်း ဖြစ်သည်။ တင်းမာ မှုန်ကုတ်သွားသည့် မြတ်လေးညို၏ မျက်နှာလှလှလေးကို ကြည့်ကာ... သူ့ရင်ထဲမှာ သိမ့်ခနဲ ဖြစ် သွားသည်။

"ဒါ ဘာလုပ်တာလဲ... ရှေ့ကဖယ်ပါ"

"ကိုယ် မြတ်လေးနဲ့ စကားပြောစရာရှိတယ်"

"ရှင့်လိုလူနဲ့ ကျွန်မမှာ ဘာစကားမှ ပြောစရာမရှိဘူး"

"ရှင် ကျွန်မ ရှေ့ကဖယ်ပါ"

"မဖယ်နိုင်ဘူး ဆိုရင်ရော"

"ဟင်"

ကျောင်းထဲမှာမို့ ဒေါသဖြစ်နေပေမယ့် စိတ်ထဲရှိသည့် အတိုင်း ပြော၍လုပ်၍မဖြစ်သဖြင့် မြတ်လေးညို အံလေးကြိတ် ထားမိသည်။ မြတ်လေးညိုနှင့် စိုင်းခမ်းမဏ် ဆိုသည်က ကျောင်းလုံးက စိတ်ဝင်စား လူသိများကြသူများ ဖြစ်ကြ အတိုင်း... အခုလို နှစ်ယောက်အတူရှိနေတာ ကိုပင် က စိတ်ဝင်စားသလို အကြည့်များဖြင့် ရှိနေကြသလို စကားဆိုလျက် ရှိနေကြသူများလည်း ရှိနေပါသည်။

ထို့ကြောင့်... လူအများရှေ့မှာ စိုင်းခမ်းမဏ်နှင့် သူမ များ ရန်ဖြစ်နေ၍ မသင့်တော်၊ သူမကို ပိတ်ရပ် နေသည့် ကွင်းရှောင်ကာ ကားရှိရာသို့ လျှောက်ခဲ့သည်။

"အို... ဒါ ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေးကားနဲ့ လိုက်မလို့"

စိုင်းခမ်းမဏ် စကားကြောင့် မြတ်လေးညို မျက်နှာ လှလှလေးမှာ ရှက်စိတ်ဖြင့် ရဲရဲနီသွားကာ အံ့လေးကြိတ်လိုက် မိသည်။ ဒီလိုအချိုးမျိုးနှင့် သူ မြတ်လေးညိုကို ဟိုတစ်နေ့ည သူငယ်ချင်း၏ မွေးနေ့အပြန်မှာ လူရမ်းကားလုပ်ခဲ့တာကို ပြ သတိရမိလိုက်သောကြောင့် ဖြစ်သည်။

"ဒီမှာ... ရှင်နဲ့ စကားမများချင်ဘူး"

"ဖယ်ပါ"

"မောင် မလိုက်ရရင် မြတ်လေးလည်း မသွားရဘူး"

"ဘာ..."

"ရှင်... ရှင်"

"ရှူး..."

"တိုးတိုး... ဟိုမှာ မောင်တို့ကို လူတွေဝိုင်းကြည့်ေ ကြတာ တွေ့လား"

တွေ့ပါသည်။

မြတ်လေးညိုနှင့် သူ့ကို စိတ်ဝင်တစားကြည့်ရှု အ ခတ်နေကြသူများကြောင့် ရင်ထဲက ဒေါသ အစိုင်အခဲ ဖောက်ခွဲခွင့် မရတော့ဘဲ ဆောင့်ဆောင့်အောင့်အောင့် နှင့် မြတ်လေးညိုကားလေးနှင့် သူ့ကို လိုက်ခွင့်ပြုလိုက်ရပါပြီ။ ကား လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသလို မြတ်လေးညို့ တို့က ဇွတ်





အနိုင်ယူနေသူကိုလည်း ဒေါသလေးတွေနှင့် အမှုန့်ကြိတ်ပစ်ချင် နေသည်။

"ပြော... ရှင့်ကို ဘယ်ပို့ပေးရမလဲ"

"မြတ်လေးနဲ့အတူ အိမ်ပြန်မယ်"

"ဘာရှင့်"

"ဒီမှာ... တော်ရုံပဲလုပ်ပါဝပါ၊ ဘာကိစ္စနဲ့ ကျွန်မက ရှင်နဲ့အတူအိမ်ပြန်ရမှာလဲ၊ ရှင့်ဘာသာ ကြိုက်တဲ့ကား ငှား စီးပြီးပြန်..."

"ကျွိ"

ပြောပြောဆိုဆို ကားကို လမ်းဘေးတစ်နေရာမှာ စိတ် လိုက်မာန်ပါလေး ထိုးရပ်ပစ်လိုက်သည်။

"ကဲ... ဆင်း"

"မဆင်းဘူး"

"ဟင်... ရှင်"

မြတ်လေးညို ဒေါသဖြင့် စိုင်းခမ်းမဏ်၏ မျက်နှာ ချောချောကို မော့ကြည့်လိုက်တော့ သူက မြတ်လေးညို၏ မျက်နှာလှလှလေးကို မျက်ဝန်း တောက်တောက်များဖြင့် ရီဝေ ရွှန်းလဲ့စွာ အကြည့်တစ်မျိုးဖြင့် စူးစူးစိုက်စိုက် ကြည့်ငေး နေခြင်း ကြောင့် မြတ်လေးညိုရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားကာ ပါးတွေ ရဲမြန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မြတ်လေးကို သိပ်ချစ်တယ်ကွာ . . . မောင့်ကို ပြန်ချစ်ပါ မြတ်လေးရယ်"

"အို"

သူ့ကိုယ်သူ အရှက်မရှိ တစ်မောင်တည်း မောင် နေသည့် လူကြောင့် မြတ်လေးကိုယ်လေး ဆတ်ခနဲတွန့်သွား ရသည်။ မီနီကလေးပေါင်း မြောက်မြားစွာကို ထည်လဲတွဲခဲ့သည့် လူတစ်ယောက်က မြတ်လေးညိုကို သိပ်ချစ်တယ် ဆိုပါလား။

မြတ်လေးညို ဒီလောက် မအသလို ခပ်တုံးတုံးလည်း မဟုတ်ပါ။ သူ မြတ်လေးညိုကို တမင်ချိုးချင်လို့ ချဉ်းကပ်နေတာ သူမ မသိဘူးများ ထင်နေလို့လား. . .။

"ဒီမှာ. . ."

"ရှင့်ကို ကျွန်မတစ်ခုခု မလုပ်မိခင် အခု ချက်ချင်း ကျွန်မ ကားပေါ်ကဆင်းပါ"

"မြတ်လေး"

မြတ်လေးညိုမထူးပါ။

သူ့ကိုလည်း လှည့်မကြည့်၊ မြတ်လေးညိုကားပေါ်မှာ ပေကပ်ထိုင်နေသည့်သူ့ကို သူမကားပေါ်က အမြန်ဆုံးဆင်း သွားအောင် ဘယ်လိုလုပ်ရပါ့ပဲဟု အကြံထုတ်နေမိသည်။

"မြတ်လေး. . . မကြိုက်တာရှိရင် အားလုံး မောင့် ဘက်က ပြုပြင်ပါ့မယ်. . . မြတ်လေးစိတ်ကြိုက်ဖြစ်စေရမယ်၊





အဲဒါ မောင် မြတ်လေးကို သိပ်ချစ်လို့ဆိုတာ မြတ်လေး သိရဲ့ လား"

"အဟင်း. . . ဟင်း. . . ဟင်း"

သူ့စကားကြောင့် မြတ်လေးညို အသံထွက်၍ရယ်မော ခဲ့လိုက်သည်။ သူက သူ့ကို ခပ်လှောင်လှောင်လေး ရယ် နေ သော ချစ်ရသူ၏ မျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း သူ့အချစ်ကို နည်းနည်းမှ အယုံအကြည်မရှိသူလေး အတွက် ပြင်းခြင်း တစ်ဝက်နှင့်အတူ အံသည်းယားနေမိသည်။

"အဲဒီလို အပြောတွေနဲ့ မိန်းကလေးတွေ ဘယ်နှစ် ယောက်ကို အသည်းခွဲတမ်း ကစားခဲ့ပြီးပြီလဲ"

"မောင့်ကို မလှောင်ပါနဲ့ မြတ်လေး. . . မြတ်လေး တစ်ယောက်ကိုပဲ မောင်ချစ်တာပါ"

"ကျွန်မရဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ရှင့်ကြောင့်ဖြုန်းတီး ခံနိုင်ဘူး"

"ရှင်. . . ကျွန်မကားပေါ်က ဆင်းပါ"

တင်းမာ ခက်ထန်စွာပြောလိုက်သော်မယ့် စိုင်းခမ်းမောက် ထိပ်ရှားခြင်း လုံးဝမရှိဘဲ မြတ်လေးညိုမျက်နှာလေးကို မရယ် မပြုံး စူးစိုက်ကြည့်ငေးနေခြင်းကြောင့် မြတ်လေးညိုမှာ ရှက်စိတ် နှင့်အတူ ဒေါသလေးများ ဖြစ်လာသည်။

"တီ. . . တီ"



www.burmeseclassic.com

၄ www.burmeseclassic.com



"ဟာ. . . မာမီ့ကားပါလား"

"အို ဒုက္ခပဲ"

မြတ်လေးညို ကားနားမှာကပ်ပြီး စိုင်းခမ်းမဏ်မာမီ၏ ကားလေး ရပ်သွားသလို. . . ကားထဲက စိုင်းခမ်းမဏ်မာမီ ဆင်း လာခြင်းကြောင့် မြတ်လေးညိုမှာ အနေရခက်သွားသလို ရှိ သော်လည်း စိုင်းခမ်းမဏ်ကတော့ သူ့မာမီကို ပြုံးရွှင်စွာ ဆီးကြို နှုတ်ဆက်နေပါသည်။

"ကြည့်စမ်း. . . သမီးနဲ့သား ဒီမှာ ဘာရပ်လုပ်နေကြ တာလဲ၊ ကား တစ်ခုခုဖြစ်လို့လား သမီးလေး"

"ဟို. . . မဟုတ်ပါဘူး အန်တီ"

"မြတ်လေးက သားကို စိတ်ကောက်နေလို့ မာမီ၊ လမ်း လယ်မှာ ကားကြီးရပ်ပြီး သားကို ဇွတ်အတင်း ဆင်းခိုင်းနေလို့ သားက တမင်မဆင်းသေးဘဲ သူ့ကို ချော့နေတာပါ"

"အို. . . မဟုတ်ဘူး"

"ဪ. . . အဟင်း ဟင်း၊ မာမီ့သားက လူဆိုးလေး သမီးရဲ့၊ အိမ်က ကားယူမသွားပါဘူးမှတ်နေတာ သမီးလေး စိတ်ကောက် နေတာကို ချော့မ်လို့ကိုး၊ သားက သူဖြစ်ချင်တာကို ဇွတ်တရွတ် သိပ်လုပ်တတ်တာ၊ သမီးလို နိုင်မယ့်သူ ရှိမှ ကောင်းတာ"

"ကဲ. . . ဒါဆို မာမီသွားပြီနော် သားနဲ့သမီးလေး"





မြတ်လေးညို ရှင်းပြရန် အချိန်မရလိုက်သလို စိုင်းခမ်း မဏ် ၏ စကားများကို အဟုတ် ထင်မှတ်သွား ပြီးနောက် ဒေါ်ခင်ခင် တစ်ယောက် အလှပဆုံး အပြုံးတွေနှင့် သူ့ကားပေါ် ပြန်တက်ကာ ဝေါခနဲ မောင်းထွက်သွားလိုက်ပြီ ဖြစ်သည်။ စိုင်းခမ်းမဏ်မာမီက သူတို့နှစ်ယောက်စလုံးကို အပြုံးနှင့် လက်ပြ နှုတ်ဆက်သွားသောကြောင့် မကောင်းတတ်၍ မြတ်လေးညိုမှာ အလိုက်သင့်လေး ပြန်ပြီး နှုတ်ဆက်လိုက်ရပေမယ့် စိတ်ထဲမှာတော့ သူမနှင့် စိုင်းခမ်းမဏ်ကို လုံးဝအထင်မှားသွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

"ရှင်. . . အန်တီ့ရှေ့မှာ ဘာတွေလျှောက်ပြောလိုက် တာလဲဟင်. . . ရှင့်ကြောင့် အန်တီက ကျွန်မကို အထင်လွဲ သွားပြီရှင့် သိရဲ့လား"

"ဘာမှ အထင်လွဲစရာမရှိဘူး၊ အဖြစ်မှန်ကလည်း ဒီ အတိုင်းပဲ မြတ်လေးကို မောင်ဘယ်လောက်ချစ်တယ်ဆိုတာ မာမီရော အန်တီသဇင်ရော အားလုံးသိတယ်"

"မောင်ချစ်တာကို မသိတာက မြတ်လေး တစ်ယောက် တည်း ရှိတယ်"

"ဟင်"

"မောင်နဲ့ မြတ်လေး လက်ထပ်ဖို့ကိစ္စကို မြတ်လေး ကျောင်းပြီးတဲ့အထိ မောင် မစောင့်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်. . . ဘာပြောတယ်"

"ဒီစကားတွေကို အခုလို လမ်းမကြီးမှာ ကားအကြာကြီးရပ်ပြီး ပြောလို့ကောင်းတာ မဟုတ်ဘူး၊ မောင်တို့ တစ်နေရာမှာ စကားပြောမှဖြစ်မယ်"

"တောက်"

မခံမရပ်နိုင်စွာ ဒေါသ အလုံးအရင်းနှင့်ပင် ကားလေးကို နေရာမှ ဆောင့်အောင့်ပြီး ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့သည်။ ရင်ထဲမှာတော့ စိုင်းခမ်းမဏ်၏ ပိုင်စိုး ပိုင်နင်း အပြောအဆို အပြုအမူများကြောင့် မီးတောင်တစ်ခုလို အရှိန်ပြင်းစွာ ပေါက်ကွဲချင်နေသည်။

သူပြောချင်ရာ လျှောက်ပြောရအောင် သူ့မှာဘာအခွင့်အရေးရှိလို့လဲ. . .။ မြတ်လေးနှင့်သူဆိုတာ တရားဝင်ချစ်သူ ရည်းစားတွေ မဟုတ်သလို. . . သူ့ကိုပင် ခါးခါးသီးသီး မုန်းတီးနေမိသူ။ ဒါကိုပင် သူက မြတ်လေးညို့ရင်ထဲက ခံစားချက်ကို ထည့်မတွက်သလို. . . ဂရုမစိုက်သလိုနှင့် ကျောင်းပြီး သည့်အထိ လက်ထပ်ဖို့ကိစ္စကို မစောင့်နိုင်ပါ ဘာညာနှင့် စကားပြောပုံကတော့ သိပ်လူပါးဝလှသည်။

"ကျွိ"

ကားကို လူရှင်းသည့်ကန်တော်ကြီး ဇောင်းတစ်နေရာမှာ ထိုးရပ်ပစ်လိုက်သည်။ ဒီနေ့တော့ ဒီကိစ္စကို အပြတ်ရှင်းမှ ဖြစ်





မည်။ လူ အများကြားမှာ ဒီလူလုပ်နေပုံတွေကို အသည်း ယားလှပါသော်လည်း ကိုယ်က မိန်းမသားမို့ အရှက်မကွဲ ချင်သဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းနေခဲ့ရသည်။

ဒါကို အခွင့်ကောင်းယူကာ သူကလည်း အရှက်မရှိ ရဲတင်းချင်တိုင်း ရဲတင်းနေတာဖြစ်သည်။

"ဒီမှာ. . ."

"ခုနတုန်းက ပြောတဲ့စကားကို ရှင် ပြန်ပြောစမ်း"

"မောင်နဲ့မြတ်လေး လက်ထပ်ဖို့ကိစ္စလား"

"အို. . . ရှင့်ကိုယ်ရှင် တစ်မောင်တည်း မောင်နေ ရအောင် ရှင့်မှာ နည်းနည်းလေးမှ ရှက်တတ်တဲ့စိတ် မရှိတော့ ဘူးလား"

"အဟွန်း. . . မောင့်ချစ်သူကို မောင်လို့ ပြောတာ ရှက်စရာမလိုပါဘူး"

"ဘာ ရှင့်ချစ်သူလဲ. . . ရှင့်ကိုမုန်းနေတဲ့သူ သတ်ပစ်ချင်နေတဲ့သူ ရှင့်၊ သိရဲ့လား"

"ဒါ မြတ်လေးဘက်က ဖြစ်နေတာပဲ. . . မောင့်အတွက်တော့ မြတ်လေးဟာ မောင့်ချစ်သူ၊ လက်ထပ်ရမဲ့သူပဲ ပြီးတော့ မောင်တို့လက်ထပ်ရမယ့်ကိစ္စကို ကျောင်းပြီးတဲ့အထိ စောင့်နိုင်ဘူး"

"ဟင်. . . ရှင့်ကို ဘယ်သူက ကျောင်းပြီးမှ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မယ်လို့ ပြောလို့ ရှင်က ဒီစကားတွေ ပြောနေရတာလဲ"

မြတ်လေးမှာ ဒေါသဖြင့် တစ်ကိုယ်လုံး တုန်ယင် နေပါသည်။ မြတ်လေး ထူပူပြာဝေနေသလောက် သူ့ပုံစံ ချောချော ကတော့ တည်တည်ငြိမ်ငြိမ် သက်သာအေးဆေးစွာ ရှိနေတာ ကိုကြည့်ပြီး သူမရင်မှာ အခံရခက်နေသည်။

"ဒီကိစ္စကို မြတ်လေး တကယ်မသိဘူးလား"

"ကျွန်မက ဘာကိုသိရမှာလည်း"

"မောင့်မိဘတွေနဲ့ မြတ်လေးကို တောင်းခိုင်းတုန်းက မြတ်လေး မာမီကိုယ်တိုင် မောင့်မိဘတွေကို ပြောခဲ့တာပဲ"

"ဘာလဲ. . . မာမီက ရှင့်မိဘတွေကို ဘာပြော တာလဲ"

"မြတ်လေးက မောင့်ကို ကျောင်းပြီးမှ လက်ထပ် ပါရစေ ဆိုတာလေ"

"ဟင်"

"အို မဟုတ်ဘူး. . . ကျွန်မအဲဒီလို မာမီ့ကို မပြော ဘူး၊ ရှင့်ကို လုံးဝ လက်မထပ်နိုင်ဘူးလို့ပဲ ပြောခဲ့တာရှင့် သိရဲ့လား၊ ရှင့်ကို ကျွန်မ မုန်းတယ်"

သူ မြတ်လေးညိုမျက်နှာလှလှလေးကို ရင်နာစွာ စူး စိုက်ကြည့်ပစ်လိုက်သည်။

"မုန်းတယ် ဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်"





"မင်း ဘယ်လောက်မုန်းမုန်း မောင်ကတော့ မောင့် ချစ်သူကို မရရတဲ့နည်းနဲ့ လက်ထပ်ရမှာပဲ"

"ဟင်း. . . ရှင်ကများ လူကို"

"ကဲဟယ်"

"ဟာ. . . ဟိတ်"

"အား"

သူ့အလစ်မှာ မြတ်လေးညိုက သူ့ကိုယ်ကြီးကို အားကုန် အားဆောင့်တွန်းထည့်လိုက်ပြီး၊ ကားကိုနေရာမှ အမြန်နှုန်းနှင့် မောင်းထွက်ခဲ့လိုက်သည်။ သူဘယ်လိုပုံစံဖြစ်ပြီး ကျန်ရစ် တာလဲဆိုတာ သူမ လုံးဝ စိတ်မဝင်စားပါ။ မာမီ ကိုယ်တိုင် မြတ်လေးညိုနှင့်သူ့ကို ကျောင်းပြီးမှ လက်ထပ် ပေးမည်ဆိုသည့် စကားကို ပြောမပြောသိချင်ဇောဖြင့် အိမ်ကိုသာ ဦးတည် မောင်းခဲ့ပါသည်။ ကားကို ခြံဝင်းအတွင်း ခပ်ကြမ်းကြမ်း ကွေ့ဝင် လိုက်ပြီး. . . ပေါ်တီကိုအောက်မှာ ကားရပ်ကာ မာမီ့ကို တစ်အိမ် အနှံ့ အပြေးအလွှား လိုက်ရှာမိသည်။

"မာမီ"

"မာမီ"

"မေမေကြီး မရှိဘူး မမလေး. . . ဟိုဘက်အိမ်ကို ရှိလို့သွားပါတယ်"

"ဟိုဘက်အိမ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အိမ်ဖော်မလေးစကားကြောင့် မြတ်လေးညို မျက်နှာလေး တွန့်သွားသည်။ စိုင်းခမ်းမဏ်နှင့် သူမတို့နှစ်ယောက်ကို သူ့မာမီ ကိုယ်တိုင် သူမကားပေါ်မှာ မြင်တွေ့သွားတာကိုများ မာမီ သိအောင် ပြောပြလေမလားလို့ စိတ်ထဲကထင့်ခနဲ တွေးမှု စိုးထိတ် သွားသဖြင့် မျက်နှာလှလှလေး သိသာစွာ ပျက် သွားသည်။

"သူ့သားကိုယ်တိုင်က မြတ်လေးညိုနှင့် ချစ်သူတွေ ဖြစ်နေကြသလိုမျိုး ပြောခဲ့ရုံမက. . . သူကိုယ်တိုင်လည်း မြတ်လေးညိုကားပေါ်မှာ အခန့်သား ရောက်နေတာဆိုတော့ သူ ဘယ်လောက်ငြင်းငြင်း လူကြီး မိဘတွေက လက်ခံယုံ ကြည်ရှေ ကြပါ့မလား. . . တွေးရင်း သူမ စိတ်ညစ်ညူး ရှုပ်ထွေးလာသည်။

"သွားတာ ကြာပြီလားအစမ်း"

"သိပ်မကြာသေးပါဘူး မမလေး"

မြတ်လေးညို ဘာမှ မပြောတော့ဘဲ အပေါ်ထပ်က သူမ အခန်းရှိရာကို အပြေးလေးတက်ခဲ့ပြီး တစ်ဖက်ခြံထဲကို လှမ်းကြည့် လိုက်သည်။

"အို"

စိုင်းခမ်းမဏ်ဆိုတဲ့လူ ပြန်လာတာ မြန်လှချည်လား. . .

သူပြောသလို. . . သူ့ကားပါမလာသဖြင့် အငှားကား ကို အိမ်ပေါက်ဝမှာ ငွေရှင်းပေးပြီး ခြံထဲကို တစ်ယောက်တည်း





လျှောက်ဝင်လာခြင်းသည် အသားဖြူဖြူ မျက်ခုံးနက်နက် အရပ် မြင့်မြင့်နှင့် စိုင်းခမ်းမဏ်ပုံစံက ဘယ်လိုပဲကြည့်ကြည့် ယောကျ်ား ပီသစွာ ခန့်ညားချောမွေ့ကာ စတိုင်လ်ကျကျနှင့် မိန်းကလေး အများစု စိတ်ဝင်စားယဉ်ချင်စရာ ပျိုတိုင်းကြိုက်ရုပ်မျိုးဖြစ်တာကို ဝန်ခံပါသည်။

ချမ်းသာကြွယ်ဝခြင်းနှင့် ချောမောခြင်းတို့ ပေါင်းစပ် ဖွဲ့စည်းထားသော သူ့လိုလူတစ်ယောက်အတွက် မိန်းကလေး ပေါင်း မြောက်မြားစွာကို အရုပ်ကလေးတွေလို ဆော့ကစား နိုင်သည်မှာ သိပ်တော့ မဆန်းကြယ်ပါ။ ဒီလိုလူတစ်ယောက်မှာ အချစ်ဆိုတာ ရှိသေးလို့လား. . .။ သူ့လိုလူတစ်ယောက်၏ ပေါင်းစပ်ဖျားက ထွက်လာသည့် အချစ်ဆိုသည့် စကားကို မြတ်လေးညို အယုံအကြည် လုံးဝမရှိပါ။

"ဟော. . . ဟိုမှာ မာမီတို့နှစ်ယောက်နဲ့အတူ သူ စကား တွေရှုပ်ပြောနေပါလား. . .၊ အဲ. . . သူ့မာမီကလည်း ရယ်ရယ် မောမောနဲ့ မာမီ့ကို ဘာတွေဝင်ပြောနေသလဲ မသိပါဘူး"

ဟွန်း. . . ရုပ်ကိုက ပြုံးစိစိနဲ့ အကြောင်းမသိရင် ဘာတယ့် လူလိမ္မာလေးလိုလို ဘာလိုလိုနဲ့. . .။

လိုက်ကာစများကြားမှ အသာချောင်းကြည့်ရင်း မာမီ နှင့် စိုင်းခမ်းမဏ်တို့ သားအမိ ရယ်မောစကားပြောနေခြင်းကို သဘောမကျနိုင်ဘဲ ရင်ထဲမှသံသယစိတ်တွေ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ မာမီနှင့် ဒက်ဒီတို့ကလည်း မြတ်လေးညိုကို သနား သဲဘောတူနေပုံမျိုးမို့ သူပဲ စိတ်ရှုပ်နေမိသည်။

မြတ်လေးညိုအပေါ်မှာ သူ စိတ်ကုန်စိတ်ပျက် သွား အောင် ဘယ်လို လုပ်ရမှာပါလိမ့်။ အခုအချိန် အထိ မြတ်လေးညိုမှာ ချစ်သူရည်းစား တစ်ယောက်မှရှိမနေခြင်းကသ သူ့အတွက် လှုပ်ဝချင်စရာ ဒွတ်တရွတ်ပြုချင်ရာ ပြုမူနေစရာ ဖြစ်နေသလား မပြောတတ်ပါ။

လိုက်ကာစလေးကို အသာချပြီး အိပ်ရာထက်မှ ကိုယ်ကို ပစ်လှဲလိုက်သည်။ မျက်ဝန်းအစုံအမှိတ်မှာ ခန့်ညား ချောမောသော စိုင်းခမ်းမဏ်၏ ရုပ်သွင်က ထင်းခနဲ ပေါ်လာ သဖြင့် ဦးခေါင်းကို ခါယမ်းပစ်လိုက်သည်။

သွားစမ်းပါ... မုန်းလိုက်တာ...။

◆ ◆ ◆





## အခန်း (၈)

"ဟော"

မြတ်လေးညိုရင်ထဲ ကျိတ်ပြီးပျော်သွားသည်။ မျက်နှာ ...င်းဆိုင်မှာ စိုင်းခမ်းမဏ်ဆိုသည့်လူ ရှိနေသဖြင့် ကိုဇင်အနား ...ပို၍ကပ်တိုးလိုက်ပြီး အလှဆုံးအပြုံး၊ အချိုလွင်ဆုံး အသံလေးဖြင့် ...ယ်မောကာ ကိုဇင်နှင့် စကားဖောင်ဖွဲ့နေလိုက်သည်။ ကိုဇင်က ...ာ့ စိုင်းခမ်းမဏ်ထံမှ မကျေမနပ်ဖြစ်နေ သည့် စူးရှသော ...တ်ဝန်းအစုံကို သတိထားမိဟန် မတူဘဲ မြတ်လေးညို ...ာဆိုမေးမြန်းသမျှကိုသာ စိတ်ဝင်တစား ပြောဆို ဖြေကြားလျက် ...ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားမဖြူမညို ယောကျ်ားပီသစွာ ခန့်ညားချောမော သော ထိုလူကို မြတ်လေးညိုအနားမှာ စိုင်းခမ်းမဏ် မကြာ ခဏတွေ့မြင်နေရသဖြင့် ထိုလူ့ရုပ်သွင်ကို ကောင်းစွာမှတ်မိ နေသလို... သူ့အသည်းကို အပ်နှင့်ဆွသလို အခံရခက် စေသည့် အပြုအမူများကို တမင် လုပ်နေသူလေးကို စူးစူး ရှုကြည့် ပစ်လိုက်သည်။

မြတ်လေးညိုက သူရှိနေတာကို လုံးဝ ဂရုစိုက်ဟန် မပြဘဲ ထိုလူ၏ကားနှင့်ပင် သူ့မျက်စိရှေ့က လှလှပပလေး နှစ်ယောက်အတူ လိုက်ပါသွားပုံက စိုင်းခမ်းမဏ်ရင်ကို မီးတ ရှို့လိုက်သလို ပူလောင်သွားသည်။ မနာလိုခြင်း၊ ဝန်တိုခြင်းများ နှင့်အတူ သူမကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာကို စိုးထိတ် ကြောက်ရွံ့လာသည်။ အိမ်အပြန် လမ်းတစ်လျှောက်လုံး သူ့အတွေးထဲမှာ မြတ်လေးညို၏ မျက်နှာလှလှကလေးက လွှမ်း မိုးလာ၏။

"မာမီ"

"မာမီ"

"ဘာလည်းသား... ဘာဖြစ်တာလည်း"

အိမ်ထဲကို အပြေးအလွှား ဝင်လာသော သား ဖြစ် ကြောင့် ဒေါ်ခင်ခင် အလန့်တကြားလေး ဖြစ်သွားပြီး သား ရာကို အပြေးလေး ရောက်လာပြီး မေးလိုက်ခြင်း ဖြစ်သည်။





"သား... မြတ်လေးနဲ့ စေ့စပ်ထားချင်တယ် မာမီ ရယ်"

"အလိုရှင်... ဒါက ဘယ်လို ဖြစ်လာတာတုန်း သားရယ်၊ သမီးလေး မြတ်လေးကရော ဒီကိစ္စကို လက်ခံ သဘော တူလိုက်ပြီလား"

"သူနဲ့သား စိတ်ကောက်နေကြတယ် မာမီ၊ ပြီးတော့ သူက သားကိုရွဲ့ပြီး တခြား ကောင်တစ်ကောင်နဲ့ တွဲနေတာ သား ဒီအတိုင်း ကြည့်မနေနိုင်ဘူး"

"ဪကွယ်... ဒီလိုမျိုး ကိစ္စဆိုတာ သားတစ် ယောက်တည်းရဲ့ သဘောနဲ့ ဖြစ်တာ မဟုတ်ဘူးကွယ့်၊ တစ်ဘက်ရဲ့ သဘောကလည်း ရှိသေးတယ်... သားတို့ချင်း အဆင်ပြေ အောင် အရင်ညှိကြပါဦး"

"သားတို့နှစ်ယောက် နောက်တော့ အဆင်ပြေသွား မှာပေါ့၊ အခုလောလောဆယ် လူကြီးချင်း သဘောတူပြီး သတင်း စာထဲက စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ အရင် ကြေငြာထား ပေးပါ မာမီရာ... သား မြတ်လေးကို အဆုံးရှုံး မခံနိုင်လို့ပါ"

"မာမီ့သားကတော့လေ... ဖြစ်လိုက်ရင် အသည်း အသန်ချည်းပဲ"

သား၏ တဇွတ်ထိုး စိတ်ကလေးကို သိထားသဖြင့် ဒေါ်ခင်ခင် အပြုံးနှင့်သားမျက်နှာချောချောကို ချစ်စနိုးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ခြင်း ဖြစ်သည်။ စိုင်းခမ်းမဏ်ကတော့ မာမီ့ကိုပင် မော့မကြည့်နိုင်။ ရင်ထဲမှာ မြတ်လေးညို၏ အချိုးလေးကို ပြန်မြင်ယောင်ရင်း ဦးခေါင်းက ဆံပင်တွေကို စိတ်ရှုပ်ရှုပ်နှင့် ထိုးဖွနေမိသည်။

"မြတ်လေးကို သား သိပ်ချစ်တယ်မာမီ. . . သူ အခုလို သားကို အရွဲ့တိုက်နေတာကို သား မခံနိုင်ဘူး။ သားကို ချစ်တယ်ဆိုရင် သားနဲ့ မြတ်လေးကိစ္စကို ဖြစ်အောင်လုပ်ပေးပါ မာမီရယ်"

"တဲ. . . တဲ၊ သား သဘောကျဖြစ်အောင် မာမီ ကြိုးစားကြည့်မယ် ဟုတ်ပြီလား၊ မာမီကိုယ်တိုင် သဇင်နဲ့တိုင်ပင်ပြီး သားတို့ကိစ္စ မဖြစ်ဖြစ်အောင် ဆွေးနွေးကြည့်လိုက်မယ် ကျေနပ်ပြီလား"

"ဟေး. . . ဒါမှ တို့မာမီကွ"

စိုင်းခမ်းမဏ်မှာ သူ့အကြံအောင်မြင်သွားပြီမို့ မာမီ့ကိုယ်ကို ပွေ့ဖက်ကာ ပါးပြင်ကို ရှိုက်နမ်းပြီး သူ့အခန်းရှိရာကို ပြေးတက်ခဲ့သည်။ ဒေါ်ခင်ခင်ကတော့ သားဖြစ်သူ ကျေနပ်ပျော်ရွှင်သွားတာကို ကြည့်ပြီး ချစ်မြတ်နိုးစွာ ပြုံးနေလိုက်ပါသည်။ တစ်သက်လုံး သားဘဝမှာ လိုတရခဲ့သည့် ကလေးမို့ အချစ်ရေးမှာ သားလေးမျက်နှာညိုရသည့်အဖြစ်ကို မြင်ရတာနှင့်ပင် မိခင်ဖြစ်သူက ရင်နာချင်နေရပါပြီ။ တစ်ဦးတည်းသော





သားကလေး ဖြစ်ရုံမက နှစ်ဖက်မိဘများ၏ အမွေအနှစ် ကလည်း ဆယ်သက်စားမကုန်နိုင်အောင် ကြွယ်ဝချမ်းသာကြ သူများ ဖြစ်ကြသည့် အတိုင်း သားဖြစ်သူ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် အကောင်းဆုံး နည်းလမ်းတွေကို ရွေးချယ် စဉ်းစားနေမိသည်။

ဒေါ်ခင်ခင်စိတ်ထဲမှာ မြတ်လေးညိုကားပေါ်မှာ သား ပြောဆို ပြုမူခဲ့သည့်စကားများကြောင့် သူတို့နှစ်ယောက်ကို ချစ်သူများအဖြစ် ယုံကြည်သတ်မှတ်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် သားတော်မောင် ပြောသလို ချစ်သူချင်း စိတ်ကောက်တာ မကြာခင် ပြေလည်သွားကြမည်ဖြစ်သဖြင့် သား ပြောသလို နှစ်ဖက်လူကြီးချင်း အမြန်ဆုံးညှိနှိုင်းရင်း. . . သမီးရှင်ဘက်က မငြင်းပယ်နိုင်သည့် နည်းလမ်းတွေကို အသုံး ပြုရန် စီစဉ်ရင်း ကျေနပ်သွားသည်။

ထို့ကြောင့် မြတ်လေးညိုမာမီရှိရာ တစ်ဖက်ခြံသို့ မလွယ် ပေါက်မှ တစ်ဆင့် ကူးခဲ့သည်။ အမေ နှစ်ယောက် တီးတိုး တိုင်ပင်စကားဆိုကြသည့် အဖြစ်ကို မြတ်လေးညို တစ်ယောက် သုံးဝ မရိပ်မိရှာပါ။ စိုင်းခမ်းမဏ်ကို ကိုဇင်နှင့်အတူ တွဲပြ လိုက်ရခြင်းအပေါ် ကျေနပ်ပီတိတွေနှင့် ပျော်ရွှင်စွာ အိမ်ကို ပြန်ရောက် ခဲ့သည်။ ရေချိုးအနားယူပြီး ဒက်ဒီပြန်လာချိန်မှာ မိသားစု အတူ ညစာ ဝိုင်းဖွဲ့ စားကြ ပြီးနောက်. . . ခြံထဲမှာ သူမ တစ်ယောက် တည်း အေးအေး ဆေးဆေး လမ်းလျှောက်နေ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကိုချစ်မြတ်နိုးသူလေးမို့ သူမကိုယ်တိုင် ဝယ်ပြီး ခြံစောင့် မာလီကို စိုက်ခိုင်းထားသည့်ပန်းပင်လေးတွေကို တစ်ပင်စီ လျှောက်ကြည့်ရင်း ပန်းလှလှလေးတွေကို ညင်သာ ဖွဖွ ငုံ့နမ်းလိုက်သည်။ လမ်းလျှောက်ရင်း မြတ်လေးညို ခြံ နောက်ဘက်ကို ရောက်မှန်းမသိ ရောက်လာသည်။ သူမ လှုပ် ရှားမှုမှန်သမျှကို စောင့်ကြည့်နေသည့် စိုင်းခမ်းမဏ်ကလည်း မလွယ်ပေါက်က တစ်ဆင့် သူမရှေ့ကို လှစ်ခနဲ ရောက်လာသည်။

"မြတ်လေး"

"ဟင်. . . ရှင်"

"ဘာကိစ္စ ကျွန်မခြံထဲကို ဝင်လာတာလဲ အခုထွက်သွားပါ"

သူမ ခြံထဲအထိ ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသူ ကြောင့် မြတ်လေးညိုမှာ ဒေါသလေးများနှင့် တည်တင်း အေးစက်စွာ ဆိုလိုက်ပါသည်။ စိတ်ထဲကလည်း ရဲတင်းဝံ့စား လွန်းသည့် သူ့အပြုအမူကို ကြည့်မရအောင် ခါးသီးမုန်းတီး နေမိသည်။

"ရှင် ပြောနေတာ မရဘူးလား"

"မရဘူး. . . မင်းအနားမှာ ဟိုလူ့ကို ခေါ်ထားတာ ဘာသဘောလဲ"

"ဘာသဘောဖြစ်ဖြစ် ရှင့်အပူလား"

"မောင့်အပူပေါ့. . . မြတ်လေးကို မောင် ဘယ်လောက်





ချစ်တယ်ဆိုတာ သိရဲ့လား"

"ဘာမှသိစရာ မလိုဘူး. . . ရှင့်ကိုလည်း လုံးဝ စိတ်မဝင်စားဘူး၊ ကျွန်မရှေ့က အခုဖယ်"

"မဖယ်ဘူး"

"ဟင်"

"ရှင်. . . သူတစ်ပါးခြံထဲကို ဝင်လာပြီး ဘာ လူမိုက်ဝ တာလဲ၊ ကျွန်မ အော်လိုက်မယ်နော်"

"အော်လိုက်လေ. . . ဒါမှ လူကြီးတွေက မောင်တို့ နှစ်ယောက်ကို မြန်မြန်တွေ့သွားမှာ. . ."

"ဟင်. . . ရှင်"

"အော်လေ"

မြတ်လေး မအော်ရဲပါ။

သူ့မျက်နှာချောချောကိုသာ မကျေမနပ် ဒေါသ မျက်ဝန်းများဖြင့် စူးစိုက်ကြည့်ရင်း နေရာမှ ချာခနဲ လှည့်ပြေးဖို့ ကြိုးစားလိုက်သည်။

"မြတ်လေး"

"အို. . . အမေ့"

မြတ်လေး လက်ကလေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်သဖြင့် သူမ တစ်ကိုယ်လုံး စိုင်းခမ်းမဏ်ရင်ခွင်ထဲကို ထွေးခနဲ ပြိုသွားသည်။ စိုင်းခမ်းမဏ်က သူမ ကိုယ်လေးကို သူရင်



www.burmeseclassic.com

www.burmeseclassic.com



ခွင်ထဲမှာ အတင်းကျပ်ဆုံး ပွေ့ဖက် ဖျစ်ညှစ်ထားသည်။

"ချစ်တယ် မြတ်လေးရယ်"

"မြတ်လေးကို မောင် သိပ်ချစ်တယ်"

လှိုက်လှဲစွာ သူ ဆိုလိုက်သည်။

မြတ်လေးညိုမှာ သူ့ချစ်စကားတွေကို မကြားနိုင်လောက်အောင် လူတစ်ကိုယ်လုံး ရှက်ခြင်း ဒေါသတွေနှင့် မွန်ထူကာ မြွေတစ်ကောင်လို ရစ်ပတ်ထားသည့် သူ့လက်များကြားမှ သူမ တစ်ကိုယ်လုံး ပူးကပ်မွန်းနစ်နေသမျှကိုသာ ဇွတ်အတင်းရုန်းထွက်ရန် ကြိုးစားနေမိသည်။

"လွှတ်စမ်း"

"ဟင့်အင်း"

"မောင့်ကို ပြန်ချစ်ပါ မြတ်လေးရယ်"

"သိပ်ချစ်တယ်"

"မုန်းတယ်"

"ရှင့်ကို သိပ်မုန်းတယ် သိရဲ့လား"

"မြတ်လေး"

"အင့်. . ."

"ရှင်နော်"

"အို. . . အို"

စိုင်းခမ်းမဏ်တစ်ယောက် သူ့ရင်ထဲက အချစ်စိတ်





တွေကို ဆက်ပြီး ချုပ်တည်းမျိုသိပ်မထားနိုင်တော့ပါ။ လှပသောမြတ်လေးညို၏ မျက်နှာလှလှလေး ထက်သို့ သူ့မျက်နှာချောချောကို တိုးဝှေ့ပူးကပ် အုပ်မိုးလိုက်သည်။ ချိုမြိန်နွေးထွေးသော နူးညံ့သည့်အထိအတွေ့များကြားမှာ ဖိုလှပ်လှိုက်မောစွာ မျောပါသွားသည်။ နူးညံ့အိထွေး မွေးမြသည့် ကိုယ်လေးကသူ့ရင်ခွင်ထဲမှာ နစ်ဝင်နေသည်။ လွမ်းခဲ့ရသည့် တမ်းတခဲ့ ရသည့်နေ့ရက်များ အတွက် အတိုးချ ချစ်အနမ်းတွေက မွှတ်သိပ်ပြင်းပြစွာ ပါးပြင်နုနှင့် လည်တိုင်ကျော့ကျော့. . . ဖြူဖွေးသောရင်ညွန့်အနှံ့ ဝင်သက်ထွက်သက် လေနွေးနွေး များက မဆုံးနိုင်အောင် တိုးဝင်ပျံ့နှံ့နေ၏။

နှင်းဆီဖူး နှုတ်ခမ်းအစုံကိုလည်း စကားဆိုခွင့်မပေး။ လှပသော မျက်နှာလေးအနှံ့ အချစ်၏ အမှတ်တံဆိပ်များဖြင့်ပြည့်နှက်သွားသည်။ မြတ်လေးညို မျက်နှာလေးမှာ မျက်ရည်တို့စီးကျလာ၍ တင်းကျပ်စွာ မလှုပ်နိုင်အောင် တုပ်နှောင် ထားသည့်အနှောင်အဖွဲ့မှ လွတ်သည်နှင့် မြတ်လေးညိုမှာ သူ့ရင်ဘတ်ကြီးများကို လက်သီးဆုပ်ကလေးများဖြင့် တဗုန်းဗုန်း ထုရိုက်ပစ်လိုက်သည်။

ထုရင်း ရိုက်ရင်း ရင်ထဲမှာ မခံမရပ်နိုင်အောင် ခံပြင်းနာကြည်း(?)ရခြင်းကြောင့် မျက်ရည်ဥလေးတွေကလည်း ပိုးပိုးပေါက်ပေါက် စီးကျလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရယ်. . . ကြာရင် သိပ်ခက်ကုန်လိမ့် မယ်ဗျာ၊ မောင့်ကို နောက်ထပ် အရွဲ့မတိုက်ချင်ပါနဲ့၊ မြတ်လေးနဲ့ ပတ်သက်ပြီး မောင့်ရင်ထဲမှာ ဘယ်လောက် ခံစားနေရတယ် ဆိုတာ သိသင့်ပါပြီ"

"ရှင့်ပါးစပ် ပိတ်ထား"

"ဖယ်စမ်း. . . ကျွန်မကိုလွှတ်"

"လွှတ်စေချင်ရင်. . . မောင့်ကို ချစ်တယ်လို့ပြော"

"သေတောင် မပြောဘူး. . . အချစ်ကို ဒီလို ဓားပြတိုက်လို့ ရမယ်ထင်နေလားဟင်၊ ရှင့်လို စိတ်ကြမ်းလူကြမ်းကို ပိုမုန်းတယ် သိလား"

"လွှတ်ဆိုနော်"

သူ့ကို ထုရိုက် တွန်းထိုးရုန်းကန်နေသည့် ချစ်သူ၏ မျက်ရည်စက်တို့ ပေလူးစိုစွတ်နေသည့် မျက်နှာလှလှလေးကို စိုင်းခမ်းမဏ် အကြာကြီး ငုံ့မိုး စူးစိုက်ကြည့်နေမိသည်။ သူမ ပြောသလို အချစ်ကို ဓားပြတိုက်ပြီး တောင်းဆို လုယူခြင်း မပြုလိုပါ။ ခက်တာက သူမကလည်း စိုင်းခမ်းမဏ်လိုပင်. . . တစ်ဦးတည်းသော သမီးပီပီ တဇွတ်ထိုးစိတ်ဓါတ်နှင့် ခေါင်းမာ တတ်သူပီသစွာ ဘူးဆို ဖရုံမသီးချင်တော့လည်း ခက်ခက်ကိုမှ လိုချင်သော စိုင်းခမ်းမဏ်အတွက် နေရင်းထိုင်ရင်း အချစ် ဓားပြ ဖြစ်ခဲ့ရသည်။





မျက်နှာလှလှလေးထက်မှ မျက်ရည်စက်များကြောင့် သူ ရင်မောသွားသည်။ သူ့ကို မြတ်လေးညို တကယ်ပဲ မုန်းနေပြီလား. . . သူကတော့ မြတ်လေးညိုထံမှ အချစ်ကို သာ မရရင် ဒီဘဝမှာ ရှင်သန်နေထိုင်ဖို့ အဓိပ္ပာယ်မရှိသူ တစ်ယောက်လို ဖြစ်သွားရမှာ သေချာနေပါပြီ။ ထိုအထိ သူ့ အချစ်များက သူမ အပေါ်မှာ စူးရှနက်ရှိုင်းစွာ မြတ်မြတ်နိုးနိုး တွယ်တာနေမိပါသည်။

"မောင့်အချစ်ရယ်"

"အို"

"ရှင် ပြောနေတာ မရဘူးလား"

"ကဲ. . . ကဲ"

"ဘုတ်. . . ဘုတ်"

"မြတ်လေး"

"အို. . . ရှင်နော်"

"အမေ့"

ဒုတိယအကြိမ် သူ့ရင်ခွင်မှာ မြတ်လေးညို မွန်းမေ့ မောတ် ဖြစ်ရပြန်သည်။ မြတ်လေးညိုခမျာ ဘာစကားမှ ဆိုခွင့် မရတော့။ သူ့ထံမှ အနမ်းပင်လယ်ထဲမှာ နစ်မြုပ်လျက် ရှိသည်။

"သမီးရေ"

"ဟင်"

ဒေါ်သဇင်တစ်ယောက် လုံးဝ မျှော်လင့်မထားသော



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းတစ်ခုကြောင့် အံ့ဩမယုံကြည်နိုင်အောင် ဖြစ်ရခြင်းနှင့် အတူလှမ်းလက်စ ခြေလှမ်းများပါ ရပ်တန့်သွားရပါသည်။ စိုင်းခမ်းမဏ်ကို လက်မထပ်ပါဟု ခါးခါးသီးသီးငြင်းဆိုခဲ့သော မိမိ၏သမီးချောလေးက သူမ ကြည့်မရအောင် မုန်းလှပါသည် ဆိုသော စိုင်းခမ်းမဏ်ရင်ခွင်ထဲကို ရောက်နေရုံမက သူမ လက်ကလေးတွေနှင့်ပင် စိုင်းခမ်းမဏ် ကိုယ်ကြီးကို မမှီမကမ်းလေး ပြန်လည်ဖက်တွယ်ထားလျှက် ရှိနေတာကို တွေ့လိုက်ရသည်။

အခုမှ ဒေါ်သဇင်တစ်ယောက် နေ့ခင်းကစိုင်းခမ်းမဏ် မာမီကိုယ်တိုင် လာပြောသွားသည့်စကားကို ပြန်လည် ကြားယောင်လာသည်။ ဒေါ်ခင်ခင်က သူမ သားနှင့်သမီးလေး မြတ်လေးညိုတို့မှာ ချစ်သူများ ဖြစ်နေကြကြောင်း၊ သူမ သားဖြစ်သူကိုယ်တိုင်ကပင် သမီးလေး ကာ့ပေါ်မှာ ချစ်သူ စိတ်ကောက်နေတာကို ချော့လျက်ရှိကြောင်း၊ သမီးလေးက အခုအချိန်ထိ သူမ သားဖြစ်သူကို စိတ်ဆိုးမပြေရုံမက တစ်ခြားတစ်ယောက်နှင့် တွဲပြနေခြင်းကြောင့် သားဖြစ်သူမှာ အရမ်းခံစားနေရကြောင်း၊ လူငယ်ချင်း မေတ္တာမျှနေပြီးမှ တစ်ယောက်နှင့် တစ်ယောက် အချစ်လွန် သဝန်တိုပြီး ခါးခါးသီးသီး စိတ်ကောက်နေကြခြင်းဖြင့် မင်္ဂလာကိစ္စကို လက်မခံနိုင်ခြင်း ဖြစ်ရပုံများကို ရယ်မောပြောဆိုခဲ့တုန်းက ဒေါ်သဇင်မှာ မယုံတစ်ဝက်





ယုံတစ်ဝက် ဖြစ်ခဲ့ရသမျှ အခုတော့. . . မျက်ဝါးထင်ထင် ကိုယ်တိုင်ကြုံတွေ့လိုက်ရပြီမို့. . . ဒေါ်ခင်ခင်စကားကို လုံးဝယုံကြည်လက်ခံလိုက်ရပါပြီ။

ဒေါ်သဇင်မှာ ချစ်သူနှစ်ယောက်၏ ချစ်စရာမြင်ကွင်းလှလှကို သမီးဖြစ်သူ ရှက်မသွားစေရန် အသာကျောခိုင်း ထွက်ခွာခဲ့သော်လည်း နှုတ်ခမ်းတွေက ပြုံးနေမိသည်။ ဒီပုံအတိုင်းဆို ခင်ခင်ပြောသလို သူတို့ ချစ်သူနှစ်ယောက် စိတ်ဆိုး စိတ်ကောက်ပြီး တစ်ယောက်နဲ့ တစ်ယောက် မခေါ်မပြော အရှုံ့ တိုက်ကြရင်း မဖြစ်သင့်တာတွေ မဖြစ်ရအောင် အမြန်ဆုံး စေ့စပ်ကြောင်းလမ်းထားချင်ကြောင်းနှင့် စေ့စပ်ရာတွင် မြတ်လေးညိုအတွက် အပိုင်တင်တောင်းမည့် ပစ္စည်းများနှင့် လက်ထပ်ပွဲအတွက် သူတို့လက်ဖွဲ့မည့် ပစ္စည်းများအကြောင်း အားပါးတရ ပြောဆို၍ နှစ်ဖက်လူကြီးများ သဘောဖြင့် စေ့စပ် ကြောင်းလမ်းခြင်းကိစ္စကို စီစဉ်ကြရန် ဖြစ်သည်။

အစတုန်းကတော့ သမီး၏ သဘောက ဘယ်လိုရှိမှန်း မသိ၍အကြောင်း မပြန်ခဲ့ရသော်လည်း. . . အခု ဒေါ်သဇင်ကိုယ်တိုင် ချစ်သူနှစ်ဦး၏ မိုးမမြင် လေမမြင် ကြည်နူးနေကြသည့် မြင်ကွင်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီးဖြစ်မို့ ဒေါ်ခင်ခင်တို့ဘက်က တောင်းဆိုလာသည့် မင်္ဂလာကိစ္စကို အမြန်ဆုံး အကြောင်းပြန်ရန် ဆုံးဖြတ်ချက် ချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညိုခမျာမှာတော့ သူမတို့ အဖြစ်ကို မိခင်ကြီး ကိုယ်တိုင် မြင်တွေ့သွားတာကို လုံးဝမသိလိုက်ရဘဲ အချစ် ကြမ်း အချစ် သရမ်းလှသော စိုင်းခမ်းမဏ်၏ အနမ်းမုန်တိုင်း ထန်ထန် များကြောင့် ရင်ဖို ရှက်လန့်လျက်. . . ဝမ်းနည်းစွာ ဟင့်ခနဲ အသံထွက်၍ ကျိတ်ငိုချလိုက်မိပါတော့သည်။

"အဟင့်. . . ဟင့်. . . ဟင့်"

"သိပ်စော်ကားတဲ့လူ. . . သိပ်လူပါးဝတဲ့လူ"

"မုန်းတယ်. . . သိပ်မုန်းတယ် သိလား"

"ကဲ. . . ကဲ"

"ဖြန်း"

"ဖြန်း"

စိုင်းခမ်းမဏ်ထံမှ အရစ်အသိုင်း လျော့သွားသည်နှင့် မြတ်လေးညိုရှိသမျှအားနှင့် သူ့ပါးနှစ်ဖက်ကို ရိုက်နှက်ပြီး နေရာမှ ချာခနဲ လှည့်ပြေးခဲ့သည်။

"ဟူး. . . မောင့်ချစ်ရယ်"

စိုင်းခမ်းမဏ် သူ့ပါးပြင်ကို လက်ဖြင့် ဖွဖွထိကိုင်ရင်း နေရာမှ တွေဝေစွာ ရပ်တန့်ရင်း ကျန်ရစ်ခဲ့ပါသည်။ ရင်ထဲ အသည်းထဲမှာ ချစ်ရသူ၏ မကြည်မဖြူ အမုန်းစကား များကြော အခံရခက် နာကျင်ရပါသော်လည်း ချစ်သူထံမှ ရယူလိုက်သည် ချစ်အနမ်း အတွက်တော့ သူ့ဘဝတစ်သက်တာ မေ့ပျောက်၍





မရအောင်. . . နူးညံ့သိမ်မွေ့ခြင်း၊ ချိုမြိန် လှိုက် လှဲခြင်းများဖြင့် ရင်မှာ တသိမ့်သိမ့်ခံစား ကျန်ရစ်ခဲ့ရသည်။

အရင်တုန်းကတော့ မြတ်လေးညိုနှင့် ပတ်သက်လျှင် သူလည်း သူ့မာနနှင့်သူ၊ ကိုယ်လည်း ကိုယ့်မာနနှင့်ကိုယ် နေ နိုင်ခဲ့ပါသော်လည်း အခုတော့. . . မြတ်လေးညိုရှေ့မှာ သူ ဒူးထောက် လက်မြှောက် အရှုံးပေးခဲ့ရပါပြီ။ တကယ်ချစ်တတ် လာတော့ တကယ်ခံစားရသည်။ ပြီးတော့ ချစ်သူကို ဆုံးရှုံး ခံနိုင်တော့မှာ သိပ်ကြောက်တတ်လာသည်။

သိပ်ချစ်လွန်းတော့လည်း သိပ်သဝန်တိုတတ်လာသည်။ ဒီတော့လည်း သူ့အချစ်တွေ ထပ်ဆင့်ပေါက်ကွဲရပြန်သည်။ မြတ်လေးညိုက မကြည်ဖြူတော့ သူ့အချစ်က တစ်ဖက်သတ် ဖြစ်ခဲ့ရသလို မြတ်လေးညိုထံမှ သူ မကြားချင်ဆုံး အမုန်း စကားနှင့် ကြုံရပြန်သည်။

မြတ်လေးရယ်. . .

မင်း ဘယ်လောက် မုန်းမုန်း. . . မောင်ကတော့ မင်းမှ မင်းပါပဲ အချစ်ဆုံးရယ်. . .။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း"

"ဟင်"

"ဒါ. . . ဒါ ဘယ်လိုဖြစ်တာလဲ"

"အို. . . ဒုက္ခပါပဲ"

"မာမီ"

"မာမီ"

သတင်းစာထဲမှာ ပါလာသည့်သတင်းကို အံ့ဩမ[illegible] ကြည့်နိုင်စွာ အကြိမ်ကြိမ် ပြန်ဖတ်ကြည့်ရာ နောက်ဆုံး ဘယ်[illegible] မလွဲနိုင်သည့် မြတ်လေးညိုနှင့် စိုင်းခမ်းမဏ်တို့၏ စေ့စပ်သတ[illegible]





[illegible]ဖြစ်နေခြင်းကြောင့် မြတ်လေးညိုမှာ အရူး မလေး တစ်ယောက်လို အိပ်ရာပေါ်မှ ခုန်ဆင်းပြီး မိခင် ရှိရာသို့ လက်ထဲမှ သတင်းစာကို ကျစ်ကျစ်ပါအောင် ဆုပ် ကိုင်ရင်း. . . အပြေးရောက်သွားသည်။

"မာမီ. . . ဒါ. . . ဒါ ဘယ်လိုဖြစ်တာလဲဟင်၊ ဒီကိစ္စကို မာမီတို့ သိမှသိကြရဲ့လား"

"ဘာများလဲ သမီးရယ်. . . မထိတ်သာမလန့်သာ [illegible]လိုက်တာ. . . ဘာဖြစ်တာလဲ"

"ဒီမှာ. . . သေချာဖတ်ကြည့်ပါဦး မာမီ၊ သူနဲ့ [illegible]တ်လေးကို စေ့စပ်ထားတဲ့သတင်း"

ဒေါ်သဇင်လက်ထဲကို ရောက်လာသည့် သတင်းစာကို [illegible]မ်းယူလိုက်ပြီး ပြုံးပြလိုက်သည်။

"ဘာများလဲလို့ သမီးရယ်. . . မောင်စိုင်းခမ်းမဏ် ကို [illegible]မီတို့က ငြင်းစရာမှ မရှိဘဲကွယ်. . . ဒီတော့လည်း သူတို့ [illegible]က မာမီ့သမီးလေးနဲ့ စေ့စပ်ထားပါရစေလို့ နားပူ တောင်းဆို [illegible]တာကို သမီးဒက်ဒီနဲ့ တိုင်ပင်ပြီး လက်ခံလိုက်ရ တာပေါ့ [illegible]ယ်. . ."

"ရှင်"

"ဒီကိစ္စကို ဒက်ဒီသိတယ် ဟုတ်လား မာမီ"

"သိတာပေါ့ သမီးရဲ့. . . မာမီက သမီးဒက်ဒီကို မတိုင် [illegible]ဘဲနဲ့ ဘာတစ်ခုမှ မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြတ်လေးညှိုရင်ထဲမှာ အံ့ဩဝမ်းနည်းခြင်းများနှင့်အတူ မာမီ့မျက်နှာကို ငေးခနဲ စူးစိုက်ကြည့်လိုက်မိသည်။ ပြုံးရယ် နေသည့် မာမီမျက်နှာက. . . စိုင်းခမ်းမဏ်နဲ့ သူမကို လုံး သဘောတူထားပါလား. . .။

"မာမီတို့ ပြောတုန်းကတော့ အိမ်ထောင်ရေးကိစ္စ မြတ်လေးသဘောအတိုင်း ရွေးချယ်ခွင့် ပြုထားတယ်ဆို၊ အ စော့. . ."

"အခုလည်း မာမီတို့က သမီးသဘောအတိုင်း ခွင့် ထားတာပါပဲကွယ်. . . မောင်စိုင်းခမ်းမဏ်နဲ့ သမီးတို့ ချစ် တွေ ဖြစ်နေကြတာ မာမီတို့ သိသားပဲ"

"အို. . . မဟုတ်ဘူး"

"နေပါဦးကွယ်. . . မာမီပြောပါရစေဦး၊ ခင်ခင် ကို တိုင်ကလည်း သမီးနဲ့ သူ့သား မေတ္တာမျှနေတယ်လို့ ပြောတ သမီးကားပေါ်မှာ သူ့သားကိုတွေ့ပြီး. . . သမီး တို့ချ စိတ်ကောက်လို့ သမီးကတောင် လမ်းလယ်မှာ ကားရပ် ထားခဲ့ တယ်တဲ့"

"ဟို. . . ဒါက. . . သူက ဇွတ်အတင်း"

"ဟုတ်ပါတယ်. . . မာမီ သဘောပေါက် ပါတ စိုင်းခမ်းမဏ်ကို သမီး စိတ်ကောက်ပြီး တခြားတစ်ယော





တွဲနေတာ မောင်စိုင်းခမ်းမဏ်က သူ့မာမီကို ပြန်ပြောရာယ်တဲ့၊ အမြန်ဆုံး စေ့စပ်ထားဖို့ပေါ့လေ. . ."

"အို. . .သူ လုပ်ချင်တိုင်း လုပ်ရအောင် မြတ်လေးက သူ့ချစ်သူ မဟုတ်ဘူး မာမီ၊ မာမီတို့ မှားနေပြီ"

မြတ်လေးညှို မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်နေသလို သူမ အပေါ်မှာ လှူလည်ကျလှသော စိုင်းခမ်းမဏ်ကို ထုရိုက်ပစ်ချင် နေပါသည်။ ဒေါ်သင်ဇင်က သမီးဖြစ်သူ၏ မျက်နှာလှလှလေးကို ကြည့်ပြီး ပြုံးလျက်. . .

"မာမီတို့ မမှားပါဘူး သမီးရယ်. . . မာမီကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာပါ. . ."

"ရှင်"

"မာမီ ဘာကိုပြောတာလဲ"

"ဟိုတစ်ညက သမီးနဲ့ မောင်စိုင်းခမ်းမဏ် ခြံနောက် ဘက် အမှောင်ထဲမှာ ချိန်းတွေ့ကြတဲ့ ကိစ္စလေ"

"အို. . . မာမီ"

"ဒီလောက်ဆို သမီးသဘောပေါက်ပြီ မဟုတ်လား။ မာမီ ကိုယ်တိုင် မျက်စိနဲ့တွေ့မှ ယုံတာပါကွယ်. . . မာမီ သမီးလေးကို ဘာလို့ စိတ်ဆင်းရဲအောင် လုပ်မှာလည်း. . ."

"အခုမှတော့ ဘာမှ ရှက်မနေနဲ့. . . သမီးတို့ လူ ငယ်ချင်း စိတ်ဆိုး စိတ်ကောက်နေတဲ့ကိစ္စမှာ မာမီတို့ ဘာမှ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝင်မပါဘူး ဟုတ်လား"

"ကဲ... ကဲ၊ သွားနားချေ... မာမီ မီးဖိုချောင်ကိစ္စစီစဉ်လိုက်ဦးမယ်"

"မာမီရယ်"

မြတ်လေးညို နှုတ်ဆွံ့အသူတစ်ယောက်လို ဘာဆို ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်ကာ နေရာမှ လေးကန်စွာ ထွက်ခဲ့သည်။ ရှက်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း။ ဟိုတစ်နေ့ ညက ကိစ္စကို မာမီကိုယ်တိုင် မြင်တွေ့ သွားသည်တဲ့...။ အို... မြတ်လေးညို ရှက်လှပါသည်။ မာမီကတော့ ... စိုင်းခမ်းမဏ်မာမီ၏ ပြောစကားများအပြင် မြတ်လေးညိုတို့ အဖြစ်ကို သူကိုယ်တိုင် မျက်စိနှင့် တပ်အပ်တွေ့ရပြီမို့ အမှန် တကယ်ပင် ချစ်သူတွေဟု ထင်မှတ်နေရှာသည်။

ထိုသို့ဖြစ်အောင်လည်း စိုင်းခမ်းမဏ်ဆိုသည့် လူက ပြောဆို ပြုမူခဲ့သည် မဟုတ်လား။ မာမီက မြတ်လေးညို ဘယ်လိုပင် ငြင်းငြင်း လုံးဝ မယုံကြည်တာ သိပ်တော့ မဆန်းပါ။ စိုင်းခမ်းမဏ်စကားအတိုင်း ချစ်သူနှစ်ယောက် အကြီးအကျယ် စိတ်ဆိုးနေသည်ဟု ထင်နေသည်။ အိပ်ရာထက်မှမြတ်လေးညို ကိုယ်လေးကို မှောက်အပ်ငြိမ်သက်ကာ ဟိုတစ်နေ့က မြတ်လေးညိုတို့ကို မာမီ ဘယ်လိုပုံစံနဲ့များ တွေ့သွား ပါလိမ့်ဟု တွေးမိရင်း ရှက်မပြေနိုင်အောင် ဖြစ်နေပါသည်။





"တူ... တူ... တူ"

ဖုန်းသံမြည်လာသဖြင့် မြတ်လေးညို လျှင်မြန်စွာ ကောက်ယူ နားထောင်လိုက်သည်။ ထင်ထားသည့်အတိုင်း သူ့ဖုန်း ဖြစ်နေ၏။

"ဟဲလို"

"သတင်းစာ ဖတ်ပြီးပြီလား မြတ်လေး"

"ရှင်... ရှင့်ကို သတ်ပစ်ချင်တယ် သိလား စိုင်းခမ်းမဏ်၊ ရှင့်ကြောင့်... ကျွန်မမိဘတွေက ကျွန်မကို အထင်လွဲနေပြီ"

"မောင် ဘာကူညီရမလဲ"

"ရှင် မြန်မြန်သေလိုက်တာ ကျွန်မကို ကူညီတာပဲ"

"ဟောဗျာ"

"အဟွန်း... ဟွန်း... ဟွန်း"

သူဖြစ်ချင်တာကို ဖြစ်ခွင့်ရသဖြင့် တစ်ဖက်က ပျော်နေပုံရသည်။ မြတ်လေးညိုမှာသာ မခံမရပ်နိုင်ဖြစ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေလျှက် ဖုန်းခွက်ကို ပစ်ချလိုက်သည်။

ဖုန်းက ချက်ချင်း ပြန်မြည်လာသဖြင့်... မြတ်လေးညို အံကြိတ်လိုက်သည်။ အောက်မှာ မာမီရှိနေသည်။ သူမ ဖုန်းမကိုင်ဘဲ ပစ်ထားလျှင် မာမီက ဖုန်းနားထောင်မှာ သေချာနေသဖြင့် ဖုန်းခွက်ကို ကောက်ယူနားထောင်လိုက်ရ ပြန်သည်။

"မြတ်လေးလား"

www.burmeseclassic.com



"ဘာလို့ ဖုန်းချလိုက်တာလဲ ဟင်"

မြတ်လေးညို မဖြေပါ။

"သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ပြောချင်လို့ပါ"

"ဘာလဲ"

"မြတ်လေးကို မောင်သိပ်ချစ်တယ်"

"ဂျောက်"

"အို"

မြတ်လေး ခံလိုက်ရပြန်ပါပြီ။

ကိုယ်တော်ချောက မြတ်လေးတို့ ရည်းစားစကား ပြောပြီး သူမ ဘာမှ ပြန်မပြောနိုင်ခင် ဖုန်းကို အရင်ဦးအောင် ချသွားပြီ မဟုတ်လား. . .။ ဒေါသဖြင့် မြတ်လေးညို သူ့ဖုန်း နံပါတ်ကို ချက်ချင်း နှိပ်လိုက်သည်။

"ဟဲလို"

"စိုင်းခမ်းမဏ်"

"ဒီကမ္ဘာမှာ ရှင့်ကို အမုန်းဆုံးပဲ သိလား"

"ဂွတ်"

ပြောပြီးပြီးချင်း ဖုန်းကို တအား ဆောင့်ချပစ်လိုက်သည်။

"အဟား. . . မောင့်အချစ်ရယ်"

ကလေးဆန်လှသော ချစ်ရသူ၏ အပြုအမူလေးကို





သဘောကျစွာ စိုင်းခမ်းမဏ် ကြည်နူးစွာ ခပ်တိုးတိုး ရယ်မောလိုက်သည်။ ဘာပဲပြောပြော သူမကို စိုင်းခမ်းမဏ် တစ်ဝက်ပိုင်ဆိုင်ခွင့် ရခဲ့ပြီ မဟုတ်လား. . .။ အခုချိန်ကစပြီး စိုင်းခမ်းမဏ်ဆိုတာ မြတ်လေးညိုရဲ့ တရားဝင်စေ့စပ်ထားသည့် မြတ်လေးရဲ့ချစ်သူအဖြစ် သူမ အပါးမှာ ရပ်တည်နိုင်ရုံ မက၊ အားလုံးကလည်း သူနှင့် မြတ်လေးညို စေ့စပ်သတင်းကို တော်မြီးလောက်ပြီမို့ ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်လျက် ရှိသည်။

"သားရေ. . . အောက်ထပ်မှာဘယ်သူ ရောက်နေလဲ လာကြည့်စမ်းပါဦး"

"လာပြီမာမီ"

မာမီ့စကားကြောင့် စိုင်းခမ်းမဏ် အိပ်ရာမှ ထကာ အောက်ထပ် သို့ဆင်းခဲ့သည်။

"ဟာ. . . ဇော်ရှိုင်း"

"စိုင်းကြီး"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အားရ ဝမ်းသာ ပွေ့ဖက်လိုက်ကြသည်။ ဇော်ရှိုင်းဆိုတာ စိုင်းခမ်းမဏ်၏ အချစ်ဆုံး သူငယ်ချင်းဖြစ်ပြီး. . . ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်တော့ဘဲ ပြင်ပစီးပွားရေး လုပ်ငန်း လုပ်ကိုင်နေသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ဇော်ရှိန်းရာ... မင်းကို မတွေ့ရတော့ဘူး ထင်နေတာ"

"ငါလည်း မင်းလိုပါပဲ စိုင်းရာ... မင်းကို တွေ့ချင်လွန်းလို့ အခုလည်း ရှိသမျှအလုပ်တွေပစ်ပြီး လာခဲ့ရတာ"

"ကဲ... သူငယ်ချင်း နှစ်ယောက် အလွမ်းသယ်ကြဦးမှာမို့ မင်းတို့အတွက် စားစရာအပို့ခိုင်းလိုက်မယ်"

"လာ... ဇော်ရှိန်း"

သူငယ်ချင်းနှစ်ယောက် စိုင်းခမ်းမဏ်အခန်းထဲမှာ ငယ်ငယ်တုန်းက အကြောင်းတွေ အားပါးတရ ပြန်ပြောမိကြသည်။ ဇော်ရှိန်းက တစ်ဖက်နိုင်ငံထဲအထိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ ဖြစ်သည်။ အရင်တုန်းက ဇော်ရှိန်းတို့က စီးပွားရေး မပြေလည်ကြပါ။ ဇော်ရှိန်းအဖေ ဆုံးသွားပြီးနောက်... ဇော်ရှိန်းအမေက နောက်အိမ်ထောင် ပြုလိုက်သည်။

ပထွေးဖြစ်သူနှင့် ဇော်ရှိန်းက မတည့်။ ပြဿနာ မကြာခဏ ဖြစ်ကြသည်။ နောက်ဆုံး ဇော်ရှိန်း တောင်းထွက်သွားကာ စီးပွားရေး လောကထဲ ခြေစုံပစ် ဝင်သွားခဲ့သလို စိုင်းခမ်းမဏ်တို့ မိသားစုလည်း ရန်ကုန်ကို ပြောင်းခဲ့ကြ ပြီးနောက် လုံးဝ အဆက်အသွယ် ပြတ်တောက် သွားခဲ့ရာမှ အခု ပြန်ဆုံ တွေ့ကြရခြင်း ဖြစ်သည်။

မတွေ့ကြရသည့် နှစ်များအတွင်း ဇော်ရှိန်းပုံစံက သိသာ





စွာ ပြောင်းလဲသွားသည်။ ရွှေဆွဲကြိုး ငါးကျပ်သားခန့်နှင့် ရွှေဟန်းချိန်း၊ ကျောက်စိမ်း လက်စွပ်ကြီးအပါအဝင် ရွှေလက်စွပ် သုံးလေးကွင်းကို ဟန်ကျပန်ကျ ဝတ်ဆင်ထားရုံမက နားမှာကလည်း ရွှေနားကွင်းနှင့် စွပ်ကျယ်လက်ပြတ် မီးခိုး ရောင်ကို အောက်မှာခံဝတ်ထားပြီး အပေါ်က ခပ်ပါးပါး ကုတ်အင်္ကျီအဖြူရောင်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထား သဖြင့် သူ့ပုံစံက စိုင်းခမ်းမဏ်လို မချောမော သော်လည်း အသား မဖြူမည်း ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွှေး စစနှင့် တစ်မျိုးကြည့်ကောင်းပါသည်။

အရပ်အမောင်းချင်းရော ကိုယ်လုံး ကိုယ်ထည်ပါ သိပ်ပြီး မကွာကြပါ။

"စိုင်းကြီး"

"ဟင်"

"ကြည့်စမ်း... မင်း လက်ထပ်တော့မယ် ဟုတ်လား၊ နာမည်လေးကလည်း ချစ်စရာ၊ မြတ်လေးညိုဆိုပါလားကွ... ငါနဲ့လည်း မိတ်ဆက်ပေးဦးလေ"

ဇော်ရှိန်းက စိုင်းခမ်းမဏ်စားပွဲပေါ်က သတင်းစာကို ယူကြည့်ရင်း တအံ့တဩ ပြောလိုက်ခြင်းဖြစ်သည်။

"ချောမှာပဲနော်"

"အေး... ချောတယ်"

"သူ့မှာ ညီမတွေဘာတွေရှိရင်လည်း ပြောဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးကွ. . . ငါလိုပဲ တစ်ဦးတည်းသောသမီး"

"ဟာ. . . မင်းတို့လို သူဌေးပေါ့၊ ဘယ်မှာနေလဲ မင်းချစ်သူကို ငါလိုက်ကြည့်မယ်"

"နေတာက ဟိုဘက်အိမ်ပဲ"

"မင်းကတော့ ဘုန်းနဲ့ ကံနဲ့ပဲ စိုင်းရာ. . . ကဲ ရောက်တုန်းရောက်ခိုက် မင်းချစ်သူလေးအိမ် သွားလည်ရအောင် မင်းဇနီးလောင်းလေး သူ့အိမ်မှာ ရှိလား. . ."

"ရှိမှာပေါ့"

"ဟာင်. . . မသေချာဘူးလား၊ ဖုန်းဆက်ပြီး သူရှိ မရှိ မေးလေကွာ"

"မြည်းဖြည်းပေါ့"

"ဘာဖြည်းဖြည်းလဲကွ. . . ငါ့အလုပ်က ဘာတစ်ခု မှ ကြိုပြောထားလို့ရတာ မဟုတ်ဘူး၊ အခု ရန်ကုန်ရောက်နေပေမယ့် တော်ကြာ မိုးကုတ် ရောက်ချင် ရောက်နေရတာမျိုးကွ လုပ်ကွာ. . . ရှိရှိ မရှိရှိ သွားကြည့်မယ်"

မြဲသနာပါလား. . .

ဇော်ရှိုင်းက သူနှင့် မြတ်လေးညိုတို့၏ မပြောမလည် ကိစ္စတွေကို ဘာတစ်ခုမှ သိသူမဟုတ်သည့်အတိုင်း စိတ်မြန် လက်မြန်ရှိတတ်သည့် သူ့ပုံစံအတိုင်း စိုင်းခမ်းမဏာ်ခုတင်ပေါ်က ဝုန်းခနဲ ဆင်းသည်။





"နေဦးကွ. . . ဇော်ရှိုင်း"

"ဘာလဲ"

"ငါ မင်းကို ပြောစရာရှိလို့"

"ဘာပြောမှာလဲ. . . လမ်းမှာ ပြောသွားရင် ဖြစ်တယ် မဟုတ်လား. . . လာစမ်းပါကွာ"

သူ ဇော်ရှိုင်းကို ဘာစကားမှ မဆိုဘဲ ငေးကြည့်နေမိသည်။ သူနှင့် မြတ်လေးညိုအကြောင်း ဖွင့်ပြောပြလိုက်ရင် ကောင်းမလား တွေးနေမိသည်။ ဇော်ရှိုင်းစိတ်ဓာတ်ကို သူသိသည်။ စိတ်ရင်းကောင်းပြီး တစ်ဖက်သားကို ကူညီတတ်သူမို့ ဖွင့်ပြောလိုက်လို့လည်း ဘာပြဿနာမှ မရှိ။ သူ့ထံမှ အကြံကောင်း ဉာဏ်ကောင်းများပင် ရနိုင်သည်။

"ဟာ. . . ဟိုမှာ. . . ဟိုမှာ"

"ဘာလဲကွ"

"မင်းရဲ့ မြတ်လေးညို ထင်တယ်ကွ ခြံထဲမှာ လူတစ်ယောက်နဲ့ စကားပြောနေတယ်"

ကုန်းကုန်းကွကွနှင့် တစ်ဖက်ခြံထဲကို ဟိုငုံ့ကြည့် ဒီငုံ့ကြည့် လုပ်နေသော ဇော်ရှိုင်းထံမှ အော်သံကြောင့် စိုင်းခမ်းမဏာ် သူ့အနားကို လွှားခနဲ ရောက်သွားသည်။

"ဟာင်"

ဟိုတစ်နေ့က ကျောင်းထဲမှာ တွေ့လိုက်ရသည့် လူပါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လား. . . သူ့အပေါ်မှာ အမြဲတင်းမာ အေးစက်ပြတ်သားတတ်သော သူမက အခုတော့ လှပသော ရင်ခုန်မြူတ်နိုးစရာအပြုံးလှလှတွေနဲ့ တစ်ဖက်လူနဲ့ ရယ်မော စကားတွေ ဆိုနေလိုက်တာ။

"လှတယ်ကွ. . . ဒါကြောင့် မင်း ကြွေတာပဲ မင်းတို့နှစ်ယောက်က အလှချင်းလည်း ညီ၊ ဘဝချင်းလည်း ညီ၊ နေနဲ့လပေါ့ကွာ"

"ဘယ်တော့ လက်ထပ်မှာလဲ စိုင်း၊ မင်းအတွက် အကောင်းဆုံး လက်ဖွဲ့ကို ငါမလာနိုင်ရင်တောင် လူကြုံနဲ့ သေချာပို့ပေးမယ်"

ခံပြင်းခြင်း ဒေါသတွေနဲ့ သူ့အပေါ်မှာ အခုချိန်အထိအရွဲ့တိုက်နေဆဲဖြစ်သော မြတ်လေးညို၏ ပုံစံလေးကို ကြည့်ကာရင်ထဲမှာ အမျိုးမျိုး အဖုံဖုံ ပြောင်းလဲနေသော ခံစားချက်များကိုမရိပ်မိသော ဇော်ရှိုင်းက သူငယ်ချင်းဖြစ်သူ၏ မျက်နှာချောချောကို တစ်ချက်လှမ်းမကြည့်ဘဲ သူပြောချင်ရာ စွတ်ပြောနေပါသည်။

မြတ်လေးညိုက ကိုဇင်ကို တမင် လိုအပ်သည်ထက်ပို၍ ရင်းနှီးပြနေခြင်းမှာ စိုင်းခမ်းမဏ်ကို သူ့အခန်း ပြတင်းပေါက်ဝမှာ မားမားကြီးရပ်လျက်. . . သူမနှင့် ကိုဇင်ကို မျက်လုံးပြူးကြီးနှင့် တမင် လိုက်ကြည့်နေမှန်း သိသဖြင့် တစ်ဖက်လူ





မခံချင်အောင် လုပ်ပြနေခြင်း ဖြစ်သည်။

သူ့အနားမှာလည်း သူ့သူငယ်ချင်းဟု ထင်ရသော လူတစ်ယောက်နှင့်အတူ မြတ်လေးညိုတို့ကို ငေးနေသည်။

"ကိုဇင်ကတော့. . . တကာယ်အသည်းကွဲရပါပြီ"

"အသည်းကွဲရင် ပြန်ချုပ်လိုက်ပေါ့ ကိုဇင်ရဲ့၊ ကိုဇင့်အတွက် အချောဆုံးအလှဆုံး ဆရာမလေး ရောက်လာဦးမှာပါ"

"ပြောတော့ကွာ. . . မြတ်လေးကို ကိုယ်က အမြဲ အရှုံးပေးထားပြီးသားပါ။ မြတ်လေးပျော်ရင် ကိုယ်ကျေနပ် ပါတယ်"

သူတင်းစာထဲက မြတ်လေးညိုတို့ မင်္ဂလာသတင်းကိုဖတ်ပြီး လူကိုယ်တိုင် အိမ်တိုင်ရာရောက် လာခဲ့သည့် ကိုဇင်ကိုသူမတို့အကြောင်း ရှင်းပြနေ၍မဖြစ်သည့်အတူ မကျေနပ်သော်လည်း ရင်ထဲက ခံစားချက်ကို လူမသိစေရဘဲ လှပစွာ ရယ်မောပြောဆိုနေခြင်း ဖြစ်သည်။

"မင်္ဂလာပွဲလည်း မလိုတော့ဘူးထင်တယ် ဟုတ်လား"

"မသိဘူးလေ"

"အေး. . . အဲဒီလိုပြောပြီး ကလေးကင်ပွန်းတပ်မှသိရတဲ့အဖြစ်မျိုး ရောက်နေမယ်ဗျာ သိလား"

"ဟာ. . . ကိုဇင်"

"သွား. . . သွား"

ရှက်စိတ်ဖြင့် ကိုဇင်လက်မောင်းကြီးကို လက်သီး ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများနှင့် ဖွဖွထုရိုက်မိတော့ ကိုဇင်က မြွတ်လေး ရှက်သွားတာကို ကြည့်ပြီး သဘောကျစွာ ရယ်နေပါသည်။

"ဟာ... အထိလိုလဲ၊ သူတို့က ဘာတော်တာလဲ"

"ဘာမှ မတော်ဘူး"

"ဟေ..."

စိုင်းခမ်းမဏ် အဖြေကို ဇော်ရှိုင်းက အံ့သြနားမလည်ဟန်ဖြင့် လှည့်ကြည့်သည်။ စိုင်းခမ်းမဏ်ကြည့်နေဆဲမှာပင် မြွတ်လေးညီုကို နှုတ်ဆက်ကာ ကားလေးထွက်သွားသလို သူမလည်း တိုက်ထဲဝင်ရောက် ပျောက်ကွယ်သွားသည်။

"ဘာတွေလဲ စိုင်းရ၊ ငါတော့ လိုက်မမီတော့ဘူး ထင်တယ်"

"ဟူး..."

စိုင်းခမ်းမဏ် သက်ပြင်းမောကြီးကို ဟင်းခနဲချလိုက်ပြီး သူနှင့် မြွတ်လေးညီုတို့ ဖြစ်ပျက်သမျှအားလုံး အစမှအဆုံး သူငယ်ချင်းဖြစ်သူကို ရင်ဖွင့်ပြောပြလိုက်မိတော့သည်။

"အဖြစ်ကတော့ အဲဒါပဲ ဇော်ရှိုင်း... ငါကတော့ သူ့အချစ်ကို မရရင် ရူးတော့မယ်၊ ငါ့အဖြစ်ကို ကူညီနိုင်မယ့် နည်းလမ်းကောင်းရှိရင် ပေးခဲ့စမ်းပါဦးကွာ"

တကယ်ခံစားကြေကွဲနေသော သူငယ်ချင်း၏ မျက်နှာ ချောချောကိုစိုက်ကြည့်ရင်း ဇော်ရှိုင်းဦးခေါင်းမှာ အကြံတစ်ချက်





သက်ခနဲ ထွက်လာသည်။

"ဟုတ်ပြီ... စိုင်း၊ မင်း ငါပြောသလိုလုပ်"

သူငယ်ချင်းနှစ်ယောက် ခေါင်းချင်းဆိုင်လိုက်ကြပြီးနောက်... တစ်ယောက်လက်ဖဝါးကို တစ်ယောက် ရိုက်ဆိုက်ကြသည်။ ထို့နောက် နှစ်ယောက်အတူ အားပါးတရ ရယ်မောလိုက်ကြသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"တီ. . . တီ"

"ကျွီး"

ဆူညံသော ကားဟွန်းသံ၊ ကားဘရိတ်ဖမ်းသံ ဆူညံ ညံညံကြောင့် မြတ်လေးညို တစ်ဖက်က ကားကို လှမ်းကြည့် လိုက်သည်။

"ဟင်"

"ဟိုနေ့က လူပါလား. . . "

သူက မြတ်လေးညိုနှင့် မျက်လုံးချင်း ဆုံမိသည်။ မျက်လုံးတစ်ဖက် လှမ်းမှိတ်ပြလိုက်သဖြင့် မြတ်လေးညို ဆတ်





အကြည့်လွှဲဝစ်လိုက်သလို ရင်ထဲမှာလည်း ဒေါသ မုန်တိုင်း လေးတွေ ထန်သွားရသည်။

ထိုလူ မြတ်လေးနောက်ကို လိုက်ပြီး နှောင့်ယှက်နေ သည်မှာ သုံးလေးရက် မကတော့ပါ။ မြတ်လေးညို ဘယ်သွား သွား သူက မြတ်လေးညိုနောက် တကောက်ကောက်လိုက်ပြီး သူမ စိတ်အနှောက်အယှက် မဖြစ်ဖြစ်အောင် တစ်မျိုးပြီးတစ်မျိုး လုပ်သည်။ ထိုလူ့ကို မြတ်လေးညို မမြင်ဖူးပါ။ အခုရက်ပိုင်း အတွင်းမှ မိုးပေါ်ကကျလာသလို မြုန်းဒိုင်းပေါ်လာခြင်း ဖြစ်ပြီး ဝတ်စားထားပုံကလည်း ကိုယ့်ယိုကားယား မျက်လုံးထဲမှာ ကြောင် ကြောင်ကျားကျားနှင့် သူ့အသက်အရွယ်နှင့် မလိုက်အောင် ဝတ်စား ပြင်ဆင်ထားသည်။

တက္ကသိုလ် ကျောင်းသား တစ်ယောက်နှင့် လုံးဝမတူ၊ သို့သော် သူ့ကို မြတ်လေးညို၏ စာသင်ဆောင်အနီးအနား ဝတ်ဝန်းကျင်မှာ အမြဲ မြင်တွေ့နေရသည်။ အခုလည်း ကျောင်း အထိ သူ့ကားက လိုက်လာပြန်ပါပြီ။ မြတ်လေးညိုမျက်နှာလှ သူလေး ညိုပုပ်သွားသည်။ မြတ်လေးညို စာသင်ခန်းထဲ ရောက် သွင် သူက ကော်ရစ်တာမှာ မျက်လုံးပြူးကြီးနှင့် လျှာထုတ် ပြလိုက်၊ နှာခေါင်းရှုံ့ပြလိုက်နှင့် ပုံစံအမျိုးမျိုး လှုလစ်တိုင်း လုပ်ပြတတ်ရာ တချို့က သူနှင့် မြတ်လေးညိုကို ပြုံးစိစိကြည့် သွားကြသဖြင့် ရှက်ရသူက မိန်းမသားဖြစ်သည့် သူမသာ. . .



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း. . . မြတ်လေးညိုနောက်က သူလိုက်လာ မြန်ပါပြီ။

"ဟိုက်"

"ရွှတ်. . . ရွှတ်"

နောက်မှ ခြေသံ တရှပ်ရှပ်နှင့်အတူ. . . ထိုလူ အသံ ကြောင့် မြတ်လေး တစ်ယောက်တည်းမို့ ခြေလှမ်းကို ပိုတိုးပြီ ခပ်သွက်သွက်ကလေး လျှောက်ခဲ့သည်။ ခါတိုင်း လိုက်ကြည့် ဖြစ်သော်လည်း အခုလို စကားပြောဖူး ခြင်း မရှိပါ။

"ခဏနေပါဦး. . . တို့မေးစရာလေး ရှိလို့ပါ"

သူ့အသံကြားမှ မပြေးရုံတမယ် ခြေလှမ်းကို ပိုတိုး၍ လျှောက်မိသူက မြတ်လေးညို. . .

"ဟိတ်. . . ပြောနေတာ မကြားဘူးလား"

ဟော. . . အသံက ပိုပြီး နီးလာပြီ။

မြတ်လေးညို ခြေလှမ်းကိုပို၍ သွက်လိုက်သည်။

"အင့်"

"အမလေး"

ထောင့်ချိုးအကွေ့မှာ လူတစ်ယောက် ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားသဖြင့် အလန့်တကြား မော့ကြည့် လိုက်သည်။

"ဘာဖြစ်လာတာလဲကွ. . . လူတစ်ယောက်လုံး မမြင်





ဘူးလား"

"ဟင်. . . ရှင်"

မမျှော်လင့်ဘဲ စိုင်းခမ်းမဏ်ကို တွေ့လိုက်ရသဖြင့် မြတ်လေးညို မျက်နှာလှလှလေး ချက်ချင်း တင်းမာသွားသည်။ အခုရက်ပိုင်းအတွင်း စိုင်းခမ်းမဏ်ကို မြတ်လေးညို မမြင်ရ သဖြင့် ဒေါသဖြစ်ရန် မေ့နေခဲ့သလို ဘယ်သူဘယ်ဝါမှန်းမသိ သူတစ်ယောက်က လိုက်နှောင့်ယှက် နေခြင်းကြောင့် သူ့ကို သတိမရနိုင်ခဲ့ပါ။

အခုမှ ဒေါသနှင့် သတိရမိသလို ခုနက မိမိနောက်ကို လိုက်ပြီး ဆွဲတော့လွဲတော့မလို ဖြစ်နေသည့် လူကို လှည့်ကြည့် လိုက်မိသည်။

"ဟာင်"

စောစောကလူက ကော်ရစ်တာရှိ တိုင်တစ်တိုင်ကို မှီကာ မြတ်လေးညိုတို့နှစ်ယောက်ကို စီးကရက်ရှိုက်ဖွာရင်း မျက်လုံးကို မှေးစင်းကာ စူးစိုက်ကြည့်လျက်ရှိနေသဖြင့် မြတ်လေးညိုနောက်ကို လိုက်လိုက်မည့် သူ့ပုံစံကြောင့် စိတ်ရှုပ် ထွေးသွားမိသည်။ မြတ်လေးညို လှမ်းကြည့်ရာသို့ စိုင်းခမ်းမဏ် လှမ်းကြည့်လိုက် တာကို မြင်လိုက်ရသည်။ ဒီနေ့ချိန် စိုင်းခမ်းမဏ်ကို အကူအညီ တောင်းလျှင် ဖြစ်သော်လည်း မုန်းမုန်းနှင့် နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေး"

စိုင်းခမ်းမဏ်အသံကို ကြားသော်လည်း မြတ်လေးညို လှည့်မကြည့်ပါ။ မျက်နှာထားတင်းတင်းလေးနှင့် ရှေ့ဆက်လျှောက်ခဲ့သည်။ တဖျပ်ဖျပ်ခြေသံနှင့်အတူ လူတစ်ယောက် သူမနား အပြေးရောက်လာ၏။ "နာမည်လေးက မြတ်လေးတဲ့လား... နာမည်နဲ့လူ သိပ်လိုက်တယ်ဗျာ"

"ဟင်... ရှင်၊ ဘာကိစ္စ ကျွန်မနောက်ကို လိုက်နေရတာလဲ"

"သိပ်လှလို့... စိတ်ဝင်စားလို့ပေါ့ဗျာ"

အသံဩသလို ခပ်ဝဲဝဲနှင့် မြတ်လေးညိုနား လှစ်ခနဲရောက်လာသူက သူမထင်ထားသလို စိုင်းခမ်းမဏ်မဟုတ်ဘဲ မြတ်လေးညို လုံးဝ ကြည့်မရသော မျက်နှာပြောင်လှသော ခုနက လူရမ်းကားဖြစ်နေသောကြောင့် မြတ်လေးညို ထိုလူ့ဘက်ကို လှည့်ပြီး ရန်ထောင်စကားလေး ဆိုလိုက်ခြင်း ဖြစ်သည်။

"ရှင် ဘယ်လိုလူလဲ"

"သူလို ကိုယ်လို လူထဲကပါပဲဗျာ"

"တောက်"

အနားကလူကို မကျေနပ်ရသလို... ဟိုး အဝေးမှာ သူနှင့်ဘာမှ မဆိုင်သလို လက်ပိုက် ရပ်ကြည့်နေသည့် စိုင်းခမ်းမဏ်ကြောင့် ရင်ထဲမှာ ဒေါသလေးတွေ ဖြစ်ရသည်။





"မြတ်လေး... ကျောင်းဆင်းတဲ့အထိ ကိုယ် စောင့်နေမယ်နော်"

စာသင်ခန်းနား အရောက်မှာ အနားနား တိုးကပ်ပြီး ပြောလိုက်သည့်လူကြောင့် မြတ်လေးညို အံ့လေးကြိတ်လိုက်မိသည်။

"ဟော့... မြတ်လေး၊ ခုနတုန်းကလူက ဟိုနေ့ကလူပဲ မဟုတ်လား... မင်း နားကိုကပ်ပြီး ဘာပြောသွားတာလဲ"

"ကျောင်းဆင်းတဲ့အထိ စောင့်နေမယ်တဲ့"

"ဟင်... လူပါးဝလှချည်လား၊ မင်း ဒီအတိုင်း နေလို့ဖြစ်မလား... ကိုစိုင်းခမ်းမဏ်ကို သွားပြောလေကွာ"

"ဟုတ်တယ်... ဟုတ်တယ် ငါလည်း အဲဒီလူကို ကြည့်မရဘူး... ရုပ်ကိုက ပြောင်ချော်ချော်နဲ့၊ ငါ့ကိုတောင် အရှက်မရှိ မျက်စိမှိတ်ပြနေသေးတယ်"

"ဟင်... ဟုတ်လား"

သန္တာနှင့် ယုယက မြတ်လေးကိုယ်စား မခံမရပ်နိုင်ဖြစ်နေကြသလို သူတို့ကိုပါ အလွတ်မပေး မျက်နှာပြောင် တိုက်နေသူကို ကြည့်မရစွာ စိုင်းခမ်းမဏ်ကို သွားပြောခိုင်းနေခြင်းဖြစ်သည်။ သူငယ်ချင်းတွေ သိထားတာက မြတ်လေးညိုနှင့် စိုင်းခမ်းမဏ်ကို လူကြီးမိဘတွေ သဘောတူထားသည့် မကြာမီ လက်ထပ်တော့မည့် ချစ်သူစုံတွဲအဖြစ် ထင်မြင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သူနှင့် သူမအဖြစ်က သူငယ်ချင်းတွေထင်သလို မဟုတ်သဖြင့် အခုကိစ္စကို စိုင်းခမ်းမဏ်ကို သွားပြောလို့ မဖြစ်နိုင်တာကို သူမကိုယ်တိုင် မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရပြီးပြီ မဟုတ်ပါလား။

"ဟာ. . . ဟိုမှာ လာပြန်ပြီ"

သန္တာ့အသံလေးက အလန့်တကြား။

မြတ်လေးတို့ လှမ်းကြည့်လိုက်တော့ ထိုလူကို ဇော်ရစ်တာမှာ တွေ့လိုက်ရသည်။ မချောလေးသုံးယောက် သူ့ဘက်သို့ တစ်ပြိုင်တည်း လှမ်းကြည့်လိုက်ပုံကို ကြည့်ပြီး ဇော်ရှိုင်း သဘောကျစွာ အသံထွက်၍ ရယ်မောပစ်လိုက်သည်။ တစ်ဆက်တည်းမှာပင် မချောလေးတွေကို မျက်လုံး တစ်ဖက် မှိတ်ပြလိုက်ရာ သုံးယောက်စလုံး ချာခနဲ တစ်ဖက်သို့ ပြန်လှည့် သွားကြပုံက ညီညီညာညာ။

"အဟား. . ."

စိုင်းခမ်းမဏ်ကို ကူညီချင်၍ မြတ်လေးညိုကို သူ တမင်နှောင့်ယှက်နေရခြင်း ဖြစ်သည်။ စိုင်းရဲ့ မြတ်လေးညို ကတော့ ဇော်ရှိုင်းကို လူရမ်းကားတစ်ယောက်အဖြစ် ကောင်း ကောင်း မှတ်မိနေပြီမို့ ဒီနေ့အပြတ် ပွဲကြမ်းရန် စီစဉ်ထား ပြီးသား ဖြစ်သည်။

မြတ်လေးညိုတို့ သူငယ်ချင်း သုံးယောက် တိုးတိုး





ကြိတ်ကြိတ် တိုင်ပင်နေချိန်မှာ ဇော်ရှိုင်း စိုင်းခမ်းမဏ်ရှိရာကို ရောက်သွားသည်။

"စိုင်း"

"ဟင်"

"အသင့်ပြင်ထားနော်. . . ဒီနေ့ မင်းရဲ့ မြတ်လေး မင်းရင်ခွင်ထဲ ရောက်လာစေရမယ်"

"အေးပါ. . . မင်းသာ ပိရိပါစေ"

"အိုကေ"

ကျောင်းဆင်းချိန်မှာ ဇော်ရှိုင်းက မြတ်လေးညိုကို စောင့်နေသည်။ ဒါကို သူငယ်ချင်းသုံးယောက်လုံး မြင်ကြပါသည်။

"ဘယ့်နှယ့်လုပ်မလဲ မြတ်လေး၊ ဟိုလူ မင်းကိုစောင့်နေပြီ"

"ဂရုစိုက်လို့ကွာ. . . လာဝါ၊ ကျောင်းထဲမှာ သူဘာမှ မလုပ်ရဲပါဘူး"

အားလုံးရှေ့က မြတ်လေးညို ရင်ကလေးကော့ပြီး ဦးဆောင်ထွက် ခဲ့သည်။ သန္တာနှင့် ယုယကတော့ မျက်နှာထား တင်းတင်းနှင့် လှပလွန်းသည့် မြတ်လေးညို နောက်ကို လိုက်ခဲ့ရပေမယ့် ရင်တော့ ထိတ်နေသည်။

"မြတ်လေးအတွက်"

ပန်းတစ်စည်း မြတ်လေးရှေ့ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေး လှမ်းမယူ။ သူက မြတ်လေးရှေ့မှာ ပိတ်ရပ်ထားသဖြင့် အသွားရခက်နေသည်။

"ရှင် ကျွန်မရှေ့ကဖယ်ပါ"

"ရတယ်လေ. . . အတူတူလိုက်ခဲ့မယ် ဒါပေမယ့် ဒီပန်းစည်းလေးကိုတော့ မြတ်လေး မယူမချင်းပေးဖို့ ကြိုးစား ရမှာပဲ"

"ရော့. . . ယူပါ မြတ်လေးရယ်၊ ကိုယ့်ရဲ့ ခင်မင်မှု အမှတ်တရပါ. . ."

"ယူပါနော်"

ပန်းစည်းကြီးက မြတ်လေးမျက်နှာလေးရှေ့မှာ တဝဲဝဲဖြစ်နေရုံမက လူကလည်း မြှောက်ကြွကြွ၊ မြတ်လေးညို မျက်နှာကို တစ်ချိန်လုံး ကြည့်လာသဖြင့် လမ်းလျှောက် တာလည်း နောက်ပြန်နီးပါး။ အိုး. . . တကယ်ကို အရှက်မရှိ ကို့ရို့ကားယားပါ။

"မြတ်လေး"

"ကဲဟယ်. . . ကဲ"

"ဟာ. . . မလုပ်နဲ့"

သူ့လက်ထဲက ပန်းစည်းကြီးကို ဖိုးဖိုးဖတ်ဖတ် ဆွဲယူပြီး အဝေးဆုံးကို အားနှင့် ပစ်လွှတ်လိုက်သည့်အတွက် ဇော်ရှိုင်း မျက်လုံးပြူးသွားသည်။

"ဘုတ်"





"ဟာ. . . ဘယ်လိုလဲကွ"

ဖြစ်ချင်တော့ မြတ်လေးညိုလှမ်းပစ်လိုက်သည့် ပန်းစည်းက စိုင်းခမ်းမဏ်ရင်ဘတ်ကြီးကို တည့်တည့် မှန်လာ သဖြင့် သူ အောက်ကျမသွားရန် ကမန်းကတန်း လှမ်းဖမ်း လိုက်ရာ မြေသို့မကျဘဲ သူ့လက်ထဲမှာ ရှိနေသည့်အတွက် ပစ်သူကို လှမ်းကြည့်လိုက်သည်။

"ဟင်"

"မြတ်လေးညို"

"မြတ်လေး တို့မှာ. . . ကိုစိုင်းခမ်းမဏ် လှမ်းခေါ်လိုက်ကွာ"

"မခေါ်ပါဘူး"

"ဟင်"

မြတ်လေးညို ခပ်ပြတ်ပြတ်လေး ပြောလိုက်သဖြင့် သန္တာနှင့် ယုယ နားမလည်သလို လှမ်းကြည့်ကြသည်။

"ဟုတ်တယ်. . . မခေါ်နဲ့ မြတ်လေး၊ ကိုယ်. . . မြတ်လေးကို အသည်းစကားပြောစရာရှိတယ်"

"ဘာရှင့်"

"ရှူး. . ."

"လူတွေ ဝိုင်းကြည့်ကုန်ကြပြီ. . .၊ တစ်နေရာမှာ အေးအေးဆေးဆေး ပြောခွင့်ပြုပါလား. . . ကိုယ် မခံစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်လို့ပါဗျာ"

"ရှင်က ကျွန်မကို ဘာထင်နေလဲ"

"သိပ်လှလွန်းလို့ နတ်သမီးလေးလို့ ထင်တာပဲ"

"မြတ်လေး"

ပန်းစည်းကြီးနှင့်အတူ သူမတို့နားကို စိုင်းခမ်းမဏ် ရောက်လာပြီး သူမနားမှာ မားမားကြီးရပ်ကာ ခေါ်လိုက်ခြင်း ဖြစ်သည်။

"ဘာဖြစ်နေတာလဲ"

"ရှင် မမြင်ဘူးလား"

အစအဆုံး တွေ့မြင်ပြီးသား ဖြစ်ပါလျက် တမင် လာမေး နေခြင်းကြောင့် မြတ်လေးညိုရင်မှာ ဒေါသတွေနှင့် ရန်စကား ဆိုလိုက်သည်။

"ဒီလူ မြတ်လေးကို လိုက်နှောက်ယှက်နေတာ လေး ငါးရက် ရှိနေပြီ ကိုစိုင်းခမ်းမဏ်၊ မြတ်လေးကို ကူညီပေးပါ ဦးရှင်"

သန္တာက မြတ်လေးကိုယ်စား ဝင်ပြောနေခြင်း ဖြစ်သည်၊

"ဒီမှာ ကိုယ့်လူ မဆိုင်ရင် ဝင်မရှုပ်နဲ့ သူက ငါ့ရည်းစား သူစိတ်ကောက်လို့ လိုက်ချော့နေတာ"

"အို... မဟုတ်ဘူး"

ထင်မှတ်မထားသည့် တစ်ဖက်လူ စကားကြောင့် မြတ်လေးညို မျက်လုံးလေး ပြူးရသလို သူငယ်ချင်းတွေကလည်း





ထိတ်လန့်သွားကြသည်။

"ဟုတ်တယ်... ဟုတ်တယ်၊ ဒီလူ ညာတာ ကိုစိုင်း"

"ဒီမယ် သူငယ်ချင်း... မင်း ပြောတဲ့စကားကို ငါက ယုံမယ်ထင်နေလို့လား... မသိရင်မှတ်ထား၊ သူက ငါ့ရည်းစား၊ ငါချစ်သူ၊ မကြာခင် လက်ထပ်ကြတော့မှာ"

"အို..."

"ဟုတ်တယ်... ဟုတ်တယ်၊ သူတို့နှစ်ယောက် မကြာ ခင်ကမှ စေ့စပ်ထားကြတာရှင့် သိရဲ့လား"

"ကျုပ် ဒါတွေ စိတ်မဝင်စားဘူး"

"ဟင်"

စိုင်းခမ်းမဏ်ကို ဒေါသနှင့် ရန်ထောင်မလို့ ရှိပါသေး၊ တစ်ဖက်လူ၏ ဘုကျကျ ရန်လိုစကားကြောင့် မြတ်လေးညို ပါးစပ်လေး ပိတ်သွားသည်။

"မင်းက ဘာလုပ်ချင်လို့လဲ"

"သူ အိမ်ထောင်မကျမချင်း... ပိုင်ဆိုင်မယ့်သူ မရှိ သေးသရွေ့ ကျုပ်ဘက်က ကြိုးစားခွင့်ရှိတယ်၊ ကျုပ် သူ့ကို ချစ်တယ်၊ မရ ရတဲ့နည်းနဲ့ ယူမယ်"

"ဟာ"

"ဘာကွ"

"မင်း လူပါးဝလှချည်လား... ဒါ ငါ့ချစ်သူ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်နေ စိတ်ဆိုးနေလို့. . . လိုက်ချော့နေတာ မင်းသိရဲ့လား"

ဒေါသနှင့် စိုင်းခမ်းမဏ် အသံက ခက်ထန်နေသလို မျက်နှာချောချောကလည်း တင်းမာနေပါသည်။

"မင်းပြောတဲ့ပုံပြင်ကို ငါက ယုံမယ်ထင်လား"

အားလုံးအကြည့်တွေက မြတ်လေးညိုထံ တစ် ပြိုင်တည်ရောက်လာသည်။

"မြတ်လေး. . . မောင်တို့နှစ်ယောက်က ဘာတွေလဲဆိုတာ သူယုံအောင် ပြောလိုက်လေ"

မဟုတ်ဘူး. . . မပြောဘူးဟု စိတ်ထဲက မကျေမနပ်နှင့် ချက်ချင်းတုံ့ပြန် အော်ဟစ်လိုက်ပေမယ့် အပြင်မှာတော့ လူမိုက်ပုံစံအပြုံးနှင့် မျက်လုံးအစုံကို တမင်မှေးစင်းပြီး မြတ်လေး မျက်နှာ လှလှလေးကို အောင်နိုင်သူအပြုံးနှင့် စူးစူး စိုက်စိုက် ကြည့်နေသူကြောင့် မြတ်လေးညိုရင်ထဲက မကျေနပ် တာတွေ ဒေါသဖြစ်တာတွေ ကြိတ်ပြီး မျိုချလိုက်ရသည်။

"ဟုတ်တယ်. . . သူက ကျွန်မချစ်သူ စိုင်းခမ်းမဏ် ကျွန်မတို့ မကြာခင် လက်ထပ်ကြတော့မှာ"

"တကယ်ရော ဟုတ်ရဲ့လားဗျာ"

"ရှင့်ဘာသာ ယုံချင်ယုံ မယုံချင်နေ၊ လာ မောင် ကျွန်မတို့ သွားကြမယ်"





မယုံသက်သလို မြတ်လေးညို၏ မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေသူရှေ့က စိုင်းခမ်းမဏ်လက်မောင်းကြီးကို သူမ လက်ကလေးများဖြင့် တွဲချိတ်ပြီး ထွက်ခဲ့သည်။ ယုယနှင့် သန္တာက အခုမှ စိတ်အေးသွားသလို စိုင်းခမ်းမဏ်စုံတွဲကို နှုတ်ဆက်ပြီး ထွက်သွားကြသဖြင့် မြတ်လေးညိုနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

အတော်ဝေးဝေးကို ရောက်သည်နှင့် မြတ်လေးညို သူမ လက်ကလေးကို ဖျတ်ခနဲ ပြန်ရုပ်လိုက်သလို မျက်နှာ လှလှလေး တင်းမာစွာ စိုင်းခမ်းမဏ်ကို ချာခနဲ ကျောခိုင်း ပစ်လိုက်သည့်အတွက်၊ စိုင်းခမ်းမဏ်မျက်နှာ ချောချောမှာလည်း အလိုမကျမှုများ ဖြတ်သန်းသွားသည်။

မရွှေချောလေးက အခုတစ်မျိုး. . . တော်ကြာတစ်မျိုး ပါလား။ ဒါပေမယ့် စောစောက ဇော်ရှိုင်းရှေ့မှာ ကြောက်ကြောက်လန့်လန့်နှင့် သူ့ကို မောင်လို့ ခေါ်သွားတာကိုရော သူမချစ်သူ စိုင်းခမ်းမဏ်ဖြစ်ကြောင်း မကြာခင်လက်ထပ်ကြတော့မှာဆိုတာလေး ပြောသွားတာကို နားထောင်ရင်း ရင်မှာ တသိမ့်သိမ့် ခံစားခဲ့ရသည်။

"အဟမ်း"

နောက်က ဇော်ရှိုင်းအသံကြောင့် လက်ထဲက ပန်းစည်းကြီး ကိုင်လျက် ငေးငိုင်နေရာမှ အသိဝင်လာရသူက စိုင်းခမ်းမဏ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ လှည့်ကြည့်လိုက်တော့ ဇော်ရှိန်းက သူ့ကို မေးတစ်ချက် ဆတ်ပြသည်။ ဆက်လုပ် ဆိုသည့်သဘော။ သူ မြတ်လေးညို ရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ခဲ့သည်။

"မြတ်လေး"

သူ့အသံကိုကြားပါလျက် သူမက ထူးလည်းမထူးသလို လှည့်လည်း မကြည့်ပါ။ သူ မြတ်လေးညိုကားနားအရောက်မှာ ကားတံခါးကို ပိတ်ရပ်လိုက်သည်။

"အို"

"ရှင်. . . ဒါ ဘာလုပ်တာလဲ"

"မောင်တို့ . ဘယ်တော့ လက်ထပ်ကြမှာလဲဆိုတာ သိချင်လို့"

ပိုင်စိုးပိုင်နင်း ပြောနေသော စိုင်းခမ်းမဏ် မျက်နှာချောချောကို ဒေါသမျက်ဝန်းလေးများဖြင့် မော့ကြည့်လိုက်သည်။

"စိတ်ချ. . . ရှင့်ကို ဒီတစ်သက် ဘယ်တော့မှ လက်မထပ်ဘူး"

"ထကယ်လား"

"ဆယ်ကယ်ရှင်"

"မြတ်လေး မောင့်ကို မချစ်ဘူးပေါ့"

"မှန်းတောင် မုန်းသေးတယ်"

ဂျစ်ကန်ကန် စကားလေးတွေဆိုနေသော ချစ်ရသူကို





…သည်ယားစွာ မရယ်မပြုံး ခပ်တည်တည် စူးစိုက်ကြည့် ပစ်လိုက်သည်။

"မြတ်လေးချစ်မယ့်သူကို မောင်သိတယ်"

"ရှင်က ဘာသိတာလဲ"

"နောက်ကို လှည့်ကြည့်လိုက်လေ"

"ဟင်"

မချိုမချဉ် မျက်နှာပေးနှင့် မြတ်လေးတို့နှစ်ယောက်ကို အကဲခတ်သလို စူးစိုက်ကြည့်နေသည့် စောစောကလူကို တွေ့လိုက်ရသဖြင့် မြတ်လေးညိုရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဒေါသဝေသော မျက်ဝန်းများဖြင့် စိုင်းခမ်းမဏ်ကို နှုတ်ခမ်းလေးလိုက်ကာ တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ကားကို နေရာမှ …ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။

စိတ်ထဲမှာတော့ သူမကို ဘယ်ကလာမှန်း မသိသည့် …ရမ်းကားနှင့် ဘာလိုလိုပြောလိုက်သော စိုင်းခမ်းမဏ်ကို အမှုန့်ကြိတ်ပစ်ချင် နေမိတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

မြတ်လေးညို သိပ်စိတ်ညစ်နေသလို ဒေါသလေး... လည်း ဖြစ်နေရပါသည်။ စိုင်းခမ်းမဏ်ကို ဒေါသဖြစ်ရခြင်း... တစ်ဖက်၊ မိမိကို နေရာမရွေး၊ အချိန်အခါမရွေး လိုက်နေ... ယှက်နေသူကြောင့်တစ်ဖက် စိတ်တွေ ရှုပ်ထွေးကာ၊ ဘာလုပ်ရ... မသိဘဲဖြစ်သည်။

ဒီကြားထဲ မာမီတို့က စိုင်းခမ်းမဏ်နှင့် သူမ မင်္ဂလာ... ကိစ္စကို အမြန်ဆုံး စီစဉ်ချင်နေကြသဖြင့်. . . ဒီတစ်ခါ သူ... သဘော စိတ်ဆန္ဒမပါဘဲ ဇွတ်လုပ်ခဲ့လျှင်. . . အိမ်မှာမ... တော့ဘဲ မိဘများမသိအောင် ခြေဦးတည့်ရာ လျှောက်သွား...





ဖြစ်ကြောင်း မာမီ့ကို မျက်ရည်ပေါက်ပေါက်ကျလျက် အသိပေး ခြိမ်းခြောက်ထားရသည်။

မြတ်လေးညို စကားကြောင့် မာမီ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပုံကိုကြည့်ပြီး ရင်ထဲမှာ ကျိတ်ပြီး သနား နေမိပါသော်လည်း သူမမှာ အခုလိုပြောဆိုမထားလျှင် မာမီက စိုင်းခမ်းမဏ်ဆိုသည့်လူ မဟုတ်တရုတ် လျှောက်ပြောထားသမျှ အားလုံး အဟုတ်အမှန် ထင်ကာ. . . မင်္ဂလာကိစ္စ ဇွတ်စီစဉ် ညည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

မာမီက သူမတို့နှစ်ယောက်ကို ချစ်သူရည်းစားများ အဖြစ် ယုံကြည်နေသလို၊ စိုင်းခမ်းမဏ်မိဘတွေကလည်း ထို အတိုင်း ယုံကြည်နေသည်။ ထိုသို့ဖြစ်အောင်လည်း စိုင်းခမ်းမဏ် ဆိုသည့်လူက အကွက်ကျကျစီစဉ် ပြောကြား ထားခြင်းကြောင့် သူမဘက်က ဘယ်လိုပင် မှန်ကန်ပါ သော်လည်း ရှင်းပြခွင့် မရအောင် အခြေအနေတွေက ရှုပ်ထွေးသွားခဲ့သည်။

ဟော. . . အခုတော့ မြွေပူရာကင်းမှောက် နောက်ထပ် ပြဿနာတစ်ခုက သူမရှိရာကို ရောက်လို့လာပြန်ပါပြီ။ ထိုအရာ ကတော့ သူမတို့ ဇွတ်လိုက်၊ ဇွတ်ကြိုက် နေသည့်လူက သူမ ၏နံပါတ်ကို မည်သို့ရသည်မသိ. . . တစ်ချိန်လုံး ဖုန်းဆက်ကာ နှောက်ယှက်ပေးနေခြင်း ဖြစ်သည်။ မြတ်လေး အိမ်ပြင်မထွက်ဘဲ ဘယ်မှ မသွားဘဲ နေတာကို သူ ဘယ်လိုလုပ်သိလဲ မသိပါ. . .



www.burmeseclassic.com

www.burmeseclassic.com



တခွမ်းခွမ်းဖုန်းဆက်ပြီး သူပြောချင်တာတွေ လျှောက်ပြောနေသည်။

ပထမ တစ်ကြိမ်နှစ်ကြိမ်ဖုန်းကိုင်ပြီး အပြတ်ပြောပစ် လိုက်သည် နောက်ထပ်ဖုန်းမကိုင်တော့သော်လည်း အိမ်မှာ မာမီကရှိနေတော့ မြတ်လေးညိုကိုယ်စား ဖုန်းနားထောင်ပြီး အကြောင်း မသိတော့ သမီး၏သူငယ်ချင်းအမှတ်ဖြင့် ခေါ်ပေး ဖြန်သည်။

"ရှင်. . . ဘယ်လိုလူလဲ အိမ်မှာ ကျွန်မတစ် ယောက် တည်း ရှိတာ မဟုတ်ဘူးရှင့်. . . လူကြီးမိဘတွေနဲ့ ဆိုတာလည်း သတိရဦး"

"သတိရပါတယ်ဗျာ. . . မြတ်လေးအပါအဝင် အားလုံး ကို လေးလည်း လေးစားပါတယ်"

"ဒါဖြင့် ရှင့်ဖုန်းကို အခုချလိုက်ပါ"

"ဟိုး. . . ဟိုး နေဦးလေ ကိုယ်ပြောချင်တာတွေ ဘာ တစ်ခုမှ မပြောရသေးဘူးဗျာ"

"ဒီမှာ"

"ကိုယ့်နာမည် ဇော်ရှိုင်းလို့ ပြောပြီးလေ. . . မမှတ်မိ ရင် ထပ်ပြောရဦးမှာပေါ့. . . မြတ်လေးညိုရဲ့ ဇော်ရှိုင်း"

"ဂျောက်"

မြတ်လေးညို ဖုန်းကိုပစ်ချလိုက်သည်။

ဒေါသတွေ မထိန်းနိုင်တော့ အနားမှာရှိနေသည့် မာ





ကိုလည်း မေ့လျော့သွားသည်။

"ဘာဖြစ်တာလဲ သမီးလေး"

"အလကား. . . ဖုန်းသရဲမာမီ အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောနေတာ. . ."

"တူ. . . တူ. . . တူ"

ပြောနေတုန်း ဖုန်းသံကထပ်မြည်လာသဖြင့် သားအမိ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့် လိုက်မိကြသည်။

"မာမီ"

"နေ. . . နေ သမီး၊ ဖုန်းမကိုင်နဲ့ မာမီပဲ ပြောမယ်"

ပြောပြောဆိုဆို မာမီက ဖုန်းနား ထောင်လိုက်သည်။

"တဲလို . . ."

". . . . ."

"ဟုတ်ပါတယ်. . . အန်တီက မြတ်လေးညိုရဲ့ မာမီပါ"

နောက်ထပ် မာမီ့ထံမှ ဘာသံမှ မကြားရတော့။

တစ်ဖက်ကပြောသမျှတွေကို မာမီ ငြိမ်ပြီး နားထောင် နေတာကို ကြည့်ပြီး စိတ်ရှုပ်လာသည်။

"ကောင်းပါပြီကွယ်. . . ပြောလိုက်ပါ့မယ်"

မာမီဖုန်းချလိုက်ပြီး မြတ်လေးညိုဘက် လှည့်လိုက်ကာ

"ဇော်ရှိုင်းတဲ့. . . စကားပြောတာ ရည်ရည်မွန်မွန်



www.burmeseclassic.com

www.burmeseclassic.com



လေးပါပဲ၊ ဘာပြောသွားသေးလဲ သမီးသိလား"

"မသိပါဘူး မာမီ. . ."

"သူပြောတော့ သမီးသူငယ်ချင်းတဲ့"

"အဲဒါ သူညာတာမာမီ. . . သမီး သူ့ကို သိလည်း မသိဘူး၊ ခင်လည်း မခင်ဘူး. . . သမီးဖုန်းနံပါတ်ကို ဘယ်က ရသလဲ မသိဘူး၊ အခုလို လိုက်နှောင့်ယှက်နေတော့တာပဲ"

စိတ်ရှုပ်ထွေးဟန်ပေါက်နေသော သမီးချော၏မျက်နှာ လှလှလေးကိုကြည့်ကာ ဒေါ်သဇင်တစ်စုံတစ်ရာကို သဘော ပေါက် နားလည်လိုက်ပါသည်။ သမီးဖြစ်သူ၏မေတ္တာကို တောင်း နေကြသူများထဲက တစ်ယောက်အဖြစ် သိမှတ် လိုက်သည် တစ်ပြိုင်နက်တည်းမှာပင် စိုင်းခမ်းမဏ်နှင့် လက်ထပ်ဖို့ကိစ္စ အချိန်ဆွဲနေရခြင်း အကြောင်းထဲမှာ ဇော်ရှိုင်းဆိုသည့် သူငယ် လေးတစ်ယောက် အပါအဝင်ပဲလားဟု တွေးမိလာသည်။

"သမီး"

"ရှင်. . . မာမီ"

"မာမီ့ကို. . . မှန်မှန်ပြောစမ်း အဲဒီ ဇော်ရှိုင်းဆို သူငယ်က သမီးကို မေတ္တာရှိနေတယ် မဟုတ်လား"

"မြတ်လေး မသိဘူး မာမီ. . . သူ မြတ်လေးနောက် လိုက်ပြီး နှောင့်ယှက်နေတာတော့ ဆယ်ရက်လောက် ရှိနေ

"ဘယ်လို သမီးကို နှောင့်ယှက်တယ် ဟုတ်လား. . .





ဒီကိစ္စ မောင်စိုင်း မသိဘူးလား"

"သိပါတယ်"

"ဟင်. . . သိရဲ့သားနဲ့ သူက ဒီလိုပဲ လက်ပိုက်ကြည့် နေနိုင်သလား. . ."

ဟုတ်ပါတယ်လို့ပဲ ပြောရမှာလား. . . မဟုတ်ဘူးလို့ပဲ ပြောရမှာလား၊ ရုတ်တရက် မြတ်လေးညို မဖြေတတ်တော့ပါ။ စိုင်းခမ်းမဏ်က သူမကို ကူညီချင်ပေမယ့် သူမက အကူအညီ မခံ၊ မျက်နှာထားတင်းတင်းဖြင့် ရန်လိုစွာ ဆက်ဆံတတ်ခြင်း ကြောင့် အနားကပ်ခွင့်မရ ဖြစ်နေပါကြောင်း သူမ ထုတ်၍ ပြောဖြစ်ပါ။

"မဟုတ်သေးပါဘူး. . . ဒီကိစ္စကို မာမီမကျေနပ်ဘူး၊ အခုပဲ မောင်စိုင်းကို ဖုန်းဆက်လိုက်မယ်"

"မာမီ မဆက်ပါနဲ့"

"ဘာဖြစ်လို့တုန်း. . . ကဲ ဒါဖြင့် မာမီ့ရှေ့မှာ သမီး ကိုယ်တိုင် ဆက်စမ်း. . . မာမီခေါ်နေတယ် အခုလာပါလို့"

ပြဿနာပါလား. . .

ဒီပုံအတိုင်းဆို မာမီ့ရှေ့မှာ သူမနှင့် စိုင်းခမ်းမဏ် မျက်နှာချင်းဆိုင် တွေ့ရတော့မည်။ ထိုအခါ သူ့ကို မာမီ့ရှေ့ မှာ ရန်လုပ်၍မဖြစ်သလို. . . သူကလည်း မာမီ့ရှေ့မှာ သူ့ ကိုယ်သူ အသားယူပြီး မာမီယုံအောင် လျှောက်ပြောနေပြန်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း မြတ်လေးပဲ ဒေါသထွက် ခံပြင်းရပါဦးမည်။

အခုမှ ခက်ပြီ. . .

သူ့ကိုမခေါ်ချင်ပေမယ့်လည်း မာမီ့စကားကို လွန်ဆန်၍ မဖြစ်။ ထို့ကြောင့် တစ်ဖက်အိမ်က ဖုန်းနံပါတ်ကို နှိပ် လိုက်သည်

"ဟဲလို"

ကံကောင်းချင်တာလား ကံဆိုးချင်တာလား မသိ။ ဖုန်း ခွက်လာကိုင်သည့်လူက စိုင်းခမ်းမဏ်ကိုယ်တိုင် ဖြစ်နေ သည်

"ဟဲလို"

"ဟဲလို"

တစ်ဖက်က ဖုန်းခေါ်ပြီး အာသံမှ မကြားရသဖြင့် စိုင်းခမ်းမဏ်အသံကို ကြားနေရသည်။

"ဒီမှာ"

"ဟင်. . . မြတ်လေး"

လုံးဝ မျှော်လင့်ထားခြင်းမရှိသော မြတ်လေးညို၏ အသံ ကို ကြားရသဖြင့် စိုင်းခမ်းမဏ်မှာ အံ့ဩမယုံနိုင်ခြင်းနှင့် အသ ရင်ခုန်သံတွေ ဆူညံသွားသည်။

"မြတ်လေး. . . ဘာကိစ္စရှိလို့လဲ ဟင်၊ မာမီ့ကို ခေါ် ပေးရမလား"

"မခေါ်ပါနဲ့. . . ကျွန်မပြောမှာ ရှင့်ကို"

"ဗျာ"





"မောင့်ကို ဟုတ်လား"

နားကြား လွဲခြင်းမဟုတ်ပါ။ စိုင်းခမ်းမဏ်မျက်ခုံးတွေ ပင့်တက်သွားသည်။ မြတ်လေးညို ကိုယ်တိုင်က သူ့ကိုစကား ပြောချင်လို့ ဆိုပါလား. . .

"ဒီမှာ. . . ရှင့်ကို မာမီက စကားပြောစရာရှိလို့ အခု လာခဲ့ပါတဲ့"

"ကောင်းပြီ. . . မောင် အခုလာခဲ့မယ်"

"ဂျောက်"

တစ်ဖက်က ဖုန်းချသွားပြီ ဖြစ်သဖြင့် စိုင်းခမ်းမဏ် မှန်ရှေ့ကို အပြေးရောက်သွားသည်။ ခေါင်းဖြီးခြင်း၊ အဝတ်အစား သေသပ်အောင် ပြုပြင်ခြင်းများ လုပ်ရသည်။ ယောက္ခမကြီး ကိုယ် တိုင် သူ့ကို ခေါ်တာဆိုတော့ ဘာတွေများ ပြောမလို့ ပါလိမ့်ဟု တွေးပြီး ရင်ထိတ်စွာ မြတ်လေးတို့ ခြံဘက်ကို ဘူးခဲ့သည်။

"လာ. . . မောင်စိုင်း၊ ထိုင်. . . သမီးလည်းလာလေ၊" စိုင်းခမ်းမဏ်အိမ်ထဲ လှမ်းဝင်လိုက်သည်နှင့် နေရာမှ လစ်ပြေး ချင်နေသည့် မြတ်လေးညိုကို မာမီက လှမ်းခေါ်လိုက်သဖြင့် မြတ်လေးညို ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရသည်။

"အစမ်းရေ. . . အအေးတစ်ခုခု ယူခဲ့ပါဟော့"

"ဟုတ်ကဲ့ပါ မေမေကြီး"

"သား မာမီ အိမ်မှာရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး အန်တီ. . . မာမီတို့ ခရီးထွက်သွားပါတယ်"

"ဩော်. . . ဟုတ်သားပဲ၊ ခင်ခင်ဖုန်းဆက်သားပဲ"

"ဒီလိုသားရေ. . . အခုတစ်လော သမီးကို လိုက်နှောင့်ယှက်နေတာကို သားလည်း သိမှာပေါ့"

"ဗျာ"

"ဇော်ရှိန်းဆိုတဲ့ သူငယ်ကွယ်. . . ခုနကပဲ ဖုန်းဆက်သေးတယ်၊ အဲဒီကိစ္စ ပြောချင်လို့ပါ"

စိုင်းခမ်းမဏ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး မြတ်လေးညို မျက်နှာလှလှလေးကို လှမ်းကြည့်လိုက်သည်။ မြတ်လေးညိုက သူ့ကိုမကြည့်။ ခပ်တည်တည် မျက်နှာထားနှင့် မျက်နှာလွှဲထားသဖြင့် ဇော်ရှိန်းနှင့် သူ့အကြောင်း သိများသွားပြီလားဟု တွေးမိတော့ သူကတွန့်ခနဲ ဖြစ်သွားသည်။ သို့ပါသော်လည်း ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း အပြင်မှာတော့ မျက်နှာကို ဘာမှမဖြစ်သလို နေလိုက်သည်။

"ပြောပါ အန်တီ. . . အဲဒီကိစ္စအတွက် ကျွန်တော် ဘာလုပ်ပေးရပါမလဲ ခင်ဗျာ"

"အေး. . . အန်တီ့သဘောပြောရရင် သားတို့မင်္ဂလာကိစ္စကို အမြန်ကျင်းပလိုက်ချင်တာပါပဲ"

"ကျွန်တော့်သဘောကလည်း အဲဒီအတိုင်းပါပဲ ခင်ဗျာ"

"မာမီ"





မြတ်လေးညို အလန့်တကြား မာမို့ကို ခေါ်လိုက်မိသည်။

"ဘာပြောချင်လို့လဲ သမီးလေး. . ."

"မြတ်လေး အဲဒီကိစ္စသဘောမတူဘူး မာမီ"

"ဟင်"

"ဘာဖြစ်လို့တုန်းကွယ်"

"မြတ်လေး ကျောင်းပြီးမှ. . ."

"ဩော်ကွယ်. . . လက်ထပ်ပြီးမှ ကျောင်းဆက် တက်လည်း ရတာပါပဲ၊ ဟိုက ဇွတ်တရွတ်ဆို သမီးပဲ ခက်မယ်"

"မဖြစ်စေရပါဘူး. . . အဲဒီကိစ္စ မြတ်လေးဘာသာ ဖြေရှင်းနိုင်ပါတယ်"

"မဟုတ်သေးပါဘူးကွယ်"

မြတ်လေးညိုတို့ သားအမိနှစ်ယောက် စကားပြော နေတာကို ပရိသတ်လို ထိုင်ကြည့်နေရသူက စိုင်းခမ်းမဏ်။ မြတ်လေး ပြောမည့် စကားတွေကို သူက ကြိုသိနေသဖြင့် ဘာမှ ပိုထူးပြီး မခံစားရပါသော်လည်း မြတ်နိုးချစ်မဝသော ရှန်း လက်သည့် မျက်ဝန်းအစုံကတော့ ချစ်သူ့မျက်နှာလှလှလေးကိုသာ စူးစိုက်ကြည့်နေမိသည်။

"မောင်စိုင်း ပြောပါဦး၊ အဲဒီသူငယ်က မင်းတို့နှစ်ယောက် စေ့စပ်ထားတာ မသိဘူးလား"

"သိပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သိရက်နဲ့ မင်းကဘာမှ မလုပ်ဘူးလား"

"သူ့ကို ကျွန်တော်လူချင်းတွေ့ပြီး ပြောပါတယ်၊ အဲဒီလူက မြတ်လေး လက်မထပ်မချင်း ကြိုးစားခွင့် သူ့မှာရှိတယ်လို့ ပြောတာ. . . မြတ်လေးလည်း ကြားပါတယ်"

"အို. . . ခတ်လိုက်တာဒကွယ်"

"ကြည့်ရတာ မိုက်တိမိုက်ကန်း တစ်ဇွတ်ထိုးထဲက ထင်ပါရဲ့ ကွယ်. . . သမီးကြားရဲ့လား၊ တစ်ခုခုဖြစ်ရင် မာမီ ဘယ်လောက်များ ရင်ကျိုးရမလဲ"

မြတ်လေးညို မဖြေနိုင်ပါ။

နုတ်ခမ်းလေးကိုသာ တင်းတင်းစေ့ထားမိသည်။

"ခင်ခင်တို့လာရင် ဒီကိစ္စကို အမြန်ဆုံး စီစဉ်မယ်. . . သမီး သဘောတူရဲ့လားဟင်"

"မြတ်လေး ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါတယ် မာမီ"

ဒေါ်သဇင် တစ်ချက်ငေးခနဲ ဖြစ်သွားသည်။

မင်္ဂလာကိစ္စကို သမီးဖြစ်သူက လုံးဝသဘောမတူဘူး ဆိုတော့လည်း ဇွတ်အတင်း စီစဉ်ဖို့ ခက်နေသည်။ စိုင်းခမ်းမဏ်ကို အကဲခတ်ကြည့်လိုက်ပြန်တော့လည်း သမက် လောင်းက အခုကတည်းက သမီးသဘောမတူဘဲ ဘာမှ မလုပ်လိုဟန်ဖြင့် ငြိမ်သက်နေသည်။ ဒါကလည်း စိုင်းခမ်းမဏ် အပြစ်တော့ မဟုတ်ပါ။





ကာယကံရှင်က ငြင်းပယ်နေမှတော့ သူလည်း ရှေ့ဆက်တိုးရ ခက်မည်ပေါ့။ ဒီကြားထဲ သမီးဖြစ်သူမျက်နှာလေး ညှိုးနေတာကို မြင်ရတော့ ဒေါ်သဇင်ထပ်မပြောရက်ပြန်။

"ကောင်းပြီလေ. . . သမီးစကားနဲ့ သမီးပဲ၊ တစ်ခုခု သတင်း ကြားလို့ကတော့ မာမီစီစဉ်တဲ့အတိုင်း တရားရုံးမှာ ချက်ချင်း လက်ထပ်ရမယ်. . . ဧည့်ခံပွဲကို နောက်မှ ကြည့်စီစဉ်ရမှာပဲ"

"ကဲ. . . သားလဲ အအေးသောက်ဦး. . . သမီး မောင်စိုင်းကို စကားပြောဦး၊ မာမီအပေါ်ထပ် ခဏတက်လိုက်ဦးမယ်"

ဒေါ်သဇင် တမင်ရှောင်ထွက်ပေးသွားမှန်း နှစ်ယောက်စလုံး သိလိုက်ပါသည်။ စိုင်းခမ်းမဏ် စားပွဲပေါ်က အအေးခွက်ကို ယူသောက်လိုက်သည်။ မြတ်လေးညို အခုအချိန်ထိ သူ့မျက်နှာကို မကြည့်သလို. . . ဘာစကားမှလည်း မဆို။

"မြတ်လေး"

"ဘာလဲ"

"မောင့်ကို စကားပြောဦးလေ"

"ရှင့်ကို ဘာမှ ပြောစရာ မရှိဘူး"

အနားမှာ မာမီမရှိတော့ဘူးဆိုတော့ သူ့ကို သူမ စကားကောင်းလည်း မပြောမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . မြတ်လေးမှာ ပြောစရာမရှိရင် မောင်ပဲ ပြောမယ်"

"မောင် မြတ်လေးကို ဘယ်လောက် ချစ်တယ်. . . မြတ်နိုးတယ်ဆိုတာ မြတ်လေးသိရဲ့လား"

"မသိဘူး. . . ဘာမှမပြောနဲ့"

"ပြောမယ်. . . မင်းက တခြားလူ့ရင်ခွင်ထဲကို ဝင်ချင်နေတာ မဟုတ်လား"

"အာ. . ."

မြတ်လေးညို ဒေါသဖြင့် ဆတ်ဆတ်ခါ နာသွားသော်လည်း ချက်ချင်းပင် ဘာမှမဖြစ်သလို ရယ်မောပစ် လိုက်သည်။

"ဟုတ်တယ်. . . ကျွန်မက တခြားရင်ခွင်ထဲကို ဝင်ချင်နေတာ. . . ဘဲ ရှင် ဘာလုပ်ချင်လဲ"

"ဖက်နမ်းချင်တယ်"

"ဟင်. . . ရှင် အရှက်မရှိ ဘာစကားတွေ ပြောနေတာလဲ"

မာမီကြားသွားမလား စိုးရိမ်သလို. . . အိမ်ဖော် ကောင်မလေးတွေ ကြားသွားမလား၊ ဟိုဟိုဒီဒီကြည့်ရင်း. . . စိုင်းခမ်းမဏ်ကို ဒေါသဖြင့် ကြည့်လိုက်သည်။

"ဒါ ရှက်စရာမဟုတ်ပါဘူး. . . မောင့်ရင်ထဲက ချစ်စကားတွေပါ၊ မြတ်လေးကို မောင်ချစ်တယ်"





"ရှင် ပြန်တော့"

"မြတ်လေးမာမီကို ဒီအတိုင်း ပြန်ပြောယိုက်ရမလား၊ မာမီ့သမီး သီပ် ညှော်ခံကောင်းတာပဲလို့လေ. . ."

"ရှင့်ပါးစပ် ပိတ်ထား. . . နားညည်းတယ်"

"ကောင်းပါပြီဗျာ"

စိုင်းခမ်းမဏ်က စကားတစ်ခွန်းမှ ထပ်မဆိုတော့ဘဲ နှုတ်ဆိတ်သွားသည်။ ပါးစပ်က ဘာစကားမှ မဆိုတော့ပေမယ့် အရောင် တဖျပ်ဖျပ်လဲ့နေသော မျက်ဝန်းအစုံကတော့ ပါးစပ်က ပြောနေသည့် စကားများထက် ရာထောင်မကသော စကားများကို အသံမဲ့ဆိုလျှင်. . . မြတ်လေးညို၏ မျက်နှာ လှလှလေးကိုသာ တစ်ခါမှ မမြင်ဖူးသလို မျက်တောင်မခတ် စတမ်း စူးစူးစိုက်စိုက်ကြီး ကြည့်နေလျက်ရှိသည်။ အချိန် လေးတွေ ကြာသွားသည်။ တိတ်ဆိတ် ငြိမ်သက်သွားသော စိုင်းခမ်းမဏ်ထံမှ မည်သည့် အသံမှ မကြားရသဖြင့် မြတ်လေးညို ဖျတ်ခနဲ မော့ကြည့် လိုက်သည်။

"အို"

ရွှန်းလဲ့ရီဝေသော မျက်ဝန်းအစုံနှင့်ဆုံမိသဖြင့် မြတ်လေးညိုရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားကာ ရင်ခုန်သံတွေ ကသောင်းကနင်း ဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း. . . သိပ်အကြည့်ရဲတဲ့လူ. . .

လူကို ဘယ်လိုပုံစံနှင့် ကြည့်နေမှန်းမသိ။ ရှက်စိတ်ဖြင့် တစ်ကိုယ်လုံး ထူပူကာ ပါးလေးတွေ ရဲသွားသည်။ ရဲတင်း လှသော သူ့ကို မုန်းမုန်းနှင့် မျက်စောင်း ထိုးမစ်လိုက်သည်။

"ရှင် ဘယ်လိုလူလဲဟင်"

"ဘာကိုပြောတာလဲ"

ချစ်သူထံမှ မျက်စောင်းလှလှကို မြတ်နိုးစွာခံယူရင်း စိုင်းခမ်းမဏ် တမင်မေးလိုက်ခြင်း ဖြစ်သည်။ သူ့အကြည့်ကြောင့် သူမ အနေရခက်နေကာ ရှက်ရွံ့နေတာကို သိလျက်နှင့် မသိ ဟန်ဆောင်နေလိုက်ရပေမယ့်. . . ရင်ထဲမှာတော့ ချစ်ရသူကို ကြည့်ကာ ရင်နှင့်မဆံ့အောင် ချစ်စိတ်တွေ ဖြစ်ထွန်းနေသည်။

"မျက်လုံးပြူးကြီးနဲ့ လူကိုကြည့်နေတာကို ပြောတာရှင့်"

"အဟွန်း. . . ဟွန်း. . . ဟွန်း"

"သိပ်လှလို့. . . သိပ်ချစ်စရာကောင်းလို့ ကြည့်တာ မကြည့်ရဘူးလားဗျာ"

"ရှင်ကြည့်ဖို့ မွေးထားတာ မဟုတ်ဘူး"

"ဟုတ်ပြီ. . . ဒါဖြင့် ဘယ်သူကြည့်ဖို့တုန်း"

"အိုး. . . ဘယ်သူ့အတွက်ဖြစ်ဖြစ် ရှင့်အပူလား"

"မောင့်အပူပေါ့. . . ချစ်က မောင့်ရဲ့ချစ်သူ၊ မြတ်နိုး ရတဲ့သူ"





"ကြည့်စမ်း. . . ပြောရင်းက ပိုဆိုးလာပြန်ပြီ"

"ရှင့်အိမ်ရှင် မြန်မြန်ပြန်ပါ"

ဒေါသလေးနှင့် ရန်စွာလိုက်သည်။

ကြာလျှင်. . . ဒီလူလုပ်ပုံနဲ့ သူပြောချင်ရာပြောနေသည့် အရှက်မရှိစကားတွေကို အိမ်ဖော်လေးတွေ ကြားသွားမှာ စိုးရိမ်နေမိသည်။

"ဒီမှာ. . ."

"မောင်လို့ခေါ်"

"အို. . ."

"ရှင်. . . ရှင် ပြန်တော့လို့ပြောနေတာ မကြားဘူးလား"

"ကြားသားပဲ"

"ဟင်"

မျက်ဝန်းပြာကြီးတွေ စိုင်းခမ်းမဏ်မျက်နှာချောချောကို ဒေါသဖြင့် စူးစိုက်ကြည့်လာသဖြင့် သူကလည်း အားကျမခံ သူမ မျက်နှာလှလှလေးကို ရွှန်းလဲ့သော မျက်ဝန်းများဖြင့် ငေးစိုက် ကြည့်နေမိသည်။

"ကြားရဲ့သားနဲ့ မပြန်တာ ဘာသဘောလဲ၊ ကျွန်မကို ဒေါသ မထွက်ထွက်အောင် လုပ်နေတာလား. . . အပေါ်မှာ မေမီရှိနေလို့. . . နိုးမိုးရင်လား"



www.burmeseclassic.com

www.burmeseclassic.com



ပေကပ်ထိုင်နေသူကို တိုးတိုးကြိတ်ကြိတ် ရန်စကား ဆို နေမိသည်။ ဘယ်လိုလူမှန်းမသိ၊ မချစ်ပါဘူး၊ မကြိုက်ပါ ဘူးလို့ ပြောထားပါလျက်နှင့် နည်းမျိုးစုံသုံးပြီး မြတ်လေးညိုကို အရယူဖို့ ကြိုးစားနေသည့်အတွက် ကြည့်မရအောင် မုန်းလှသည်။

"ရှင် ပြောနေတာ မရဘူးလား"

"ရပါတယ်... တကယ်ပြန်စေချင်တာဆိုရင် မလွှဲ ပေါက်နားအထိ မင်းလိုက်ပို့"

"အိုး... ဘာကိစ္စ ရှင့်ကို လိုက်ပို့ရမှာတုန်း မပို့နိုင် ပါဘူး"

"ကောင်းပြီလေ... ဒါဆိုရင် မပြန်ရုံဘဲ၊ မင်းကိုယ်တိုင် မောင့်ကို ဖုန်းဆက်ခေါ်တာ၊ မင်းလိုက်မပို့မချင်း မပြန်ဘူး၊ ဒီမှာ ညစာစားပြီးမှ ပြန်မယ်"

"ဟင်"

မြတ်လေးညို ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

စိုင်းခမ်းမဏ်က သူမကို ဂရုမစိုက်သလို နေရာမှထ... ညှော်ခန်းအနှံ့ လျှောက်ကြည့်ရင်း... စားပွဲမှာ မှန်ဘောင်... ထောင်ထားသည့် သူမဓါတ်ပုံလေးကို ကောက်ယူမည် ... လိုက်သည်။

"မကိုင်ပါနဲ့"

"ဘာဖြစ်လို့တုန်း... ဓာတ်ပုံလေး သိပ်လှတာ၊ ...





ကြည့်ရဘူးလား"

"မကြည့်နဲ့"

"ဟောဗျာ... ဓါတ်ပုံလေးကြည့်တာတောင် ကြည့်ခွင့် ပြုနိုင်အောင် ကပ်စေးနဲလှချည်လားဗျာ"

မျက်နှာချောချောက ပြုံးစိစိနှင့် မျက်ဝန်းမှာ ကျီစယ် သိဟန် ရယ်မြူးရိပ်များ ထင်ဟပ်နေတာကို မြင်ရသည်။ ဖြစ်တော့၊ သူကတော့ မြတ်လေးညိုနားက မသွားရလေ ကြိုက်လေဖြစ်နေမှာ သေချာသည်။ ခဏနေရင် ဒက်ဒီ ဘာတော့မည်။ ထိုအခါ သူ့ကြောင့် စကားတွေပိုရှုပ် လာမှာကို လိုချင်။

"ကဲ... ကဲ၊ ရှင်ပြန်လို့ရပြီ"

"မောင့်ကို လိုက်ပို့မှာပေါ့... ဟုတ်လား"

"သိရင်ပြီးရော... ရှေ့က မြန်မြန်ကြွ"

"အန်တီကို နှုတ်မဆက်ရသေးဘူး"

"ရတယ်... ကျွန်မပြောလိုက်မယ်"

"ဒီလိုဆိုတော့လဲ... မောင့်ချစ်သူလေးက သဘော ကောင်းလှချည်လား"

မြတ်လေးညို ပါးစပ်ပိတ်နေလိုက်သည်။

စိတ်မတိုလို့ မဟုတ်။ ရင်ထဲမှာ ဒေါသထွက်နေပါ သော်လည်း အပေါ်မှာ မာမီရှိနေ၍ စိတ်ထင်တိုင်း လုပ်မဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေရခြင်း ဖြစ်ပါသည်။

တိုက်ဘေးက ကပ်ဖြတ်ခဲ့ကြသည်။ အေးမြသော သစ်
များစိမ်းစိုနေသော နေရာအရောက်. . .

"အချစ်"

"အို. . . ရှင်ဘာလုပ်တာလဲ"

"သိပ်ချစ်တယ်ကွာ"

"ဟင်. . . ရှင်နော်"

"ဖယ်စမ်း. . ."

အနီးကပ် အတူယှဉ်သွားနေရာမှ စိုင်းခမ်းမက်
တရက် စိတ်မထိန်းနိုင်တော့သလို သူမ ကိုယ်လေးကို
တစ်ပြွက် သူ့ရင်ခွင်ကျယ်ကြီးထဲ ဆွဲသွင်းလိုက်ပြီး တင်းကျပ်
မွေ့ဖက်၍ ရင်ချင်းအပ်ကာ မျက်နှာလှလှထက် ပြင်းပြ လိုက်
သောအချစ်များဖြင့် ခပ်ကြမ်းကြမ်း နမ်း ရှိုက်ပစ်လိုက်
ဖြစ်သည်။

ရုတ်တရက်ဖြစ်၍ မြတ်လေးညိုခမျာ ရှောင်တိမ်း
မရလိုက်ပါ။ မြွေတစ်ကောင်လို တင်းကျပ်စွာ တုပ်နှော
ထားသော သူ့လက်များကြားမှာ လှုပ်မရအောင် သူ့ရင်ခွင်ထဲ
နစ်မြုပ်သွားပြီး သူ့ထံမှ သိပ်သည်းစွာ ကျရောက်လာသ
ချစ်အနမ်းများအောက်မှာ မူမေ့မတတ် ဖြစ်သွားရပါသည်။

သူက. . . မြတ်လေးညိုကို စကားဆိုခွင့်မပေးသ





ဖွေးနုညံ့သော လည်တိုင် လှလှလေးထက် ချစ်တံဆိပ်များ
ခပ်နှိပ်သလို. . . နှင်းဆီဖူး နှုတ်ခမ်းလေးထက်မှာ ရှည်ကြာ
သော အနမ်းများဖြင့် တင်းကျပ်စွာ တုပ်နှောင်ထား လိုက်သည်။

"ချစ်တယ်ကွာ"

"ကြာရင် မောင်တော့. . . သိပ်ခက်တော့မှာပဲ"

"လွှတ်စမ်း"

"ဟင့်အင်း"

"မောင့်ကို ပြန်ချစ်ပါဗျာ. . . မောင့်ကို ဘာလို့
ဒီလောက် နှိပ်စက်နေတာလဲဟင်"

"ဘယ်သူက ရှင့်ကိုနှိပ်စက်နေလို့လဲ"

"ဖယ်. . . လွှတ်ဆို"

"မလွှတ်ဘူး. . . မောင် သိပ်ချစ်မှန်း သိရက်နဲ့ ပြန်
ချစ်တာ မောင့်ကို နှိပ်စက်နေတာမဟုတ်လို့ ဘာလဲ"

ကြည့်စမ်း. . .

လူကို ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်း ကားရဲ
နှင့်မပြီး။ သူပင် မြတ်လေးညိုကို ပြန်ပြီး စကားနာထိုးကာ
ဒေါသဖြစ် စိတ်ဆိုးနေချင်ပါသေးသည်။ ခပ်ဖျော့ဖျော့ မွေးရနံ့
သင်းပျံ့နေသော သူ့ရင်ခွင်ထဲမှာ နှစ်ကိုယ့်တစ်ကိုယ်ဖြစ်မတတ်
စစ်ဝင်ပူးကပ်လျက်ရှိနေသော အနေအထားမှာ မြတ်လေးညို
ဘယ်လိုရုန်းရုန်း သူက လွှတ်မပေးရုံမက ပိုတိုး၍ ဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညိုမျက်နှာနှင့် သူ့မျက်နှာ တိုးဝေ့ကာ စကားဆ
နေခြင်းကြောင့် မြတ်လေးညိုမှ ဘယ်လိုပင် ရှောင်တိမ်း
သော်လည်း... မလွတ်ဘဲ သူစိတ်ထင်တိုင်း ပြုသမျှ နေ
ရသည်။

ဒေါသဖြင့် သူ့ကို ထုရိုက်ကုတ်ဖဲ့ပစ်ချင်သော်လည်း သူ
သူမ လက်ကလေးများကိုပါ သူ့ရင်ခွင်မှာ သိမ်းဖက်ထား သဖြ
စိတ်ထင်တိုင်း မပေါက်ရုံမက၊ မာမီတို့ကြားမည်စိုး၍ ရ
စကားကိုလည်း ကျယ်ကျယ် မဆိုရဲပါ။ ဟိုတစ်ခါကလည်း သူန
သူမကို မာမီမြင်တွေ့သွားကာ အထင်အမြင်လွဲခဲ့ပြီးပြီ။ အခုတစ်
ထပ်ပြီး အထင်လွဲသွားရင် ရှက်တာနှင့် သေရန် သာ ရှိပါသည်

"ရှင်... ပြောမရဘူးလား"

"မရဘူး..."

"မောင့်ကို ချစ်တယ်လို့ပြော... မပြောမချင်း
အတိုင်း ဖက်နေမယ်"

"ဟင်"

"ဒီလောက်တောင် ဖြစ်တာ... ကဲဟာ"

"အား"

သူ့လက်မောင်းကို အားရှိသလောက် ဝ အားကုန်း ကို
ပစ်လိုက်သည့် အတွက် သူကိုယ်ကြီး ဆတ်ခနဲဖြစ်သွားက
သူ့လက်များ ပြေလျော့သွားသည်နှင့် ဘာတစ်ခုမှ စဉ်း





မနေတော့ဘဲ... သူ့ရင်ဘတ်ကြီးကို လက်နှစ်ဖက်ဖြင့် အား
ကုန် ဆောင့်တွန်းပစ်လိုက်သည်။ သစ်ပင်များကြားသို့ ကိုယ်ို
ကားယား ပြိုလဲကျသွားသည့် သူ့ကို လှည့်မကြည့်တော့ဘဲ
နေရာမှ ချာခနဲ လှည့်ပြေးခဲ့သော်လည်း လူတစ်ကိုယ်လုံး ရှက်
ရွံ့စိတ်ဖြင့် ထူပူပြာဝေနေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"မြတ်လေး"

"ဟင်. . . ရှင်"

"ဟုတ်ပါတယ်. . . ကိုယ်ပါ"

မြတ်လေးရှေ့မှာ ပိတ်ရပ်လိုက်သော ဇော်ရှိုင်းဆိုသည့် ပုဂ္ဂိုလ်ကိုကြည့်ပြီး မြတ်လေးမျက်နှာလေး သိသာစွာ ပျက်သွားသည်။ ပတ်ဝန်းကျင်က လှုပ်ရှားနေသည်။ အရေးထဲ ကားက ပျက်ပြီး လမ်းဘေးမှာ ထိုးရပ်နေတော့ စိတ်ညစ်ပြီး ဘာဆက်လုပ်ရမှန်း မသိဖြစ်နေတုန်း. . . ကားတစ်စီးနှင့် ရောက်လာသူက ကူညီမည့်သူမဟုတ်ဘဲ သူမကို အကြီးအကျယ် နှောင့်





ယှက်ပေးမည့်သူ ဖြစ်နေသည်။

"ဒီမှာ ဘာလုပ်နေတာလဲ. . ."

"ကျွန်မဘာသာ ဘာလုပ်လုပ် ရှင့်အပူလား"

ကားတစ်စီးလာရင် အကူအညီတောင်းမည်ဟု စဉ်းစားနေသော စိတ်ကူးလည်း ပျက်သွားသည်။ မျက်နှာကို တစ်ဖက်သို့ လွှဲပြီး အခြားသူဆီက အကူအညီရလိုရငြား လှမ်း မျှော်ကြည့်မိသည်။

"ကားပျက်နေတာ. . . ဟုတ်လား"

မြတ်လေး မဖြေပါ။

"ရတယ်. . . ကိုယ်ကြည့်ပေးမယ်"

မကြည့်နဲ့လို့ စိတ်ထဲက အော်ပြောလိုက်ပေမယ့် အပြင်မှာတော့ ကားရှေ့ဖုံးကိုဖွင့်ပြီး စစ်ဆေးနေသော ဇော်ရှိုင်းဆိုသည့်လူကို ဘာမှမပြောဘဲ နှုတ်ဆိတ်နေမိသည်။ သူ့အနားကိုလည်း မသွား။ လက်ပိုက်ပြီး ကျောခိုင်းလျက် နှုတ်ခမ်းလေးတို သွားဖြင့်ဖိကိုက်ကာ စိတ်အိုက်လှအိုက် ဖြစ်နေသည်။ အတန်းဖော် သူငယ်ချင်းတစ်ယောက် အကူအညီတောင်း သဖြင့် မင်္ဂလာဒုံဘက်ကို လိုက်ပို့ရင်း လှုပ်ရှားသည့် နေရာ ရောက်မှ ကားက ရုတ်တရက် ထိုးရပ်သွားခြင်း ဖြစ်သည်။

"ဥုး. . . ဥုး"

"ရပြီမြတ်လေး. . . အားလုံး အိုကေသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဘယ်လို လုပ်လိုက်သည် မသိ...။

ကားက ချက်ချင်း စက်နိုးသွားသဖြင့် မြတ်လေးညို စိတ်သက်သာရာရသွားသည်။ ကားပေါ်တက်ပြီး စက်နှိုးလိုက်တော့ အလာတုန်းကအတိုင်း ဖြစ်သွားသဖြင့် ကျေနပ်စွာ ကားနားမှာရှိနေသည့် ဖော်ရှိုင်းဆိုသည့်လူကို မော့ကြည့်လိုက်သည်။

"ကျေးဇူး တင်တယ်လို့ မပြောနဲ့နော်... တကယ် ကျေးဇူးတင်တယ်ဆိုရင် ကိုယ်နဲ့ အအေးတစ်ခုခု လိုက်သောက်ပေးပါလို့ ဖိတ်ခေါ်ပါတယ်"

""မဖြစ်ဘူးရှင့်... ကျွန်မမှာ တခြားကိစ္စတွေ ရှိသေးတယ်"

သူက မြတ်လေးညိုပြောမည့် စကားကို ကြိုသိနေသလို သူဖြစ်ချင်တာကို ပြောလိုက်သည်။ သူ့စကားကို သူမ မလိုက်လျောနိုင်ကြောင်း ပြောလိုက်တော့ သူက အပြုံးမပျက်ပါ။

"နည်းနည်းလေး အချိန်ပေးလိုက်ပါဗျာ... ခဏလေး ခဏလေးလောက် ဖြစ်ဖြစ်ပါ... ရှေ့နားက အအေးဆိုင်လေးလောက်ဆို ဖြစ်ပါတယ်... ခွင့်ပြုလိုက်ပါဗျာ..."

"ခွင့်ပြုတယ်နော် ဟုတ်လား..."

မြတ်လေးညို မဖြေပါ။

ဖော်ရှိုင်းဆိုသည့်လူကိုသာ မျက်ဝန်းပြာကြီးများဖြင့်





အကဲခတ်သလို ကြည့်နေပါသည်။ စိတ်ထဲမှာလည်း ဝေခွဲရခက်နေသည်။ ကားလေးပြင်ပေးရုံနှင့် အခွင့်အရေး ယူလွန်းတာကို မကြိုက်သော်လည်း သူလက်ညှိုးညွှန်ပြသည့် အအေးဆိုင်က ကားရပ်နေသည့်နေရာနှင့် သိပ် အလှမ်းမဝေးလှသဖြင့် သူတောင်းဆိုတာကို သဘောတူလိုက်ရလျှင်... နောက်ကို မနှောင့်ယှက်ရန် စကားတစ်ခါတည်းပဲ ပြောမည်ဟု တွေးလိုက်သည်။

"ကိုယ့်ကားကို ရွှေ့သွားနှင့်မယ်နော်"

မြတ်လေးညို ခေါင်းမညိတ်။ ဖော်ရှိုင်းက သူ့ကားကို သူမရှေ့က မောင်းသွားပြီဖြစ်သဖြင့် မြတ်လေးညိုလဲ သူ့ကားနောက်မှ မောင်းလိုက်ခဲ့သည်။

"ဟင်"

မမျှော်လင့်ဘဲ စိုင်းခမ်းမဏ်ကားကို တွေ့လိုက်ရသဖြင့် ဖော်ရှိုင်းကို မနှောင့်ယှက်ဖို့ ပြောမည်ဟု ကြံစည်စိတ်ကူးထားသမျှတို့ ရပ်ချည်း လွင့်ပြယ်သွားသည်။ စိုင်းခမ်းမဏ်ကလည်း သူမကို လှမ်းမြင်တွေ့သွားပြီမို့ ဖော်ရှိုင်းနှင့်အတူ အအေးဆိုင်ထိုင်မည့်ကိစ္စကို လုံးဝမစဉ်းစားတော့ဘဲ... ကားလေးကို အရှိန်မြှင့်ပြီး တအားမောင်းထွက်ခဲ့သည်။

"ဟာ"

"ကျွီး"

ဖြစ်ချင်တော့ ကလေး တစ်ယောက်က မိုးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ကန်းကန်း လမ်းကို ဖြတ်အကူး. . . မြတ်လေးညို မျက်ဝန်းထဲမှာ ပြာခနဲ ဖြစ်သွားကာ တိုက်မိတော့မည့်ဘေးမှ လွတ်ရန် ကားကို ဘရိတ်ဖမ်းပြီး လွတ်အောင် ရှောင်လိုက်သည်။

"ကားတိုက်ပြီဟော့"

"ဟင်"

ခွေခနဲ ကျသွားသည့် သဏ္ဍာန်လေးတစ်ခုနှင့် ဆူညံသွားသည့် စကားပြောသံများက မြတ်လေးညိုရင်ကို ပူလောင်သွားစေသည်။

"ကလေး. . . ဘာဖြစ်သွားလဲဟင်"

"ဘာဖြစ်သွားလဲ"

"သူ သေပြီလားဟင်. . ."

လူတစ်ယောက်၏ ရင်ခွင်ထဲမှာ ပျော့ခွေနေသည့် ကလေးကို ကြည့်ပြီး သူ့ရင်ခုန် စိတ်လှုပ်ရှားစွာ အရူးမလေးလို ဖြစ်သွားသည်။ တစ်သက်နှင့်တစ်ကိုယ် ဒါမျိုးအဖြစ်လည်း မကြုံဖူးသဖြင့် ပို၍ တုန်လှုပ်ချောက်ချားလျက်. . . မျက်နှာ လှလှလေး တစ်ခုလုံး သွေးမရှိသလို ဖြူဖျော့သွားပါသည်။

"ကလေးမသေပါဘူး. . . သွေးထွက်တာလည်း မတွေ့ရဘူး. . . ကားနဲ့ဝင်တိုးမိပြီး အကြောက်လွန် သတိ လစ်သွားတာ နေမှာပါ"

"ခင်ဗျားက ကားပိုင်ရှင်လား. . ."





"ဟုတ်ပါတယ်"

"အမလေး. . . ဖိုးတိုး. . . သားလေး လုပ်ကြပါဦး၊ ကျွန်မသားလေး သေပြီထင်တယ်. . . ဒီအတိုင်းပဲ ကြည့်နေကြတော့မှာလားရှင်"

"ကယ်ကြပါဦးရှင်"

"သားရေ. . . ဖိုးတိုး"

ကလေးအမေဟု ထင်ရသော ဆင်းရဲနွမ်းပါးသည့် ဈေးသည် အမျိုးသမီးက သူ့မသားလေးကို ပွေ့ချီကာ အရူး တစ်ယောက်လို အော်ဟစ်ပေါက်ကွဲစွာ ငိုယိုလိုက်ခြင်းက. . . မြတ်လေးညိုကို သွေးပျက်အောင် ဖန်တီး ပေးလိုက်သလို ရှိသည်။

"မြတ်လေ. . . မြတ်လေး"

"သတိထားလေ. . . ကလေးဘာမှ မဖြစ်ဘူး"

"ကိုစိုင်း. . ."

"ဟုတ်တယ်. . . မောင်ပါ သတိထားနော်"

လူများကြားမှာ တိုးဝှေ့ရောက်ရှိလာသည့် စိုင်းခမ်းမဏ်ကို မြင်လိုက်ရသည့်ခဏ မြတ်လေးညိုရင်ထဲမှာ ဝမ်းသာဝမ်းနည်းခြင်းနှင့်အတူ သူ့ရင်ခွင်ကျယ်ကြီးထဲကို အားကိုးတကြီး ပြေးဝင် ဖက်တွယ်လိုက်မိသည်။ အေးစက်တုန်ရီ နေသော မြတ်လေးညို ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း တုန်လှုပ်ချောက်ချား နေသော မျက်နှာ လှလှလေး သွေး မရှိ တော့သလို ဖြူဖွေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး စိုင်းခမ်းမဏ် စိုးရိမ် ခြင်းဖြင့် ရင်တစ်ခုလုံး ပူလောင်သွားသည်။

"ဒါ... ကျွန်တော့်ညီမပါခင်ဗျာ... ကလေးကို ကားပေါ်တင်လိုက်ပါ၊ ကျွန်တော် ဆေးရုံလိုက်ပို့ပေးပါ့မယ်"

လူအများကြီး စုမလာခင်၊ အခြေအနေ မရှုပ်ထွေးမီ ကလေးကို ကားပေါ် ပွေ့တင်ခိုင်းလိုက်သည်။

"မြတ်လေး"

"ကိုစိုင်း"

"ဟာ... မြတ်လေး"

စိုင်းခမ်းမဏ်ရင်ခွင်ထဲမှာ မြတ်လေးညိုတစ်ကိုယ်လုံး ပျော့ခွေ သတိလစ်သွားခြင်း ဖြစ်သည့်အတွက် သူ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဇော်ရှိန်း... ဒီမှာ မြတ်လေး သတိလစ်သွားပြီကွ လုပ်ဦး"

"လုပ်... လုပ်၊ သူ့ကိုပွေ့ပြီး မင်းကားပေါ် တင်လိုက် မြတ်လေးကားကို ငါမောင်းခဲ့မယ်"

တစ်ခဏအတွင်း အဖြစ်အပျက်တို့ ရှုပ်ထွေးသွားသည်။ စိုင်းခမ်းမဏ်က မြတ်လေးညိုအတွက် ပျာယာခတ်နေချိန်မှာ သူတို့နှစ်ယောက် ကိုယ်စား ဇော်ရှိန်းကပဲ ကလေး၏ မိခင်ကျေနပ်စေရန် လျော်ကြေးငွေအပြည့်အဝပေး၍ ကျေနပ်စေ လိုက်





သည်။ ပြီးတော့ သူ့အသိဆရာဝန်ရှိရာ ဆေးခန်းကို ပြေးရသည်။ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်း ရသည်။

ကလေးက ဘာမှမဖြစ်။

သတိရတော့ ပြုံးပြုံးရွှင်ရွှင်။ လန့်ပြီးမေ့သွားတာ ဖြစ်ပြီး ပွန်းရာပဲ့ရာမျှသာ ဖြစ်သဖြင့် လိုက်ပါလာသူတွေအားလုံး တစ်ပြုံးပြုံးနှင့် ကျေနပ်သွားကြသည်။

"ကျွန်တော့်ညီမက နှလုံးရောဂါသည်ခင်ဗျ... သူလဲ လန့်ပြီး မေ့သွားတာ သတိမှရသေးရဲ့လား မသိဘူး"

"အို... ဟုတ်လား၊ ကျွန်မလဲ သားဇောနဲ့မို့ သတိမထားမိလိုက်ဘူး... အကိုနှစ်ယောက် အချိန်မီရောက်လာလို့ပေါ့ရှင်... ကျွန်မတို့ကို ထားခဲ့ပါ အငှားကားနဲ့ပဲ ပြန်ပါ့မယ်"

"မဟုတ်တာဗျာ... ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော် လိုက်ပို့မှာပါ..."

အိမ်အရောက် ကစားစရာ၊ စားစရာတွေ တစ်ပွေ့တစ်ပိုက်အပြင် ဆေးဖိုးငွေ အထပ်လိုက် ထုတ်ပေးခြင်းကြောင့် ကျေးဇူးတင်စွာ ကျန်ရစ်ခဲ့သည်။

အဲ... အခုမှ သတိရသည်။

မြတ်လေးညို ကားကြီး သူ့ဆီမှာ ကျန်ရစ်ခဲ့သည်။ ဘယ်နှယ်လုပ်ရပါ့၊ အိမ်တိုင်ရာရောက်သွားပေးလို့လဲ မဖြစ်။ သူနှင့်စိုင်း ပတ်သက်နေတာ သိသွားရင်... မြတ်လေးညို



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုမရ၊ စိုင်းအတွက် မိုးမီးလောင်သွားနိုင်သဖြင့်. . . စိုင်းခမ်းမဏ်၊ အိမ်ကို အရင် ဖုန်းဆက်ရသည်။

"ဟဲလို"

ဖုန်းလာထူးသူမှာ အိမ်ဖော်လေး ဖြစ်နေသည်။

"စိုင်းရှိလား"

"အကိုလေး ပြန်မရောက်သေးပါဘူးရှင်"

သူ ဖုန်းချလိုက်သည်။

ဒီအတိုင်းဆို မြတ်လေးညိုနှင့်အတူ စိုင်းခမ်းမဏ် ရှိနေသည်မှာ သေချာသွားသည်။ ကားကို မြတ်လေးညိုအိမ်ကို ကိုယ်တိုင်သွားပို့၍ မဖြစ်။ မြတ်လေးညိုအိမ်ကို ဆက်လိုက်သည်။ ထင်သည့်အတိုင်း မြတ်လေးညိုတစ်ယောက် စိုင်းခမ်းမဏ်နှင့်အတူ အိမ်ပြန် ရောက်နေပြီဟု သိလိုက်ရသည်။ ဖုန်းပြောသူက မြတ်လေးညို၏ မာမီကိုယ်တိုင်ဖြစ်နေသဖြင့်. . စိုင်းခမ်းမဏ်နှင့် ပြောရန် ဖုန်းထပ်ခေါ်ရသည်။ ကိုငယ်နှင့် တဆင့် မြတ်လေးညို ကားကို ပြန်ပို့ပေးမည့်အကြောင်း ပြောလိုက်ပြီး ဖုန်းချလိုက်သည်။

ဇော်ရှိုင်း၏ ဝမ်းကွဲညီ ကိုငယ်နှင့် စိုင်းခမ်းမဏ်တရင်နှီးပြီးသား ဖြစ်သည့်အတွက် သူ့ကို အကူအညီ တောင်းရ၏။ စိုင်းခမ်းမဏ်ကတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မျက်နှာလှလှလေးကို မြတ်နိုးသော နှလုံးသားဖြင့် ချစ်မဝနိုင်သလို ငေးကြည့် နေမိသည်။





"အင်း. . . ဟင်း"

"ဟော. . . မြတ်လေး နိုးပြီလား ဟင်"

ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွား ရာမှ မြတ်လေးညို နိုးလာခြင်း ဖြစ်သည်။

"မြတ်လေး"

"ဟင်. . . ရှင်"

"ဟုတ်တယ်၊ မောင်ပါ. . . မြတ်လေး နေကောင်းတယ်နော်"

"ဟိုး. . . ကလေး. . . ကလေး"

ထစ်ငေါ့တုန်ရီစွာ မြတ်လေးညို ဆိုလိုက်မိသည်။ အခုထော့လည်း စိုင်းခမ်းမဏ်ဆိုသည့်လူက မြတ်လေးညို အတွက် အားကိုးရာကြီး တစ်ခုလိုပါပဲလား"

"စိတ်ချ. . . အားလုံး အဆင်ပြေသွားပြီ၊ ကလေးလဲ ဘာမှမဖြစ်ဘူး"

သူက အပြုံးဖြင့် မြတ်လေးညို၏ မျက်နှာလေးကို စိုက်ကြည့်ရင်း နူးညံ့ညင်သာစွာ နှစ်သိမ့်စကား ဆိုပါသည်။

"တကယ်ရော ဟုတ်ရဲ့လား ဟင်. . ."

"ဟုတ်ပါတယ်ဗျာ. . . တကယ်ပါ အောက်မှာ မြတ်လေးကားလည်း ပြန်ရောက်နေပါပြီ"

မယုံသလို မေးလာသည့်စကားကို သူက နားလည်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်စွာ ဖြေနေသော်လည်း... သူမကို စူးစိုက်ကြည့်ငေးနေသည့် အကြည့်အပြုံးတွေ ကတော့ ကလေးပေါက်စလေးတစ်ယောက်လို ချစ်ခင်မြတ်နိုးခြင်းတွေ အပြည့်နှင့်မို့... အရင်တုန်းကလို သူ့ကိုတွေ့တိုင်း မျက်နှာထားတင်းတင်းနှင့် ရန်တွေ့စကား ဆိုဖို့ခက်နေသည်။

"အခုကိစ္စကို မာမီသိသွားပြီလားဟင်"

"ဟင့်အင်း အန်တီစိတ်ပူမှာ စိုးလို့ မောင်အကုန် မပြောလိုက်ဘူး၊ မြတ်လေးကားနဲ့ တိုက်မိယလို ဖြစ်သွားတုန်း လန့်ပြီး ရှော့ဖြစ်သွားတာလောက်ပဲ ပြောတာပါ"

"မြတ်လေး သိပ်ကြောက်သွားလားဟင်"

"အင်း"

"တစ်ခါမှ ဒါမျိုး မဖြစ်ဖူးဘူး၊ ဒါ ပထမဆုံးပဲ"

မြတ်လေး သူ့ကို မကြည့်ဘဲ ဆိုလိုက်မိသည်။

အခုချိန်အထိ သူ အိမ်ကို မပြန်သေးဘဲ သူမအနားမှာ ရှိနေတာကို တွေးမိပြန်တော့ စိတ်ထဲမှာ တစ်မျိုးလေး ခံစားလိုက်ရသည်။

"ဟော သမီးလေးနိုးပြီလား၊ စိတ်ပူလိုက်ရတာကွယ် တစ်ကိုယ်လုံး ဖြူဖျော့အေးစက်နေတာ အနားမှာ မောင်စိုင်း ရှိနေလို့သာပဲ"

"ပြောစမ်းပါဦး၊ အခုရော နေရထိုင်ရတာ ကောင်း





လား"

"ကောင်းပါတယ် မာမီ"

"အခုမှ ရင်အေးရတယ် မောင်စိုင်းရေ၊ သားကိုလည်း သိပ်ကျေးဇူးတင်တယ်၊ တိုက်တိုက်ဆိုင်ဆိုင် သားနဲ့တွေ့လို့သာပဲနော်၊ နို့မို့ အန်တီဖြင့် သမီးလေးအဖြစ်ကို ပြန်မတွေး ရဲဘူး"

မြတ်လေးညို စိုင်းခမ်းမဏ်၏ မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ သူမ မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ငေးသော မျက်ဝန်းများနှင့် အဆုံမှာတော့ သူမ ရင်ထဲ သိမ့်ခနဲ လှုပ်ခတ်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင်တဲ့။ ထိုစကားကိုမူ မယုံကြည်ပါ။ သူမ သွားရာနောက်ကို တစ်နည်းနည်းဖြင့် လိုက်နေခဲ့၍သာ အခုလို အချိန်မီ ကူညီပေးနိုင်တာဟု ယုံနေပါသည်။

"မေမေကြီး အအေးရပါပြီ"

"အေး စားပွဲပေါ်မှာ ထားခဲ့ ထားခဲ့"

"ကဲ သားနဲ့သမီး အအေးသောက်ရင်း စကားပြော ကြဦး၊ သားက ဒီမှာ ညနေစာစားပြီး အေးအေးဆေးဆေးမှ ပြန်ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် မာမီအောက်ထပ် ခဏဆင်းလိုက်ဦးမယ်"

မာမီမသွားပါနဲ့ဟု မြတ်လေးညို တားမြစ်လိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အခန်းထဲမှာ သူနှင့် သူမ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ရမှာကို မလိုလားပါသော်လည်း နှုတ်ဆိတ်နေလိုက်ရသည်။ နှုတ်တရွှတ် အပြုအမူများကြောင့် သူ့ကို ကြည့်မရအောင် ဖြစ်ရသော်လည်း အခု သူက မြတ်လေးညိုကို ကူညီစောင့်ရှောက်ပေးသူတစ်ယောက်ဖြစ်နေတော့ သွားပါ၊ ပြန်ပါဟု ပြောဖို့ခက်နေသည်။

ပြီးတော့ သူနဲ့ မြတ်လေးညိုဆိုတာ တိုင်းသိပြည်သိ တရားဝင်စေ့စပ်ထားကြသူတွေ။ မပတ်သက်ချင်လို့လည်း မရ။ တစ်ယောက် တစ်ဝက်ပိုင်ဆိုင်ကြသူတွေ ဖြစ်ကြသလို သူက မြတ်လေးညိုကို တစ်ဖက်သတ် ချစ်မြတ်နိုးနေသူ။ မြတ်လေးညို အတွက် အနေရခက် စိတ်ရှုပ်ထွေးနေပေမယ့် သူ့အတွက် ကတော့ အခုလို အခြေအနေမျိုးနှင့် ကြုံရခြင်းကိုပဲ ကျိတ်ပြီး ဝမ်းသာ ကျေးဇူးတင်နေမည် ထင်ပါသည်။

"မြတ်လေး"

မထူးပါ။

မည်းနက်သော မျက်ဝန်းရွှဲကြီးများဖြင့် စိုင်းခမ်းမဏ်ကို မော့ကြည့်လိုက်သည်။

"မြတ်လေးအတွက် မောင်ဘယ်လောက် စိုးရိမ် ရသလဲ ဆိုတာ မြတ်လေးသိရဲ့လားဟင်"

သိပါသည်။





သို့ပါသော်လည်း ထိုစကားကို သူမ မဖြေချင်။ တစ်ဆင့်တက်လာမည့် သူ့ထံမှ ချစ်စကားများကို မကြားလိုသော ကြောင့်ဖြစ်သည်။

"မြတ်လေးရယ်"

မျက်လွှာချပြီး ငြိမ်သက်နေသော ချစ်သူလေး၏ ပုံစံလေးကို ကြည့်ကာ စိုင်းခမ်းမဏ်ရင်ထဲမှာ သိမ့်ခနဲ လှုပ်ခတ်လျက် ချစ်မြတ်နိုးခြင်းများစွာဖြင့် ချစ်ရသူကို အသည်းယားစွာ စူးစိုက်ကြည့်လျက် မချင့်မရဲ ခေါ်လိုက်မိသည်။

"သိပ်ချစ်တယ် မြတ်လေးရယ်၊ မောင့်အချစ်ကို အခုထိ အသိအမှတ် မပြုသေးဘူးလားဟင်"

"စဉ်းစားဦးမယ်"

"ဟာ"

လုံး၀ ထင်မှတ်မထားသည့် စကားကြောင့် သူ ဝမ်းသာ ပျော်ရွှင်သွားသ ည်။

"တကယ်လားဟင်၊ မောင်ဘယ်လောက် စောင့်ရမှာ လဲဗျာ၊ ပြောစမ်းပါဦး"

"တစ်နှစ်"

"ဟာကွာ မြတ်လေးကို မောင်သိပ်ချစ်နေမှန်း သိလို့ အမင် နှိပ်စက်နေတာလား"

"မစောင့်နိုင်ရင်လည်း ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း မောင်အသည်းယားအောင် ပြောနေ ပြန်ပြီ"

နှုတ်ခမ်းကို ခပ်ဖွဖွ ဖိကိုက်ရင်း ပြောလာသည့် စိုင်းခမ်းမဏ် ပုံစံက ချစ်သူတစ်ယောက်၏ ဟန်အမူအရာ အပြည့်။ သူမကို ခပ်စိုက်စိုက် ကြည့်နေသည့် မျက်ဝန်းထဲမှာ ချစ်ခြင်းနှင့် အပျော်များကို မြင်တွေ့နေရသည်။

"မြတ်လေး"

"အို ရှင်နော်"

"ကျွန်မကို ဇွတ်တရွတ် အနိုင်ကျင့်ရင် သိပ်မုန်းပစ်မှာသိလား"

"သိတယ်"

"သိရင် ကျွန်မလက်ကိုလွှတ်"

မြတ်လေးညို လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသော စိုင်းခမ်းမဏ်လက်များထဲက သူမ လက်ကလေးကို ရုန်းထွက်လိုက်သည်။ သူက သူမ လက်ကလေးကို မလွှတ်ချင် လွှတ်ချင်နှင့် အသာဖြေလွှတ်ပေးရင်း . . .

"မောင့်ကို သိပ်အနိုင်မယူပါနဲ့ဗျာ"

"အမယ် ရှင့်ကို ဘယ်သူက အနိုင်ယူလို့တုန်း၊ ရှင်သာ ကျွန်မကို ဇွတ်အတင်း . . . "

"ဘာဖြစ်လဲ ဆက်ပြောလေ"

ပန်းနုရောင် နှင်းဆီခင်း ဖြစ်သွားသည့် ချစ်သူ မျက်နှာ





လှလှလေးကို စူးစိုက်ကြည့်ရင်း စိုင်းခမ်းမဏ် မြတ်နိုးစွာ ခပ်တိုးတိုး ရယ်မောလိုက်သည်။

"အဟွန်း ဟွန်း ဟွန်း"

"သိပ်ချစ်တယ်ကွာ"

"ဘယ်အချိန်မှ ပြန်ချစ်မှာလဲ"

"သိချင်ရင် စောင့်ပေါ့"

"မစောင့်နိုင်ရင် ခက်မယ်"

စိုင်းခမ်းမဏ်စကားကြောင့် မြတ်လေးညို ပါးလေးတွေ ရဲထူပူသွားသည်။

"ဘာတွေ လာပြောနေတာလဲ"

"ပြန်တော့"

"ယောက္ခမကြီးက ညစာစားပြီးမှ ပြန်ရမယ်တဲ့၊ ပြီးတော့ မောင့်ချစ်သူလေးနဲ့ ပထမဦးဆုံး ငြိမ်းချမ်းရေး ရတဲ့နေ့မို့လို့ ပျော်ပါရစေဦးဗျာ"

ပါးစပ်က ရိုးရိုးပျော်တာမဟုတ်ပါ။

တစ်ချိန်လုံး မြတ်လေးညို မျက်နှာလှလှလေးကို မျက်လုံး သက်လက်များနှင့် ခပ်ပြုံးပြုံး စူးစိုက်ကြည့်နေတော့ အနေရ ခက်လှသည်။

"သိပ်အခွင့်အရေးယူတာပဲ"

"ဘယ်သူ့ကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ရှင့်ကို"

"ဗျာ"

"မောင့်ကို ဟုတ်လား"

"ဟုတ်တယ်"

နှုတ်ခမ်းလေး စူပြီး မျက်စောင်းကြီး ဒိုင်းခနဲ ရောက်လာတာကို နှစ်သက်မြတ်နိုးစွာ ရင်တသိမ့်သိမ့် မြတ်နိုးနေမိသည်။ စိုင်းခမ်းမဏ်သိပါသည်။ မြတ်လေးညို သူ့ကို ရှက်နေတာကိုပါ။ ထိုရှက်နေတာလေးကိုသာ သူ့ရင်က အချစ်စိတ်များကို လှုပ်နှိုးနေသလို ဖြစ်ကာ ချစ်ပြီးရင်း ချစ်နေမိသူက စိုင်းခမ်းမဏ်။

"အကူအညီပေးတဲ့ သူမို့ ဒီလောက်သည်းခံနေတာ သိရဲ့လား၊ ကျွန်မနားမှာ မနေပါနဲ့"

"ဒါဖြင့် မောင်က ဘယ်သူ့နားသွားနေရမှာလဲ"

"နေချင်တဲ့ နေရာနေပေါ့"

"မောင်နေချင်တာ ချစ်အနားမှာလေ"

"ရှင်နော်"

"ကိုစိုင်းလို့ မခေါ်တော့ဘူးလား"

"ဟွန်း ခေါ်ချင်ပါဘူး"

"မခေါ်ပါနဲ့ ဒီကလည်း မောင်လို့ပဲ ခေါ်စေချင်တာပါ"

"စိတ်ညစ်လာပြီနော်"





"ငိုတော့ မငိုလိုက်ပါနဲ့နော်၊ မောင်က မချော့တတ်ဘူး"

"ဟွန်း"

"မယုံဘူးလား၊ မောင်က မချော့တတ်ဘူး။ ချစ်ပဲ ချစ်တတ်တာ ချစ်သိမှာပါ"

"ဟာ"

"သွား သွား"

မြတ်လေးညို သိပ်ရှက်သွားသည်။

သူက စိတ်ထင်တိုင်း ကြမ်းရမ်းစွာ အပျိုမလှလှလေးကို အကြိမ်ကြိမ် နမ်းရှိုက်ခဲ့တာကို ရည်ညွှန်းပြီး ပြောဆိုခြင်းဖြစ်ရာ မြတ်လေးမှာ သူ့မျက်နှာချောချောကို ရင်မဆိုင်ရဲ တော့ဘဲ နေရာမှ လှစ်ခနဲ ထွက်ပြေးရန် ကြိုးစားမိသည်။

"မြတ်လေး"

"အို"

"ရှင်နော် ဖယ်"

"ဟင့်အင်း"

သူမ အကြံကို ကြိုသိထားသော စိုင်းခမ်းမဏ်က သူမ ကိုယ်လေးကို လက်တံရှည်များဖြင့် ခါးလေးမှ သိမ်းယူဆွဲ ပွေ့ကာ ရင်ချင်းအပ်ပစ်လိုက်သဖြင့် မြတ်လေးညိုမှာ သူ့ရင်ခွင် ထဲက ရှက်လန့်တကြားလေး ရုန်းထွက်နေမိသည်။

"ဖယ်ဆို၊ အို . . . ပြောနေတာ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး"

"ဟင်"

"မောင့်ကို ချစ်တယ်လို့ ပြောပါ"

"အို"

စိုင်းခမ်းမဏ်က သူ့မျက်နှာချောချောနှင့် သူမမျက်နှာလှလှလေးထက် တိုးဝှေ့ပူးကပ်ရင်း လိုက်လံလှဲ့စွာ တောင်းဆိုနေခြင်းဖြစ်သည်။

"ရှင့်ကို စဉ်းစားဦးမယ်လို့ ပြောနေတယ်မဟုတ်လား"

"တစ်နှစ်ထိ မောင်မစောင့်နိုင်ဘူး"

"တစ်လအထိ စောင့်မယ်"

"ရှင်ဖြစ်ချင်တိုင်း ဖြစ်မလားရှင့်"

"ဖြစ်ရမယ်ကွာ"

ဟော ပြောရင်းဆိုရင်းက ဇွတ်တရွတ်စိတ်က ပေါ်လာပြန်ပြီ။ လူကို ဘာထင်နေလဲ မသိ။ နေရာတကာ သူ့စိတ်နဲ့ သူ့ကိုယ် သိပ်လုပ်ချင် နေတာတို့ မကျေနပ်ပါ။

"အဲဒါတွေကြောင့် ရှင့်ကို ကြည့်မရအောင် မုန်းတာ သိလား"

"မြတ်လေး"

"ဖယ် လွှတ်"

"မလွှတ်ဘူးကွာ၊ မကျေနပ်လို့ ရိုက်ရိုက်ထုထု မောင်





ခံနိုင်တယ်၊ မုန်းတယ်ဆိုတဲ့ စကားကို မောင်ခံနိုင်ရည် မရှိဘူးဗျာ သိလား"

"မသိဘူး မသိဘူး"

မြတ်လေးညို ဦးခေါင်းလှုပ်လှုပ်ရမ်း ဘယ်ညာခါရမ်းသွားသလို အင်အားရှိသမျှ သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတာကို ကြည့်ပြီး စိုင်းခမ်းမဏ် အသည်းနှလုံးတွေ နာကျင်လာသည်။ အချစ်ရေးမှာ ဒီလောက် ခက်ခဲသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ။

အခုတော့ သိပ်လှသော မိန်းမချောလေးက သူ့ကို ရင်ခုန်စိတ်လှုပ်ရှားစေသလို နာကျင်မှုကို ဖြစ်ထွန်းအောင် နည်းအမျိုးမျိုးဖြင့် ပြုစားလျက် ရှိနေသည်။

"မောင့်အချစ်ဆုံးရယ်"

"အို . . . အို"

"ဟင့်အင်းဆို"

လှုပ်မရအောင် တုပ်နှောင်ထားသော ရင်ခွင်မှာ သူမတစ်ကိုယ်လုံး အသက်ရှူမရအောင် မွန်းကျပ်သွားသည်။ ဇွတ်အရွတ် သမားကို ပြန်ပြီး ရန်မစွာနိုင်သလို ဆူညံနေသော ရင်ခုန်သံများ ဖရိုဖရဲ ပြိုလဲနေတာကိုလည်း မထိန်းချုပ်နိုင်ခဲ့ပါ။

"သိပ်မုန်းတယ် သိလား"

"မြတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်မှ လွတ်သည်နှင့် သူ့ရင်ကို နာကျင်စေမည့် စကားကို တမင်ရွေးပြောပြီး နေရာမှ ချာခနဲပြေးထွက်ခဲ့သည်၊ နာကျင်သော နှလုံးသားဖြင့် ကျန်ရစ်ခဲ့သည့် စိုင်း၏ခမ်းမက် မျက်နှာချောချောကို မြင်ယောင်မိတော့ ဖွတ်တရွတ်ပြုမူခဲ့ မိသမျှ သူ့အပြုအမူများအတွက် ကလဲ့စား ချေခွင့်ရလိုက်ပြီဟု ကျေနပ်သွား မိတော့သည်။

◆◆◆◆◆



## အခန်း (၁၃)

ဘာပဲပြောပြော မြတ်လေးညိုအပေါ် တိတ်တခိုးလေး ရင်ခုန်မိသလို တွယ်တာနေမိပြီဟု ကိုယ့်ကိုယ်ကို ဝန်ခံလိုက်မိသည်။ ဒီလိုဆို ပြန်တော့လည်း ကိုယ့်ဘာသာ ရှက်ရွံ့မိသလိုနှင့် မကျေမနပ်ကလေး ဖြစ်ရပြန်သည်။ မိန်းကလေးတွေ ထည်လဲတွဲနေခဲ့သော သူတစ်ယောက်ကို ပြန်ချစ်မိတော့ သိပ် လိပ်ပြာမလုံချင်လှပါ။

အခုချိန်တော့ သူက မြတ်လေးညိုတစ်ယောက်တည်း ချစ်စရာ မြတ်နိုးစရာအဖြစ် အသည်းအသန်ကြိုးစားပြီး သူမဆီမှ အချစ်ကို ရယူပိုင်ဆိုင်ရချင်နေသလို လူကို ပိုင်ဆိုင် အောင်



www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအမံတွေနှင့် စေ့စပ်ကြောင်းလမ်းပြီးသည့် အဆင့် ရောက်အောင် ဇွတ်တရွတ် ဖန်တီးခဲ့သည်။

သူ့အချစ်ကို သူမ ယုံကြည်စိတ်ချ လိုက်ရတော့မည်လား။ သူမထက် ချောတဲ့ လှတဲ့ လူနဲ့တွေ့ပြန်ရင်ရော အခုလို အသည်းအသန် ဖြစ်နေဦးမှာလား ဆိုသည့် အတွေးသံသယ ရှိနေသည့်အတွက် စမ်းသပ်မှုတစ်ခု ပြုရန် စဉ်းစားမိသည်။ ဦးနှောက်ထဲမှာ ဝေစီကို ဖျတ်ခနဲ ပြေးမြင်လိုက်သည်။

"အဟင်း ဟင်း. . . ဟင်း"

ဝေစီက စိုင်းခမ်းမဏ်ဆိုသည့် ကိုလူချောကို သိပ်စိတ်ဝင်စား နေတာကို တွေးမိတော့ သူမ အစီအစဉ်ကို သဘောကျစွာ ရယ်မောလိုက်မိသည်။ အခုတလော သူသိပ်ပြီး ခြေမြှိမ်နေတာ သူမကို ယုံကြည်စေချင်လို့ မဟုတ်လား။ မြတ်လေးက သူ့ကို လူရှုပ်လူပွေဟု ပြောခဲ့ဖူးတာကို သူမေ့ မည်မထင်ပါ။ မြတ်လေးနောက် တကောက်ကောက်လိုက်ရင်း အချိန်ကုန်နေသည့် သူ့အနားမှာ တခြား ဘယ်မိန်းကလေး ကိုမှ မတွေ့ရတော့သည်မှာ မြတ်လေးညို မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

အဲ သူ့အနားမှာ ဘယ်မိန်းကလေးမှ ရှိမနေပေမယ့် သူမနားမှာတော့ မိုးကျရွှေကိုယ်တော် လူတောက်တဲ့ ဇော်ရှိုင်းဆိုသည့် လူတစ်ယောက် ရှိနေသည်။ ထိုလူကလည်း သူ့လို ဇွတ်တရွတ် လူမို့ ထိုလူနှင့် ရင်ဆိုင်ရမှာကို ကြောက်လန့်





စိုးရိမ်နေရသည်။

အခုတလော ဇော်ရှိုင်းဆိုသည့် လူ ပျောက်နေသည်။ စိုင်းခမ်းမဏ် ကိုယ်တိုင် သူမအနားမှာ တစ်ချိန်လုံး အတူ ရှိနေလို့ပဲလား မပြောတတ်ပါ။ သူ့အနား ရောက်လာချိန်မှာ ခါတိုင်းလို ရန်လိုခြင်းဖြင့် တင်းမာစွာ ရှိမနေတော့ သော်လည်း လိုက်လိုက်လျောလျောကြီးလည်း မဆက်ဆံပါ။ သာမန် အသိမိတ်ဆွေတစ်ယောက်လို ပြောဆိုဆက်ဆံ ခဲ့ပါသည်။

ကျောင်းသွား ကျောင်းပြန်အတူတူ တစ်ချိန်တည်းထွက်ဖြစ်သလို အအေးဆိုင် နှစ်ယောက်အတူ ထိုင်ဖြစ်သည့် အချိန်လေးတွေလည်း ရှိသည်။ ဒီနေ့လည်း ကျောင်းဆင်းချိန်မှာ သူမ ထွက်အလာကို စောင့်နေသည့် စိုင်းခမ်းမဏ်ကို တွေ့လိုက်ရသည်။ သူမ အတန်းထဲက ထွက်ရင်း လက်ကနာရီလေးကို တစ်ချက် ငုံ့ကြည့်လိုက်သည်။

"ဟော"

မြတ်လေးညို မျက်ဝန်းပြာကြီးတွေ အရောင်လက်သွားသည်။ ဝေစီကို အလှဆုံး အပြင်အဆင်များနှင့် သူမ ရှိရာကို တည့်မတ်စွာ လျှောက်လာနေတာကို လှမ်းမြင်လိုက် ရသောကြောင့် လှိုက်လှဲစွာ ပြုံးရယ်လိုက်မိသည်။

"ဟော ဝေစီပါလား၊ ဘယ်သွားမလို့လဲ"

"ဟင့်အင်း မြတ်လေးဆီ တမင်လာတာ၊ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဆိုတော့ တစ်နေရာမှာ တစ်ခုခု စားရင်း စကားလေး ဘာလေး ပြောကြတာပေါ့ကွာ"

"ကောင်းသားပဲ"

ကြိုတင်ချိန်းထားပြီးသား ဖြစ်သော်လည်း စိုင်းခမ်းမဏ်ရှေ့မှာတော့ အခုမှ တွေ့ဆုံလေဟန်စကားတွေ ပြောနေကြခြင်းဖြစ်သလို စိုင်းခမ်းမဏ်ထံမှ အကဲခတ်ဟန် မျက်ဝန်း များကို မသိဟန်ဆောင်နေလိုက် ပါသည်။

"ဪ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်မ သူငယ်ချင်း ဝေစီ၊ ဝေစီ. . . သူက စိုင်းခမ်းမဏ်တဲ့၊ နောက်တွေ့ရင်လည်း ခေါ်၊ လိုတဲ့အကူအညီဆိုရင်လည်း တောင်းပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် စိုင်း"

"ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ကျွန်မတို့ကို ခွင့်ပြုပါဦး စိုင်း"

"ကျွန်တော်လည်း မြတ်လေးတို့နဲ့အတူ လိုက်မှာပါ"

"ဒါဖြင့် အတူသွားကြတာပေါ့နော်"

ဝေစီက သွက်သွက်လက်လက်ရှိသလို စိုင်းခမ်းမဏ်ကို စကားတွေ အမျှင်မပြတ် ပြောလာပါသည်။ စိတ်ရှုပ်ရတာ စိုင်းခမ်းမဏ်၊ မြတ်လေးညို မျက်နှာလှလှလေးကို မကျေမနပ် လှမ်းကြည့်လိုက်တော့ သူမအသွင်လေးက ပကတိငြိမ်းအေး ချမ်းမြလျက် ဘာတိုမှ မခံစားရပုံမပေါ်ပါ။ သူ ရင်မောသွား





သည်။ မကောင်းတတ်၍ သူမ သူငယ်ချင်း ဝေစီဆိုတာနှင့် စကားပြောနေရသော်လည်း သူ့ကို မိတ်ဆက်ပေးတုန်းက စိုင်းခမ်းမဏ် ဆိုတာ သူမ ချစ်သူ၊ စေ့စပ်ထားသူ၊ မကြာခင် လက်ထပ်တော့မည် ဘာညာစသဖြင့် ရှန်းရှန်းဝေအောင် ပြောဆိုစေချင်ပေမယ့် သူမက ဘာတစ်ခုမှ ပြောဆိုခြင်း မပြုသဖြင့် သူ့ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်ခဲ့ရသည်။

ဟော အခုတစ်ခါ သူမ သူငယ်ချင်းနှင့် စိုင်းခမ်းမဏ် စကားတွေ ပြောဆိုနေတာကို သူမ ဂရုစိုက်လေးဘာ အပြုံးလှလှ လေးနှင့် ဘာမှမဖြစ်သလို သူမမို့ နေနိုင်ရက်သည်။ မကျေမနပ် အတွေးများနှင့် စားသောက်ဆိုင်ကို ရောက်ခဲ့သည်။

"မြတ်လေး ဘာစားမလဲ၊ မှာလေ"

"ရတယ်၊ ဝေစီ စားချင်တာသာ မှာပါ"

မီးနူးကတ်ကလေးက သူမရှေ့က ဝေစီ့ရှေ့ကို ရောက်သွားသည့်အတွက် သူ မြတ်လေးညို မျက်နှာလှလှလေးကို စိုက်ကြည့်ပစ်လိုက်သည်။ ဝေစီကတော့ သူမ စားချင်တာ တွေကို စိတ်ကြိုက်ရွေးမှာနေသည်။

"စိုင်း ကြိုက်တာလည်း မှာဦးလေ၊ အဟင်း"

"ရပါတယ်၊ ကျွန်တော်က ဘာဖြစ်ဖြစ် စားပါတယ်"

"မဟုတ်တာရှင်၊ စိုင်း အကြိုက် ဒီဟင်းတွေထဲက တစ်ခုခုရွေး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဝေစီ မှာထားပြီးပြီ မဟုတ်လား"

"ဟင့်အင်းကွာ မရဘူး၊ မရဘူး စိုင်းအကြိုက် ဟင်း အမယ်တစ်ခုခု မှာမှ ဝေစီ ကျေနပ်မယ်"

မူနွဲ့စွာ ပြောဆိုလာသူလေးကြောင့် သက်ပြင်း ကို ရှိုက်လိုက်သည်။ ဝေစီ့နေရာမှာ မြတ်လေးညို ဆိုသည့် ချစ် သူကလေး ဖြစ်နေခဲ့ရင် ဘယ်လောက်များ ပျော်စရာ ကောင်း လိုက်မလဲ။ နောက်ဆုံး မကောင်းတတ်သဖြင့် ဟင်း အမယ် တစ်ခုကို ရွေးပြီး မှာလိုက်သည်။

"စိုင်းတို့ အိမ်က ဘယ်နားမှာလဲ ဟင်"

"မြတ်လေးတို့နဲ့ ခြံချင်းကပ်မှာပါ"

"ဟယ် . . . ဟုတ်လား၊ နောက်ဆို ဝေစီ မြတ်လေး တို့အိမ်ကို လာရင်းနဲ့ လာလည်မယ်နော်၊ လာရမှာလား"

"လာနိုင်ပါတယ်ဗျာ၊ မြတ်လေး သူငယ်ချင်းဟာ ကျွန်တော့်သူငယ်ချင်းပါပဲ"

"တကယ်နော်၊ နောက်မှ စိတ်ပျက်ပါပြီ မလုပ်နဲ့"

"ရပါတယ်ဗျာ"

မျက်နှက်ဝန်းကလေး ထောင့်ကပ်ပြီး လက်ညိုးလေး တစ်ထောင်ထောင် ပြောနေပုံက တခြားသူတစ်ယောက် အတွက် ချစ်စရာကောင်း နိုင်ပါသော်လည်း စိုင်းခမ်းမဏ် ကတော့ လိုအပ်တာထက် ပိုမိုရင်းနှီး ကျွမ်းဝင်ပြနေတာကို သဘော





နိုင်ဘဲ ဖြစ်နေပါသည်။ စားစရာတွေ ရောက်လာ သည်။

ဝေစီကပဲ ထမင်းပွဲမှာ ဦးဆောင်သူ ဖြစ်နေသည်။ သူမ ဘာသာ ထမင်းကောင်းစွာမစားနိုင်။ စိုင်းခမ်းမဏ် ပန်းကန်ထဲသို့ ကောင်းနိုးရာရာများ ရွေးချယ်ထည့်ပေးရင်း သူ့ပန်းကန်ထဲမှာ ဟင်းတွေ ပုံနေသည်။

"ရတယ် ဝေစီ၊ ကျွန်တော့်ဘာသာ စားပါ့မယ်၊ ဝေစီလည်း စားပါဦးဗျာ"

"စားမှာပေါ့၊ ဝေစီကတော့ စိုင်းကို အရမ်းခင်သွားပြီ သိလား။ ဝေစီတို့က ခင်မိပြီဆို တစ်သက်လုံးပဲ"

"စိုင်းကရော . . . ဝေစီကို ခင်ရဲ့လား"

"ခင်ပါတယ်ဗျာ"

"ဒါဆို ဝေစီ ပန်းကန်ထဲ ဟင်းပြန်ထည့်ပေးလေ"

ကိုယ့်ဘာသာ လှမ်းယူစားလို့ ရပါရက်နှင့် ထမင်း စိုင်းခမ်းမဏ်ကို သူမ ပန်းကန်ထဲ ဟင်းပြန်ထည့်ခိုင်းနေတော့ စိုင်းခမ်းမဏ် ငြင်း၍ မရပါ။ သူမအကြိုက် သူကိုယ်တိုင် ဟင်းတွေ ပြန်ထည့်ပေးလိုက်သည်။

"ဟေး . . . ဒါမှ စိုင်းကွ"

"အား . . . တကယ်အရသာရှိတယ်ကွာ"

စိုင်းခမ်းမဏ် ထည့်ပေးသည့် ဟင်းတစ်ဖတ်ကို ယူစား လိုက်ပြီး ကျေနပ်ဝမ်းသာစွာ ပြောလိုက်ခြင်း ဖြစ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညို မျက်နှာလေးကို သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဒီဟင်းလေး စားကြည့်ဦး ဝေစီ၊ ကောင်းတယ်ကွာ"

"ဟုတ်လား"

"ပြောင်းဖူးကြော်ကလည်း ဆိမ့်နေတာပဲနော်"

မြတ်လေးညိုက သူ့ကို တစ်ချက် မော့ကြည့်သည်။

ဝေစီ မျက်နှာလေးကိုသာ အရေးတယူ လိုက် ကြည့်ရင်း သူမ အကြိုက်ဟင်းတွေကို ညွှန်းနေသည်။ မျက်ဝန်းတွေ ကြည့်လို့တောက်ပနေသလို နှုတ်ခမ်းလေးတွေ ပြုံးနေပုံက သူ့ သူမ သူငယ်ချင်း ဝေစီတို့ ပြောဆိုပြုမူနေသည့် ကိစ္စကို သူမနှင့် လုံးဝ မသက်ဆိုင်သော ပွဲကြည့်ပရိသတ် ပုံမျိုးမို့ စိုင်းခမ်းမ ရင်ထဲမှာ ထိုအေးစက်စက် အပြုအမူလေးများကို ကြည့်ရင်း ကျွဲမြီးတိုနေရပါပြီ။

သူမရင်ထဲမှာ သူနဲ့ ပတ်သက်ပြီး တကယ်ပဲ ဘာမှ မခံစားရတော့ဘူးလား။ မနာလို ဝန်တိုခြင်းမရှိလျှင် အချစ် ဆိုတာ မဖြစ်နိုင်။ အခုလို ဝေစီက သူ့အပေါ်မှာ လိုအပ်တာ ထက်ပိုပြီး ခင်မင်ရင်းနှီး ပြနေတာကို အနည်းဆုံး တစ်စုံ တစ်ရာ တော့ ခံစားစေချင်လှသည်။ မျက်နှာ အနေအထား ပြောင်းသွား တာမျိုး၊ စိတ်ဆိုးသည့် အမူအယာ တစ်ခုခု သူမထံ ဖြစ်ပေါ်စေချင်လှ ပါသော်လည်း အခြေအနေက သူ မျှော်လင့်





သလို ဖြစ်မလာတော့ ရင်ထဲမှာ ပူလောင်လာသည်။

သူစားနေသည့် ထမင်းဟင်းအရသာတွေ ပျောက်ဆုံးသွားချိန်မှာ သူမကတော့ သူနဲ့ဆန့်ကျင်ဘက် ဟင်းများ၏ အရသာကို စိတ်ဝင်တစား ရှိသလို နှစ်ခြိုက်စွာ စားသောက်နေပါသည်။

သူ သူမကို ဘယ်လိုမှ မကျေနပ်နိုင်တော့ပါ။ ထမင်းပွဲမှာ သူ့ကို သူမက နည်းနည်းမှ ဂရုမစိုက်သလို ဝေစီဆိုသည့် သူမ သူငယ်ချင်းကိုသာ အလေးပေး ဂရုတစိုက် ပြုနေပါသည်။ ဝေစီကတော့ သူမနှင့် စကားပြောနေရသော်လည်း အာရုံက ဟင်းထမင်း အပေါ်မှာထက် သူ့ကိုသာ မိုနေသည်။

သူ ဟန်မဆောင်နိုင်၊ ဇွန်းနှင့် ခက်ရင်းကို ပစ်ချလိုက်သည်။

"ဟင်"

"စိုင်း ဘာဖြစ်လို့လဲ၊ တော်ပြီးလားဟင်"

"စားဦးလေ"

"ကိုယ် ရင်ပြည့်နေလို့ပါ"

"ဘယ် နေမကောင်းဘူးလား၊ စောစောကတော့ ပြောဘူးကွာ"

"မှန်း"

"ဟင် ကိုယ်လည်း မပူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာကမှ ကြာဦးမည်။

ဝေစီက သူ့နဖူးကို ဖျိုးဖျိုးဖျတ်ဖျတ် စမ်းသပ်ပြီး သွားပြီဖြစ်သဖြင့် တားမြစ်ရှောင်ရှားချိန်လည်း မရလိုက်ပါ။ သူချစ်သော မြတ်နိုးသော မိန်းမရှေ့မှာ တခြားတစ်ယောက်၏ ပိုင်စိုးပိုင်နင်းအမြူအမူများကြောင့် အခံရခက် ဒေါသထွက်နေမိ သလို မြတ်လေးညို ဆိုသည့် ချစ်သူလေး၏ အေးစက်စက် လုပ်ပြီး ဘာမှမဆိုင် သလို နေတာကိုလည်း အသည်းယား နေမိသည်။

ဒါ ဘာအချိုးတွေလဲ . . .

သူမကို သိပ်ချစ်နေမှန်း သိရက်နဲ့ အခုလို လုပ်နေတာ သူ မကျေနပ်နိုင်ပါ။

"မြတ်လေးရေ"

"ဗျာင်"

"ဝေစီကို မြတ်လေး လိုက်မပို့နဲ့နော်၊ အပြန် စိုင်းရဲ့ ကားနဲ့ပဲ ပြန်လိုက်မယ်၊ ရတယ် မဟုတ်လား"

"ရပါတယ်၊ မြတ်လေးလည်း မာမီခိုင်းထားတဲ့ ကိစ္စလေးတွေ ရှိသေးလို့ ဝေစီကို လိုက်ပို့မပေးနိုင်တာနဲ့ အတော်ပဲ ဖြစ်သွားတာပေါ့"

"ကဲ မြတ်လေးကို ခွင့်ပြုဦး"

"အိုကေ"

"ဘိုင်"





"ကိုစိုင်း၊ ဝေစီကို သေချာ လိုက်ပို့လိုက်ပါနော်"

အပြုံးလှလှလေးနှင့် စကားဆိုလာသည့် ချစ်ရသူ၏ မျက်နှာလေးကို ခပ်ရဲရဲ စူးစိုက်ကြည့်ရင်း အံကြိတ်လိုက်မိသည်။ အနားမှာ ဝေစီရှိနေသည်။ လိုက်မပို့ပေးဘူး လို့ စိတ်ထဲက အော်ပြော နေမိပေမယ့် အပြင်မှာတော့ နှုတ်ပိတ်ငြိမ်သက်နေလိုက်ရသည်။

ကြာရင် သူမ လုပ်နေပုံတွေနှင့် သူ ပေါက်ကွဲမိတော့မည် ထင်သည်။ မြင်ကွင်းရှေ့မှ သူမကားလေး ပျောက်ကွယ်သွားသည်။

"လာလေ စိုင်း၊ ဝေစီတို့လည်း သွားကြမယ်"

သူ ဘာမှမပြောတော့ပါ။

ကားကို နေရာမှ မောင်းထွက်ခဲ့သည်။ ရင်ထဲမှာတော့ သူမ အမြူအမူလေးများအတွက် တနုံ့နုံ့နှင့် အခံရခက်လျက်သည်။

"ဘယ်ကို ပို့ပေးရမလဲ ဝေစီ"

"အပန်းမကြီးဘူးဆိုရင်တော့ စူပါဝမ်းဘက် ခဏ ဘက် ဝင်ချင်တယ်၊ ပို့ပေးမလားဟင်"

"ရပါတယ်"

မရလို့လည်း မဖြစ်တော့။

လူတစ်ယောက်လုံး ကားပေါ် ရောက်နေပြီးမှ လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ပါဘူးဆိုရင်လည်း ဝေစီဆိုတာက မြတ်လေးညို သူငယ်ချင်း ဆိုတော့ စိတ်ထင်တိုင်း လုပ်၍မဖြစ်။ စိတ်မပါ ပေမယ့် လူမှုရေးက ရှိသေးသဖြင့် သူမသွားလိုရာကို လိုက်ပို့ ပေးလိုက်သည်။

"လာလေ စိုင်း"

"ကျွန်တော် မလိုက်ဘူး ဝေစီ၊ ဒီက စောင့်နေမယ်"

"အို မဟုတ်တာ စိုင်းရယ်၊ ရောက်နေမှပဲ ဝင်မှ ကောင်းမှာပေါ့"

"လာပါ၊ ဘာလဲ ဝေစီနဲ့အတူ တွဲပြီး မသွားချင်လို့လား"

"အဲဒီလို မဟုတ်ပါဘူး"

"မဟုတ်ရင် ဝေစီနဲ့အတူ လိုက်ခဲ့၊ စိုင်း မလိုက်ရင် ဝေစီလည်း ဘာမှမဝယ်တော့ဘူး၊ အိမ်ပဲ ပြန်တော့မယ်"

ပြဿနာပါလား။

ကိုယ့်ချစ်သူနဲ့တောင် အခုလို အတူသွားလာခဲ့ရတာ မဟုတ်။ ဘာမှ မဟုတ်တဲ့သူနဲ့ကျမှ . . .

"တဲ. . . တဲ ကျွန်တော်လိုက်ခဲ့မယ်၊ ကျေနပ်ပြီလား"

"ဒီလိုလုပ်စမ်းပါ"

"ဟာ"

စိုင်းခမ်း လက်မောင်းကို လာပြီး တွဲခိုလိုက်သည့် ဝေစီ့ လက်များကြောင့် စိုင်းခမ်းမဏ် မျက်လုံးပြူးသွားပြီး မသိမသာ





သူမ လက်များကို ဖြုတ်ချလိုက်ရသည်။ ဝေစီက သိပ်ပြီး ကျေနပ်ပျော်ရွှင် နေသလောက် စိုင်းခမ်းမဏ်ကတော့ မြတ်လေးညို၏ မျက်နှာ လှလှလေးကို မြင်ယောင်လျက် မချင့်မရဲ စိတ်နှင့် အသည်းယားနေမိသည်။

လူက ဝေစီနောက်ကို လိုက်ခဲ့ရပေမယ့် စိတ်တွေကတော့ မြတ်လေးညိုထံ ရောက်နေသည်။

ဝေစီကတော့ သိပ်ချောသည့် စိုင်းခမ်းမဏ်နှင့် ခင်မင်ရင်းနှီးခွင့် ရသည့်အတွက် သိပ်ပြီး ကျေနပ်ပျော်ရွှင်နေမိသည်။ မြတ်လေးညိုက ဝေစီ့ကို ဖုန်းဆက်ပြီး ပြောတုန်းက သိပ်ပြီး အံ့ဩခဲ့ရသည်။ စိုင်းခမ်းမဏ်ကို သိချင်နေတာ မှိုမှိုမွေးနေ့ပွဲကတည်းကပါ။ နောက် မြတ်လေးညိုနှင့် စေ့စပ်သည့် သတင်းကို ကြားတုန်းကတော့ တစ်ဦးတည်းသောသား အမွေအနှစ်တွေ အများကြီး ရမည့် ကိုလူချောကို သူမတို့နှင့်မြို့ဘက်ဖြစ်သော မြတ်လေးညိုက ရသွားသည်ဆိုတော့ သားအမိတစ်တွေမှာ အိမ်နိုင် မစားနိုင် ဖြစ်ခဲ့ရသေးသည်။

မနာလို ဝန်တိုခြင်းဖြင့် ပူလောင်သောကတွေ ဖြစ်ခဲ့သည်။ မြတ်လေးညိုက သူမတို့ထက် အများကြီး သာသွားပြီဆိုတော့ အခံရခက် စိတ်ဓာတ်ကျနေမိသည်။ တစ်နေ့ မြတ်လေးညိုထက်သာအောင် ကြိုးစားပြီး ယှဉ်ပြမည်လို့ စိတ်ထဲမှာ ဆုံးဖြတ်ထားပေမယ့် တကယ့်လက်တွေ့မှာ မလွယ်ကူမှန်း သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော အခုတော့ မြတ်လေးညို ကိုယ့်တိုင်က သူမနှင့် စေ့စပ်ထားသည့် စိုင်းခမ်းမဏ် ဆိုသူရဲ့ စိတ်ကို စမ်းသပ်ကြည့်ချင်သည်။ ကူညီပါဟု ဆိုလာသည်။ သားအမိတစ်တွေ တိုင်ပင်ပြီး ဝမ်းသာအားရ ခေါင်းညိတ်လိုက်သည်။ ကံကြမ္မာဆိုတာ ပြောလို့မရသလို ဖူးစာဆိုတာကလည်း သိမ်ပြီး ဆန်းကြယ်သည် မဟုတ်လား။ ကံကောင်းရင် စိုင်းခမ်းမဏ်လို လူတစ်ယောက်ကို ဝေစီ ကိုယ်တိုင် ပိုင်ဆိုင်ခွင့် ရနိုင်သေး သည်။

မြတ်လေးညိုကို ကူညီချင်လွန်း၍ မဟုတ်။

ကိုယ့်မြို့ခံကတစ်ယောက် ရှုံးနိမ့်စွာ ကျန်ရစ်ခဲ့ စေရန် ဖြစ်သလို သူမကိုယ်တိုင် သူဌေးကတော်ဘွဲ့ကို လိုချင် လွန်းလို့ ဆိုတာ မြတ်လေးညို သိမည်မထင်။ ဒါကြောင့်လည်း မြတ်လေးညို ရှေ့မှာ စိုင်းခမ်းမဏ်စိတ်ကိုပဲ စမ်းသလိုလိုနှင့် တမင် ပညာကုန်သုံးပြီး ရဲတင်းပြနေခြင်း ဖြစ်သည်။

သူမ ဘာလုပ်လုပ်၊ မြတ်လေးညိုက တစ်ခွန်းမှဝင်မပြော၊ ပြောလို့လည်း မရဘူးလေ။ ဒီဇာတ်လမ်းက ဝေစီက စခဲ့သည့် ဇာတ်လမ်းမှ မဟုတ်တာ။ မြတ်လေးညို ကိုယ်တိုင် စခဲ့သည့် ဇာတ်ဆိုတော့ သူမ ရေငုံနှုတ်ပိတ်နေရမည်ပေါ့။ စိုင်းခမ်းမဏ် ဆိုတာကလည်း အနီးကပ်ကြည့်လေ ချောလေ။ စိတ်လှုပ်ရှားစရာကောင်းလေ ဆိုတော့ ဝေစီတစ်ယောက် သူမဘက်ကို အပါဆွယ်ရန် စိတ်ကူးအကြံဉာဏ်တွေ ထုတ်ပြီးရင်း ထုတ်နေမိသည်။





အခုလည်း သူမနှင့်အတူ စိုင်းခမ်းမဏ် ပါလာတာကို ကြည့်ပြီး သိမ်ကျေနပ်နေသည်။ ဒါ အစပဲ ရှိသေးတာ မဟုတ်လား။ နောက်ဆို မြတ်လေးညိုဆိုတဲ့ မိန်းကလေးကို လုံးဝမေ့သွားပြီး ဝေစီမှ ဝေစီဖြစ်နေစေရမည်။ အတွေးနှင့် သဘောကျစွာ ရယ်မောလိုက်မိသည်။

"အဟင်း ဟင်း ဟင်း"

"စိုင်းရေ ကြည့်ပါဦး၊ ဝေစီနဲ့ မလှဘူးလား ဟင်"

ရင်ကလေးကိုမော့ တင်ကလေးကို ကော့ပြီး အလှဆုံးအပြုံးနှင့် အင်္ကျီလေးတစ်ထည်ကို သူမကိုယ်နှင့် ကပ်ပြလိုက်တော့ စိုင်းခမ်းမဏ်မှာ မကြည့်ချင်ဘဲ လှမ်းကြည့်ရသည်။

"လှလား စိုင်း"

"အင်း ကောင်းပါတယ်"

"ဟာကွာ လှရင်လှတယ်၊ မလှရင်မလှဘူး ပြောမှပေါ့ ကောင်းပါတယ်ဆိုတာက ဘာကို ပြောတာလဲလို့"

"အင်း. . . အင်း လှပါတယ်"

"အိုကေ. . . လှတယ်ဆိုရင် စိုင်းရွေးပေးတဲ့ အင်္ကျီလေးကိုပဲ ယူလိုက်တော့မယ်"

"ဒါလေး ထည့်လိုက်ညီမ"

"ဟုတ်ကဲ့"

ဝေစီနှင့် စိုင်းခမ်းမဏ်ကို ကြည့်ပြီး အရောင်းစာရေး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက အဓိပ္ပါယ် တစ်မျိုးနှင့် ပြုံးနေကြ တာကြောင့် စိုင်းခမ်းမဏ်မှာ နေရင်းထိုင်ရင်း အထင်မြင်လွဲ ခံနေရခြင်း အပေါ် သဘောမတွေ့နိုင်ဘဲ ဖြစ်နေသည်။ အထူးသဖြင့် ဝေစီ ဆိုသည့် မြတ်လေးညို၏ သူငယ်ချင်း ဆိုသူကို ဖြစ်သည်။

သူမဘာသာ အင်္ကျီရွေးပြီး ဝယ်တာကို သူကပဲ သူမ အတွက် အင်္ကျီရွေးပြီး ဝယ်ပေးသလိုလို အပြောအဆို အပြု အမူတွေကို သူဆက်ပြီး သည်းခံမနေနိုင်သဖြင့် မျက်နှာထား ခပ်တင်းတင်းနှင့် ဝေစီကို နှုတ်ဆက်လိုက်သည်။

"ကျွန်တော် ကားထဲက စောင့်နေမယ်ဝေစီ"

"အို မဟုတ်တာ၊ စိုင်းနဲ့အတူ ဝေစီလည်း လိုက်မှာ ပေါ့၊ ဈေးဝယ်ပြီးပါပြီ"

"ဒါဆိုလည်း သဘောပဲ"

ကောင်တာမှာ ငွေရှင်းနေသည့် ဝေစီ့ကို မစောင့် တော့ဘဲ သူ့ဘာသာ အားရှိရာကို ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ခဲ့သည်။ အပြန်လမ်း တစ်လျှောက်လုံးလည်း ဝေစီ ကပဲ ဦးဆောင်စကားပြောလာသည်။

စိုင်းခမ်းမဏ်ကတော့ သူမ စကားတွေကို ဘာတစ်ခုမှ စိတ်မဝင်စား။ မကောင်းတတ်သဖြင့် အင်း. . . အဲနှင့် ခေါင်းညိတ် ခေါင်းခါလုပ်နေရသည်။ နောက်ဆို ဝေစီဆိုသည့် မိန်းမနှင့် သတိထားဆက်ဆံမှ ဖြစ်မည်ဟု တွေးနေမိသည်။ အိမ်ပြန်





ရောက်ရောက်ချင်း မြတ်လေးညိုထံ ဖုန်းဆက်ကြည့်သည်။ ဖုန်း လာကိုင်သူက မြတ်လေးညို ကိုယ်တိုင် ဖြစ်နေသည်။

"မြတ်လေးညို"

"ပြောပါ"

သူ့မှာ ဝေစီ့ကြောင့် တစ်နေကုန် ဒေါသဖြစ်ပြီး အခံ ရခက် စိတ်ရှုပ်နေသလောက် သူမ ပုံစံလေးကတော့ အေးဆေး လှချည်လား။

"မင်း မောင့်ကို ဘယ်လို အချိုးချိုးသွားတာလဲ ဟင်"

"ဘာကို ပြောတာလဲ"

မြတ်လေးညို မသိဟန်ဆောင်ပြီး ပြန်မေးနေခြင်း ဖြစ်သည်။

"ဘာကိစ္စ မောင့်ကို မင်း သူငယ်ချင်းနဲ့ လွှတ်လိုက် ရတာလဲ"

"ဩော် ဟော် . . . ဒါလား ကျွန်မ ဘာတစ်ခုမှ မစီစဉ်တာ ရှင့်မျက်စိနဲ့ အမြင် အကြားပါနော်၊ ဘာကိစ္စ ကျွန်မကို ဒါတွေ လာပြောနေရတာလဲ"

စိုင်းခမ်းမဏ် ပါးစပ်ပိတ်သွားသည်။

မြတ်လေးညို ပြောတာတွေ မှန်နေတာကိုတော့ သူလည်း မငြင်းနိုင်။ ဝေစီဆိုတဲ့ မိန်းမကို ကြည့်ရတာ အတော့်ကို ရဲတင်း သွက်လက်လွန်းတာလည်း အမှန်ကိုယ် တွေ့မှ မြတ်လေးညိုကို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်စကား ဆိုလိုက်မိတာကိုပဲ ပြန်အားနာရသည်။

"ဆောရီး မြတ်လေးရယ်၊ မောင်မြတ်လေးကို အပြစ်တင်သလို ဖြစ်သွားတယ်"

"မြတ်လေးကို မောင်သိပ်ချစ်တာ မြတ်လေး သိစေပါချာ"

မြတ်လေးထံမှ ဘာစကားမှ ထွက်မလာ။

"သိပ်ချစ်တယ်. . . မောင့်ချစ်ရယ်"

"မြတ်လေးဆီက ချစ်အဖြေကို မောင်အမြန်ဆုံး ကြားပါရစေကွယ်"

"မြတ်လေး မောင့်ကို တစ်ခုခု ပြောဦးလေ"

"အချိန်တွေ ရှိပါသေးတယ်ရှင်"

"အဲဒီအချိန်တွေကို အမြန်ဆုံး ရွှေ့ဖြောင်းပစ်လိုက်ချင်ပြီကွာ၊ မြတ်လေးကို အမြန်ဆုံး ပိုင်ဆိုင်ချင်နေပြီ သိလား"

"ဒါပဲ မဟုတ်လား၊ ဖုန်းချလိုက်တော့မယ်"

"ဂျောက်"

မြတ်လေးညိုဘာသာ ဖုန်းချပစ်လိုက်သည်။ စိတ်ထဲကတော့ ဒီနေ့ သူနဲ့ဝေစီ ဘာတွေဖြစ်ခဲ့ကြလဲဆိုတာ သိချင်နေမိသည်။ ဝေစီ့ကို သူမဘာယ်တုန်းကမှ လျော့မတွက်ပါ။ သူ အပေါ်မှာ နာလိုကြသူတွေ မဟုတ်။ အပြိုင်အဆိုင် စိတ်ဓာတ်တွေနှင့်အမြဲ မနာလို မရှုဆိတ်ဖြစ်နေကြတာ သိပါသည်။ တခ





သက်သက် ဝေစီကို စိုင်းခမ်းမဏ် ကိစ္စကို ပြောရတာလည်း အကြောင်းရှိပါသည်။ ဝေစီစိတ်ဓာတ်ကို ကောင်းစွာ သိထားသောကြောင့် ဖြစ်သည်။ ထင်ထားသည့် အတိုင်းပင် သူမ ရှေ့မှာပင် စိုင်းခမ်းမဏ်အပေါ် ပြောဆိုဆက်ဆံပုံများက ရဲတင်းလွန်း၍ မြတ်လေးညိုရဲ့ ဝမ်းကွဲညီမပါဆိုတာတောင် ပြောဖို့ ရှက်စရာဖြစ်နေသည်။

ဝေစီ ပြောခိုင်းသလို သူမ သူငယ်ချင်းအဖြစ် မိတ်ဆက်ပေးထားမိ၍သာ တော်တော့သည်။ သူငယ်ချင်း အနေနဲ့ ဆိုတော့ တစ်ယောက်ကို တစ်ယောက် ငဲ့ညှာနေစရာ မလိုသလို စိုင်းခမ်းမဏ် စိတ်ကို စမ်းသပ်ရာ မှာလည်း သူ့အနေ နှင့် ထောက်ထားစရာ သိပ်မလိုပါ။ ညီမဆိုတော့ စိုင်းခမ်းမဏ် ဘက်ကလည်း စောင့်စည်းထိန်းချုပ်နေနိုင်သဖြင့် သူငယ်ချင်း ကိစ္စကို လွယ်ကူစွာ လက်ခံသဘောတူလိုက်သည်။

ဝေစီပုံစံက စိုင်းခမ်းမဏ်၏ စိတ်ကို စမ်းသပ်နေတာ မျိုးနှင့် လုံးဝမတူ။ အပြောအဆို အပြုအမူများက သူမဘက်သို့ အပိုင်ပါလာအောင် စည်းရုံးတော့မည့် အနေအထားမျိုး ဖြစ်နေသည်။ ထို့အတွက် မြတ်လေးညိုမှာ ပြဿနာမရှိပါ။ မနာလို ဝန်တိုစိတ်လည်း မဖြစ်မိ။ မိမိတို ချစ်လှကြိုက်လှပါသည် ဆိုသော ယောကျ်ား တစ်ယောက်က တခြားမိန်းမ တစ်ယောက် နှင့် အတွေ့မှာ မရှောင်နိုင် မတိမ်းနိုင် ဖြစ်ပြီး သူ့ဘာသာ ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားရင်လည်း ဝမ်းနည်းစရာမရှိ။ သစ္စာမရှိသော၊ မစောင့်စည်းနိုင်သော ယောကျ်ားတစ်ယောက်ကို ရာသက်ပန် လက်တွဲခွင့်မရလိုက်တာကိုပဲ ကိုယ့်အသာ ကိုယ်ကျိတ်ပြီး ကျေးဇူး တင်နေဦးမည် မဟုတ်လား။

စိုင်းခမ်းမဏ် ဆိုတဲ့လူရယ် . . .

ရှင့်အပေါ်မှာ ကျွန်မလည်း စိတ်ဝင်စားနေမိပြီဆိုတာ ယုံပါ။ ဒါပေမယ့် အချစ် တစ်ခုတည်းနဲ့ ဘဝတစ်ခုကို တည်ဆောက်လို့ မဖြစ်နိုင်ပါဘူး။

ကျွန်မ လိုချင်တဲ့ သစ္စာတရားနဲ့ အချစ်စစ်ကို မျှော်လင့်နေပါရစေ။ မေတ္တာစစ်နဲ့သာ ချစ်ခဲ့မယ်ဆိုရင် ကျွန်မတို့ နှစ်ယောက် မလွဲမသွေ ဆုံစည်းကြရမှာပါ။

◆◆◆◆◆





## အခန်း (၁၄)

"ဝေစီကို လိုက်ပို့ပေးပါစိုင်းရယ်၊ နော် နော်"

"ကျွန်တော် တကယ်မအားလို့ပါ ဝေစီ၊ နောက် ကြုံဦးမှာပါ"

"ဟွန်း . . . စိုင်း၊ အဲဒီလို ပြောနေတာ ဘယ်နှစ်ခါရှိပြီလဲ"

"မရဘူးကွာ၊ မရဘူး၊ စိုင်း လိုက်မပို့ရင် ဝေစီ စိုင်းအိမ်အထိ လိုက်လာမှာပဲ၊ အဲဒီကျမှ ဇွတ်အတင်း ငြင်းနေသမျှ တစ်ခါတည်း စိတ်ညစ်သွားရမယ် သိလား"

ဝေစီစကားက သူ့ကို ခြိမ်းခြောက်နေသလို ပါလား။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းခမ်းမဏ်၏ မျက်ခုံးထူကြီး တွန့်ကုတ်သွားသည်။ ဒီ မိန်းမနှင့်ကျမှ စိုင်းခမ်းမဏ် ခက်ပြီးရင်း ခက်နေရသလို စိတ် ညစ်ပြီးရင်း ညစ်နေရသည်။

သူ ကိုယ်တိုင် ဝေစီကို လုံးဝအရော မဝင်ချင်၍ ခပ်မှန်မှန် ခပ်တန်းတန်း ဆက်ဆံနေတာကို သိသိကြီးနှင့် ဇွတ်အတင်း လိုက်လျောနေတော့ အခက်တွေ့နေသည်။ ယောကျ်ားလေး ဆိုတာကလည်း သူတို့ မိန်းကလေးတွေလို မဟုတ်။ ပြီးတော့ မြတ်လေးညို၏ သူငယ်ချင်းတစ်ယောက် အနေနှင့် ရင့်ရင့်သီးသီး ပြောပြီး နောင်မပတ်သက်ဖို့ အပြတ် ပြောလည်းမဖြစ်။ အလိုက်အထိုက် မျှောရင်း စကားပြောရင်း ဝေစီက သူ့ဆီက ခင်မင်ရင်းနှီးခွင့်ကို ရယူဖို့ ကြိုးစားနေသည်။

ဖုန်းဆက်တုန်းကလည်း သူအံ့ဩခဲ့ရသေးသည်။ သူ့ ဖုန်းနံပါတ်ကို မြတ်လေးညိုဆီက ရတာပါဟု ပြောတုန်းက သူ့ရင်ထဲမှာ စပ်ဖျဉ်းဖျဉ်းနှင့် အတော်လေး ခံရခက် လိုက် သေးသည်။ နောက်မှ တွေးယူပြီး ကိုယ့်ကိုယ်ကို ဖြေသိမ့် လိုက် နေရထိုင်ရတာ သက်သာသွားသည်။ အခုလည်း စိုင်းခမ်းမဏ် ဇွတ်အတင်း သူမနှင့် အတူလိုက်ပြီး မွေးနေ့ ဧည့်ခံပွဲတစ်ခု လိုက်ပို့ပေးဖို့ ဇွတ်ပူဆာနေသဖြင့် သူ့ဘက်က ပြတ်သား ငြင်းနေခြင်းဖြစ်သည်။

"ဝေစီ့ကို ကျွန်တော် ပြောစရာတစ်ခု ရှိသေးတယ်"





"ဘာလဲ ပြောလေ"

"မြတ်လေးက ကျွန်တော့်ကို တခြားမိန်းကလေးတွေ နဲ့ သွားတာလာတာ မကြိုက်ဘူး။ အဲဒါကြောင့်ပါ"

"ဒါဖြင့် ဝေစီက မြတ်လေးဆီက ခွင့်တောင်းရမှာပေါ့ ဟုတ်လား"

သူ မဖြေမိပါ။

စိုင်းခမ်းမဏ်ရင်ထဲ အသည်းထဲက ဖြစ်စေချင်တာ ကလည်း ထိုအတိုင်းပါ။ သဝန်တိုတာ ချစ်လို့မဟုတ်လား။ သူ့အပေါ်မှာ မြတ်လေးညိုကိုယ်တိုင် မနာလို တိုရှည်ဖြစ်ပြီး သဝန်တိုစေချင်ပါသည်။

"ကဲ ဝေစီက ခွင့်တောင်းလို့ မြတ်လေးကိုယ်တိုင်က ခွင့်ပြုပါတယ်ဆိုလာရင်ရော"

"သူကိုယ်တိုင်က လိုက်ပို့ပေးဖို့ ခွင့်ပြုတယ်လို့ ကျွန်တော့် ဆီကို ဖုန်းဆက်လာမယ်ဆိုရင်တော့ ကျွန်တော် မငြင်းပါဘူး"

"အိုကေ... စိန်လိုက်"

"မြတ်လေးကိုယ်တိုင် ဖုန်းဆက်ပြီး ခွင့်ပြုပါတယ် ဆိုတဲ့ စကားပြောကို ပြောလာစေရမယ်"

"သေချာလို့လည်းလား"

"ဝေစီပါတဲ့ရှင်၊ မသေချာရင် ဘာတစ်ခုမှ မလုပ်ဘူး စိတ်ချ၊ မြတ်လေးညိုစိုင်းကို ဖုန်းဆက်လာလိမ့်မယ်၊ စောင့်နေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်"

စိုင်းခမ်းမဏ် အာရုံတွေ နောက်သွားသည်။

မပတ်သက်ချင်လို့ အကြောင်းဘယ်လိုပြုပြု ဝေစီနဲ့ တော့ မလွယ်ပါလား။ ဒီကြားထဲ မြတ်လေးညိုကိုယ်တိုင် ကတောင် သူ့ဆီကို ဖုန်းဆက်ပြီး ခွင့်ပြုတယ်လို့ ပြောစေရမယ် ဆိုပါလား

ဘာတွေလဲ . . .

ဝေစီဆိုတဲ့ မိန်းမက ဘာမို့လို့ မြတ်လေးညိုဆိုတ သူ့အသက်မိက ချစ်ခင်မြတ်နိုးရတဲ့ မိန်းကလေးအပေါ်မှာ အခေ အချာပြောနိုင်ရတာလဲ။ ဘယ်လိုပတ်သက်မှုတွေ ရှိနေ လို့လဲ ဝေစီစကားကို သူ မယုံကြည်ပါ။ ဆံပင်တွေကို လက်ချ ချောင်းနှင့် ထိုးဖွပြီး ဦးခေါင်းကို ညင်သာစွာ ခါယမ်းလို မိသည်။

"တူ တူ တူ"

ဖုန်းသံမြည်လာသဖြင့် သူ ကောက်ယူနားထော လိုက်သည်။

"ဟဲလို"

"ကျွန်မပါ"

"ဟင် မြတ်လေး"

"ဟုတ်ပါတယ်"

"ဝေစီ ကျွန်မဆီ အခုပဲ ဖုန်းဆက်တယ်"





"အဲဒီတော့ . . ."

"ဖြစ်နိုင်မယ်ဆိုရင် ဝေစီတောင်းတဲ့ အကူအညီကို ပေး လိုက်ပါ"

"ဘယ်လို"

"မြတ်လေး မောင့်ကို ဘယ်လိုပြောလိုက်တယ်"

စိုင်းခမ်းမဏ် အံ့ဩစွာ မေးလိုက်သည်။

"ရှင့်အနေနဲ့ အခက်အခဲမရှိဘူးဆိုရင် ဝေစီကို အကူ အညီ ပေးဖို့သာ ပြောတာပါ"

"အခုကိစ္စက မောင်မကူညီရင်လည်း သူ့ဘာသာ သူ သွားလို့ ရတာပဲ မဟုတ်လား"

"သူကိုယ်တိုင်က ရှင်နဲ့မှ သွားချင်နေတာကိုး"

"သူ သွားချင်တိုင်း မြတ်လေးက ခွင့်ပြုရရောလား"

မြတ်လေးညိုထံမှ မည်သည့်ဖြေသံမှ ထွက်မလာပါ။ သူ သက်ပြင်းရှိုက်ချ လိုက်သည်။

"ဒီမှာ မြတ်လေး"

"ဝေစီကို ကိုယ့်ချစ်သူရဲ့ သူငယ်ချင်းမို့ ဒီလောက် သည်း ခံနေတာကွ နားလည်လား၊ နောက်ကို မောင်နဲ့ ပတ်သက်ပြီး အနေအထိုင် ဆင်ခြင်ဖို့ သူ့ကို သတိပေးထားပါ"

"မပြောနိုင်ပါဘူး၊ ကျွန်မကို သဘောထားသေးတဲ့ လူ တစ်ယောက်လို့ ထင်နေမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အဟွန်း ဟွန်း"

"မြတ်လေးက ဝေစီရှေ့ သိပ်ပြီး သဘောထားကြီး ပြချင်နေတာပေါ့လေ၊ ဟုတ်လား"

"ပြောစမ်း၊ မြတ်လေး မောင့်အပေါ်မှာ နည်းနည်းလေးမှ သဝန်မတိုဘူးလား"

"အဲဒါတွေ မေးမမေးပါနဲ့ရှင်၊ အခုရှင်နဲ့ဝေစီကိစ္စကို အရင်ပြောလိုက်ပါဦး"

"ဘာမှပြောစရာမရှိဘူးကွ၊ မြတ်လေးခွင့်ပြုပေမယ့် မောင်ကိုယ်တိုင်က သူနဲ့နှစ်ယောက်တည်း သွားဖို့ ခွင့်မပြု နိုင်တာ သိရဲ့လား"

ဒေါသနှင့် မာကျောကျွတ်ဆတ်နေသည့် စိုင်းခမ်းမင်း၏ အသံကို နားထောင်ပြီး မြတ်လေးပြုံးလိုက်ပါသည်။ သူစိတ်တို နေပြီမဟုတ်လား။ ဝေစီအကြောင်းကို မြတ်လေးညို သိထား တော့ သူစိတ်တိုတာကို အပြစ်မဆိုပါ။

"အဲဒီကိစ္စ ကျွန်မကို လာပြောနေမယ့် အစား ရှင် ဝေစီကို ပြောလိုက်ပေါ့"

"ဘာ ရှင့်ဝေစီလဲ၊ မြတ်လေးနော်၊ မောင် အာသည်း ယားအောင် သိပ်လုပ်မနေနဲ့၊ ပြီးမှ မောင့်ကို အပြစ်တင် စကားပြောပြီး ထုရိုက်တာကိုတော့ မောင် ဂရုမစိုက်ဘူးဗျာ သိလား"





"ရှင်နော်"

"ဒီညနေ မြတ်လေးနဲ့ မောင်နှစ်ယောက်တည်း တွေ့ချင် တယ် ချစ်ရယ်၊ ခွင့်ပြုပါဗျာ"

"အို ကျွန်မ မအားဘူးရှင့်၊ အလုပ်ကိစ္စတွေ ရှိသေး တယ်"

"ကောင်းပြီ၊ ဒါဆို ညကျမှ မြတ်လေးဆီကို မောင် လာခဲ့မယ်"

"အိုး မလာနဲ့"

"မရဘူး လာမှာပဲ"

"ဂျောက်"

သူမထံမှ စကားဆုံးအောင် မစောင့်တော့ဘဲ ဖုန်းချ ပစ်လိုက်သည်။ စိုင်းခမ်းမင်းနှင့် ပတ်သက်လာတိုင်း သူမ ဘက်က ဘယ်တုန်းကမှ လိုက်လျောကြည်ဖြူတာမျိုး မရှိခဲ့တာ သူသိပါသည်။ သူက သူမကို သိပ်ချစ်ရလွန်းလို့ ဇွတ်တရွတ် အချစ်တွေနှင့် သူမအချစ်ကို ရယူရန် ကြိုးစားနေရသူ ဖြစ်သည်။

သိပ်မကြာလိုက်ပါ။

ဝေစီ ဖုန်းဆက်လာသည်။ ဒီတစ်ခါတော့ အားမနာနိုင် တော့။ မြတ်လေးညို သိပ်သဘောထားကြီးပြချင်နေတာကို ဒေါသဖြစ်ဖြစ်နှင့် သူ ဘယ်လိုမှ မအားကြောင်း အပြတ် ပြောပစ် လိုက်သည်။ အခုရှုပ်မှ နောင်ရှင်းမည်။ နောက် စိတ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မခေါ်ပါစေနဲ့လို့တောင် ဆုတောင်းရမလို ဖြစ်နေသည် မဟုတ်လား။

သူ တစ်ဖက်ခြံထဲကို လှမ်းကြည့်လိုက်သည်။ မြတ်လေးညို ကိုယ်တိုင် သူမကားလေးနှင့် မောင်းထွက်သွား တာကို မြင်လိုက်ရသဖြင့် သူလည်း အပြေးအလွှား သူမသွားရာ နောက်ကို ကားဖြင့် လိုက်ခဲ့သည်။

"တီ ... တီ"

"ဟင်"

မြတ်လေးညို သူ့ကို မြင်သွားပြီမို့ သူကျေနပ်စွာ ပြုံးလိုက်သည်၊ သူမကတော့ မရယ်မပြုံး ခပ်တည်တည်ပုံစံ တစ်မျိုးလေးနှင့် ကြည့်တာ၊ သူမကားကို ရှေ့ဆက်မောင်းသွား သည့်အတွက် သူ့နှုတ်ခမ်းကိုသွားဖြင့် ဖွဖွကိုက်လိုက်သည်။

စူပါမားကက်တစ်ခု ရှေ့မှာ သူမကားလေး ရပ်သွား သည်။

ဟော ...

"အဟွန်း ... ဟွန်း ... ဟွန်း"

ဇော်ရှိုင်းကားကို မြင်လိုက်ရသဖြင့် စိုင်းခမ်းမဏ် သဘောကျစွာ ကျိတ်ရယ်လိုက်သည်။ ဇော်ရှိုင်းကလည်း သူနှင့် မြတ်လေးညိုကို မြင်တွေ့ပါကြောင်း သူမ မသိအောင် လက် လှမ်းပြ လိုက်သည်။ စိုင်းခမ်းမဏ် ကားကို သူမကားနားမှာ





ကပ်ရပ်လိုက်သည်။

မြတ်လေးညိုက သူ့ကို တစ်ချက်မကြည့်ဘဲ အထဲသို့ ဝင်သွားသည်။ သူမ စိတ်ထဲမှာ စိုင်းခမ်းမဏ်တစ်ယောက် သူမသွားရာနောက်ကို လိုက်ပါလာမည် ထင်နေသည်။ တကယ် လည်း ထိုပုံစံအတိုင်း စိုင်းခမ်းမဏ် လိုက်ခဲ့တာ ဖြစ်ပေမယ့် ဇော်ရှိုင်းကို တွေ့အပြီးမှာတော့ အစီအစဉ်က ရုတ်တရက် တစ်မျိုး ပြောင်းသွားခဲ့သည့်အဖြစ်ကိုတော့ သူမ မသိလိုက်ပါ။

"မြတ်လေး"

"ဟင် ရှင်"

"ဇော်ရှိုင်းပါ"

"အို ..."

မြတ်လေးညို မျက်နှာလှလှလေး သိသာစွာ ပျက်သွား သည်။ ထင်ထားတာက တစ်ယောက်။ မထင်မှတ်ဘဲ သူမ အနားကို ဘွားခနဲ ရောက်လာသူ တခြားတစ်ယောက်မို့ အနီးအနားမှာ စိုင်းခမ်းမဏ်ကို တွေ့လိုတွေ့ငြား အပြေး အလွှား ရှာဖွေကြည့်မိသည်။ မတွေ့။

"တစ်ယောက်တည်းလားဟင်၊ ကိုယ်လည်း မြတ်လေး နဲ့အတူ ဈေးဝယ်ဖို့ အဖော်လိုက်ပေးမယ်လေ"

"မလိုပါဘူး၊ ကျွန်မ ချစ်သူပါတယ်ရှင့်"

"အယား ... ဒီလိုအပြောတွေနဲ့ ကိုယ့်ကို လိမ်ညာ



www.burmeseclassic.com

www.burmeseclassic.com



သွားဦးမလို့လားဗျာ၊ မရဘူးဗျာ မရဘူး၊ ဒီတစ်ခါတော့ မြတ်လေး သွားရာ နောက်ကို သက်တော်စောင့် အဖြစ် လိုက်ရမှာပဲ"

တကယ်လည်း သူပြောသည့်အတိုင်း သူမသွားရာ နောက်ကို လိုက်လာသည့်အတွက် မြတ်လေးညို စိတ်ညစ် သွားသည်။

"ပေး . . . ပေး မြတ်လေး လက်ထဲက အိတ်၊ ကိုယ့်ကို ပေး"

"ရတယ် . . . ကျွန်မဘာသာဆွဲပါ့မယ်"

ဇော်ရှိန်းလက်ကြီးက သူမ လက်ထဲက အိတ်ကို ဖွတ် အတင်း ဝင်ဆွဲ တော့မယ့်အတိုင်း တရစ်ဝဲဝဲ လုပ်နေသဖြင့် မြတ်လေးညိုခမျာ မနည်းရှောင်တိမ်းလိုက်ရသည်။

"ဈေးဝယ်ပြီးရင် တစ်ခုခု သွားစားကြရအောင်နော် မြတ်လေး"

"ကျွန်မ ချစ်သူပါတယ်လို့ ဘယ်နှစ်ခါ ပြောရမလဲ"

"ချစ်သူ ပါတယ်ဆိုရင် ပြလေ၊ ဘယ်မှာလဲ"

ဇော်ရှိန်း နှုတ်ခမ်းတွေက ခပ်ပြုံးပြုံး။

သူ့အကြည့်တွေကလည်း ချစ်သူမရှိဘဲ ညာနေသော ကောင်မလေးတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုးမို့ အခံ ရခက်သလို သူမနားက တစ်ဖဝါးမခွာ။ တောက်တဲ့က သလို ကပ်နေပုံကြောင့် စိတ်ညစ်နေမိသည်။





"သိပ်ချစ်တယ်ဗျာ၊ ပြီးတော့ သိပ်သိစ်လှတယ်"

"ရှင့်ပါးစပ်ကို ပိတ်ထားပါ"

"အား ပိတ်စေချင်ရင် လွယ်ပါတယ်ဗျာ၊ ကိုယ့်ကို ချစ်ပါတယ်လို့သာ ပြောလိုက်၊ မြတ်လေး အလိုကျ အားလုံး ဖြစ်စေရမယ်"

"ပြဿနာပါလား"

"ချစ်တာ အပြစ်မဟုတ်ပါဘူးဗျာ၊ မြတ်လေးညိုမာန ကြီးတယ်ဆိုတာ သိပါတယ်"

ဟော . . .

ခပ်လှမ်းလှမ်း ကောင်တာတစ်ခုရှေ့မှာ ပစ္စည်းတွေ လျှောက်ကြည့်နေသည့် စိုင်းခမ်းမဏ်ကို တွေ့လိုက်ရသဖြင့် ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာပျော်ရွှင်သွားသည်။ ထို့ကြောင့် အနားက ကိုတောက်တဲ့ ဇော်ရှိန်းဘက်လှည့်ကာ ပြောလိုက် သည်။

"မြင်လား၊ ဟိုမှာ ကျွန်မချစ်သူ"

"အငှားကြွား ချစ်သူအတု ဟုတ်မဟုတ် သေချာမှ ဖြစ်မှာနော်"

"ရှင် ဘာစကားပြောတာလဲ"

"ဗမာစကားပါပဲ၊ မြတ်လေးညို အဲဒီလူကို လုံးဝ မချစ်ဘူး ဆိုတာ ကျွန်တော်သိပြီးပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒီတော့ ကိုယ့်ရှေ့မှာ ဟန်ဆောင်နေလဲ အပိုပါပဲ"

မြတ်လေးညို နှုတ်ခမ်းလေး ကိုက်ပြီး ဇော်ရှိုင်းဆိုသည့် လူကို မကျေမနပ်လေး ကြည့်ပစ်လိုက်သည်။ ပြီးတော့ ဒီလူ ရသည့် သတင်းတွေကလည်း အတိအကျမို့ အံ့သြခြင်းလည်း ဖြစ်မိသည်။

"တို့မေတ္တာကိုသာ လက်ခံဖို့ စဉ်းစားပေးပါဗျာ"

"မြတ်လေး"

ဇော်ရှိုင်း စကားကြောင့် အံ့သြမင်သက် နေတုန်း စိုင်းခမ်းမင်းက သူမ၏အမည်ကို ခေါ်ကာ သူမရှိရာကို လျှောက်လာနေတာကို တွေ့လိုက်ရသည်။

"ဟိုမှာ မြတ်လေးရဲ့ အမုန်းဆုံးလူ လာနေပြီ၊ အပြတ်သာ ပြောပစ်လိုက်ဗျာ၊ ဒါမှ နောက်ကို မြတ်လေးနား မကပ်ရဲမှာ"

ဇော်ရှိုင်းက သူမနားကပ်ပြီး တီးတိုးပြောလိုက်ခြင်း ဖြစ်သည်။

"ဘာတွေ ဝယ်နေတာလဲ ချစ်ရဲ့၊ အပြင်မှာ မောင့် သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေလို့ ကြာသွား တယ်"

"ဆောရီးကွာ"

"ရပါတယ် မောင်ရဲ့၊ မြတ်လေးလည်း ပစ္စည်းတွေ လျှောက်ကြည့်ရင်း မောင်အလာကို စောင့်နေတာမို့"





"မောင့်ရဲ့ မြတ်လေးရယ်"

မြတ်လေးညို၏ အပြုံးချိုချို ချစ်စဖွယ်မှုနဲ့ စကားဆိုလိုက်ပုံ လေးကြောင့် စိုင်းခမ်းမင်းရင်ထဲ သိမ့်ခနဲ လှိုက်ဖိုနွေးထွေးသွားတာ ချစ်မြတ်နိုးခြင်းအပြည့်ဖြင့် မြတ်လေး၏ လက်ကလေးကို သူ့လက်များဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ သူ အလိုချင်အတောင့်တဆုံး . . .

သူကြားချင်နေသည့် စကားကို ချစ်ရသူလေးထံမှ မထင်မှတ်ဘဲ ကြားလိုက်ရခြင်းက အလိုချင်ဆုံး ဆုတစ်ခုကို ရရှိလိုက်သလိုပင်။ သူမ ဘေးနားမှာ ရှိနေသည့် ဇော်ရှိုင်း ကြောင့် သူ့ကို ဟန်ဆောင်လိမ်ညာ ပြောနေတာလေးကိုပင် ရင်နှင့်အမျှ ခံစားနေရလျှင် သူမအချစ်ကို အမှန်တကယ် ပိုင်ဆိုင်ခွင့် ရမည်ဆိုလျှင် ဘယ်ဗ္ဗာပေါ်တွင် သူ့လောက် ပျော်မည့် သူရှိမည် မထင်ပါ။

"လာ မောင်၊ မြတ်လေးတို့ ဟိုဘက်ကို သွားကြမယ်"

သူ့လက်မောင်းကြီးကို သူမ လက်ကလေးနှင့် ဆွဲ ကိုင်ပြီး ချစ်စဖွယ် မော့ကြည့်ပြီး ပြောလိုက်ပုံက တကယ့် ချစ်သူလေး တစ်ယောက်နှယ်။ ဇော်ရှိုင်းက သူမ မမြင်အောင် မျက်စိမှိတ်ပြပြီး လက်မထောင်ပြနေသည်။

မြတ်လေးညိုကတော့ သူတို့သူငယ်ချင်းနှစ်ယောက်၏ အကြံအစည်ကို မသိသူပီပီ ဇော်ရှိုင်းရှေ့မှာ စိုင်းခမ်းမင်း



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကြီးကို ဆွဲကိုင်လျက် ခေါင်းလေးမော့ ရင်ကလေး ကော့ပြီး ဒါ ကျွန်မချစ်သူစစ်စစ်ရှင့်ဟု ပါးစပ်မှ ထပ်ပြီး ထုတ်မပြောသော်လည်း မျက်နှာအမူအရာလေးက ဖော်ပြ လိုက်ပါသည်။

"ချစ်ရေ ကြည့်ပါဦး၊ ဒီအကျီတွေထဲက မောင်နဲ့ လိုက်မယ့်အဆင်ကို ရွေးပေးပါဦးဗျာ"

"ရွေးပေးမှာပေါ့ မောင်ရဲ့၊ မောင်က အသားဖြူတယ် ဆိုတော့ ဟောဒီ မိုးပြာနုနု အဆင်လေးနဲ့ဆို သိပ်လိုက်တယ် မောင် ကြိုက်ရဲ့လားဟင်"

"မောင့်အချစ် ရွေးပေးတာဆို အားလုံးကြိုက်တယ်"

"အဟင်း... ဟင်း... ဟင်း"

"မောင်ကတော့လေ သိပ်ပိုတာပဲ"

"မပိုပါဘူး ချစ်ရယ်၊ လိုတောင်လိုနေပါသေးတယ်"

ထိုစကားကို စိုင်းခမ်းမဏ် ရင်ထဲ အသည်းထဲက လှိုက်လှဲစွာ ပြောလိုက်တာဖြစ်ပေမယ့် မြတ်လေးညိုကတော့ သူမတို့နှင့်အတူ အလှမ်း သိပ်မဝေးသော နေရာမှ အကဲခတ် သလို သူမတို့ ပြောဆိုပြုမူနေသည့် စကားများ၊ အမူအရာများ ကို တစ်ချိန်လုံး လိုက်ပြီး အကဲခတ်နေသော ဇော်ရှိုင်းဆိုသည့် ပုဂ္ဂိုလ် ရှိနေတာကြောင့် သရုပ်ဆောင်နာန်လုပ် သရုပ်တူအောင် ဟန်ဆောင် ပြောဆိုရယ်မောနေရခြင်း ဖြစ်သည်။





"လာ အချစ် မောင်တို့ ဟိုဘက်သွားကြမယ်"

"သွားလေ"

စိုင်းခမ်းမဏ်က သူမ လက်ကလေးကို မိုင်နိုင်စွာ ဆွဲယူသွားသလို မမျှော်လင့်ဘဲ သူမထံမှ မောင်ချင်းတခ်နေ အောင် အခေါ်ခံရသဖြင့် အပျော်လွန်နေသည့် သူ့မျက်နှာ ချောချောမှာ အပြုံးတွေဝေနေပါသည်။ မြတ်လေးညိုကို နာမည် ပင် မခေါ်တော့ဘဲ အချစ်ခြင်း မိုးမွှန်အောင် ခေါ်လျက် သူမ လက်ကို မလွှတ်တမ်း တင်းကျပ်စွာ ဆုပ်ကိုင် ဖျစ်ညှစ် ထား သဖြင့် အနေရခက်နေပါသည်။

"ချစ်ရေ... မောင်တို့ ရတနာရွှေဆိုင်ကို ဝင်ကြည့် ရအောင်"

"အို"

"ဘာလုပ်ဦးမလို့လဲ မောင်ရဲ့"

"လာပါဗျာ၊ ဟိုရောက်တော့ ချစ်သိမှာပေါ့"

သူမလက်ကလေးကို ဇွတ်အတင်း ဆွဲခေါ်နေသည့် စိုင်းခမ်းမဏ် လက်ထဲက သူမလက်ကလေးကို ရုန်းယူရင်း ဟန့်တားသလိုလေး ဆိုလိုက်ပေမယ့် သူက မြတ်လေးညို လက်ကလေးကို မလွှတ်ဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် ရုန်းမရဘဲ ရှိလေသည်။

ဇော်ရှိုင်း ဆိုသည့် လူ ရှိနေသောကြောင့် ဟန်မပျက်



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်လေး လိုက်ခဲ့ရင်း ဇော်ရှိုင်းရှိနေသည့် နေရာကို အသာ လှမ်းကြည့်လိုက်တော့ စောစောကနေရာမှာ ဇော်ရှိုင်းဆိုသည့်လူ ရှိမနေတော့သဖြင့် လှမ်းလက်စ ခြေလှမ်းလေး တုံ့ခနဲ ရပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ ကျွန်မလက်ကို လွှတ်ပါ"

"ဟာ ဒါက ဘယ်လိုဖြစ်တာလဲ ချစ်ရဲ့"

"အို လူကို နာမည်ရှိတယ်၊ နာမည်ခေါ်ပါရှင့်"

"ဖယ်စမ်းပါ"

ချက်ချင်း ပြောင်းလဲသွားသော ချစ်ရသူ၏ အပြုအမူလေးများကြောင့် ရင်မောသွားရသူက စိုင်းခမ်းမဏ်ဖြစ်သည်။

"ဒုက္ခပါပဲအချစ်ရာ၊ ခုနတုန်းကတော့ မောင့်ကို ချစ်တယ်ဆို"

"အံမယ် ဘယ်တုန်းက ရှင့်ကို ချစ်တယ်လို့ ပြောလို့လဲ၊ ဟိုလူ ကျွန်မကို နှောင့်ယှက်နေလို့ ဟန်ဆောင်တာလေ သိရဲ့လား"

"ဟောဗျာ"

"ဒါဖြင့် မြတ်လေးက မောင့်ကို တကယ်ချစ်တာ မဟုတ်သေးဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်"

သိန်းမင်းစာပေ



"ကောင်းပြီ၊ ဒါဆို ကျုပ်ကလည်း ခင်ဗျားလေးကို အငှား ချစ်သူအဖြစ် ဟိုလူ့ရှေ့မှာ ဟန်ဆောင်မပေးနိုင်ဘူး၊ တကယ်ချစ်မှ ကျုပ်ကို မောင်လို့ခေါ်ပါ၊ ဒါပဲ"

"ကျုပ်သွားမယ်"

သွားတော့ . . .

ဟွန်း ကြီးကျယ်နေလိုက်တာ။ ပြောတော့လည်း လူကို မရရင် အခုပဲ သေတော့မလိုနဲ့။ သူ့ချစ်သူအဖြစ် ခဏ ဟန်ဆောင်မိတာလေးကိုပဲ သူ့ကို တကယ်မချစ်ရင် မောင်လို့တောင် မခေါ်ရဘူးဆိုပဲ။

ဟွန်း ဒီလိုမျိုးအချိုးတွေနဲ့ ချစ်ပါလိမ့်မယ်၊ စောင့်နေ။ ကျောခိုင်းလျှောက်သွားသည့် စိုင်းခမ်းမဏ်မမြင်အောင် မျက်စောင်း ဒိုင်းခနဲ လှမ်းထိုးလိုက်ပြီး နှုတ်ခမ်းလေးကို စူထော်ထားလိုက်မိသည်။

"မြတ်လေး"

"ဟင် . . . ရှင်"

"ဘယ်လိုလဲ၊ အခုတော့ တစ်ယောက်တည်းပဲလား"

အနားကို ဘွားခနဲ ရောက်လာပြီး မေးလိုက်သော ဇော်ရှိုင်းပုံစံ မခိုးမခန့်ကြောင့် သူမ ရှေ့မှာ မားမားကြီး သွားနေသည့် စိုင်းခမ်းမဏ်၏ နောက်ကျောပြင်ကို တစ်ချက်လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အနူမှခက်ပြီ။

သူနောက်ကို အပြေးလိုက်သွားလိုက်ချင်ပေမယ့် သူ
လည်း ဇော်ရှိုင်းဆိုသည့် လူရှေ့မှာ ဟန်ဆောင်ချစ်သူ လူ
မမေးနိုင်ဟု အပြတ်ပြောသွားသည်။ မောင်လို့ ခေါ်တာ တော
သူ့ကို တကယ်ချစ်မှ ခေါ်ရမည်တဲ့။

"ကျွန်တော့်ကို လိမ်ညာလို့ မရဘူးဗျာ"

"ရှင့်ကို ဘာကိစ္စ ကျွန်မက လိမ်ညာရမှာလဲ"

"ဒါဖြင့် မြတ်လေးချစ်သူက ဘာလို့ တစ်ယောက် တည
ထားခဲ့တာလဲ"

"သူက ထားခဲ့တာ မဟုတ်ဘူး"

"မြတ်လေးဘာသာ နေခဲ့တာပေါ့ဟုတ်လား၊
ဒါလည်း ကိုယ့်အတွက် မဟာအခွင့်အရေးပဲ လာ"

"အို ဘယ်လိုလဲ"

ဇော်ရှိုင်းလက်ကြီးက မြတ်လေးလက်ကလေးကို
အတင်းဆွဲယူတော့မလို လေထဲမှာ ပျံဝဲတက်လာခြင်းကြော
မြတ်လေးညို့မှာ သူမလက်ကလေးကို အမြန်သိမ်းဖွက်
မလှမ်းမကမ်း နေရာမှာ ရှိနေသည့် စိုင်းခမ်းမဏ်ထံ အ
လေး လျှောက်ခဲ့သည်။ သူမ နောက်မှ ဇော်ရှိုင်းဆို
လူကလည်း ခပ်တည်တည် လိုက်ပါလာခြင်းကြောင့် စိုင်းခမ်း
လက်မောင်းကြီးကို သူမလက်ကလေးများဖြင့် အသာ





လိုက်သည်။

"မောင်ရေ ဘာတွေဝယ်မလို့ ကြည့်နေတာလဲဟင်"

"ဘာမှ မဝယ်ဘူး"

"ဟင်"

စိုင်းခမ်းမဏ်က သူမကို လှည့်မကြည့်ဘဲ သံပြတ်ဖြင့်
ဆိုလိုက်ခြင်းကြောင့် မြတ်လေး ရင်ထဲမှာ ဒေါသနှင့် အောင့်သွား
ရသော်လည်း အနားမှာ ဇော်ရှိုင်းရှိနေမြဲမို့ အချို မြိန်ဆုံး အလှဆုံး
ပြုံးကာ စိုင်းခမ်းမဏ် မျက်နှာချောချောကို မော့ကြည့်ရင်း . . .

"မောင်ကလည်းကွာ"

"မင်း ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်"

"မောင်လို့လေ"

"ဘာအဓိပ္ပါယ်နဲ့ ခေါ်တာလဲ"

ဟော ဒါတော့ သူမြတ်လေးကို တမင်ညှစ်ပြီ။

"ပြောလေ"

စိုင်းခမ်းမဏ် မြတ်လေးညိုမျက်နှာ လှလှလေးကို စူးစိုက်
ငုံ့မိုးကြည့်ရင်း မေးနေသည့်အတွက် သူမထံမှ လှပ သော မျက်
စောင်းကြီးတစ်ခု ဒိုင်းခနဲရောက်ရှိလာသည်။

"မောင်ကလည်း သိရဲ့သားနဲ့၊ မေးနေမြန်ပြီ"

"ဘာကို သိရမှာလဲဗျာ၊ တချို့ကဆို ခုတစ်မျိုး တော်ကြာ
တစ်မျိုးနဲ့ စိတ်အပြောင်းအလဲ သိပ်မြန်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးညိုကို တမင် စောင်းပြောနေတာ မဟုတ်၊ တည့်တည့်ကြီး ပြောနေတာ ဆိုတော့လည်း စိတ်ထဲရှိ သလောက် ပြန်စွာလိုက်ချင်ပေမယ့် အနားက ဇော်ရှိုင်းဆိုသည့် လူရှိနေတော့ ဒေါသလေးတွေကို မျိုသိပ်လိုက်ပြီး . . .

"မောင် စိတ်ဆိုးနေရင်လည်း ပြောပါကွာ၊ မြတ်လေး တောင်းပန်ပါတယ်"

"တောင်းပန်ဖို့ မလိုပါဘူး၊ ချစ်ဖို့ပဲ လိုတာပါ"

"ကဲ ပြော"

"ဘာကို ပြောရမှာလဲ"

"မောင့်ကို တကယ်ချစ်မိပါပြီလို့"

"မောင်ကလည်း အစကတည်းက အဲဒီအတိုင်းပဲ မဟုတ် လားလို့"

ချစ်တယ်ဆိုသော စကားကို တမင်မပြောချင်၍ ရှော ပြီး ပြောလိုက်ခြင်းဖြစ်သည်။ စိုင်းခမ်းမဏ်ကလည်း မြတ်လေး ၏ စိတ်သဘောကို ရိပ်မိပြီးသားမို့ သူမအချစ်ကို ရရန် အ ချည်ပြီး တုပ်ပြီး စကားပြောခိုင်းနေခြင်း ဖြစ်သည်။

"ထပ်ပြော"

မြတ်လေးညို ဇော်ရှိုင်းရှိရာကို မျက်လုံးလေး ခိုးကြည့်လိုက်သည်။ ဇော်ရှိုင်းကလည်း သူမနှင့် စိုင်းခမ်း တို့ မျက်လုံးမြူးကြီးနှင့် စိုက်ကြည့်နေခြင်းကြောင့် မြတ်လေး





နှင့် အကြည့်ခြင်း ဆုံသွားကြသည်။

"ကဲ ကဲ ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"မောင့်ကို ဟောဒီက မောင့်ကို"

"တကယ်နော် ပြီးမှ ဘွာခတ်လို့ မရဘူးဗျာ၊ သိလား"

"သိတယ်၊ သိတယ် လာအိမ်ပြန်ကြမယ်"

စိုင်းခမ်းမဏ်၏ လက်ကို ဆွဲပြီး နေရာမှ အပြေး ထွက်ရန်ပြင်နေသော ချစ်သူလေးကို ကြည့်ပြီး သူ ကျေနပ် ကြည်နူးစွာ ရယ်မောလိုက်မိသည်။

"အဟွန်း. . . ဟွန်း. . . ဟွန်း"

"မောင့်အချစ်ဆုံးလေးရယ်"

ဇော်ရှိုင်းကို သူမျက်စိတစ်ဖက် လှမ်းမှိတ်ပြလိုက်သည်။

မြတ်လေးညိုဆိုသည့် ချစ်သူလေးနောက်ကို သူလိုက်မပါ လာခဲ့ရပေမယ့် သူမသာ နောက်ကို တစ်ချက်လှည့်ကြည့် လိုက်မည်ဆိုပါက အူနှိပ်၍ ရယ်မောနေသော ဇော်ရှိုင်းကို သူမ သေချာပေါက်တွေ့လိုက်ရမည်မှာ မလွဲဧကန်သာတည်း။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"အဟွန်း. . . ဟွန်း. . . ဟွန်း"

"ဟား မောင့်ချစ်ရသူရယ်"

စိုင်းခမ်းမဏ် ကြည်မွေ့ မြတ်နိုးခြင်းများစွာဖြင့် ချစ်ရေ သူလေး၏ ကလေးဆန်စွာ ပြုမူနေပုံလေးများကို ချစ်မဝနိုင်စွာ တွေးရင်း တစိမ့်စိမ့်ရယ်မောနေမိခြင်း ဖြစ်သည်။

ကြည့်လေ ချစ်သူလေး လုပ်နေပုံတွေက ဘယ်လောက် များ အသည်းယားစရာ ကောင်းလိုက်ပါသလဲ။ သူ့ကို တကယ် ချစ်ပါပြီ ဘာညာလို့ ကတိတွေ အထပ်ထပ်ပေးပြီးခါမှ သူနှင့် လုံးဝအတွေ့မခံတော့သည့်အပြင် သူမအရိပ်ကလေး ကိုပင်





အမြင်အတွေ့မခံနိုင်သလို ကိုယ်ယောင်ဖျောက်နေ လိုက်ပြီ မဟုတ်ပါလား။

ဘာပဲပြောပြော၊ သူမနှင့် သူဆိုတာ တရားဝင်ချစ်သူ တွေ ဖြစ်ခဲ့ကြပြီးပြီမို့ ဒီတစ်ခါ ဘွားခနဲပြီး ဟန်ဆောင်တာပါ လို့ ပြောလို့လည်း သူက လက်ခံတော့မည်မဟုတ်ပါ။ သူမထံမှ သူအလိုချင်ဆုံး အချစ်ဆုကို ရခဲ့ပြီမို့ အမြန်ဆုံး လက်ထပ်ရန် သာ ရှိပါတော့သည်။

ခက်နေတာက မြတ်လေးညိုဆိုသည့် ချစ်သူလှလှလေး ဖြစ်သည်။ သိပ်ပြီး အရှောင်အတိမ်းတွေ ကောင်းနေသော သူမ မျက်နှာလှလှလေးကို တွေ့ချင် မြင်ချင်နေသော စိုင်းခမ်းမဏ်မှာ အိမ်မြှောင် အမြီးပြတ်သလို နေမထိ ထိုင်မသာ ဖြစ်နေသည်။

"သိပ်ဆိုးတယ်ကွာ"

မောင် သိပ်ချစ်မှန်းသိရက်နဲ့ အခုလို လူကို အတွေ့ မခံဘဲ ပုန်းနေတာ မောင့်ရင်ထဲ ဘယ်လောက်အခံရခက်သလဲ ဆိုတာ ချစ်လေး ကိုယ်ချင်းစာမိရဲ့လားဗျာ။

ဟူး . . . မောင့်သက်ရယ်။

သူမဘက်က သူ့ကို လုံအောင် ပုန်းနေသလို သူက လည်း သူမကို တွေ့မြင်လိုဇောဖြင့် အကြံညဏ်တွေ စိတ်ကူး တွေ ထုတ်နေပါသည်။ ကျောင်းတွေက ပိတ်ထားတော့ ပိုဆိုး နေသည်။ ခါတိုင်း ကျောင်းသွား ကျောင်းပြန် ဆုံရပါသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဖုန်းဆက်လို့လည်း မရ၊ သူ့အသံကို ကြား တာနှင့် ဖုန်းချပစ်လိုက်သလို သူ့မာမီကတစ်ဆင့် ခေါ်ခိုင်းပြန် တော့လည်း . . .

"သမီးက သားနဲ့ စကားမပြောချင်းဘူးတဲ့ သားရေ"

"ဒီကလေးမ ဘာတွေများ စိတ်ကောက်နေလဲ မသိပါဘူးကွယ်"

ဟု ပြန်ပြောတတ်သဖြင့် ဖုန်းဆက်တာကို လက်လျှော့ လိုက်ရသည်။ သေချာတာကတော့ သူမ တခြားတစ်နေရာကို ထွက်သွားတာ မဟုတ်ဘဲ အိမ်ထဲမှာ ရှိနေခြင်းကြောင့် နည်းနည်းတော့ ဖြေသာပါသေးသည်။

သိပ်ဆိုးတဲ့ ကလေးမကို လူချင်း တွေ့လို့ကတော့ ကောင်းကောင်း ဒဏ်ပေးရဦးမည်ဟု စိတ်ထဲက တေးမှတ်ထားလိုက်သည်။

မြတ်လေးညိုကတော့ သူမအိပ်ရာလေးထက်မှာ လူးလွန့်နေသည်။ ပြန်တွေးမိတိုင်း သူမကိုယ် သူမ ရှက်နေ မိသည်။ စိုင်းခမ်းမဏ်ဆိုသည့် လူကို အရင်တုန်းက ကြည့် မရအောင် ဒေါသဖြစ် မုန်းခဲ့ရပေမယ့် အခုတော့ စိုင်းခမ်းမဏ် ဆိုသည့်ကိုလူချောက သူမရဲ့ချစ်သူ ဖြစ်၍လာခဲ့ပေပြီ။ ဒါကလည်း ဇော်ရှိုင်း ဆိုသည့် လူဆိုးပုံစံ မိုက်ကန်းကန်း လူကြောင့် ကြောက်လန့်ပြီး အဖြေပေးလိုက်ရသလို ဖြစ်သွားတာမို့ သူမက





တမင် လူလည်လုပ်သည်ဟု ထင်သောကြောင့် အခုလို သူနှင့် အတွေ့မခံဘဲ ပုန်းနေမိခြင်းဖြစ်သည်။

ချစ်သူဘဝ မရောက်ခင်တုန်းကလည်း၊ လူကို နေရာ တကာ ပိုင်စိုးပိုင်နှင်း မြူမူပြောဆိုဆက်ဆံခဲ့လို့လည်း မကျေနပ်ပါ။ အခု ချစ်သူတွေဖြစ်ပြီး တမင် အတွေ့မခံဘဲ နေလိုက်တော့ အိမ်မြှောင်အမြီးပြတ်သလို ဖြစ်နေမှာကို တွေးပြီး ကျေနပ်နေမိသည်။

မှတ်ထား။ သူများကို အနိုင်ကျင့်ချင်တဲ့လူ၊ အခုတော့ ဘာတတ်နိုင်သေးလဲ။ ကောင်းတယ်၊ အဲဒီအတိုင်းပဲ နေပါစေ။

အဟင်း . . . ဟင်း . . . ဟင်း

အပြုံးလှလှလေးများဖြင့် တစ်ဖက်ခြံကို လိုက်ကာများ ကြားမှ အသာချောင်းကြည့်လိုက်မိသည်။ စိုင်းခမ်းမဏ်၏ ကားကို မတွေ့ရ။ အပြင်ထွက်သွားပြီ ထင်ပါရဲ့။ သူတို့ ယောကျ်ားလေး တွေ ဆိုတာက မိန်းကလေးတွေလို ညဘက် ရောက်ရင် အိပ်ရာ ထက်မှာ ငြိမ်ငြိမ်နေချင်ကြတာ မဟုတ်။ ညကြီး မိုးချုပ်လည်း အပြင်ထွက်၍ လည်တတ်ကြသူတွေ ဆိုတော့ အိမ်မကပ်တာ သိပ်မဆန်းပါ။

လိုက်ကာလေးကို အသာပြန်ချလိုက်သည်။

အိပ်ယာထက်မှာ လှဲရင်း တီဗွီအစီအစဉ်တွေကို တစ်ခု ပြီးတစ်ခု ပြောင်းကြည့်နေမိသည်။ စိတ်ထဲမှာလည်း ဒီအချိန်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်တွေရောက်ပြီး ဘာတွေ လုပ်နေသလဲဆိုတာ သိချင်နေမိသည်။

"ဒေါက် ဒေါက်"

တီဗွီအစီအစဉ်ကို ကြည့်နေရာမှ တဒေါက်ဒေါက်သံကြောင့် ရုတ်တရက် ဘာသံမှန်းမသိ။ အသံက ဆက်မြည်နေသောကြောင့် ခေါင်းလေးထောင်ပြီး အသံလာရာကို လှမ်းကြည့်လိုက်သည်။

"အမလေး"

မှန်မှာ ကပ်နေသော မျက်နှာကြီးကြောင့် ရုတ်တရက် လန့်သွားပြီး လွတ်ခနဲ အော်လိုက်မိသည်။

"ရှူး"

"မောင်ပါ ချစ်ရဲ့"

"ဟင်"

စိုင်းခမ်းမဏ်အသံကို ကြားလိုက်ရသဖြင့် မြတ်လေးညို မျက်လုံးလေး ပြူးသွားသည်။

"ရှင် ရှင် ဘယ်လိုဖြစ်နေတာလဲဟင်"

သူ့အနားကို အပြေးရောက်သွားပြီး တိုးတိုးကျိတ်ကျိတ် ရန်စကား ဆိုလိုက်သည်။ သူကတော့ မြတ်လေးညို ဒေါသဖြစ်နေတာကိုလည်း ဂရုစိုက်ဟန်မရှိပါ။ ခပ်ပြုံးပြုံး မျက်နှာလေးနှင့် မြတ်လေးညို မျက်နှာလှလှလေးကို မျက်လုံးတောက်





တောက်များဖြင့် ရှုန်းလဲ့စွာ စူးစိုက်ကြည့်နေပါသည်။

"မောင် မြတ်လေးကို သိပ်တွေ့ချင်နေတာ ဆက်ပြီး မအောင့်နိုင်တော့လို့၊ အခုလို လူမသိ သူမသိ ပိုက်လုံးတတွယ်တက်လာရတာပဲလေ"

"မောင့်ကို တံခါးဖွင့်ပေးပါဦးဗျာ"

"အိုး ဘာဖြစ်လို့ တံခါးဖွင့်ပေးရမှာလဲ"

"တော်ကြာ မာမီတို့ တွေ့သွားမှ ကျွန်မရှက်ပြီး သေမှာရှင် သိရဲ့လား"

"ပြန်ပါရှင်"

"မပြန်ပါဘူး"

"အို"

မြတ်လေးညို ဒေါသဖြစ်စွာ သူ့ကို မော့ကြည့်လိုက်သည်။

"မောင့်ကို လုံးဝအတွေ့ မခံတာက ဘာသဘောလဲ ပြောပါဦး"

"ဘာပြောရမှာလဲ၊ မတွေ့တာ မတွေ့ချင်လို့ပေါ့"

"ဪ. . . ဒီလိုလား"

"ရှင်ပြန်ပါနော်၊ ကျွန်မကို စိတ်ညစ်အောင် မလုပ်ပါနဲ့"

"စိတ်ညစ်အောင် လုပ်နေတာက မောင်လား၊ မြတ်လေးလား ကိုယ့်ချစ်သူမျက်နှာလေးတောင် မြင်ခွင့်တွေ့ ခွင့်မရအောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဘာတွေဖြစ်နေလို့လဲ"

"တံခါးဖွင့်ကွာ၊ မဖွင့်ပေးရင်လည်း ဖွင့်ပေးလာအောင် လုပ်ရမှာပဲ"

"ဟင် ရှင်ဘာလုပ်ဦးမလို့လဲ၊ အောက်မှာ မာမီတို့ ဒယ်ဒီတို့ ရှိတယ်ရှင့်၊ သိရဲ့လား"

"သိရင်လည်း ဘာမှမဖြစ်ခင် တံခါးဖွင့်လေ၊ နောက်မှ မောင့်အဆိုးမဆိုနဲ့ပေါ့"

သူမ စိတ်ညစ်သွားသည်။ သူ့ကို အကြမ်းနည်းနှင့် သုံးပြီး နှင်ထုတ်လို့ မရနိုင်တာကို သိလိုက်သည်။ စိုင်းခမ်းမဏီ တတော့ ညဝတ်ပိုးသားအကျီ ဖြူဖြူလေးနှင့် မီးရောင်အောက် မှာ လွတ်လပ်စွာ လှချင်တိုင်း လှနေသော ချစ်သူလေးကိုသာ မြတ်နိုးချစ်မဝ နိုင်သလို ခပ်စိုက်စိုက် ငေးကြည့်နေမိသည်။

သူ့အကြည့်များကို မြတ်လေးညို ရင်မဆိုင်ရဲပါ။ ထို့အတူ သူ့ကို ဘယ်လိုနည်းနှင့်မှ အခန်းတံခါးဖွင့်ပေး၍ မဖြစ်မှန်း သိနေပါသည်။

"ဒီမှာ"

"ဘယ်လို . . မောင့်ကို ဘယ်လိုခေါ်လိုက်တယ်"

"အို"

မြတ်လေးညို ပါးလေးတွေ ဖြန်းခနဲ ပူနွေးသွားသည် ဇော်ရှိုင်း ဆိုသည့် လူရွေ့မှာ ထပ်အောင်ခေါ်ခဲ့မိတုန်းက သူ





မျက်နှာချောချောကိုလည်း စေ့စေ့မကြည့်မိခဲ့ပါ။ တစ်ချိန်လုံး လိုလို ဇော်ရှိုင်းကိုသာ အကဲခတ်နေရသောကြောင့် ဘာကို မှလည်း သိပ်ပြီး ဂရုမထားမိသလို ထူးထူးခြားခြားလည်း မခံစား ခဲ့မိပါ။

အခုဥစ္စာက သူနဲ့ မြတ်လေးညို နှစ်ယောက်တည်း ဖြစ်နေရုံမက၊ သူ့အကြည့် သူ့အပြောတွေက အပျိုစင်၏ ရွှေဘဝင်ကို တုန်လှုပ် ချောက်ချားစေသလို၊ ရင်ခုန်သံလေး တွေကိုလည်း အထိန်းအကွပ်မဲ့ လှုပ်ရှားစေတော့ ခက်လှ ပါသည်။ သို့သော်လည်း သူမနှင့် သူက ချစ်သူတွေ ဖြစ်ခဲ့ ကြပြီ ဆိုတော့လည်း သူပြောသလို မောင်လို့ ခေါ်ရန်အပြင် တခြား မရှိပါ။

ထို့ကြောင့် ရှက်သွေးဖြင့် ရဲရဲနီနေသော မျက်နှာ လှလှ လေးကို ခပ်လွဲလွဲလေး လှမ်းကာ . . .

"ဟို မောင့်ကို မြတ်လေး မတွေ့နိုင်တာ နေမကောင်း ဖြစ်နေလို့ပါ"

"ဩော် . . . ဒါဖြင့် ဖုန်းမကိုင်နိုင်တာကရော"

မြတ်လေး မဖြေနိုင်။

"သမီးရေ"

"ဟော မာမီလာနေပြီ ရှင်၊ အို မောင်ပြန်ပါ မနက်ဖြန် ကျမှ မြတ်လေးတို့ တွေ့ကြရအောင်ပါနော်"

"ယုံရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါရှင် ယုံပါ"

"သမီး အိပ်ပျော်နေပြီလား"

"လာပါပြီ မာမီ"

စိုင်းခမ်းမဏ်ကို စကားဆက်ပြောမနေနိုင်တော့။ မိခင်ဖြစ်သူကို အမြေးအလွှားတံခါးဖွင့်ပေးလိုက်ရသည်။

"ဘာလဲ မာမီ၊ ဘာပြောမလို့လဲ ဟင်"

"ဘာမှ မဟုတ်ပါဘူးကွယ်၊ သမီးမှန်တင်ခုံပေါ်က မာမီ့ပိုက်ဆံအိတ် ယူမလို့ပါ၊ အဲဒီအထဲမှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါတာ အခုမှ သတိရလို့ သမီးဒယ်ဒီကို ပြမလို့လေ"

"မြတ်လေး ယူပေးမယ်နော် မာမီ"

လက်ဆွဲအိတ် အိအိကြီးကို မှန်တင်ခုံပေါ်က မာမီ့အမြေးယူပေးရင်း စိုင်းခမ်းမဏ်ရှိရာကို လှမ်းကြည့်လိုက်သည်။ မာစောစောကနေရာမှာ မရှိတော့မှ ရင်အေးသွားသည်။ မာမီသူ့အိတ်ကြီးကို ယူပြီး အောက်ထပ်ပြန်ဆင်းသွားမှ တံခါးသက်ပြင်းရှိုက်လိုက်သည်။

"ဒေါက် ဒေါက်"

"ဟင်"

"မြတ်လေး၊ မောင်ဆက်ပြီး ရပ်မနေနိုင်တော့ဘူး ကြာရင် အောက်ကို ပြုတ်ကျတော့မယ် ထင်တယ်"





"အို"

သူမ ထင်သလိုမဟုတ်ဘဲ၊ စိုင်းခမ်းမဏ်က အခုအချိန်ထိ မပြန်သေးဘဲ ဖွဲ့ကောင်းနေခြင်းကြောင့် စိတ်ညစ်ရသလို သူပြောလိုက်သည့်စကားကြောင့် သူမမှာ အံ့ဩထိတ်လန့်စွာ သူရှိရာကို အမြေးရောက်သွားသည်။

"ဟယ်"

ရေပိုက်ကို တွယ်ဖက်ထားသည့် သူ့ပုံစံက တစ်စက်မှ သက်သာဖွယ်ရာ မရှိပါလား။ မတော်တဆအောက်ကို ပြုတ်ကျသွားပြန်ရင်လည်း အုတ်ခံအမာပေါ် ကျရမှာမို့ မတွေးရဲစရာပါ။ မဖြစ်တော့။

"မောင်"

"ဗျာ"

"ပြန်ပါတော့နော်၊ မနက်ဖြန် မြတ်လေး မောင်နဲ့ တွေ့ပါမယ်"

"မလိုချင်ဘူးကွာ၊ အခုလည်း တွေ့မယ်၊ မနက်ဖြန်လည်း တွေ့မယ်"

"မောင့်ကို တကယ်ချစ်တယ် ဆိုရင် အခုခြံထဲကို တိတ်တိတ်လေး ဆင်းခဲ့"

"အို မောင်ကလဲ"

"ဘာလဲ မဆင်းခဲ့ဘူးလား၊ ဒါဖြင့် မောင်လည်း ဒီက



www.burmeseclassic.com

www.burmeseclassic.com



မြှုတ်ကျပြီး သေချင်သေပါစေ၊ ဒီအတိုင်းနေရမှာပဲ"

"စိတ်ညစ်လိုက်တာနော်"

"ပြောလို့မရတော့ဘူးလား"

"မရဘူး"

"ကဲ. . . ကဲ အောက်ကနေ စောင့်နေ အခုဆင်းလာခဲ့မယ်"

"တကယ်နော် မောင့်ကို ညာလို့မရဘူး၊ ဖြစ်ချင်ရာဖြစ် ဒီတစ်ခါတော့ မောင်က မြတ်လေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တွေ့မှာပဲ"

"ကဲ ဆင်းပါတော့၊ ကတိတည်ပါ့မယ်"

"အိုကေ"

"မြတ်လေး"

"ဟင်"

"သိပ်. . . သိပ်ချစ်တယ်"

"အို"

ဖုတ်ခနဲ သူ့အရိပ်ကလေး ပျောက်သွားမှ သက်ပြ[illegible] ရှိုက်လိုက်သည်။ မှန်တင်ခုံ ရှေ့သို့ အပြေးသွားပြီး သူမ [illegible] လေးကို မှန်ထဲကို ကမန်းကတန်းကြည့်လိုက်သည်။ လွတ်[illegible] ပေါ့ပါးစွာ ဝတ်ဆင်ထားသည့် ညဝတ်အကျႌလေးပေါ် အ[illegible] ထည်ထပ်ဝတ်ပြီး မာမီတို့ မမြင်အောင် နောက်ပေါက်[illegible]





ခြံထဲသို့ ဆင်းခဲ့သည်။ ခပ်မှောင်မှောင် အလင်းဝိုးတဝါးမျှသာ ရှိ၍ သစ်ပင်များကြားမှ အသာတိုးပြီး လျှောက်လာခဲ့သည်။ ခြံထဲမှာ စောင့်နေပါမယ်ဆိုပြီး ဘယ်ရောက်နေမှန်း မသိသော စိုင်းခမ်းမဏ်ကို ရုတ်တရက် သူမ ရှာမတွေ့။

စိုင်းခမ်းမဏ်ကတော့ သစ်ပင်အကွယ်အရိပ်မှာ ပုန်းနေရင်း မြတ်လေးညို သူ့အနား ရောက်အလာကို စောင့်နေပြီးမှ ဖြုန်းခနဲ အပြင်ကို ခုန်ထွက်ပြီး သူမ ကိုယ်လေးကို သူ့ရင်ခွင်ထဲ အရောက် တင်းကျပ်စွာ ပွေ့ဖက်ပစ်လိုက်သည်။

"မြတ်လေး"

"အို. . . အမေ့"

"ချစ်တယ်ကွာ"

"အို . . ."

"စကားပြောစရာရှိတယ်ဆို၊ ဖယ်စမ်းပါ"

သူမ တစ်ကိုယ်လုံး စိုင်းခမ်းမဏ် ရင်ခွင်ကျယ်ကြီး ထဲ နစ်ဝင်ပူးကပ် မွန်းကျပ်စွာ ရှိနေရာမှ ရုတ်အတင်း ရုန်းထွက်ရန် ကြိုးစားပါသော်လည်း သူက မလွှတ်ဘဲ ပို၍ တိုးဖက်ရင်း . . .

"ပြောမှာပါ၊ အခု ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် ဒီ့ထက် အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်"

"လာခဲ့"

"အို . . . အို"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော်"

စိုင်းခမ်းမဏ် ရင်ဘတ်ကြီးကို သူမ လက်ကလေးများနှင့် တွန်းထောက်ပြီး တားမြစ်ဖို့ ကြိုးစားပါသော်လည်း နောက်ကျခဲ့ပါပြီ။ သူမ တစ်ကိုယ်လုံး စိုင်းခမ်းမဏ် ရင်ခွင်ထဲမှာ နွေးထွေးလှိုက်မောစွာဖြင့် သူ့ထံမှ လှိုက်လှဲသိပ်သည်းစွာ ကျရောက်လာသည့် အနမ်းပွင့်များထဲမှာ သူမ တစ်ကိုယ်လုံး စုံးစုံးနှစ်မြှုပ်သွားမတတ် ရှိနေပါသည်။

တားဆီးဖို့ ကြိုးစားသော်လည်း မရ။ စိုင်းခမ်းမဏ်ကလည်း သူမကို စကားဆိုခွင့်မပြု။ သူ့ကို နေမထိ ထိုင်မသာဖြစ်အောင် နှိပ်စက်အနိုင်ယူထားသမျှ လွမ်းဆွတ်တမ်းတခဲ့ရသော အချစ်ရက်များ အတွက် အနမ်းဖြင့် အတိုးချပြီး စိတ်ကိုလွှတ်ပေးထားခြင်းဖြစ်သည်။ အချိန်လေးတွေ ရှည်ကြာ ငြိမ်သက်သွားသည်။

မြတ်လေးညိုက ကြမ်းရမ်းလွန်းသော စိုင်းခမ်းမဏ်၏ ရင်ဘတ်ကြီးကို သူမ လက်သီးဆုပ်ကလေးများဖြင့် တဗုန်းဗုန်း ထုရိုက်နေမိသည်။

"ဟိတ် ဘာလို့ လူကို ဒီလောက်တောင် နှိပ်စက်ရတာလဲကွ"

"မောင် ဘာလို့ဆိုးသေးလဲ"

"ကိုယ့်ချစ်သူကို ချစ်လို့ နမ်းတာပဲ၊ ဆိုးတယ်လို့





ဘယ်သူပြောလဲ"

ရယ်မြူးရိပ်သမ်းနေသော သူ့အသံက တိုးတိုးရှရှနှင့် မြူးကြွတုန်ယင်နေသည်။

"ချစ်"

"မောင်နော် တော်ပြီလို့ဆိုနေ"

"အင်းပါ. . . တော်ပါပြီ ချစ်က ဘာလို့ မောင့်ကို အတွေ့မခံဘဲ ရှောင်နေရတာတုန်း"

"သွား အခုမှ မမေးနဲ့"

ရှက်ရှက်နှင့် သူ့ဗိုက်ကို တအား ဆွဲလိမ်ဖစ်လိုက်သည်။

"အား"

"နာတယ်ကွ"

"နာပလေ့စေ ဒါမှ နောက်ကိုမှတ်မှာ"

"ကဲ. . . မေးတာဖြေပါဦး၊ ဘာလို့ မောင့်ကို အတွေ့မခံတာလဲ"

"ကြောက်လို့"

"ဘာကိုလဲ"

"တွန်း. . . မောင့်ကိုပေါ့"

"ဟော်ဗျာ. . . ဘာလို့ ချစ်က မောင့်ကို ကြောက်ရတာလဲ"

"အခုလို ဖြစ်မှာကို ကြောက်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ့ကွာ"

"အဟွန်း . . . ဟွန်း . . . ဟွန်း"

ချစ်သူလေး စကားကို မြတ်နိုးနှစ်ခြိုက်စွာ ရယ်မော ရင်း သူမပါးပြင်နုနုလေးကို ဖွဖွညင်သာ ငုံ့နမ်းလိုက်သည်။

"မောင်တို့ အမြန်ဆုံး လက်ထပ်ရမယ်နော်ချစ်"

"စဉ်းစားဦးမယ်"

"ဟော လုပ်ပြန်ပြီ၊ မြတ်လေး မောင့်ကို မချစ်ဘူးလား"

"ဟွန်း အဲဒါက ဘာစကားလဲ၊ မချစ်မှတော့ ဘယ်သူ မောင့်ရင်ခွင်ထဲကို ရောက်လာမှာလဲ"

"ဒါဖြင့် အမြန်ဆုံး လက်ထပ်ဖို့ ပြောတဲ့ကိစ္စကို သဘော တူလိုက်ပြီလား"

"ကျောင်းပြီးဖို့ တစ်နှစ်ပဲလိုတော့တာကို ဘယ်လိုဖြ နေတာလဲ"

"သိပ်ချစ်နေတာပေါ့ဗျာ၊ အခုထိ မသိသေးဘူးလား"

"အို စကားကောင်းကောင်း ပြောစမ်းပါ"

ပြောရင်း သူမကိုယ်လေးကို မချင့်မရဲ ဖျစ်ညှစ် လို ခြင်းကြောင့် သူမပြောလိုက်ခြင်း ဖြစ်သည်။

"အခုတည်းက အပြတ်ပြောလိုက်မယ်နော်၊ တက ချစ်တယ်ဆိုရင် သစ္စာရှိပါ၊ တစ်ခုခု သတင်းကြားရလို့က မျက်နှာကို တစ်သက်လုံး ဘယ်တော့မှ တွေ့ရလိမ့်မယ်





မထင်နဲ့"

"စိတ်ချ၊ မောင်ချစ်တာ ဟောဒီက ကောင်မလေး တစ်ယောက်တည်း ရှိတယ်"

"အခုတော့ ပြောတာပဲ၊ နောက်မှ . . ."

"ဟိတ် ဘယ့်နှယ်နေရင်း ထိုင်ရင်း လူကို ပြဿနာ ရှာနေရတာလဲ၊ ကျုပ်ကလည်း အခုတည်းက တစ်ခါတည်း ပြောမယ်၊ ကျုပ်ကလွဲပြီး တခြားဘယ်ယောက်ျားနဲ့မှ ပတ်သက်ဖို့ ကြိုးစားနဲ့၊ ကျုပ်အကြောင်း သိသွားမယ်၊ ဒါပဲ"

"အံမယ် လူကိုများ သူ့လို မှတ်နေလားမသိဘူး"

"ဟော အဲဒါက ဘာစကားလဲ"

"ဟွန်း မသိရင် ခက်မယ်၊ ရည်းစားသက်စေ့ထားတဲ့ သူရှုပ်လူ့ပွေဆိုတာ မသိဘူး မှတ်လို့လား"

"မြတ်လေးထင်တာ လုံးဝ မှားတယ်"

"ဘာ မုန်လာဥ လုပ်ဦးမလို့လဲ"

"မုန်လာဥ မလုပ်ပါဘူး ဗျာ၊ အခုချိန်ထိ မောင့်မှာ အချစ်ကလွဲပြီး ချစ်ရမယ့်သူ မရှိခဲ့ပါဘူး၊ အဲဒါ တကယ် ပြောတာပါ၊ အခြေအနေပေးလို့ အကြောင်းအမျိုးမျိုးကြောင့် စ်ပြောသလို ဖြစ်နေရတာပါ"

"ဩော် မောင့်မှာတော့ အပြစ်မရှိဘူးပေါ့လေ"

"ရှိပါတယ်၊ ဒါပေမယ့် တစ်ဝက်ကလည်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ"

"တော်ပါပြီဗျာ"

"ချစ်"

"မောင်"

စကားသံတွေ ပျောက်ဆုံးသွားသည်။

တင်းကျပ်စွာ ပွေ့ဖက်ထားသည့် ချစ်သူရင်ခွင်ကျယ်ကြီး ထဲမှာ သူမတစ်ကိုယ်လုံး ရောက်ရှိနေသလို ချစ်ရသူ၏ ကိုယ်ကြီးကိုလည်း ခြေဖျားလေး ထောက်ပြီး မမှီမကမ်းလေး ဖက်တွယ်ထားလိုက်မိပါသည်။

ညလေပြေ၏ ရယ်မောသံတီးတိုးထဲမှာ ချစ်သံစဉ် တိုးသာ တိုးတိုးညင်သာ မျောလွင့်လျက်ရှိသည်။

◆◆◆◆◆





## အခန်း (၁၆)

သိပ်ချစ်တော့ သိပ်သဝန်တိုမိကြသည်။

သဝန်တိုတာ အချစ်ဆိုသည့်အတိုင်း ထိုအချစ်ကိုပဲ ကျေနပ်ခဲ့ကြပြန်သည်။ ဖုန်းသံလေးတွေ အဆက်မပြတ် မြည်နေသလို နေရာအနှံ့ အချစ်ခြေရာလေးတွေ ဖြန့်မိကြသည်။

"ချစ်"

"ဟင်"

"မောင့်ကို ချစ်ရဲ့လား"

"ဟော. . . အဲဒါက ဘာဖြစ်ရပြန်တာတုန်း"

"မောင်မေးတာ ဖြေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်၊ သိပ်သိပ်ချစ်တယ်၊ ကဲ ကျေနပ်ပြီလား"

စိုင်းခမ်းမဏ် ချစ်သူမျက်နှာလှလှလေးကို စိုက်ကြည့်ရင်းက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ ချစ်သူလေး ခေါင်းမာပြီး တစ်ဇွတ်ထိုးဆန်တာ မာနကြီးတာကို သူသိပါသည်။ ဇော်ရှိုင်းကို လူဆိုးလုပ်ပြီး သူမထံမှ အချစ်ကို ရယူ နိုင်ခဲ့တာကို ပြန်တွေးမိတော့ သူ အသံထွက်၍ သဘောကျစွာ ရယ်လိုက်မိသည်။

"အဟွန်း... ဟွန်း... ဟွန်း"

"မောင်နော် လူကို ကြည့်ပြီး ဘာရယ်တာလဲ၊ မေးတာတော့ မဖြေဘူး"

"ဟင်... ချစ်က ဘာမေးတာလဲ၊ မောင်မကြားလိုက်ဘူး"

"ကြည့် အခုထဲက ဇာတိက ပြနေပြီ၊ လူတစ်ယောက်လုံး ဒီမှာ ထိုင်နေပြီး စိတ်တွေက ဘယ်ကိုရောက်နေမှန်းမှ မသိတာ"

"ဘယ်ကိုမှ မရောက်ပါဘူးဗျာ၊ ဟောဒီက မောင့်ချစ်သူလှလှလေး အကြောင်း တွေးနေမိလို့ပါ"

"မောင်နော်၊ အလျှောက်ကောင်းလို့ ခွင့်လွှတ်လိုက်တယ်မှတ်ပါ၊ ပြော မြတ်လေးကိုရော မောင်က တကယ် ချစ်တာမှ ဟုတ်ရဲ့လား"





သူ မြတ်လေး မျက်နှာလှလှလေးကို စူးစိုက်ကြည့်လိုက်သည်။ ကြည့်စမ်း၊ အခုချိန်ထိ သူ့အချစ်ကို သူမ မယုံသေးဘူးပေါ့။

"တကယ်ချစ်တာ မဟုတ်ဘူး"

"ဟင်"

"ဟိုး... နေဦး၊ ဆယ်ကယ်မက ချစ်ရတာလို့ ပြောမလို့ ဒီမှာကြည့် မောင့်နဖူးက ဒဏ်ရာမြင်လား"

စိုင်းခမ်းမဏ်က သူ့နဖူးက သူမလက်ချက်နှင့် ရရှိခဲ့သည့် အမာရွတ်ကလေးကို ပြလိုက်သည်။

"အဲဒါ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး၊ ဒီလောက်စွာပြီး လှတဲ့ကောင်မလေးကို ဒီဒဏ်ရာရပြီးကတည်းက တစ်နေ့မမြင်ရရင် မနေနိုင်အောင်ကို ချစ်ခဲ့တာဗျာ၊ သိရဲ့လား"

"မြတ်လေးကို မောင် သိပ်ချစ်တယ်၊ အတူတူ နေချင်ပြီ အသက်ရှယ်"

"မောင့်ရယ်"

မြတ်လေးညို လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လာသည့် ချစ်သူ့လက်များကို ပြန်လည်ဆုပ်ကိုင်ရင်း မြတ်လေးညို လှပစွာ ပြုံးလိုက်သည်။ တကယ်ချစ်မိပြီဆိုတော့ ချစ်သူနှင့်အတူ နေချင်ကြတာ သဘာဝပဲဆိုတာ သူမကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားနားလည်နိုင်ခဲ့ပါပြီ။

လူငယ်ချင်းကလည်း မခွဲအတူတူ ကြည်ဖြူနေပြီ ဆိုတော့ သူမတို့ မင်္ဂလာပွဲကို ကျင်းပရန် နှစ်ဘက်လူကြီးတွေ ညှိနှိုင်းတိုင်ပင်နေကြတာကို နှစ်ယောက်စလုံး အသိဖြစ်ပါသည်။ သို့ပါသော်လည်း မြတ်လေးညို ဆန္ဒအတိုင်း နောက်ဆုံးနှစ် စာမေးပွဲဖြေဆိုပြီးမှ မင်္ဂလာပွဲကို ကျင်းပကြရမည် ဖြစ်သဖြင့် တစ်နှစ်တိတိ စောင့်ဆိုင်းကြရပါဦးမည်။

"ဟယ် . . . မောင်ရေ ဟိုမှာ ဟိုမှာ"

"ဘာလဲ မြတ်လေး"

စကားပြောနေရင်း အလန့်တကြားလေး အော်ဟစ်လိုက်သော ချစ်သူလေးကြောင့် စိုင်းခမ်းမဏ် သူမကြည့်ရာဘက်သို့ လိုက်ကြည့်လိုက်သည်။ ရုတ်တရက် ဘယ်သူ့ကိုမှ မတွေ့ပါ။ မြတ်လေးမှာသာ ဝေစီကို လှမ်းမြင်လိုက်ပြီး အကြံရခက်သွားရခြင်း ဖြစ်ပါသည်။

အစတုန်းကတော့ စိုင်းခမ်းမဏ်၏ စိတ်ကို စမ်းသပ်ရန် ဖြစ်သော်လည်း အခုတော့ ဝေစီကို မောင်နှင့် ပတ်သက်မှာကိုပင် အလိုမရှိတော့ပါ။ သူမ ချစ်သူကို ဇွတ်အတင်း ညုနေတာကို မသိဟန်ဆောင်ပြီး ကြည့်နေနိုင်သည့် အင်အားလည်း မရှိပါ။ သူမ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတုန်း ဝေစီက သူမတို့ နှစ်ယောက်ရှိရာကို တည့်မတ်စွာ လျှောက်လာနေပြီ





ဖြစ်သည်။

"ဟေး မြတ်လေး"

"ဩော် ဝေစီ"

"ကြည့်စမ်း။ စိုင်းက ဝေစီကိုတောင် မခေါ် မပြောနဲ့ စိမ်းကားလှချည်လား"

"မဟုတ်ရပါဘူးဗျာ၊ မြတ်လေးနဲ့ မင်္ဂလာကိစ္စတွေ တိုင်ပင်နေရလို့ပါ"

စိုင်းခမ်းမဏ် တမင်ပြောလိုက်ခြင်း ဖြစ်သည်။

မြတ်လေးညိုနှင့်သူ စေ့စပ်ထားပြီးသား သိသိနှင့် ဇွတ်အတင်း ပတ်သက်ဖို့ ကြိုးစားနေသော ဝေစီသဘောကို သိထားပြီးသည့်အတိုင်း ခပ်ပြုံးပြုံး အမူအရာနှင့် ချစ်သူ မျက်နှာလှလှလေးကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

ဝေစီမျက်နှာ မည်းခနဲဖြစ်သွားသော်လည်း ချက်ချင်းပင် ဘာမှမဖြစ်သလို ပြုံးရယ်လိုက်ကာ . . .

"ဒါဆိုရင် ဝေစီလည်း စိုင်းတို့အတွက် မင်္ဂလာလက်ဖွဲ့ကောင်းကောင်း ဝယ်ရဦးမှာပေါ့"

"မင်္ဂလာပွဲက ဘယ်တော့လဲ"

"မကြာမီ လာမည်ဆိုပါတော့ဗျာ၊ အဟွန်း"

စိုင်းခမ်းမဏ် မျက်နှာချောချော ပြုံးရယ်နေသလို မြတ်လေးညို နှုတ်ခမ်းလေး ပြုံးနေတာကို ကြည့်ပြီး ဝေစီ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်သွားသည်။ စိုင်းခမ်းမဏ်နှင့် မြတ်လေးညို တို့ မကြာခင် လက်ထပ်ပေတော့မည်။ ဆယ်သက်စား မကုန်သော ငွေကြေး ကြွယ်ဝမှုနှင့်အတူ ချောမောခန့်ညားလွန်းသည့် စိုင်းခမ်းမဏ်လို လူကို မြတ်လေးညို ရသွားလို့ကတော့ ဒီ တစ်သက် ဝေစီတို့ မိသားစုတွေ နလန်မထူနိုင်အောင် ရှုံးရပေ တော့မည်။

ဝေစီကိုယ်တိုင် စိုင်းခမ်းမဏ်နှင့် ဖွတ်အတင်း ပတ်သက်ဖို့ ကြိုးစားသော်လည်း မအောင်မြင်။ စိုင်းခမ်းမဏ်က ပြတ်သားစွာ တုံ့ပြန်ခဲ့တာကို ခံခဲ့ရပြီးပြီ။ ဒီတစ်ခါတော့ သူ့လို လူကို ပေါ့ပေါ့ဆဆ လုပ်၍ မရမှန်း သိလိုက်ပါပြီ။ ဝေစီ ဦးနှောက်ထဲမှာ အတွေးတစ်ခု လက်ခနဲ ဖြစ်သွားသည်။

ဟုတ်ပြီ။

ငွေတွင်းကြီးကို ဒီအတိုင်း လက်လွှတ်မခံနိုင်။ ကိုယ့်အတွက် တစ်ခုခု ကျန်ရစ်ခဲ့မှ ဖြစ်မည်။ ကံကောင်းလို့ကတော့ ဝေစီကိုယ်တိုင် သူဌေးကတော်ဘွဲ့ကို ရယူနိုင်သေးသည် မဟုတ်လား။ အတွေးနှင့်ပင် ကျေနပ်ပီတိတွေ လှိုက်ဖြာ သွားသည်။

ထို့ကြောင့် ချက်ချင်း အမူအရာတွေ ပြောင်းပစ်လိုက်သည်။

"စိုင်း"

"ဟင်"

"ဒီမှာ ဝေစီကို ဘယ်သူလို့ထင်လဲ"





စိုင်းခမ်းမဏ်ရှေ့မှာ သူမ မျက်နှာလေးကို အလှဆုံး ပြုံးပြီး မေးလိုက်တော့ စိုင်းခမ်းမဏ်မှာ ဘာကိုမှ နားမလည်နိုင်သလို သူ့ချစ်သူလေး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ မြတ်လေးမှာတော့ ဝေစီ ဘာပြောမလဲ သိချင်စိတ်ဖြင့် ဝေစီ့မျက်နှာကို ကြည့်နေမိပါသည်။

"မထင်တတ်ပါဘူး၊ ဝေစီပဲ ပြောပါ"

"မသိရင် မှတ်ထား၊ ဝေစီဆိုတာ ဟောဒီက မြတ်လေးညိုရဲ့ ညီမပါတဲ့ရှင်"

"ဟာ တကယ်"

"တကယ်ပေါ့ မယုံရင် ရှင့်ဇနီးလောင်းကို မေးကြည့်၊ မြတ်လေးကိုယ်တိုင်က သူ့ချစ်သူရဲ့ စိတ်ကို စမ်းကြည့်ချင်လို့ ဝေစီကို ကူညီပေးပါလို့ ပြောတာနဲ့ အခုလို စိုင်းကို ဇာတ် အတင်း ပွဲကြမ်းရတာပါရှင်"

"အခုလို ရှင်းပြရတာကလည်း စိုင်းစိတ်ထဲမှာ ဝေစီ့ကို တစ်မျိုး ထင်နေမှာစိုးလို့ ချစ်သူနှစ်ယောက် အချစ်စမ်းပွဲမှာ ဝေစီက ဓားစာခံဆိုတာ သိအောင်လို့ပါနော်"

"ဝေစီ့ကို စိုင်းအထင်မ ြးပြီး မခေါ်မပြောချင်နေတာ ဝေစီ သိပါတယ်"

"ဟာဗျာ မဟုတ်တာ"

ဝေစီပြောသည့်စကားက မှန်နေတာမို့ စိုင်းခမ်းမဏ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူသွားသည်။

"မြတ်လေးကို ခွင့်လွှတ်ပါမောင်၊ ဝေစီပြောတာ အားလုံး အမှန်တွေချည်းပါပဲ"

"မြတ်လေးရယ်"

ကိုယ့်ချစ်သူလေးကို ဘယ်တုန်းကမှ အပြစ်မယူခဲ့သလို သူ့အချစ်ကို စမ်းသပ်ပုံကလည်း အသည်းယားစရာလေးမို့ ပိုတိုး၍ ချစ်ရပါသည်။ သို့ပါသော်လည်း ဝေစီဆိုတာ မြတ်လေး ညီမဆိုတော့ ပြောမိဆိုမိသမျှ မျက်နှာတော့ အထားရခက်လှ ပါသည်။

"ဆောရီး ဝေစီ၊ ကိုယ့်ဘက်က လွန်တာတွေရှိခဲ့ ရင် လည်း ခွင့်လွှတ်ပါ"

"ရပါတယ် ဝေစီအပေါ် တစ်မျိုးမထင်ရင်ဘဲ ကျေနပ် ပါပြီ"

"ဟာ လုံးဝမထင်ပါဘူးဗျာ၊ အရင်တုန်းက မြတ်လေး ညီမမှန်း တကယ်မသိလို့ပါ၊ အခုတော့ ဝေစီ ဘာလို့ အဲဒီလို လုပ်ရတယ်ဆိုတာကို သဘောပေါက်နားလည်ပါပြီ"

"ကဲ ဒါဆို ဝေစီသွားတော့မယ်၊ နောက် ကိုသာ ဝေစီ အပြစ်နှင့်မထုတ်ပါနဲ့"

"ဟာကွာ . . ."

ပြောပြောဆိုဆို ဝေစီထွက်သွားပြီမို့ ချစ်သူနှစ်ယော





တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြသည်။

"သိပ်ဆိုးတာပဲဗျာ၊ ကြည့်ပါဦး ဝေစီကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

"အားနာရင် သူ့နောက်လိုက်သွားလေ"

"ဟော ကြည့်စမ်း၊ ပြောရင်းနဲ့ ပိုဆိုးလာပြီ"

"ဘာမှမဆိုးဘူး၊ အဲဒီလိုလုပ်တာ မောင့်အချစ်စိတ်ကို သိချင်လို့၊ ဒါတောင်အစပဲ ရှိသေးတာ၊ ဝေစီက မြတ်လေးတို့ လက်ထပ်တော့မယ်ဆိုလို့ သူ့ကို အထင်မလွဲအောင် ဖွင့်ပြော သွားတာ"

"အကြောင်းမသိတော့ မောင်ကလည်း သူ့ကို အပြတ် ဟောက်ပစ်လိုက်တာပေါ့ဗျာ၊ အခုမှ ပြန်တွေးပြီး ချစ်ရဲ့ညီမ ပါလားဆိုပြီး . . ."

"ကဲ ပြော၊ မောင့်သစ္စာကို ယုံပြီလား"

"မယုံနိုင်သေးပါဘူး"

"ညီမတစ်ယောက်လုံး စမ်းသပ်တာတောင် လူကို မယုံ ဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် လာခဲ့"

"ဟိတ် လူကြားထဲမှာနော်"

သူမ ပခုံးကို ဆုပ်ကိုင်လာသည့် ချစ်သူလက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားရင်း ပြောလိုက်ခြင်းဖြစ်ရာ စိုင်းခမ်းမဏ်မှာ အလန့်တကြားလေး ဖြစ်သွားသည်။ ချစ်သူလေးကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်သည့်အတွက် မြတ်လေးညိုမှာ လည်းနှုတ်ခမ်းကို သွားနှင့် ခပ်ဖွဖွ ကိုက်ရင်း သူနှင့်အတူ လိုက်ရယ်မောလိုက်မိသည်။

နောက်ပိုင်းမှာ ဝေစီနှင့် တွေ့တိုင်း စိုင်းခမ်းမဏ်က အရင်က တင်းမာပြတ်သားခဲ့သမျှ လိုက်လိုက်လျောလျောလေး ဆက်ဆံခဲ့ပါသည်။ ထိုအရာကပင် ဝေစီ လိုချင်သော အခွင့်အလမ်းဖြစ်ကာ စိုင်းခမ်းမဏ်အပေါ်မှာ ပကတိဖြူစင်ရိုးသားသော ကလေးတစ်ယောက်လို ပြောဆိုဆက်ဆံခဲ့သည်။ သူ့အပေါ်မှာ ယုံကြည်မှု ရှိအောင် ရိုးသားပြခြင်းဖြင့် သူမလိုချင်သည့် အနေအထားကို ရောက်အောင် ဆွဲဆောင်ခေါ်ယူနေခြင်းဖြစ်ကြောင်း စိုင်းခမ်းမဏ် ကိုယ်တိုင် လုံးဝမရိပ်မိပါချေ။ ဒီနေ့ အိမ်မှာ ဘယ်သူမှမရှိ ဝေစီအကြံအစည်တွေကို အကောင်အထည်ဖော်ဖို့ ဖြစ်လာသည်။

ထို့ကြောင့် စိုင်းခမ်းမဏ်ရှိရာကို တမင်သွားပြီး အမှတ်မထင် ဆုံစည်းမိဟန်ဖြင့် ဝင်ရောပြီး အိမ်အပြန်လိုက်ပို့ပေး ပြောတော့ စိုင်းခမ်းမဏ်က အလွယ်တကူပင် သဘောတူလိုက်သဖြင့် ဝေစီ စိတ်ထဲက ကျိတ်ပြီး ကျေနပ်သွားသည်။ တစ်လမ်းလုံး မြတ်လေးနှင့် သူတို့ မင်္ဂလာကိစ္စကိုသာ မေး၍





ပြောဆိုလာခဲ့သည်။

ဝေစီတို့အိမ်ရှေ့မှာ စိုင်းခမ်းမဏ်ကားလေး ရပ်သွားသည်။

"ကျေးဇူးပဲနော် စိုင်း၊ အိမ်ထဲဝင်ထိုင်ပါဦး"

"တော်ပြီဝေစီ၊ နောက်မှပဲ"

"အမလေး နောက်ဆိုတာ မလွယ်ပါဘူး သတို့သားကြီးရယ်၊ ကော်ဖီလေး တစ်ခွက်လောက် တိုက်ချင်လွန်းလို့ပါ၊ ဘာလဲ ဝေစီက စိုင်းတို့လောက် မချမ်းသာလို့လား"

"မဟုတ်တာကွာ"

ဝေစီစကားက မြားချက်တည့်တည့် ထိသွားပြီမို့ စိုင်းခမ်းမဏ် ကားပေါ်က ဆင်းပြီး အိမ်ထဲသို့ ဝင်ခဲ့ရပါတော့သည်။

"ဧည့်ခန်းမှာ ခဏထိုင်ဦးနော်၊ ဝေစီအခုပဲ ပြန်လာခဲ့မယ်"

"ရတယ် ဝေစီ၊ အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား"

ဧည့်ခန်းမှာ ဝင်ထိုင်ရင်း တိတ်ဆိတ်နေသည့် အိမ်ကြီးကို ကြည့်ပြီး စိုင်းခမ်းမဏ် မေးလိုက်ခြင်းဖြစ်သည်။

"ရှိတယ် စိုင်းရေ၊ အားလုံးအပေါ်ထပ် ရောက်နေကြတယ်၊ ထင်တယ်"

"မိလုံးရေ ရေနွေးရှိလား"

"ရှိပါတယ် မမလေး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ လူရှိပါကြောင်း အိမ်ဖော်မလေး အသံဖြင့် သိစေလိုက်သည်။ တကယ်တော့ အိမ်မှာ မိလုံးကလွဲပြီး ဘယ်သူမှ မရှိပါ။ ကော်ဖီခွက်ကို သူမကိုယ်တိုင် ဖျော်ပြီး အသင့်ကျိုထားသည့် ဆေးကို ထည့်မွှေလိုက်သည်။ ပြီးတော့ အလှဆုံး အပြုံးနှင့် စိုင်းခမ်းမဏ်ရှေ့မှာ ကော်ဖီခွက်ကို အသာ ချပေးလိုက်သည်။

"ဟောဒီမှာ ဝေစီကိုယ်တိုင် ဖျော်လာတဲ့ကော်ဖီ သောက်ကြည့်ပါဦး၊ ခါးစိမ့်စိမ့်လေး ဖြစ်နေလို့ မကြိုက်ဘူး ဆိုပြီး မြန်ခ မထားခဲ့နဲ့နော်၊ ဒီတစ်ခွက်တော့ ကုန်အောင် သောက်ရမယ် သိလား"

"ကောင်းပါပြီဗျာ"

ရိုးသားသည့် စိုင်းခမ်းမဏ်က ဝေစီအကြံအစည်ကို လုံး မရိပ်မိဘဲ အငွေ့ထောင်းထောင်းထနေသည့် ကော်ဖီ ခွက်ကလေးကို ဝေစီအလိုကျ တစ်ခွက်လုံး ကုန်အောင် သောက်ပစ်လိုက်ပါသည်။

"ကဲ ကျေနပ်ပြီလား ဒေါ်ဝေစီ"

"အင်း . . . စိုင်း ဝေစီကို တကယ်ခင်တယ်ဆိုတာ ယုံပါပြီ ရှင်"

"စိုင်းက မြတ်လေးကို သိပ်ချစ်တာပဲနော်"

"ချစ်တာပေါ့ဗျာ၊ ကိုယ့်ဘဝမှာ တစ်ခါမှ မချစ်ဖူး





အချစ်နဲ့ မြတ်မြတ်နိုးနိုး ချစ်ရတာပါ၊ ပြီးတော့ ဝေစီလည်း သူ့အကြောင်း သိတယ်မဟုတ်လား၊ သိပ်မာနကြီးတာဆိုတော့ သူ့ဆီက အဖြေရအောင် မနည်း ခြိမ်းခြောက်ပြီး ကြိုးစားခဲ့ရတာခင်ဗျာ့"

"ဟိုတစ်ခါက ဝေစီကို သူ့သူငယ်ချင်းပါလို့ မိတ်ဆက်ပေးတဲ့အချိန်အထိ ကိုယ့်ကို လုံးဝချစ်အဖြေ မပေးသေးဘူး"

"ဩော် ဟုတ်လား၊ မသိပါဘူး ဝေစီက အဲဒီကတည်းက စိုင်းတို့ ချစ်သူတွေဖြစ်ပြီးမှ စိတ်ကောက်ပြီး အရွဲ့တိုက်နေကြတယ် ထင်နေတာ"

"အမလေး သူနဲ့ပြိုင်ပြီး အရွဲ့မတိုက်ရဲပါဘူးဗျာ၊ အခုတောင် သူ့အနားမှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေလို့ အမြန်ဆုံး ပိုင်ဆိုင်အောင် ကြိုးစားနေရတာပါ"

"ကဲ ကိုယ်လည်း ပြန်ဦးမယ်ဝေစီ"

"ဟုတ်ကဲ့"

စိုင်းခမ်းမဏ် ဝေစီကို အပြုံးနှင့် နှုတ်ဆက်ပြီး နေရာမှ အထ. . .

"ဟာ မူးလိုက်တာ ဝေစီရယ်"

"ဒါဖြင့် ဒီမှာ ခဏပြန်ထိုက်ဦးလေ စိုင်း"

"အင်း. . . အင်း"

စိုင်းခမ်းမဏ် သူ့ကိုယ်သူ မဟာန်နိုင်တော့ဘဲ ဆိုဖာ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



အမြန်ထိုင်ချလိုက်ရသည်။ သိပ်မကြာလိုက်ပါ။ ထိုင်ခုံ ပေါ်မှာဝင် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

စိုင်းခမ်းမဏ်၏ မျက်နှာချောချောကို ကြည့်ပြီး ဝေစီ သဘောကျစွာ ရယ်မောလိုက်သည်။

အဟောင်း. . . ဟင်း အခုတော့ ဘာတတ်နိုင်သေးလဲ၊ စိုင်းခမ်းမဏ် ဆိုတဲ့ လူကြီးရယ်။ ဝေစီကြံရင် ရှင်လည်း ဘာခံ နိုင်မှာမို့တုန်း။ မြတ်လေးညိုရေ ဒီတစ်ခါတော့ မင်း တို့ကို အရှုံး ပေးရတော့မယ် ထင်တယ်။

အိပ်ဆေးတန်ခိုးဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသူကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ကော်ဖီခွက်ကို သိမ်းလိုက်သည်။ ထို့နောက် ဒယ်ဒီအရက်ပုလင်းကို ဆွဲယူကာ စိုင်းခမ်းမဏ် ပါးစပ် ထဲကို လောင်းထည့်လိုက်သလို သူ့တစ်ကိုယ်လုံးကို အရက်စော် နံအောင် လုပ်လိုက်သည်။

သူ့ဆံပင်တွေ ဖရိုဖရဲ ရှပ်အင်္ကျီကြယ်သီးကို ရင်ဘတ် နေရာက ဖြုတ်ပစ်လိုက်ပြီး မိလုံးအကူအညီဖြင့် သူ့ကိုယ်ကြီး ကို သူမအိပ်ခန်းထဲ ဆွဲသွင်းကာ ကုတင်ပေါ် တင်လိုက် ကြသည်။

"မိလုံး"

"ရှင် မမလေး"

"ဒီမှာ နင့်အတွက် မုန့်ဖိုးယူ၊ ပါးစပ်ကို လုံအောင် ပိတ် ထားနော်၊ တစ်ခုခု နင့်ဆီက ပေါက်ကြားလို့ကတော့ အလုံး





ပြုတ်ပြီသာမှတ်"

"ဟုတ်"

ငွေတစ်ထပ်ကို ဆွဲထုတ် ပေးလိုက်တော့ မိလုံးက ကြောက်ကြောက်လန့်လန့်နှင့် ယူပြီး နေရာက ချာခနဲ လှည့် ပြေးသွားသည်။ မိလုံးမှာ လက်ထဲက ငွေစက္ကူများကို တစ်လှည့်၊ ကိုတ်ဆိတ်ငြိမ်သက်သွားသည့် ဝေစီရှိရာ အိပ်ခန်းကို တလှည့် ကြည့်ပြီး ဇောချွေးပျံနေမိသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် လူကြီးကို ဘာဖြစ်လို့ မမလေး သူ့အိပ်ခန်းထဲ ဆွဲသွင်းထားမှန်းမသိ။ ဆယ့်တစ်နှစ် အရွယ်သာရှိသည့် အပြင်လူကလည်း ကလေး သာသာ အရွယ် သေးသေးညက်ညက်မို့ ဘာကိုမှ နားမလည်။ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် အိမ်က ကားပြန် အလာကို ကြည့်နေ မိသည်။

ဒေါ်သူဇာမှာလည်း အိမ်ရှေ့မှာ ရပ်ထားသည့် ကားကြီး ကြောင့် ရုတ်တရက် ဘယ်သူဘယ်ဝါရောက်နေမှန်း မသိ။ ဖိနပ် ချွတ်မှာ ချွတ်ထားသည့် ယောကျ်ားစီးဖိနပ်တစ်ရံ ကြောင့် မျက်ခုံး တွန့်ပြီး အိမ်ထဲသို့ လှမ်းကြည့်သည်။ ဧည့်ခန်းမှာ မည်သည့် ဧည့်သည်မှ မရှိသဖြင့် ထမင်းစားခန်းဘက်များ ရောက်နေ သလားဟု စိတ်ကတွေးနေသည်။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အိမ်မှာ ဘယ်က ဧည့်သည်ရောက်နေတာလဲ မမဝေစီလည်း မတွေ့ပါလား"

"ဟဲ့ မိလုံး"

"ရှင် မေမေကြီး"

"ဧည့်သည့်နဲ့ နင့်မမလေးရော"

"ဟို . . . ဟိုထဲမှာ"

"ဘာ"

မိလုံး လက်ညှိုး ထိုးပြသည့်အခန်းက ဝေစီအိပ်ခန်းဖြစ်နေသဖြင့် ဒေါ်သူဇာတို့ သားအမိ မျက်လုံးပြူးကုန်ကြသည်။

"သူတို့ ဘာလို့ အခန်းထဲရောက်နေရတာလဲ"

"အိပ်နေတာပါ"

"အို"

"ဟဲ့"

သားအမိ နှစ်ယောက် တစ်ယောက် မျက်နှာသစ်တစ်ယောက် ထိတ်လန့်တကြား ကြည့်လိုက်ကြသည်။

"မမတစ်ယောက်တည်း အိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး မာမီရေ၊ တံခါးဖွင့်ကြည့်ပါဦး"

"ညည်းရောလာလေ"

"ဟုတ်"





"ဟဲ့ မဟုတ်ဘူး၊ ညည်း နေခဲ့၊ ငါ အရင်ကြည့်မယ်"

နေခဲ့ဆိုပေမယ့် မာမီနောက်ပါးက မေမီ ကပ်လိုက်လာခဲ့သည်။

"ကျွိ . . ."

စေ့ရုံစေ့ထားသည့် အခန်းတံခါးကို ဒေါ်သူဇာ အသာတွန်းဖွင့်လိုက်ခြင်း ဖြစ်သည်။

"ဟင်"

"အမလေး . . . ဒါက ဘယ်လိုဖြစ်ကုန်တာတုန်း မိဝေစီ"

"မာမီ"

"ဘာမာမီလဲ၊ ညည်းနဲ့ လုပ်ရက်ပါပေ့ အခု ဘယ့်နှယ့်လုပ်ကြမတုန်း၊ ညည်း အကောင်က ဘယ်သူလဲ၊ နွံစမ်း၊ ဖအေကြီးသိရင် အားလုံးသေကုန်မယ်၊ နားလည်လား"

အိပ်ရာထက်မှာ သမီးဖြစ်သူနှင့် အတူ ရှိနေသောလူကြောင့် ထူပူပြာဝေစွာ အော်ယစ်လိုက်သည်။ ဝေစီကတော့ သူမလိုချင်သည့်အတွက် ဆိုက်ပြီမို့ ကျိတ်ပြီး ဝမ်းသာနေမိသည်။

"ညည်း အပြင်ထွက်စမ်း၊ ဟိုကောင့်ကို ငါမေးမယ်"

"မာမီ"

"ဖယ်စမ်း"

"ဟင် . . . ဒါ . . . ဒါ မြတ်လေးညိုနဲ့ လက်ထပ်မယ့်ကောင် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ ခုတင်ထက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူကို ငုံ့ကြည့်ရင်း ဒေါ်သူဇာ မျက်လုံးပြူးကြီးနှင့် ဝေစီဘက်ကို လှည့်ကြည့်လိုက်သည်။

"ဟုတ်ပါတယ် မာမီ၊ သူ စိုင်းခမ်းမဏ်ပါ"

"ဘာ . . ."

"ဒီကောင်နဲ့ ညည်းနဲ့က ဘာဆိုင်လို့ ဒီလိုဖြစ်တာတုန်း ဟဲ့ကောင် ထစမ်း ထစမ်း"

"ဟင် လှုပ်လည်းမလှုပ်ပါလား မိဝေစီ သေများသွားတာလား၊ အို တစ်ကိုယ်လုံးလည်း အရက်နံ့တွေ နံလို့ပါလား"

"အငယ်မ မြတ်လေးညိုကို ချက်ချင်း ဖုန်းဆက်စမ်း သိပ်အရေးကြီးတဲ့ ကိစ္စရှိလို့ အခုလာပါလို့၊ မာမီဆက်ခိုင်းတာလို့ပြော"

"ဟုတ်"

မေမီ ဖုန်းအပြေးဆက်နေချိန်မှာ သားအမိနှစ်ယောက် စိုင်းခမ်းမဏ် မျက်နှာချော့ချော့ကို အမြင်တစ်မျိုးစီနှင့် ကြည့်နေကြသည်။

"ဝေစီ"

"ရှင် မာမီ"

"ညည်း ငါ့ကို အမှန်အတိုင်း ပြောစမ်း၊ အခုကိစ္စ ရှိုးမှရှိုးရဲ့လား"





"မာမီ ဘာကို ပြောတာလဲ"

ဝေစီ မသိဟန်ဆောင်ပြီး ပြန်မေးလိုက်ခြင်း ဖြစ်သည်။

"ငါက ညည်းကို မွေးထုတ်ခဲ့တဲ့ အမေပါအေ၊ ဒီမယ် စိုင်းခမ်းမဏ်ပုံစံကို ကြည့်စမ်း၊ ငါ ဒီလောက်အော်ဟစ် ရိုက်ပုတ်နေတာတောင် မနိုးဘူး၊ ညည်း တစ်ခုခု လုပ်ထားတာ မဟုတ်လား"

"ပြောစမ်း"

"မာမီ သိနေမှတော့ ဆက်လိမ်လည်း အကြောင်း မထူးပါဘူး၊ ဟုတ်တယ် သူ သောက်မယ့်ကော်ဖီခွက်ထဲကို အိပ်ဆေး ထည့်တိုက်ပြီးမှ မိလုံးနဲ့ အိမ်ခန်းထဲကို ရွှေ့လိုက်တာ"

"အလိုလေး ညည်း ဥစ္စာက ကြောက်စရာပါလားအေ မိန်းကလေးတန်မဲ့ ဘာသဘောနဲ့ အခုလို အရှက်တကွဲ အကျိုးနည်း ကိစ္စကို လုပ်ရတာတုန်း"

"မြတ်လေးညိုကို မုန်းလို့မာမီ၊ သူတို့က သမီးတို့ကို ဘာလို့ အမြဲတမ်း နိုင်နေရတာလဲ၊ ဘာဖြစ်လို့ သမီးတို့ထက် ပိုပြီး ကံကောင်းနေရတာလဲ၊ သမီးတို့ရော သူလို မဖြစ်နိုင် တော့ဘူးလား၊ သူတောင် ဒီလိုလူတစ်ယောက်ကို ရနိုင်သေးရင် မာမီ သမီး ဝေစီကရော ဘာလို့ မရနိုင်ရမှာလဲ မာမီ"

"ဟင်"

သမီးဖြစ်သူ၏ စကားများနှင့် စိတ်ကူးအကြံအစည်



www.burmeseclassic.com

www.burmeseclassic.com



များက အပျိုလေးတန်မဲ့ ကြောက်စရာကောင်းလှချည်လား။ ဒေါ်သူဇာ ကိုယ်တိုင် အစ်မကြီးဖြစ်သူ အပေါ်မှာရော တူမဖြစ်သူ မြတ်လေးညို အပေါ်မှာပါ အမြဲတမ်း မနာလို ဝန်တိုဖြစ်တာ မှန်ပါသည်။ ရွှေတင်တစ်မျိုး ကွယ်ရာတစ်မျိုး ပြောခဲ့ပေမယ့် ကိုယ့်သမီး၏ ရင်ထဲမှာ အခုလို ကြံစည်စိတ်ကူး လာလိမ့်မည်ဟု မထင်ခဲ့ပါချေ။

အခုတော့ ကိုယ့်စိတ်က ကိုယ့်ကို အကျိုးပေးသည်ဟု ပြောရမလား၊ မြတ်လေးညိုနှင့် လက်ထပ်တော့မည့် ယောကျ်ားကို သမီးဖြစ်သူက ခပ်ပြောင်ပြောင် အပိုင်ဖမ်းလုယူဖို့ ကြိုးစားနေလေပြီ။

"အခန်းထဲမှာ မာမီရှိတယ်မမ"

"အန်တီနဲ့ မမ ဘာကိစ္စ . . ."

"အို ဒါ . . . ဒါက ဘယ်လိုဖြစ်တာလဲ"

"သူ . . . သူ"

"မြတ်လေး . . . နေဦး"

လုံးဝ ထင်မှတ်မထားသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အံ့ဩရှက်လန့်ခြင်းနှင့်အတူ မြတ်လေးညိုခွနေရာမှ ချာခနဲ လှည့်ပြေးသွားပေပြီ။

"မတားနဲ့မာမီ သွားပါစေ၊ ဒါမှ စိုင်းနဲ့ သမီးလက်ထပ်နိုင်မှာ"





"ဟဲ့ အို . . . မဟုတ်တာအေ"

"မြတ်လေး မြတ်လေး"

ဒေါ်သူဇာ တူမဖြစ်သူ နောက်ကို အပြေးလိုက်သွားပါသော်လည်း မမီတော့ပါ။ မြတ်လေးညို ကားလေးက သူတို့ခြံထဲက အဝေးကို ထွက်ပြေးသွားပြီ ဖြစ်သည်။ ဒေါ်တင်တင်နီးရာဆိုဖာပေါ်မှာ ဖရိုဖရဲ ထိုင်ချလိုက်သည်။ ကိုယ့်ဇောနှင့်ကိုယ်မို့ သားအမိနှစ်ယောက်လုံး မြတ်လေးညို၏ ကားသံကို မကြားလိုက်သလို အငယ်မမေမိကလည်း ကလေးသာသာမို့ အမေနှင့် အစ်မဖြစ်သူ ရှိရာကို ခေါ်လာတော့ ဝေဝီ အိပ်ရာထက်မှာ အိပ်ဆေးအရှိန်နှင့် အိပ်ပျော်နေသော စိုင်းခမ်းမဏ်ကို တွေ့လိုက်ခြင်းဖြစ်သည်။

"မာမီ"

"သမီးနဲ့ စိုင်းကို အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ် ပေးပါ"

"ဩော် . . . ပြောတော့ လွယ်လိုက်တာ၊ ဟိုက ညည်းဖြစ်ချင်တိုင်း ဖြစ်ပေးမှာတဲ့လား"

"ဖြစ်ရမှာပေါ့ မာမီရဲ့၊ သူတောင် သမီးအိပ်ရာပေါ် ရောက်နေပြီပဲ၊ ဘာလို့မဖြစ်ရမှာလဲ"

"သူ့ဘာသာ ညည်းအိပ်ရာထဲကို ဝင်အိပ်တာမှ မဟုတ်ဘဲ၊ ညည်းနဲ့ မိလုံးအိပ်ဆေးခပ်ပြီး အခန်းထဲ ဆွဲသွင်း လို့ အခုလိုဖြစ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီး"

"ဘာလဲ"

"အဲဒီလူကြီးကို မိလုံး မသတ်ပါဘူး မေမေကြီးရယ်၊ မမလေးက ကူဆွဲပေးပါဆိုလို့ လုပ်ပေးတာပါ။ ဒီမှာ မမလေး ပေးထားတဲ့ ပိုက်ဆံလည်း ပြန်ယူပါ၊ မိလုံး ထောင်ကျမှာ ကြောက်လို့ပါ"

မိလုံးက ကြောက်အား လန့်အားနှင့် ရိုက်မစစ်ဘဲ သူ့ဘာသာ ဖော်ကောင်လုပ်ကာ ဝေစီပေးထားသည့် ငွေများကို ဒေါ်သူဇာ လက်ထဲ ဇွတ်အတင်းထည့်ပေး လိုက်သည်။

"ကဲ... ကဲ သွား၊ ဒီကိစ္စ ညည်းနဲ့ ဘာမှမဆိုင်ဘူး ကိုယ့် ဘာသာ လုပ်စရာရှိတာ သွားလုပ်၊ ဒီနားမလာနဲ့၊ ငါတို့ ပြောတာတွေလည်း ချောင်းနားထောင်မနေနဲ့၊ သွားတော့"

"ဟုတ်ကဲ့"

ထောင်ချောက်လွတ်သည့် သမင်လေးလို မိလုံး တစ်ယောက် လေ၏လျင်မြန်ခြင်းမျိုးဖြင့် သူတို့သားအမိနားက အပြေးလေး ထွက်သွားပါသည်။ ငွေတစ်ထပ်ကို စားပွဲပေါ် ပစ်တင်ရင်း ဒေါ်သူဇာ သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် သမီးဖြစ်သူ ဝေစီကို တစ်ချက် စူးစိုက်ကြည့်ပြီး ပိုင်နိုင်သော ဆုံးဖြတ်ချက်ဖြင့် ထိုင်ရာမှ ဖျတ်ခနဲ ထလိုက်သည်။

◆ ◆ ◆ ◆ ◆





## အခန်း (၁၆)

ငိုရလွန်းလို့ သူမမှာ မျက်ရည်ဟော့ ကျန်ပါသေးရဲ့ လားဟု ထင်ရလောက်အောင်ပင် ဖြစ်သည်။ ဝေစီအခန်းထဲက ခုတင်ပေါ်မှာ ဖြစ်ချင်တိုင်း ဖြစ်ပျက်နေသော စိုင်းခမ်းမဏ်ပုံရိပ်ကို ပြန်မြင် ယောင်မိတိုင်း သူမအသည်းနှလုံးကို တူနှင့် ထုချေလိုက်သကဲ့သို့ နှလုံးသားတစ်ခုလုံး မွမွကြေလေသည်။

လုံးဝ ထင်မှတ်မထားသည့် အဖြစ်မို့ ခံပြင်းရှက်ရွံ့ ရခြင်းနှင့်အတူ ရင်ထဲ အသည်းထဲက လှိုက်ပြီး နာကျင်လျက် ဖြေသော်လည်း မပြေနိုင်ဘဲရှိရာမှ နောက်ဆုံးတော့ အားလုံးနှင့် ဝေးရာကို မြတ်လေးညို ထွက်ပြေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းခမ်းမဏ်က သူမကို ဇွတ်အတင်း တွေ့ဖို့ ကြိုးစားနေတာကို လုံးဝခွင့်မပြုသလို သူနှင့် လုံးဝလက်မထပ်နိုင် ပါကြောင်း၊ မိဘတွေကို အတိအလင်း ဖွင့်ပြောကြေငြာခဲ့သည်။ မာမီကိုယ်တိုင် မြတ်လေးညို တစ်ယောက် ဤမျှ ပေါက်ကွဲခံစားရတာမျိုးကို တစ်ခါမှ မကြုံဖူးသဖြင့် သမီးဖြစ်သူကို အံ့ဩမယုံနိုင်သော မျက်ဝန်းများဖြင့် ကြည့်နေခဲ့ရှာပါသည်။

"မောင်စိုင်းမှာ ဘာအပြစ်ရှိလို့လဲ သမီးရယ်၊ နှစ်ဖက်မိဘတွေအားလုံး မင်္ဂလာကိစ္စတွေ စီစဉ်ပြီးမှ ဒါက ဘယ်လိုဖြစ်တာလဲကွယ်"

"မြဘ်လေးကို မမေးပါနဲ့တော့ မာမီရယ်၊ သူနဲ့ မြတ်လေးတို့ဘဝ ဘယ်လိုမှ ရှေ့ဆက်လို့ မရတော့လို့ပဲလို့ မှတ်ထားလိုက်ပါတော့ ရှင်"

"အဟင့်. . . ဟင့်. . . ဟင့်"

"မဟုတ်သေးပါဘူးကွယ်၊ သမီးက ဒီလိုချည်း ငိုနေတော့ မာမီတို့က ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်ပါ့မလဲ၊ မောင်စိုင်းကတွေ့ပါရစေဆိုတော့လည်း သမီးက အတွေ့မခံပြန်ဘူး"

"မောင်စိုင်းတို့ ဘာဖြစ်တာလဲလို့ မေးတော့လည်း ဘာမှ ရေရေရာရာမဖြေနိုင်ဘူး"

"အဲဒါ မာမီကို သူလိမ်ညာနေတာ မာမီ၊ သူ့အပြစ်ကို သူသိပါတယ်"





"အို. . . မြတ်လေး၊ သူ့အကြောင်းတွေ မပြောချင်ဘူးမာမီ၊ အန်တီ ဒေါ်အဲနာရှိတဲ့ ပြည်ကို ခဏသွားနေပါရစေ၊ သူ့ကိုလည်း မြတ်လေးသွားတဲ့နေရာကို လုံးဝပြောမပြဘူးလို့ ကတိပေးပါမာမီ"

"သူ လိုက်လာလို့ကတော့ မြတ်လေးလည်း ရောက်ရာပေါက်ရာ ပျောက်သွားပစ်မှာပဲ"

"အို မပြောကောင်း မဆိုကောင်းကွယ်၊ သမီးလေးဆန္ဒအတိုင်း အားလုံး ဖြစ်စေရမယ်၊ ဟုတ်လား"

"တိတ်. . . တိတ်. . . မငိုနဲ့တော့နော်"

မာမီကိုယ်တိုင် စီစဉ်ပေးသဖြင့် မာမီ့အချစ်ဆုံး သူငယ်ချင်းထဲက တစ်ယောက်အပါအဝင်ဖြစ်သော ပြည်မြို့က အပျိုကြီး ဒေါ်အဲနာတို့အိမ်ကို ရောက်ခဲ့ရခြင်းဖြစ်သည်။ စိုင်းခမ်းမဏ်အတွက် ဘယ်တော့မှ မငိုဘူးဟု ကျိတ်ပြီး ဆုံးဖြတ်ထားခဲ့ပေမယ့် တကယ်တမ်းကျတော့ တွေးမိတိုင်း မျက်ရည်ကျသည်။ ခံစားရတိုင်း ငိုမိသည့်အဖြစ်။

အန်တီဒေါ်အဲနာက ကရင်တိုင်းရင်းသူဖြစ်ပြီး တူမတစ်ယောက် နှင့်အတူ နေထိုင်သူဖြစ်သည်။ မာမီက သူ့သူငယ်ချင်းကို မြတ်လေးညိုအကြောင်း ဘယ်လိုပြောထားသည်မသိ။ အထူးဂရုစိုက်ကာ သူမကို မည်သည့်စိတ်အနှောင့်အယှက်မှ မရှိအောင် အနေအထိုင် အသွားအလာမှတဆင့် သတိထားခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"မဟုတ်သေးပါဘူး မာမီရာ၊ သားတော့ မြတ်လေးကို ဘာတစ်ခုမှကို နားမလည်တော့ဘူး၊ အန့်တီကို သွားမေးတော့လည်း ဘာတစ်ခုမှ မေးလို့မရဘူး၊ ကြာရင် သားတော့ ရူးတော့မယ် ထင်တယ်"

ရုတ်တရက်ကြီး မြတ်လေးညိုဘက်က သူ့ကို လုံးဝ လက်မထပ်နိုင်ပါဘူး ဆိုသည့်အကြောင်း တိလင်းစွာ ကြေငြာပြီးနောက် သူကိုလည်း အတွေ့မခံတော့။ ဘာဖြစ်လို့ သူ့ကို ဒီလို ရက်ရက်စက်စက်ကြီး သစ်စိမ်းချိုး ချိုးသွားရတာလဲ ဟု အဖြေရှာမရဖြစ်နေတုန်း သူမက ရှာဖွေလို့ မရအောင် ပျောက်သွားခဲ့ပြန်သည်။

ဘယ်သွား၍ ဘယ်လာသည်ကို မေးလို့မရ။ မြတ်လေးညို မာမီကိုယ်တိုင်က အခုကိစ္စကို သူ့သမီးဆန္ဒ မပါဘဲ လုံးဝမပြောပြနိုင်ဟု ပြတ်သားစွာ ပြောဆိုတုံ့ပြန် လာခဲ့ခြင်းကြောင့် မနေတတ် မထိုင်တတ် ရူးမတတ် ခံစား ရသူက စိုင်းခမ်းမဏ်ဖြစ်သည်။

"မင်းတို့ဟာက ဘာတွေဖြစ်နေကြတာလဲကွာ၊ အားလုံး ပြေလည်ပြီးနေပြီးမှ ရုတ်တရက်ကြီး 'ထဖြစ်တာ၊ ငါတော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"

သူငယ်ချင်း ဖြစ်သူ စိုင်းခမ်းမဏ် ခံစားနေရတာကို ကြည့်ပြီး ဇော်ရှိုင်း စိတ်မသက်သာစွာ ပြောလိုက်ခြင်းဖြစ်သည်။





သူ့ကြောင့် မြတ်လေးညိုနှင့် စိုင်းခမ်းမဏ် ချစ်သူများအဖြစ် ပြေလည်သွားတုန်းက သူ့ကတိအတိုင်း စိုင်းခမ်းမဏ် ကိုယ်တိုင် ဇော်ရှိုင်း ကို ကျေးဇူးတင်စကား အထပ်ထပ် ဆိုခဲ့သလို ဝမ်းတေဘယ်လ် ပေးခဲ့ပါသည်။

ဟော... အခုတော့ မြတ်လေးညိုထံမှ မည်သည့် အကြောင်းပြချက်မှ မရဘဲ စိုင်းခမ်းမဏ်ကို ရက်စက်စွာ ကျောခိုင်း သွားသည်ဆိုတော့ ဘာကို နားလည်ရမှန်းမသိ။ ဘာပြဿနာတွေ ဖြစ်လို့လဲ ဟု မေးပြန်တော့လည်း စိုင်းခမ်းမဏ်က သူမ စိတ်ဆိုးအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဟု ဆိုလာတော့လည်း စဉ်းစားရခက်လှသည်။

"သူ ငါ့ကို တကယ်မချစ်လို့ ဒီလို ရက်ရက်စက်စက် လုပ်သွားရက်တာပါကွာ၊ အစတည်းက သူက ငါ့ကို မုန်းနေတာဆိုတော့ မင်းကို ကြောက်လန့်ပြီး ငါ့ကို ချစ်အဖြေပေးလိုက်ပေမယ့် သူ့စိတ်ထဲမှာ ငါ့ကို တကယ်မချစ်ဘူး ထင်ပါတယ်"

"မင်း တကယ်ပဲ အဲဒီလိုထင်လား စိုင်း၊ မြတ်လေးညို စိတ်ဓာတ်ကို မင်းက ငါ့ထက်ပိုသိမှာပေါ့ကွာ၊ မင်းကသာ ဘာပြဿနာမှ မရှိဘူးဆိုလို့ပဲ ငါ့အထင်ပြောရင် မင်းအပေါ်မှာ ရုတ်တရက် ပြတ်သားစိမ်းကားနိုင်အောင် သိပ်ပြီးကြီးတဲ့ ပြဿနာ တစ်ခု ရှိရမယ်လို့ ငါထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ စဉ်းစားလို့မရဘူး ဇော်ရှိုင်း"

"အချစ်ကြီးတော့ အမျက်ကြီးတယ်ကွ"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ"

"ဟာ. . . သိပ်ဆိုင်တာပေါ့ကွ။ မြတ်လေးညိုက မင်းကို သိပ်ချစ်လွန်းတော့ အခုလိုတွေ ဖြစ်ကုန်တာပေါ့"

"မြတ်လေးက ငါ့ကို သိပ်ချစ်တယ်"

"အေးလေ မင်းမယုံဘူးလား"

ဇော်ရှိုင်းအမေးကြောင့် သိပ်လှသည့် ချစ်ရသူ၏ မျက်နှာလှလှလေးကို မြင်ယောင်လာသည်။ ရွှန်းလဲ့သော မျက်ဝန်းပြာကြီးများနှင့် သူ့အပေါ် အမြဲသိုဝှက်နေတတ်သော ချစ်သူလေးအကြောင်း တွေးမိလေ ချစ်သူကို အခုချက်ချင်း မြင်လို တွေ့လိုစိတ်မြင်းပြလာလေဖြစ်သည်။

"မြတ်လေး ငါ့ကို အိပ်ချစ်တာယုံပါတယ်ကွာ၊ ဒါပေမယ့် သူ့ဘာသာ တစ်ဖက်သတ် အမြင်နဲ့အခုလို ဆုံးဖြတ် သွားတာတော့ ငါ့ရင်ကို ခွဲနေတာနဲ့ အတူတူပဲကွ ဇော်ရှိုင်းရ"

"ငါ့ကို ကူညီစမ်းပါဦး သူငယ်ချင်းရာ"

လူငယ်နှစ်ယောက် ဖြစ်ကြသည့်ကိစ္စမှာ လူကြီးတွေလည်း ဘာမှမတတ်နိုင်။ သူတို့ချင်း ဖြေလည်မှသာ မင်္ဂလာကိစ္စကို စီစဉ်နိုင်ကြမှာမို့ မအေနှစ်ယောက်ကတော့ သားအေ သမီးရေး တိုးတိုးကျိတ်ကျိတ် တိုင်ပင်ပြောဆို နေကြပေမယ့်





အဖြေကမရ။ သားဖြစ်သူက သူ့မှာ ဘာအပြစ်မှ မရှိလို့ ပြောနေသလို သမီးဖြစ်သူကျပြန်တော့လည်း သူမကို ချစ်ရင် အခုကိစ္စ လုံးဝမမေးပါနှင့်ဟု ဆိုလေသူ။

"ဟာ ဟုတ်ပြီ၊ မြတ်လေးညို ညီမ ဝေစီတို့ကိုသွားပြီး အကူအညီတောင်းကြည့်ရင်ရော စိုင်း"

ဇော်ရှိုင်း စကားကြောင့် စိုင်းခမ်းမဏ် တွေဝေသွားသည်။ ဝေစီဆိုမှ လွန်ခဲ့သည့်တစ်ပတ်က ဝေစီတို့ အိမ်က ဧည့်ခန်းထဲမှာ ခေါင်းထဲမှာ ပြာခနဲ မိုက်ခနဲ မူးဝေပြီး မေ့ခနဲ အိပ်ပျော်သလို ဖြစ်သွားခဲ့တာကို ပြန်အမှတ်ရသွားသည်။

သူ ဖျတ်ခနဲ အိပ်ရာကနိုးလာတော့ ဝေစီကို သူနှင့် မျက်နှာချင်း ထိုင်ခုံမှာ မဂ္ဂဇင်းစာအုပ် ဖတ်လျက်အနေအထားနှင့် တွေ့လိုက်ရသဖြင့် သူ အနေရခက် အားနာစွာ ဝေစီကို ကမန်းကတန်း နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ သူ အခုလို တစ်ခါမှ မဖြစ်ဖူးပါ။ ထို့ကြောင့် ဝေစီတို့အိမ်မှာ သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲ သိလို၍ နာရီကို ကားမောင်းရင်း တစ်ချက် ငုံ့ကြည့်တော့ မျက်လုံးပြူးခဲ့ရသည်။

ဝေစီတို့ ဧည့်ခန်းထိုင်ခုံပေါ်မှာ သူ တစ်နာရီကျော်ကြာအောင် အိပ်ပျော်သွားခဲ့တာပါလား။ သူ့စိတ်ထဲမှာတော့ ခဏလေးဟု ထင်နေခဲ့သည်။ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့် အခုလို ဖြစ်ရတာလဲ ဆိုတာ သူ့ဘာသာလည်း မတွေးတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဝစီ့ကို ကြည့်လိုက်တော့လည်း အပြုံးလှလှလေးနှင့် သူတို့ အိမ်ပေါက်ဝအထိ ရယ်မောစနောက်ရင်း လိုက်ပို့ပေးခဲ့ သေးသည်။

သူ ပြန်လာသည့်အချိန်အထိ သူမ အိမ်မှာ တခြားအိမ်သားများကို မတွေ့ရ။ ဝေစီတစ်ယောက်တည်း အိမ်ဖော်မလေးနှင့် တွေ့ခဲ့ရသည်။ ကားပေါ်တက်ခါနီး ဝေစီက သူ့ကို. . .

"ကာလနဂါး အိပ်ပုပ်ကြီး" ဟု နှာခေါင်းလေး ရှုံ့ကာ စလိုက်တာကို သူရယ်မောခဲ့ရသေးသည်။ အစတုန်းကတော့ ဝေစီတို့အိမ်မှာ ရုတ်တရက်ကြီး ထိုးအိပ်ခဲ့ရတာကို အလေးအနက်ကြီး မစဉ်းစားခဲ့မိပါ။ စဉ်းစားကြည့်တော့လည်း အကြောင်းအရာက ဘာမှထူးခြားမှုမရှိ။ တစ်ခုပဲ သူရုတ်တရက်ကြီး ဘာဖြစ်သွားတာလဲ ဆိုတာ ဖြစ်သည်။ သူ့ခေါင်း ထဲမှာ လင်းခနဲ ဖြစ်သွားသည်။

"ဇော်ရှိုင်း"

"ဟေ"

"ငါ တစ်ခုခုကို စဉ်းစားမိလာသလိုပဲ"

"ဘာကို ပြောတာလဲ"

သူ ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြလိုက်သည်။ ဇော်ရှိုင်းက ဝေစီ့အိမ်မှာ ဖြစ်ပျက်ခဲ့သမျှ သေချာ စဉ်းစားနားထောင်နေပြီးမှ . . .

"မင်း ပြောသလိုဆို ကော်ဖီထဲမှာ အိပ်ဆေး ခိုက်





ရှိရမယ်၊ အဲဒီတော့ သူ့ရည်ရွယ်ချက်က ဘာလဲ"

"အဖြေကတော့ ရှင်းပါတယ်၊ ဒါပေမယ့် အဲကြောင်းတစ်ခုခုကြောင့် သူ့အကြံ ပျက်သွားပုံရတယ်ကွ၊ အဲဒါကြောင့် မင်း အိမ်ပြန်လာလို့ရတာ"

"မင်းပြောသလိုလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သူက မြတ်လေးညီမကွ"

"အရင်းမှ မဟုတ်ဘဲ စိုင်းကြီးရ၊ ဝမ်းကွဲညီမတွေမှာ အပြိုင်အဆိုင် မနာလို ဝန်တိုဖြစ်တတ်ကြတာ မင်းလည်း ကြားဖူးမှာပေါ့၊ ကိုယ့်ထက်သာ မနာလို ဆိုတာမျိုးပေါ့ကွာ"

"ဒါဆို သူတို့မြတ်လေးကို"

"သေချာတော့ ပြောလို့ မရသေးဘူးပေါ့ကွာ၊ ဒါပေမယ့် အနီးစပ်ဆုံး တွေးကြည့်တာဆိုရင်လည်း မမှားပါ ဘူး"

စိုင်းခမ်းမဏ် ရင်ထဲ ပူလောင်သွားသည်။

မြတ်လေးညို သူ့ကို အတွေ့မခံချင်လောက်အောင် စိတ်နာကြည်းစရာ ဖြစ်စရာ အကြောင်းရင်းနှင့် အနီးစပ်ဆုံး တွေးနိုင်သော်လည်း တိကျရေရာသော အဖြေက ရရှိမလာ ခဲ့ပါ။

"ဇော်ရှိုင်းရာ၊ ငါ မြတ်လေးကို သိပ်ချစ်တယ်ကွာ၊ သူ ငါ့အချစ်တွေကို သိမှာပါ"

"သိပါတယ်ကွာ၊ မင်းကလည်း ဒီလောက်လည်း စိတ်ဓာတ် မကျစမ်းပါနဲ့၊ အချစ်စစ်ဆိုတာ မပြောင်းဖြူးဘူးပဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတယ် မဟုတ်လား"

"မင်းတို့ နှစ်ယောက်ရဲ့ အချစ်စစ်စစ်တွေဆိုတော့ မပြောင့်ဘူးပေါ့၊ နောက်တော့လည်း အဆင်ပြေသွားမှာပါကွာ"

မြတ်လေး . . . မောင့်ရဲ့ချစ်သက်ရယ်။

မောင်တို့အဖြစ်တွေက မကြုံဖူး ထူးတယ်လို့ ပြောရတော့မလားကွယ်။ အကြောင်းတစ်ခုခုကြောင့် မြတ်လေး မောင့်ကို အထင်အမြင် လွဲသွားခဲ့တယ် ဆိုရင်လည်း အခုချိန် မှာ အချစ်ကိုယ်တိုင် ခံစားကြေကွဲနေရှာမယ် ဆိုတာ မောင် သိနေပါတယ်အသက်ရယ်။

"မမရယ်၊ မမတူမ အမိုက်မကလေးကို ခွင့်လွှတ်ပါရှင်၊ ခွင့်လွှတ်ပါ၊ အီး. . . အဟင့်ဟင့်"

"သူက ဘာအမြစ်တွေ လုပ်လို့ မမက တူမလေးကို ခွင့်လွှတ်ရမှာလဲ ညီမရယ်၊ စိတ်ကို ငြိမ်ငြိမ်ထားပါ ကားတိုက်မိတယ်ဆိုပေမယ့် အခြေအနေက စိုးရိမ်ရမယ့်အခြေအနေကို ကျော်ခဲ့ပါပြီကွယ်"

ဒေါ်သဇင်ခမျာ တူမကို ဖက်၍ ရှိုက်ငိုနေသော ညီမဖြစ်သူကို ချော့မော့နှစ်သိမ့်နေခြင်း ဖြစ်သည်။ ဝေစီ ကားအက်စီးဒင့်ဖြစ်လို့ အမြန်လိုက်ခဲ့ပါတဲ့ ဖုန်းရတုန်းက ဒေါ်သဇင် ကိုယ်တိုင် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဆေးရုံကို အပြေးလိုက်သွားတော့ ဝေစီက အရေးပေါ်အခန်းထဲ ရောက်နေ သဖြင့်





ညီမနှစ်ယောက်အတူ စောင့်ခဲ့ရသည်။

တစ်ချိန်လုံး ငိုရှိုက်နေသော ညီမဖြစ်သူကို နှစ်သိမ့်ရင်း ဆရာဝန်က လူနာအခြေအနေ စိတ်ချရပါပြီဆိုမှ သက်ပြင်း ချနိုင်ခဲ့ကြသည်။

"မမ မသိဘူးနော်၊ မမ မသိဘူး၊ ဝေစီသိပ်မိုက်တယ် သိလား"

"ဘာတွေ ပြောနေတာလဲကွယ်၊ မျက်ရည်တွေ သုတ်လိုက်ဦး၊ လာ လာ လူနာထားတဲ့ အခန်းကို သွားကြည့် ရအောင်"

ဒေါ်သွေးဇာ၏ ခင်ပွန်းက အဝေးမှာ ရောက်နေသလို အငယ်မလေးကလည်း ဖခင်ဖြစ်သူ နောက်လိုက်သွား၍ သားအမိ နှစ်ယောက်တည်း ရှိနေသည့်အချိန်အခါ အရေး အကြောင်းဖြစ်လို့မှ ယောကျ်ားဘက်က ဆွေမျိုးတွေက အားကိုး၍ မရသော အခြေအနေမို့ ထုံးစံအတိုင်း သွေးသား အရင်းအချာ ဖြစ်သည့် အစ်မကြီးကိုသာ အားကိုးခဲ့ရသည်။

"အို သမီးလေးရယ်"

"ဝေစီ တူမကြီး"

မေ့ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဝေစီကတော့ သူမအဖြစ်တွေကို ဘာတစ်ခုမှမသိ။ ခြေထောက်များ ညှပ်သွားသဖြင့် အရေးပေါ် ခွဲစိတ်ကုသခဲ့ရာ ညာဘက် ခြေထောက်လေးမှာ ဒဏ်ရာပျောက်သွားသည့်တိုင် အရင်လို



www.burmeseclassic.com

www.burmeseclassic.com



ပြန့်မကောင်း နိုင်တော့ဘဲ ခြေတစ်ဖက်ဆာသွား ရတော့မည့် အဖြစ်ကို မသိရှာသေးပါချေ။

အကြောင်းစုံ သိရှိရပြီဖြစ်သော အမေဖြစ်သူနှင့် ကြီးကြီးဖြစ်သူမှာသာ ရင်ထဲ ဆို့နင့်စွာ ကြေကွဲနေကြရသည်။ ဒေါ်သူဇာက ပတ်တီးအထပ်ထပ်နှင့် ခန္ဓာကိုယ် အနှံ့အပြား ဒဏ်ရာရနေသော သမီးဖြစ်သူ၏ မျက်နှာလေးကို ငုံ့ကြည့်ရင်း ကျိတ်ပြီး ရှိုက်ငိုနေမိသည်။

ဝေစီ၏ စနက်ကြောင့် မြတ်လေးညိုတို့ ချစ်သူနှစ်ယောက် ဝေးခဲ့ကြသည်။ အထူးသဖြင့် မြတ်လေးညိုက စိုင်းခမ်းမဏ်ကို လုံးဝအတွေ့မခံဘဲ ရှောင်ပြေးသွားခြင်းက ချစ်ရသူနှစ်ဦး၏ ရင်ကို ဘယ်လောက်များ ခံစားကြေကွဲစေ ရှာမလဲ။ ဝေစီ အခန်းထဲက မြင်ကွင်းကို မြတ်လေးညို ကိုယ်တိုင် မြင်တွေ့သွားခဲ့ရတာကို ဒေါ်သူဇာကိုယ်တိုင် စာနာနိုင်ပါသည်။ ထို့ကြောင့် ဝေစီကို နားဝင်အောင် ပြောဆိုဆုံးမတာ စိုင်းခမ်းမဏ်ကို နဂိုမူလက သူထိုင်ခဲ့သည့် ညှော်ခန်းက ခုံပေါ် အရောက် ပြန်ရွှေ့ပြောင်း ပေးခဲ့သည်။ ပြီးတော့မှ ကားကို ဂိုဒေါင်ထဲ ထည့်သိမ်းပြီး အငယ်မနှင့်အတူ သားအမိ နှစ်ယောက် ခြေဖျောက်ပြီး တစ်နေရာမှ အကဲခတ်နေခဲ့ ကြသည်။

စိုင်းခမ်းမဏ် ပြန်သွားမှ ဟင်းချနိုင်ခဲ့သည့်အဖြစ်။ မိမိ မချစ်ခင် မနှစ်သက်သော သူကို မတရားသည့် နည်းဖြ





အရယူ၍ မငြင်းဆန်နိုင်၍ လက်ထပ်ဖြစ်ခဲ့လျှင် သော်မှ အရှင်လတ်လတ် ငရဲကျခံရသည့်အဖြစ်ထက် ဆိုးရွားသည့် ဘဝထဲမှာ မိမိ၏သမီးကြီးကို အနစ်မွန်း မခံနိုင်ပါ။

ဝေစီကတော့ သူ့အကြံအစည်ကို မိခင်ဖြစ်သူက လက်မခံနိုင်သဖြင့် မတတ်သာ၍ လက်လျှော့လိုက်ရသော်လည်း သူဖြစ်စေချင်သည့်အတိုင်း စိုင်းခမ်းမဏ်ကို မြတ်လေးညိုဘက်က လုံးဝ အတွေ့မခံဘဲ ရှောင်ပြေးသွားခဲ့ သည့်သတင်းကို နားထောင်ပြီး သိပ်ပျော်ရွှင်ကျေနပ်နေခဲ့သည်။

အခုတော့ ချစ်သူနှစ်ဦးရဲ့ စစ်မှန်တဲ့ ချစ်မေတ္တာတွေက သမီး ဝေစီထံ စူးရောက်ကာ ဒဏ်အခတ်ခံရခြင်းဟုဒေါ်တင်တင် ယုံကြည်နေပါသည်။ မိမိစိတ်က မိမိကို အကျိုးပေးသည်ဆိုတာ အမှန်ပါပဲလား။ အစ်မကြီးဖြစ်သူ ဒေါ်သဇင် ကိုယ်တိုင် သမီးအတွက် စိတ်ဒုက္ခရောက်နေရသလို ဒေါ်တင်တင်လည်း အခုတော့ ခံစား ကြေကွဲနေရပါပြီ။ မြတ်လေးညိုတို့ ချစ်သူနှစ်ယောက်က နှလုံးသား ကြေကွဲကြရုံမျှသာ ဖြစ်သော်လည်း သမီး ဝေစီဘဝကတော့ တစ်သက်လုံး ပြန်လည် မြုပြင်၍မရသော ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အတွက် ဝေစီခမျာ ခံနိုင်ရည် ရှိပါဦးမလား။

တွေးလေ ဖြေမဆည်နိုင်လေ့ဖြစ်ကာ အစ်မဖြစ်သူ ဒေါ်သဇင်ကို မြတ်လေးညိုတို့ ချစ်သူနှစ်ယောက် အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဖြစ်ခဲ့ရတာလဲ ဆိုတာကို တောင်းပန်စကားနှင့် ရင်ဖွင့်ပြောကြားလိုက်ပါသည်။

"အဲဒါပဲ မမရယ်၊ ဝေစီကို ခွင့်လွှတ်ပါနော်"

"ဩော်. . . ဖြစ်မှဖြစ်ရလေ ညီမရယ်၊ ဝေစီလေးကို မမ အပြစ်မယူပါဘူး၊ ခွင့်လွှတ်ပါတယ်၊ ပြီးတော့ အခုကိစ္စကို မောင်စိုင်းခမ်းမဏ် ကိုယ်တိုင် လုံးဝမသိစေရဘူးလို့ မမကတိ ပေးပါတယ်ကွယ်"

"ကျေးဇူးတင်လိုက်တာ မမရယ်၊ ဝေစီကတော့ သူ့ ဘဝဆုံးပါပြီ"

"အို မဟုတ်တာကွယ်၊ တင်တင် ဒီလောက်ကြီး ခံစား ကြေကွဲပြနေရင် ကလေးက ပိုစိတ်ထိခိုက်မှာပေါ့ကွယ်၊ မငိုပါနဲ့ညီမရယ်၊ ဝေစီရှေ့မှာ စိတ်ကို ထိန်းပါကွယ်နော်"

"ဟုတ်ကဲ့ပါ မမရယ်၊ သူ့အဖေသိရင်လည်း ရင်ကျိုး မှာ ပါပဲ"

ဝေစီသတိရသည့်အချိန်မှာ ညီမနှစ်ယောက် အပြုံး မပျက် အားပေးနိုင်အောင် ကြိုးစားပြီး လူနာစိတ်မာတတ် မတျ အောင် ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ကြသဖြင့် တော်ပါသေးသည်။ သို့ပါသော်လည်း အဖြစ်မှန်ကို ကြာရှည်စွာ မဖုံးနိုင်။ နောက် ရက်မှာ ဝေစီတစ်ယောက် ဘယ်လိုသိသွားသည်မသိ ချုံးပွဲချ ငိုပါတော့သည်။





"မငိုပါနဲ့ သမီးရယ်၊ မနက်ဆို သမီးအဖေနဲ့ ညီမလေး မြန်မာပြည်ရောက်တော့မှာ၊ သမီး အခုလို ငိုနေတော့ မာမီ ဘယ်လို လုပ် စိတ်ချမ်းသာမှာလဲကွယ်"

"ငိုပါရစေ မာမီရယ်၊ အားရအောင် ငိုပါရစေ၊ ဒါ နောက်ဆုံးပါ"

"ကြီးကြီး"

"ဘာလဲ ဝေစီ"

မျက်ရည်ပြည့်နေသော မျက်လုံးများဖြင့် အဒေါ်ဖြစ်သူ ကို မော့ကြည့်လိုက်သော ဝေစီရင်မှာ ဘာနှင့်မှ မတူသော ခံစားချက်များဖြင့် ဆို့နင့်နေပါသည်။

"ကြီးကြီးကို ဘာမှမပြောပါနဲ့တော့ ကလေးရယ်၊ တူမကြီး အမေပြောပြလို့ ကြီးကြီးအားလုံး သိပြီးပါပြီ၊ တူမကြီးကို ခွင့်လွှတ်ပြီးသားပါ"

"ကြီးကြီးက ခွင့်လွှတ်ပေမယ့် ကံကြမ္မာကတော့ ဝေစီ့ကို ခွင့်မလွှတ်ပါဘူးရှင်၊ သေရွာပါမယ့် အပြစ်ဒဏ်တစ်ခု ကို ပေးလိုက်ပါပြီရှင်၊ အဟင့်. . . ဟင့်. . . ဟင့်"

"ဝေစီ တူမကြီးရယ်"

ဒေါ်သဇင် ဝေစီ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက် လိုက်သည်။ ဝေစီကတော့ ဒေါ်သဇင်ရင်ခွင်မှာ ကလေး တစ်ယောက်လို ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ရှိုက်ငို



www.burmeseclassic.com

www.burmeseclassic.com



နေရှာပါသည်။

ထို့နောက် တူဝရီးတတွေ တိုင်ပင်ကာ မြတ်လေးညိုနှင့် စိုင်းခမ်းမဏ်တို့ ချစ်သူနှစ်ဦး အထင်အမြင်လွဲမှားပြီး တစ်ယောက် တစ်နေရာစီ ဝေးကွာနေကြရသည့်အဖြစ်မှ အမြန်ဆုံးပြေလည်ရန် သူမ အမှားများကို ခွင့်လွှတ်ရန် ရေးသားသော ဝေစီ၏ တောင်းပန်စာလေးနှင့်အတူ အခုကိစ္စကို တစ်သက်လုံး စိုင်းခမ်းမဏ် မသိစေဘဲ နှုတ်ဆိတ်နေကြရန် ဒေါ်သဇင်ကိုယ်တိုင် ရေးသားထားသည့် စာလေးကို စိုင်းခမ်းမဏ်ကို ပေးအပ်ပြီး မြတ်လေးညိုကို သွားရောက်ခေါ်ယူရန် တာဝန်ကို စိုင်းခမ်းမဏ်အား ပေးအပ်လိုက်ပါတော့သည်။

◆◆◆◆◆





## အခန်း (၁၇)

ကားက လေထုကို ခွင်း၍ ထရိပ်ရိပ် ပြေးနေသည်။ စိုင်းခမ်းမဏ်မှာ ချစ်သူကို တွေ့မြင်လိုဇောဖြင့် ဇော်ရှိုင်း မောင်းနေသော ကား၏ပြေးနှုန်းကို နှေးသည်ဟု စိတ်မှာ ထင်နေမိသည်။

"မြန်မြန်မောင်းပါ ဇော်ရှိုင်းရေ ငါ မြတ်လေးကို တွေ့ချင်လှပြီ"

"ဒီ့ထက် မြန်ရရင်လည်း နတ်ပြည်ကို ရောက်ဖို့ပဲ ရှိတော့တယ် စိုင်းကြီးရေ၊ မင်းကွာ ဒါကြောင့် အန်တီက စိတ်မချလို့ ငါ့ကို ကားမောင်းပြီး လိုက်ပို့ပေးဖို့ တာဝန် ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ မင်းပုံစံက ငါသာ မပါရင် ကားကို ဂျက်လေယာဉ် ပျံ့ရှုံးအောင် မောင်းမှာ သေချာတယ်"

ထိုစကားကို စိုင်းခမ်းမဏ် မငြင်းပါ။

အန်တီသင်္ဇင်က သူ့ကို စာတစ်စောင် ထုတ်ပေးပြီး မြတ်လေးညိုကို သွားခေါ်ပေးဖို့ ပြောတုန်းက စိုင်းခမ်းမဏ်မှာ သူ့နားကို သူမယုံနိုင်အောင် ဖြစ်ခဲ့ရသည်။

"မင်းတို့နှစ်ယောက် ဘာဖြစ်လို့ အခုလို ဖြစ်ရတာလဲ ဆိုတာ အန်တီသိပြီ မောင်စိုင်း၊ အဲဒီတော့ သမီးကို အန်တီ ပေးလိုက်တဲ့စာလေးကိုသာ ပေးလိုက်ပါ၊ မင်းခေါ်ရာနောက် ကို ကြည်ကြည်ဖြူဖြူ ပြန်လိုက်လာပါလိမ့်မယ်"

"ဝမ်းသာလိုက်တာ အန်တီရယ်"

"ဒီ့ထက်မိုပြီး ဝမ်းသာရအောင် သားတို့နှစ်ယောက်ကို မာမီတို့က အမြန်ဆုံးလက်ထပ်ပေးဖို့ တိုင်ပင်ပြီးသွားကြပြီ သားရေ"

"ဟေး . . ဒါမှ သားရဲ့မာမီကွ"

ပျော်လွန်း၍ အမေနှစ်ယောက်ရှေ့မှာပင် ဟန် မဆောင် နိုင်ဖြစ်ခဲ့ရပေမယ့် သူမရှက်နိုင်ပါ။ မြတ်လေးညို ရှိရာကို အပြေးသွားချင်နေပြီ ဖြစ်သော သားဖြစ်သူ၏ အဖြစ်သည်း ပုံကို သိပြီဖြစ်သော မာမီက အခုလို အစီအစဉ်လုပ်ပေးခြင်း ဖြစ် ပါသည်။





အကြောင်းပြချက်ကတော့ သားသိပ်ပြီး စိတ်လှုပ်ရှား နေလို့ ကားမောင်းခွင့်မပြုနိုင်ပါဟု ဆိုပါသည်။ မာမီစကားကို စိုင်းခမ်းမဏ် မငြင်းပါ။ အမှန်လည်း စိတ်လှုပ်ရှားနေသဖြင့် အခုချိန်မှာ ကိုယ်ကိုင်ကားမောင်းတာထက် ဇော်ရှိုင်းမောင်းသည့် ကားပေါ်မှာ လိုက်ပါလာရင်း တွေးချင်ရာတွေး ငေးချင် ရာငေး နေရခြင်းက ပို၍အဆင်ပြေပါသည်။

မြည်သို့အရောက် သူငယ်ချင်းနှစ်ယောက် မနားတမ်း မောင်းခဲ့ကြသည်။ မြည်ကို ရောက်တော့လည်း အန်တီရေး ပေးလိုက်သည့် အိမ်လိပ်စာကို အပြေးအလွှား ရှာဖွေရပြန် သည်။

"ဟင်"

မြတ်လေးညိုမှာ မမျှော်လင့်ဘဲ စိုင်းခမ်းမဏ်နှင့် ဇော်ရှိုင်း ဆိုသည့် လူကို တစ်ပြိုင်တည်း တွေ့လိုက်ရသဖြင့် အံ့ဩလွန်း၍ တိုယ့်မျက်လုံးများကိုပင် မယုံနိုင်အောင် ဖြစ်နေသည်။ စိုင်းခမ်း မဏ်တို့ သူငယ်ချင်းနှစ်ယောက်ကတော့ မြတ်လေးညို ကို မမြင်ကြပါ။ တစ်ယောက်ကို တစ်ယောက် ရယ်မော စနောက်နေ ကြရင်း စိုင်းခမ်းမဏ်က ဇော်ရှိုင်း၏ လက်မောင်း ကို လက်သီးနှင့် ခပ်ဖွဖွ လှမ်းထိုးလိုက်ပြီး ကားပေါ်တက်သွား ကြသည်။ မြတ်လေးညို နှုတ်ခမ်းလေးကို သွားဖြင့် ဖွဖွကိုက် လိုက်သည်။

ကြည့်စမ်း။

သူတို့နှစ်ယောက်က သိပ်ပြီး ခင်မင်ရင်းနှီးကြတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ သူငယ်ချင်းလား၊ အမျိုးတော်ကြတာလား မသိပေမယ့် နှစ်ယောက်ပေါင်းပြီး မြတ်လေးညို အချစ်ကို မရရအောင် လုပ်ကြံရယူခဲ့ကြတာကတော့ ငြင်းလို့ မရနိုင်အောင် သူမ ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီဖြစ်သည်။

လူလိမ်၊ လိမ်ညာ။

မုန်းတယ်၊ မုန်းတယ် . . .

ရှင့်ကို ကျွန်မ သိပ်မုန်းတယ် စိုင်းခမ်းမဏ်။ မျက်ဝန်းထဲမှာ ဝေစီအိပ်ခန်းထဲက သူ့ပုံစံကို ပြန်မြင်ယောင်ပြီး အသည်းနှလုံးတွေ မခံမရပ်နိုင်အောင် နာကျင်လာသည်။

"မမ"

"မမ"

"ဟင် အဲမှူ"

"ဘာဝယ်ဦးမလဲဟင်၊ အိမ်ပြန်ကြတော့မလားလို့ မေးနေတာပါ"

"အြော် အင်း ပြန်ကြမယ်လေ"

မြတ်လေးညို အန်တီဒေါ်အဲနာ တူမလေး အဲမှူနှင့် အတူ ဈေးကို လိုက်လာခြင်းဖြစ်သည်။ အပြန် စတိုးဆိုင်ထဲ ဝင်ပြီး လိုအပ်တာတွေ ဝယ်ကြရင်း အခုလို မမျှော်လင့်ဘဲ စိုင်းခမ်းမဏ်နှင့် ဇော်ရှိန်းတို့ကို ကားတစ်စီးနှင့် တွေ့လိုက်ခြင်း ဖြစ်သည်။ လမ်းတစ်ဖက်စီမှာ ဖြစ်နေသည့်အပြင် အလှမ်းဝေး နေကြသဖြင့်





သူမကို မမြင်မတွေ့လိုက်ခြင်းဖြစ်သည်။ သူတို့ ပြည်ကို ဘာလာလုပ်ကြတာပါလိမ့်။ မာမီများ မြတ်လေးညို ဒီမှာရှိနေတာကို ပြောလိုက်လို့လား။ အို မဟုတ်ပါဘူး၊ မာမီ ကိုယ်တိုင် မြတ်လေးကို ကတိပေးထားတာပဲ။ သူတို့ဘာသာ တခြားကိစ္စနဲ့ လာတာနေမှာပါ။

အတွေးခေါင်ပုံနှင့် မြတ်လေးညိုတို့ ဆိုင်ကယ်လေး ခြံထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ထင်သည့်အတိုင်း ခြံဝိုင်းကျယ်ကြီးထဲမှာ မည်သည့်တားမှ ရှိမနေသဖြင့် စိတ်အေးသွားသည်။

"ယော လာကြပါပြီ၊ မြတ်လေးရေ သမီး ဒီမှာ သမီးမာမီက လွှတ်လိုက်တဲ့ ဧည့်သည်ရောက်နေတယ်"

"အြော် ဟုတ်တဲ့ပါ အန်တီ"

"မြတ်လေး"

"ဟင် ရှင်"

မမျှော်လင့်ဘဲ စိုင်းခမ်းမဏ်ကို အန်တီဒေါ်အဲနာ၏ ဧည့်ခန်းထဲမှာ တွေ့လိုက်ရသဖြင့် မြတ်လေးညို မျက်နှာ လှလှလေး တင်းမာအေးစက်သွားသည်။ အန်တီ ဒေါ်အဲနာ အိမ်မှာမို့ မြတ်လေးညို ဒေါသကို မျိုသိပ်လိုက်သည်။

"ရှင် ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

"မြတ်လေး မာမီက လွှတ်လိုက်လို့ပါ"

"ဒီမှာ ရှင့်အကြံ ဒါအတွက်ပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်လေး ဘာကို ပြောတာလဲ၊ မောင်နားမလည်ဘူး"

"အဟင်း . . . ဟင်း နားမလည်ရှင်လဲ ပြောရဦးမှာ ပေါ့ရှင်၊ ဇော်ရှိုင်းဆိုတဲ့လူနဲ့ ရှင်နဲ့ဘာတော်သလဲ၊ ပြောစမ်းပါဦး"

"မောင်မညာပါဘူး၊ ဇော်ရှိုင်းက မောင့်အချစ်ဆုံး သူငယ်ချင်းပါ မြတ်လေး"

"ဪ"

"ရှင်က ကျွန်မကို ရှင့်သူငယ်ချင်းနဲ့ မြှိမ်းခြောက်ပြီး အချစ်ကို လိမ်ညာယူခဲ့တာပေါ့ ဟုတ်လား"

အနက်တော်ဒေါ် အဲနာတို့ မကြားအောင် တိုးတိုးကျိတ်ကျိတ် ရန်ဖွာနေသော ချစ်သူမျက်နှာလှလှလေးကို စိုင်းခမ်းမဏ် မြတ်နိုးစွာ စူးစိုက်ကြည့်နေမိသည်။

"အဲဒါ မြတ်လေးကို သိပ်ချစ်လို့ပါ"

"ရှင့်လို လူလိမ်လူညာကို ကျွန်မ သိပ်မုန်းတယ် သိလား ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး၊ ဒီမှာ ရှင်အခု ပြန်ပါ"

"မြတ်လေး"

"နေပါဦး ချစ်ရယ်၊ မြတ်လေးကို မောင်ရှင်းပြပါ ရစေဦး"

"ရှင့်လို လူလိမ်တစ်ယောက်ရဲ့ စကားကို ကျွန်မက ယုံရဦးမှာလား"

"မောင့်အပေါ်မှာ မြတ်လေးအထင်မှား နေတာ မောင်





သိတယ်၊ ဟောဒီမှာ မြတ်လေးမာမီ ရေးပေးလိုက်တဲ့စာ၊ ဒါကို ဖတ်ပြီးရင် မြတ်လေး မောင့်အပေါ်မှာ အထင်အမြင် လွဲနေတာတွေ အားလုံး ရှင်းသွားမှာပါ"

သူ့လက်ထဲက စာကို မြတ်လေး ဆွဲယူထားလိုက်သည်။

"ရှင်ပြန်တော့"

"ပြန်မှာပါ၊ ဒါပေမယ့် မြတ်လေး သိအောင် မောင်ပြောစရာရှိသေးတယ်၊ စာဖတ်ပြီးရင် မြတ်လေး မောင်နဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့ရမှာနော်"

"အိုး . . . ဘာကိစ္စ ကျွန်မက ရှင်နဲ့ ပြန်လိုက်ရမှာလဲ"

"စာဖတ်ပြီးရင် မြတ်လေးက မောင့်ကို အထင်မလွဲတော့ဘူး မဟုတ်လား"

"ရှင့်ကို ဘယ်သူပြောလဲ"

"မြတ်လေး မာမီက၊ ကောင်းပြီလေ မြတ်လေး ပြန်မလိုက်ရင်လည်း မောင့်တတော့ ဟောဒီအိမ်ရှေ့ ကားရပ်ပြီး တစ်နေ့လုံး တစ်ညလုံး စောင့်ခေါ်ရမှာပဲ"

"ဟင် . . . ရှင်"

စိုင်းခမ်းမဏ် သူ့မစကားကို စောင့်ပြီး နားထောင် မနေတော့ဘဲ အိမ်ပေါ်က ဆင်းခဲ့သည်။ ခြံဝင်းကျယ်ကြီး အတိုင်း တဖြည်းဖြည်း လမ်းလျှောက်သွားသည့် စိုင်းခမ်းမဏ် ၏ နောက်ကျောပြင်ကို ကြည့်ကာ အံလေးကြိတ်ပြီး နေရာမှ ချာခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်၍ မီမီအခန်းထဲ ပြေးဝင်ခဲ့သည်။

အိပ်ရာပေါ် ရောက်သည်နှင့် မာမီရေးပေး လိုက်သည်ဆိုသော စာလေးကို ဖောက်ဖတ်လိုက်သည်။

"မြတ်လေးညိုတဲ့၊ ဟင် ဒါ ဝေစီရေးပေးလိုက်တဲ့ စာပါလား"

သူမ ဝေစီစာလေးကို ဖတ်လိုက်သည်။ ဝေစီ သူမကိုခွင့်လွှတ်ရန် တောင်းပန်ထားပြီး သူမနှင့် စိုင်းခမ်းမဏ်တို့ ဖြစ်ပျက်ပုံအလုံးစုံကို ဝန်ခံရေးသား ထားသလို အခု ကားအက်စီးဒင့်ဖြစ်ပြီးဆေးရုံမှာ ရောက်နေကြောင်း၊ ဘဝ တစ်သက်စာ နလန်မထူနိုင်အောင် သူမခြေထောက်တစ်ဖက် လူစဉ်မမီတော့သည့် အဖြစ်ကိုကံကြမ္မာက ဒဏ်ခတ်လိုက်ပါပြီဟု ရေးသားထားသည်။

မာမီကတော့ အခုကိစ္စတွေ အားလုံးကို စိုင်းခမ်းမဏ်လုံးဝ မသိကြောင်း၊ သမီးကလည်း အခုကိစ္စကို လုံးဝမေ့ ပျောက်ပြီး ညီမဝေစီကို ခွင့်လွှတ်ပေးရန် ရေးသားထားပြန် သည်။

ဝေစီရယ် . . .

သူက ကိုယ့်အပေါ် ဘယ်လိုပင် မကောင်းကြံစည်ခဲ့ပါသော်လည်း အခုလို ဖြစ်သွားရသည် ဆိုပြန်တော့လည်းဝေစီ့အတွက် စာနာစိတ်ဖြင့် စိတ်မကောင်းဖြစ်ရပြန်သည်။ဝေစီ့စာကလေးကို ဘယ်သူမှ မတွေ့မမြင်အောင် မီးရှို့ ဖျက်ဆီးလိုက်ပါသည်။





အခုတော့လည်း မြတ်လေးညိုရင်ထဲမှာ အထင်အမြင်လွဲမှားခဲ့သမျှ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျော့ကျပျောက်ဆုံး သွားခဲ့ရပါပြီ။ မာမီ၊ ဒါကြောင့် စိုင်းခမ်းမဏ်ကိုသူမရှိရာကို လွှတ်လိုက်တာကို သဘောပေါက်လိုက်ပါသည်။

ချစ်သော မောင့်ကိုလည်း မြတ်လေးညို အဖြစ်မတင်တော့ပါ။ စိတ်ဆင်းရဲခဲ့ရသမျှ၊ လွမ်းခဲ့ရသမျှ နာကျင်ကြေကွဲရသော ခံစားချက်များအစား အခုတော့ ရင်ခုန်လှိုက်မောစရာတမ်းတစရာများ ဖြစ်၍ လာခဲ့ပါပြီ။ တကယ်တော့ မောင့်ကိုသူမ မမုန်းနိုင်ပါ။ သစ္စာမရှိ ဖောက်ပြန်သော သူအဖြစ်နားကြည်းခဲ့ခြင်းဖြစ်ပါသည်။ မောင်ကတော့ မြတ်လေးညိုသူ့အပေါ် ဘာလို့ အခုလို စိမ်းကားသွားရကြောင်း သဘောပေါက် မည်မထင်ပါ။ ဇော်ရှိန်းအကြောင်း ပြောလိုက်၍မြတ်လေးညို သူ့ကို အခုလို စိတ်ဆိုးနေရခြင်းမှာ ဇော်ရှိန်းကြောင့်ဟု ထင်နေမည်လား မပြောတတ်ပါ။

မြတ်လေးညို အိမ်ရှေ့ကို လှမ်းမျှော်ကြည့်လိုက်သည်။

"ဟောတော့"

စောစောတုန်းက သူမတို့အိမ်ရှေ့မှာ ရှိမနေသော သူ့ကားကြီးက အခုတော့ မြတ်လေးညို တည်းခိုနေသည့်အိမ်ပေါက်တည့်တည့်မှာ ရောက်နေရုံမက ကားတံခါးကို ဖွင့်ပြီး အိမ်ထဲသို့ ခပ်တည်တည်လှမ်းကြည့် နေသော မောင့်အသွင်



www.burmeseclassic.com

www.burmeseclassic.com



ချောချောကြီးက ထင်းနေသည်။

"မြတ်လေးရေ"

"ရှင် အန်တီ"

"တစ်ခါတည်းပဲ ပြန်လိုက်သွားမှာဆိုတော့ မစ္စည်းတွေ သိမ်း တော့လေကွယ်၊ အပြန်မိုးချုပ်ရင် မကောင်းဘူးကွယ့်"

"ဟို မြတ်လေး"

"ကဲပါကွယ်၊ စိတ်ကောက်နေရင်လည်း ပြေလိုက်တော့၊ သဇင် ခုနကပဲ ဖုန်းဆက်တယ်၊ သမီးကို ခေါ်ပေးရမလားဆိုတော့ မခေါ်ပါနဲ့ သမီးချစ်သူနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့တော့လို့ အန်တီကို ပြောလိုက်ပြီ"

မြတ်လေးညို ဘာမှမတတ်နိုင်တော့ပါ။

မောင်ကိုယ်တိုင်မှာလည်း ဇော်ရှိုင်းနှင့် ပတ်သက်ပြီး သူမ အချစ်ကို ခြိမ်းခြောက် အရယူတာကလွဲ၍ တခြား အပြစ် မရှိတော့ မာမီစီစဉ်သည့်အတိုင်း သူနှင့်အတူ ပြန်လိုက်ရုံသာ ရှိတော့သည်ပေါ့။

"အန်တီ့ကို မြတ်လေး ကန်တော့ပါတယ်"

"သမီးတို့ကို ဘုရားသခင် စောင့်ရှောက်ပါစေကွယ်၊ အဲမှု ညည်းမမ အိတ်ကို ကားထဲ လိုက်ပို့လိုက်ပါကွယ်၊ နောက် တစ်ခေါက်လာရင် သားတွေ သမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် လာတာကိုပဲ တွေ့ချင်တယ်"





"အန်တီကလဲ"

"ဒါ ရှက်စရာမဟုတ်ဘူးကွယ့်၊ သဘာဝတရားတွေပါ၊ ကဲ. . . ကဲ ပြန်ကြတော့"

အိမ်ပေါ်မှ အထုပ်ဆွဲ၍ ကောင်မလေး ဆင်းလာ တာကို မြင်တတည်းက စိုင်းခမ်းမဏ် အမြေးသွားကာ မြတ်လေးညို အဝတ်သေတ္တာကို ဆွဲယူလိုက်သည်။

"ရတယ် ညီမလေး၊ ပေး. . . ပေး. . . လာ မြတ်လေး မောင်တို့ပြန်ကြမယ်"

"ရှင့်သူငယ်ချင်းရော"

"ဇော်ရှိုင်းကို မေးတာလား၊ သူပြန်သွားပြီလေ"

"အန်တီကို အားနာလို့၊ ရှင့်နောက်ပြန်လိုက်လာတာ၊ ကျွန်မစိတ်ထဲမှာ ရှင့်ကို နည်းနည်းမှ ကျေနပ်တယ်မထင်နဲ့"

"ဟုတ်ကဲ့ပါဗျာ၊ ချစ် မကျေနပ်ရင်လည်း မောင်က ကျေနပ်တဲ့အထိ တောင်းပန်မယ့်သူပါ"

"သွားမယ်နော်ညီမ"

အဲမှုကို နှုတ်ဆက်ပြီး မြတ်လေးညို သူ့ကား ပေါ်တက် လိုက်သည်။ မျက်နှာလှလှလေးကို တင်းမာပြီး နှုတ်ခမ်းလေး ကို စူထော်ထားပေမယ့် စိုင်းခမ်းမဏ်ကတော့ ချစ်ရသူလေး ကိုယ့် ကားပေါ် ရောက်လာပြီမို့ ရင့်ထဲမှာ တသိမ့်သိမ့် ကြည်နူး စိတ်နှင့် ချစ်မြတ်နိုးနေမိပါသည်။ ကားလေးကို နေရာမှ ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်ခဲ့သည်။ မြတ်လေးညိုက သူ့ကို မကြည့်သလို စကားလည်း မပြော။ ငြိမ်သက်တိတ်ဆိတ်စွာ လမ်းတစ်ဖက်ကို ငေးမောရင်း လိုက်ပါလာသဖြင့် စိုင်းခမ်းမက်မှာ သူမ အပြုံး အမူလေးများကို အသည်းယား နေမိသည်။

"ချစ်"

"မောင်ရဲ့မြတ်လေး"

"လွမ်းလိုက်ရတာ အသက်ရယ်၊ ချစ်ရှောမောင့်ကို မလွမ်းဘူးလားဟင်"

"ဟွန်း. . . သူ့ကိုယ်သူ အထင်ကြီးနေလိုက်တာ ကျွန်မက ဘာကိစ္စ ရှင့်ကို လွမ်းရမှာတုန်း"

ခပ်စွာစွာ အသံလေးပြန်ထွက်လာသဖြင့် စိုင်းခမ်းမက် ရင်ထဲမှာ လှိုက်လှဲစွာ ပျော်ရွှင်သွားသည်။

"မြတ်လေး မောင့်ကို မချစ်ဘူးလား"

"မုန်းတောင် မုန်းသေးတယ်၊ ရှင့်မျက်နှာကို မမြင်ရပါစေနဲ့တောင် ဆုတောင်းနေတာသိရဲ့လား"

"ချစ်ကလည်းကွာ၊ မောင်က မြတ်လေးကို သိပ်ချစ် တော့ ကြံမိကြံရာ ကြံရတာပါဗျာ၊ ဇော်ရှိုင်းသာ မောင်တို့ နှစ်ယောက်ကြားမှာ ဝင်မကူညီရင် မြတ်လေးလည်း အခုချိန်ထိ မောင့်ကို ချစ်ပါတယ်လို့ ပြောဦးမှာမဟုတ်ဘူး"

"ရှင်ကရော ချစ်စရာကောင်းလို့လား"





"မြတ်လေးနော်၊ မောင့်ကို ရှင် ရှင်လို့ မပြောနဲ့ မခံနိုင် ဘူးသိလား၊ မောင်လို့ခေါ်"

"မခေါ်နိုင်ပါဘူး"

"ကြည့်စမ်း၊ မောင်က သိပ်ချစ်မုန်းသိလို့ သိပ်ဆိုး နေတာ မဟုတ်လား"

မြတ်လေးညိုထံမှ ဘာသံမှ ထွက်မလာ။

စိုင်းခမ်းမက် ဘေးတိုက်မြင်နေရသည့် ချစ်သူမျက်နှာ လေးကို မချင့်မရဲ စူးစိုက်ကြည့်ပြီး ကားကို အရှိန်မြှင့်ပြီး မောင်းပစ်လိုက်သည်။ ပတ်ဝန်းကျင်ရှိ ရှုခင်းတွေအားလုံး ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။

ကားလေးက မြို့အစွန်ဘက်ရှိ ခြံဝန်းကျယ်ကြီးများ ရှိရာကို ရောက်လာသည်။ စိုင်းခမ်းမက် ကားကို လမ်းဘေးကို ထိုးရပ်ပစ် လိုက်သည်။

"အို ဘာလုပ်တာလဲ"

"သိပ်ချစ်လို့"

"အို"

မြတ်လေးညို တစ်ကိုယ်လုံး စိုင်းခမ်းမက် ရင်ခွင်ကြီး ထဲ နစ်မြုပ်သွားသည်။ ပြီးတော့ မြတ်လေးညိုတားမြစ်နေသည့် ကြားမှ လွမ်းခဲ့ရသမျှ အတိုးချကာ အညီးနှင့် သည်းကြီး မည်းကြီး အချစ်မိုးတွေ မစဲနိုင်အောင် သွန်းပစ်လိုက်သည်။ အားမှာင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိုးစပြုနေပြီ ဖြစ်သော ပတ်ဝန်းကျင်မှာ တိတ်ဆိတ် ငြိမ်သက်လျက် လေပြည်ညင်း၏ အသံလေးများမှ လွဲ၍ နောက်ရှုတ်မည့်သူ တစ်စုံတစ်ရာ မရှိပါချေ။

"သိပ်ချစ်တယ် ချစ်ရယ်၊ မောင့်ကို ချစ်တယ်မဟုတ်လားဟင်"

"အင်း"

"ဘာ အင်းလဲ၊ ဟောဒီနှုတ်ခမ်းလေးက ဖြေ"

"ချစ်ပါတယ် မောင်ရယ်၊ ချစ်ပါတယ်"

"မောင့်ချစ်ရယ်"

စကားသံလေးတွေ ပျောက်ဆုံးသွားကြပြန်သည်။

လှိုက်လှဲဖြင်းပြသော ချစ်ခြင်းထဲမှ နှစ်ယောက်စလုံး မျောပါသွားကြသည်။ ချိုမြိန်နွေးထွေးသော ချစ်သံစဉ်လေးများဖြင့် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားမိကြသည်။

"ချစ်"

"ဟင်"

"လက်ထပ်ကြမယ်နော်"

"အင်း"

မြတ်လေးညို ချစ်သူအလိုကျ ခေါင်းလေးညိတ်ပြလိုက်သည်။





စိုင်းခမ်းမဏ်က သူမ ကိုယ်လေးကို မချင့်မရဲ ပို၍ တိုး ဖက်လိုက်ပြီး သူ့မျက်နှာချောချောကို သူမ မျက်နှာနှင့် တိုးဝေ့ကာ . . .

"ဒီတစ်ခါ ထပ်ခွဲရရင် မောင်တော့ မခံစားနိုင်တော့ဘူး သိလား၊ ချစ်သူ စိတ်ကောက်ပြေအောင် မောင်ချော့တတ်ပေမယ့် အခုလို ဘယ်သူမှ မသိအောင် တိတ်တိတ်လေးပုန်းနေတာမျိုး နောက်မလုပ်ပါဘူးလို့ ကတိပေးစမ်းပါ"

"အဲဒါတော့ မောင့်အပေါ်မှာ မူတည်တာပဲ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ မောင်က မြတ်လေးကို မလိမ် မညာဘဲ သစ္စာရှိရှိနေရင် မြတ်လေးလည်း မောင့်အနားပဲ နေမှာပေါ့။ တစ်ခုခု ဖောက်ပြန်လိမ်ညာလို့ကတော့ နှီထက် ပိုဆိုးမယ်သိလား"

"တစ်ခါလေး လိမ်ညာမိပါတယ်၊ ကြောက်နေရ ပါလား"

"ကြောက်ရမှာပေါ့၊ မောင်လုပ်တာကရော ကောင်းလို့လား"

"ကောင်းပါတယ်၊ ကိုယ့်ချစ်သူဆီက အချစ်ကို ရမယ်ဆိုရင် အားလုံးကောင်းတယ်"

စိုင်းခမ်းမဏ်က ဝေစီကြောင့် မြတ်လေးညို အထင်လွဲပြီး စိတ်ဆိုးသည်ဟု မသိ။ ဇော်ရှိုင်းကိစ္စကို သိပြီး သူမ စိတ်ဆိုးနေသည်ဟု ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်၊ မောင့်ကို မြတ်လေးသိပ်ချစ်တယ် သိလား၊ မောင်ကလည်း မြတ်လေးကို အမြဲချစ်ပြီး သစ္စာ ရှိပါနော်"

"သစ္စာရှိ မရှိ သိချင်ရင် ပေါင်းကြည့်လေ"

"အံမယ် မောင်တော်တော်နစ်နာ နေပါဦးမယ်"

"ကဲ ကားထွက်ပါတော့၊ အပြန် မိုးချုပ်နေလိမ့်မယ်"

"နေပါဦး၊ မောင့်ချစ်သူမျက်နှာလေးကို အဝ ကြည့်ပါရစေဦး"

ချစ်သူစကားကြောင့် မြတ်လေးညို သူ့ကို မျက်စောင်းထိုးလိုက်သည်။ ဝတ်ဝန်းကျင်က မှောင်နေပြီ။ ပြီးတော့ မျက်နှာလေးကို ကြည့်ပါရစေဦးဟု ပြောနေသူက သူမကိုယ်လေးကို မလွှတ်တမ်း ပွေ့ဖက်ထားသဖြင့် တစ်ယောက်မျက်နှာလည်း တစ်ယောက် ကောင်းစွာ မြင်ကြရသည် မဟုတ်ပါ။

"ကဲ ဖယ်စမ်းပါ၊ အခုမှ သည်းနေလိုက်တာ"

"အခုမှ သည်းရတာပေါ့ဗျာ၊ လူချင်းလည်း အခုမှ တွေ့ကြရတာကိုး၊ မြတ်လေးကို မောင်ဘယ်လောက်လွမ်းနေတယ်ဆိုတာ ချစ်က သိလို့လား"

"သိတယ် သိတယ်"

"ဟင် တကယ်"

"ကဲ. . . တော်ပြီ တော်ပြီ အိမ်ပြန်ကြမယ်၊ အိမ်ရောက်မှ ဆက်မေး"





"အိမ်ရောက်တော့ အခုလို မလွှတ်လပ်တော့ဘူး၊ ပြီးတော့ မြတ်လေးက မောင့်ကို အခုလို လွတ်လွတ်လပ်လပ် ချစ်ခွင့် မပေးဘဲ ထွက်ချည်ပြေးနေဦးမှာ မဟုတ်လား"

"ပြေးမှာပေါ့၊ တွေ့တိုင်း မောင်ဆိုးနေတာကိုး"

"အဟွန်း. . . ဟွန်း. . . ဟွန်း"

မြတ်လေးညို အပြောလေးကို နားထောင်ပြီး သဘောကျစွာ သူရယ်လိုက်သည်။ မြတ်လေးညိုကတော့ ခပ်ဖျော့ဖျော့ ကိုယ်ရနံ့မွှေးသော သူ့ရင်ခွင်ကြီးထဲမှာ ဆက်မနေလိုတော့ပါ။ တစ်ဦးရင်ခုန်သံ တစ်ဦးကြားနေရသလို အသက်ရှူသံများ တိုးဝေ့ဖြတ်သန်း ပူးကပ်နေရခြင်းကြောင့် တစ်ကိုယ်လုံး ထူပူစွာ အနေရခက် ရှက်ရွံ့နေပါသည်။ ထို့ကြောင့် သူ့ရင်ခွင်ကြီး ထဲက သူမကိုယ်လေးကို ရုန်းထွက်ဖို့ ကြိုးစားလိုက်ပေမယ့် အချိန်မမီတော့ပါ။

"မြတ်လေး"

"မောင်"

"တော်ပြီကွယ်"

"ဟင့်အင်း ချစ်တယ်"

"အို အို"

အနမ်း မုန်တိုင်းတစ်ခု သူမကိုယ်ပေါ် အရှိန်ပြင်းစွာ ပြိုလဲကျလာသည်။ ချစ်သူကို ချစ်သည့်စိတ်ဖြင့် သူမ မတားမြစ်နိုင်တော့ပါ။ မောင့်ကိုယ်ကြီးကို မမှိုမကမ်း ပြန်လည် ဖက်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားမိသည်။ ကားလေးထဲမှာ အချစ်သံစဉ် အချစ် ကဗျာများဖြင့် ပြည့်နှက်သွားသည်။

အမှောင်ထုထဲမှာ ကားက တရိပ်ရိပ်ပြေးနေသည်။

မြတ်လေးညို ချစ်သူ၏လက်မောင်းကြီးမှာ ကိုယ်လေးကို မှီနွဲ့ထားသလို စိုင်းခမ်းမဏ်ကလည်း ချစ်သူ၏ နဖူး ပြေပြေလေးကို ငုံ့မွှေးနမ်းရှိုက်လိုက်သည်။

"ချစ်"

"မောင်"

"ဖြစ်နိုင်ရင် ဒီခရီးလမ်းကလေးကို ဘယ်တော့မှ မဆုံးစေချင်တော့ဘူး သိလား"

"ဘာဖြစ်လို့"

"မြတ်လေးညို ဆိုတဲ့ ကောင်မလေးကို သိပ်သိပ်ချစ်လို့ပေါ့ဗျာ"

"မြတ်လေးရော မောင့်ကို ချစ်ရဲ့လား"

"အခုထိ မောင်မသိဘူးလားလို့"

မြတ်လေးညို လက်ကလေးက စိုင်းခမ်းမဏ် ပိုက်ခေါက်ကို ဆွဲလိမ်ပစ်လိုက်တော့ သူက မြတ်လေးလက် ကလေးကို ဆွဲယူရှိုက်နမ်းပြီး ခပ်တိုးတိုး ကျိတ်ရယ်လိုက်သည်။ မြတ်လေးညို ရှက်နေတာကို သူသိပါသည်။

"ဒီပုံအတိုင်း ခက်ဦးမယ်"





"ဘာကိုလဲ"

"ရှည်ဘ် မှောင့်ချစ်က သိပ်ရှက်တတ်တာကို တွေးမိလို့ပါ။ လက်ထပ်ပြီးရင် မြတ်လေးရှက်နေပုံနဲ့ မောင်တော့ ဒုက္ခပဲ"

"မောင်နော် ဘာတွေလျှောက်ပြောနေတာလဲ"

"အဲဒီအခါကျရင်လည်း အခုလိုပဲ . . ."

"မောင်"

"ဗျာ"

"ဘယ်လိုဖြစ်နေတာလဲ"

"သိပ်ပျော်နေတာလေ လက်ထပ်ပြီးရင် သားတွေ သမီးတွေနဲ့ သိပ်ပျော်စရာကောင်းမှာပဲ အချစ်နော်"

"စိတ်ကူးကလည်း ယဉ်လွန်းတယ်"

"ဒါဖြင့် စိတ်ကူးယဉ်တာ မဟုတ်ဘဲ လက်တွေ့ဖြစ်ကြောင်း သက်သေပြဦးမှ ထင်တယ်"

"တော်ပါ"

"တော်ပါပြီဗျာ"

ကားကက်ဆက်ခလုတ်ကို နှိပ်ပြီး သူဖွင့်လိုက်သည်။

ငြိမ့်ညောင်းတိုးဖျော့သော သီချင်းသံလေးက ကား၏မှာ ညင်ညင်သာသာ စီးမျောသွားသည်။ စိုင်းခမ်းမဏ် သူ့လက်မောင်းမှာ မှီနွဲ့ငြိမ်သက်နေသော ချစ်သူလေးကို ငုံ့ကြည့်လိုက်သည်။ ပြီးတော့ စောစောက သူနှင့်ချစ်သူလေး တို့၏ ချစ်ခွန်



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ကြပုံကို ပြန်လည်သတိရမိတော့ ရင်ထဲမှာ နွေးထွေးစွာ ဖိုလှိုက်သွားကာ ချစ်သူလေး၏ ပခုံးကို ညင်သာစွာ ပွေ့ဖက်လိုက်သည်။

"ချစ်"

"ဟင်"

"အခု ညကလေးကို ဘယ်တော့မှ မမေ့ရဘူးနော်"

"အို"

"ဒီညလေးကို ဘယ်သူဖန်ဆင်းတာလဲ သိလား"

"ဟင့်အင်း"

သူပြုံးလိုက်သည်။

"မသိရင်မှတ်ထား။ အချစ်က ဖန်ဆင်းတာပါတဲ့ဗျာ"

"မောင်ရယ်"

လှိုက်လှဲသော ချစ်ခြင်းကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ကြသည်။ အခုတော့လည်း အချစ်က ဖန်ဆင်းသည့် ညအမှောင်ထဲမှာ ချစ်သူနှစ်ယောက်၏ ကားလေးက အချစ်များစွာဖြင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားတော့သည်။

ချစ်သူတိုင်း ကြည်နူးပျော်ရွှင်နိုင်ကြပါစေ . . .

ချစ်ခြင်းမေတ္တာအားဖြင့် . . .

မြပုလဲသွယ်

(အချစ်က ဖန်ဆင်းသည်)

သိန်းမင်းစာပေ

www.burmeseclassic.com